www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၇၄၇၁၁၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၇၈၅၀၇၁၀

ထုတ်ဝေသူ ♦ ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊ ချွန်း(၁)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ ♦ ဦးကျင်ရင် (ရွှေခြသေ့ံပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်ခြင်း ♦ ပထမအကြိမ်၊ ၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ။

အုပ်ရေ ♦ ၅၀၀ အုပ်

တန်ဖိုး ♦ ၁၀၀ ကျပ်

ဖြန့်ချိရေး ♦ ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

တန်ခူးလေပြေ
ကျောင်းကြီးပေါ်မှာ မယ်နဲ့ငါ / တန်ခူးလေပြေ။
- ရန်ကုန် ၊
ရဲအောင်စာပေ၊ ၂၀၀၉။
၂၅၀ စာ၊ ၁၃ × ၂၀.၇ စင်တီ။
(၁) ကျောင်းကြီးပေါ်မှာ မယ်နဲ့ငါ




ကျောင်းကြီးပေါ်မှာ မောင်တို့ဆော့ခဲ့ပါသည်။
ဒီကျောင်းပေါ်မှာ မောင်တို့ပျော်ခဲ့ပါသည်။
မောင်တို့မယ်တို့ ကျောင်းခန်းဝင်
ဘုဂလန့်ဖာတ်လမ်းဆင်
မင်္ဂလာပါ ဆရာမ
ကျောင်းသားတွေကို. . . အဲ. . . ဟို. . .
စာသင်ပြ. . .
မင်္ဂလာပါဆရာကြီး
ကျောင်းသူတွေကို. . . ဟို. . . ဟို. . . အဲ. . .
စာအံနည်း. . . အဟီး. . .
ပြပါ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

အ-ထ-ကကျောင်းအုပ်ဆရာမကြီး ရုံးခန်းထဲမှာ သူနှင့် ဦးထိုင်စောင့်နေစဉ် ကျောင်းတက်ခေါင်းလောင်းသံတွေ ဆူညံစွာ မြည်ဟည်းသွားသည်။

ခေါင်းလောင်းသံတွေရပ်သွားပြီးနောက် ငါးမိနစ်ခန့်တွင် . . .

"ကျောင်းသားသစ်တွေ ရောက်လာပြန်ပြီလား"

နောက်ကြောမှညြဇာသံ။ နှစ်ပေါင်းများစွာ အလေ့အကျင့်ရထားခြင်းမျိုး။

"ဟုတ်ကဲ့ ဆရာမကြီး"

သူ့ဦးလေး ကျောင်းသားသစ်ဖြစ်သော သူ့ထက်ပင် တပည့်ဆန်စွာ ရိုကျိုးဆက်ဆံလိုက်၏။

"ဘယ်နှစ်တန်းအောင်လဲ"

ဆရာမကြီးက စားပွဲမှာဝင်ထိုင်လိုက်ပြီး ကွဲကော်ကိုင်းပါးမျက်မှန်ကို ထုတ်တပ်လိုက်သည်။

"ကိုးတန်းအောင်တာပါ"

"အဲဒါမှဒုက္ခ"



မျက်လုံးလှန်ကြည့်ပြီး ညည်းတွားလိုက်သော ဆရာမကြီး အသံ၊

အသက်ငါးဆယ်စွန်းရဲ့အရွယ်မှာ မျက်ခုံးပင့်လိုက်တိုင်း အရေးအကြောင်းများ ထင်ရှားစွာပေါ်လာသည်။

အချိုးကျသော နှာတံ၊ ထူယောင်ယောင်နှုတ်ခမ်း၊ ပိန်ပိန်ပါးပါးခန္ဓာကိုယ်၊ ရှည်ရှည်မြင့်မြင့်အရပ်နှင့် ဆရာမကြီးမှာ သူ ကိုးတန်းအောင်တာကို ဘာအတွက်ကြောင့်များ ရေရွတ်ညည်းတွားနေရပါသလဲ။

"သူ့အတွက် ပုံနှိပ်စာအုပ်တွေပေးတာ နောက်ကျသွားလို့လား၊ ကိစ္စမရှိပါဘူး၊ သူ့မှာ အပြည့်အစုံပါပါတယ်"

လိုတာထက် ပိုချိုလွန်းနေသော ဦးလေး၏စကားသံအဆုံးမှာ စုတ်သပ်ပြီး ဆရာမကြီး ခေါင်းခါ၏။

ထိုစဉ်မှာပင်...

"မမရင်ရင် ဒီအလာတုန်းက မမတို့အိမ်ကို နဲ့ ဝင်ခဲ့သေးတယ်၊ ကျောင်းသွားပြီဆိုတာနဲ့ အမြန်ပဲလိုက်လာတာ၊ ကားဟွန်းကပ်နေတာနဲ့ လူစည်တဲ့လမ်းက သွားမဖြစ်လို့ ဒရိုင်ဘာ့ဆင်းကလိပြီး ကျောင်းရောက်အောင် အမြန်မောင်းလာရတော့ နောက်ကျသွားပြီးမမီလိုက်ဘူးဖြစ်သွားတယ်"

"ဒီမှာလေ နဲ့ "သမီး"၊ ကိုးတန်းအောင်ထားတာ"

ရှိုးကောင်းကောင်းဝတ်စားဆင်ယင်ထားသော အမျိုးသမီးကြီးတစ်ဦးနှင့် ကောင်မလေးတစ်ယောက် ရုံးခန်းထဲရောက်လာပြီး သုတ်မြှေပြောလိုက်ခြင်းပင်။ ဆရာမကြီး၏မျက်နှာမှာ အပြုံးရောင်ပြောင်းလဲသွားပြီး...

"လာ ထိုင်ကြလေ၊ နုရယ် ကြည့်စမ်း၊ နုသမီးလေးက နုငယ်ငယ်ကအတိုင်းပဲ၊ သိပ်လှတာပဲကွယ်၊ သမီးလေး ဆရာမကြီးတို့ကျောင်းကို ရောက်လာတာ ကံကောင်းပါတယ်ကွယ်၊ ဒီနှစ် ကိုးတန်းအောင်နော်"

"ဟုတ်ကဲ့ရှင့်"

သူတို့ဘေးဘက်မှာ ဝင်ထိုင်လိုက်သော ဆံပင်ကုတ်တို့နှင့် ကောင်

www.burmeseclassic.com

www.burmeseclassic.com



မလေးအား သူသတိထားကြည့်မိလိုက်၏။ ကျောင်းယူနီဖောင်းအပြည့်နှင့် လက်ဝဇာ်ခနောက်တစ်ဆင်ဆာနှင့်။ ဆေးဆိုးမိတ်ကပ်ရိုက် မျက်နှာနှင့်။

အမှန်တော့ အသားဖြူလွန်းသောသူမမှာ သိပ်ပြီး ပြင်ဆင်ဖို့ရာ မင်မလိုအပ်ပါ။ ပွဲနေပွဲထိုင်သဘောမျိုး ပြင်ဆင်ခဲ့ခြင်းမှာ အပိုရှိုးထုတ်မှုတစ်ရပ်ပင်ဖြစ်ပြီး ပြင်လွန်း၍တင်ချွန်းနေသလို။

ကောင်မလေးကတော့ ဆရာမကြီးနှင့်သူ့အမေမှလွဲလျှင် ဘယ်သူမှ ဂရုစိုက်မိမည်မထင်သောမျက်နှာနှင့် သူမအမေဘေးမှ ဆရာမကြီး လှမ်းကြည့်စကားပြောမှသာလျှင် တုံ့ပြန်၍ ခေါင်းညိတ်ပြန်ပြောပါသည်။

သူမအမေမှာ အသက်လေးဆယ်အရွယ်။

အသားဖြူဖြူ၊ မဟာနဖူးထင်းထင်း၊ နှာတံသေးသေး၊ နှုတ်ခမ်းထွေ့လွှ ဥပမိရုပ်ကောင်းကောင်း၊ အကြွားပိုမည့်ဟန်ရှိ၏။

"သမီး ပြောင်းလာတဲ့ကျောင်းက အောင်လက်မှတ်မူရင်းကို ဆရာမကြီးကိုပေး"

ဟု ဆရာမကြီးကတောင်းသောအခါ သူမ တရိုတသေ ကမ်းပေးလိုက်၏။ ဆရာမကြီးဖတ်ပြီး တစ်ဆင့်တိုးတက်သွားပြန်၏။

"သိပ်ကောင်းတယ် ထူးချွန်မှုတွေကတော့ ဒေါင်ဒေါင်မြည်ပဲ ပေါ့"

"ဆရာမခင်စိုးဝင်းကတော့ သမီးကိုဝဲလ်ကမ်းပေါ့၊ နှသမီးကတော့ ခေတ်စကားနဲ့ပြောရရင် ဒီကျောင်းအတွက် ရှယ်အဆင့်ပဲ"

"ဆရာမစကားကြားရတာ အားရှိပါတယ်၊ သူ့အဖေ နတိုမြို့နယ်ကို ပြန်ရောက်ဖို့ တစ်ချိန်လုံးလုံးပမ်းနေရတာနဲ့ သမီးကျောင်းအပ်ဖို့ ခုလို နောက်ကျသွားတာ၊ မမရင်ရင် ဒီကျောင်းမှာ အစကရှိမှန်းမသိလို့ ကြို ပြောမထားမိတာပါ၊ ခုလိုရှိတော့ အရမ်းအဆင်ပြေသွားတာပေါ့၊ မမရင်ရင်ရဲ့ စည်းကမ်းကြီးကြီးနဲ့ အုပ်ချုပ်ကိုင်တွယ်ပုံကောင်းလွန်းလို့ မြို့နယ်တွေ





ထဲမှာ ဒီကျောင်းက နာမည်အထွက်ဆုံးကျောင်းဖြစ်နေတာပဲ"

သူနှင့်သူ့ဦးလေးမှာ စကားတိတ်၊ ခပ်လှမ်းလှမ်းစားပွဲမှာ ကျောင်းစာရေးတစ်ယောက် ဝတ်ကျေတမ်းကျေ လက်နှိပ်စက်ရိုက်သံက ဆရာမကြီး ဒေါ်ရင်ရင်နှင့် 'နု'ဆိုသော ကောင်မလေးအမေတို့၏ ရယ်သံလွင်လွင်ကို ဖုံးအုပ်မသွားနိုင်။

"ဟုတ်ကဲ့ရှင့်"

"အောင်မြင့်ဦးရေ ဆရာမခင်စိုးဝင်းအခန်းကိုသွား၊ ရစ်ဂျစ်စတာ ခေါ်နေရင် ခဏစောင့်ပြီး ဆရာမကြီးဆီ ခဏခေါ်လာခဲ့ပါကွယ်"

လက်နှိပ်စက်ရိုက်သော စာရေးလေး ခေါင်းညိတ်ပြီး သုတ်သုတ် ထွက်သွားလေ၏။ ပြီးနောက်. . .

ဆရာမကြီးနှင့်ကောင်မလေးတို့ ရှေးဟောင်းနှောင်းဖြစ်တွေပြောကြ ဆေးကြ သမီးဖြစ်သူပညာရေးအတွက် ဆွေးနွေးကြနှင့်။

သူနှင့် ဦးလေးမှာ သီချင်းကြီးပဒေသာကို နားထောင်ရသလို။

ခဏအကြာမှာ ရွှေကိုင်းမျက်မှန်နှင့် ပိန်ပိန်ပါးပါး၊ ပုပုပြတ်ပြတ် အရပ်ရှိသော အသားလတ်လတ်နှင့် ကြည့်ကောင်းသည့် ဆရာမတစ်ယောက် ရုံးခန်းထဲရောက်လာ၏။

စကားမပြတ်သေးသော ဆရာမကြီးစားပွဲမှာရပ်ပြီး. . .

"ဆရာမကြီး ခေါ်တယ်ဆိုလို့"

"ဟုတ်တယ်ဆရာမရေ ဒါဆရာမကြီးရဲ့မိတ်ဆွေ ဒေါ်နှင်းနုနန္ဒာနုရေ ဒါ သမီးနေရမယ့် ဒသမတန်း(အေ)အခန်းက အတန်းပိုင်ဆရာမ ဒေါ်ခင်စိုးဝင်းတဲ့၊ နု့သမီးကို ဆရာမကြီးဆီသာအပ်ပေတော့"

"တွေ့ရတာ မင်္ဂလာပါဆရာမရယ်၊ သမီးကို အမြင်မတော်အောင်စာမလိုက်နိုင်တာ သားသမီးအရင်းလိုဆုံးမပါလို့ အပ်နှံပါတယ်"

"ဆရာမကြီးရဲ့ မိတ်ဆွေပဲ ကျွန်မ အကောင်းဆုံးဖြစ်အောင်

www.burmeseclassic.com



လမ်းညွှန်သွန်သင်ပါ့မယ်''

ဆရာမကြီးက . . .

''ဩော် ဆရာမရေ ဒါက သမီးလေးရဲ့အမှတ်စာရင်း၊ လက်ရှိ စာအတော်ဆုံးတွေစုထားတဲ့ (အေ)ခန်းထဲက အမှတ်အကောင်းဆုံးကလေး ထက် ဒီသမီးလေးက ငါးမှတ်တောင်ပိုနေတယ်၊ သဘောကျတယ်မဟုတ် လား ဆရာမ''

ဆရာမခင်စိုးဝင်းမျက်နှာ ပြုံးလက်သွားပါ၏။ ခေါင်းညိတ်ပြပြီး အမှတ်စာရင်းကိုယူကြည့်၏။

''ဆရာမဆီမှာပဲ ကျောင်းအပ်လက်ခံလိုက်ပေ့၊ ကျောင်းရန်ပုံငွေ တို့ ဘာကြေးညာကြေးတို့ ဖြတ်ဖို့ဖြတ်ပိုင်းကို အောင်မြင့်ဦး ခဏနေ လာလိမ့်မယ်၊ ရပြီနော် ဆရာမ၊ ကျွန်မစိတ်ချမယ်''

''စိတ်ချပါ ဆရာမကြီး''

သူဦးလေးက ကဗျာလွတ်ကြီး စောင့်နေရတာကို သဘောမတွေ့ လာတော့သဖြင့် . . .

''ကျွန်တော်တို့ ဘယ်ဆရာမအခန်းမှာအပ်ရမလဲ ဆရာမကြီး''

''အဲဒါမှအခက်''

လွှန်လာပြန်ပြီ။ ဆရာမကြီး၏ ဒုတိယမြောက်ညည်းတွားမှတ်ချက်။

''ကလေးရဲ့ ကျောင်းပြောင်းအောင်လက်မှတ်မူရင်းနဲ့ ဓာတ်ပုံအပို တွေပါလား''

''ပါပါတယ်ခင်ဗျ''

သူသွက်လက်စွာပင် ဆရာမကြီးကို ရိုသေစွာကမ်းပေးလိုက်၏။ ဆရာမကြီးယူကြည့်ပြီး သိသာစွာ မျက်နှာမပျက်သွားအောင် ထိန်းလိုက် ရ၏။

သူ အားလုံးကိုတွက်ပြီးသားပါ။ ဒသမတန်း(အေ)လို စာတော်





သူများ စုဝေးရာအခန်းမှာ သူနဲ့ လားလားမျှမတန်။

(ဘီ)အခန်းအဆင့်၊ သင့်တင့်စွာ စာတော်သူစာရင်းမှာလည်း သူ မပါနိုင်။

(စီ)အခန်းအဆင့်၊ ကြိုးစားလျှင် အောင်မြင်မှုရှိနိုင်သည့်အဆင့် မှာတော့ ရေးရေးဖြစ်နိုင်ချေရှိ၏။

(ဒီ)အခန်းအဆင့်။ စာညံ့လူဆိုး နည်းအမျိုးမျိုးနဲ့ခိုးချ၍ ကံကောင်း ထောက်မစွာအောင်လာကြပြီး အခန်းတွေအားလုံးထဲမှာ ဆရာ/ဆရာမ အချေလှာအပေးခံရဆုံးနှင့် နှိမ်ချဆက်ဆံခံရဆုံးအခန်း။ ဒီအခန်းမှလွဲလျှင် သက်ကျန်ခန်းမရှိတော့။ ဂိတ်ဆုံး လူကုန်အခန်း။ ထိုအခန်းမျိုးမှာတော့ သူရောက်သွားဖို့တစ်ရာမှာ ကိုးဆယ်ရာခိုင်နှုန်းလောက် သေချာ၏။

သို့ဖြင့် ဆရာမကြီး မျက်မှန်ပေါ်မှကျော်ကြည့်ပြီး ပြောလိုက်သော စကားကြောင့် လိပ်ပြာလွင့်စဉ်မတတ် ကျွန်တော်အံ့ဩသွားရပါသည်။

''အင်း ဒီကလေးကို ဒေါ်ခင်စိုးဝင်းပဲခေါ်သွားတော့ (အေ)ခန်းမှာ ဖြစ်ဖြစ်တဲ့နည်းနဲ့ သူ့ကိုထားမှဖြစ်မယ်''

ဒေါ်ခင်စိုးဝင်းထံလှမ်းပေးလိုက်သော အောင်လက်မှတ်ကို ဒေါ်ခင် စိုးဝင်း လာယူကြည့်ပြီး မျက်နှာမကောင်း (အိမ်မှလိမ်းလာသောမိတ်ကပ် ညံ့၍မဟုတ်ပါ)။

ဆွမ်းဆန်ထဲကြက်ချေးရောပါလာ၍ မသက်မသာငြိမ်နေရဟန်တူ သောအကြည့်နှင့် အခန်း(အေ)ဆရာမက သူ့ကိုကြည့်၏။

''ကဲထ အားလုံးပဲ(အေ)ခန်းကိုသွားရအောင်''

ကျောင်းလာအပ်သူများ ထိုင်ရာမှထစဉ် ကောင်မလေးက သူမနှင့် တစ်ခန်းထဲကျမည့်သူကို လျှပ်တစ်ပြက် ခြေဆုံးခေါင်းဆုံး လှမ်းအကဲခတ် လိုက်၏။ သူ မသိချင်ယောင်ဆောင်လျက်။

သိပ်တော်တဲ့အရည်အချင်းတွေ သူ့မှာရှိနေနိုင်တာ ကြုံမြင်၍

www.burmeseclassic.com



ဆရာမကြီးက ခုလိုစီစဉ်ပေးတာဖြစ်မယ်ဟု သူ တွေးကောင်းလှ အသားလွတ် ဘဝင်မြင့်ချင်နေဆဲ။

မအီမသာလှမ်းပြောလိုက်သော ဆရာမကြီးစကားကြောင့် ကောင်မလေးရှေ့မှာ သူ့သိက္ခာတွေ အထုတ်လိုက်အထည်လိုက် ''ဘုတ်ကနဲ'' ပြုတ်ကျသွားပါသည်။ (ဒါကြောင့် ဆရာမကြီး နှစ်ခါညည်းခဲ့ရှာတာကိုး)။

''ကျန်တဲ့ ဘီ၊ စီ၊ ဒီ အခန်းတွေမှာ တစ်ခန်းကိုလူခြောက်ဆယ်လောက်ဖြစ်နေတော့ ထိုင်စရာနေရာမရှိလို့။ သူတစ်ယောက်ကိုပဲ (အေ)ခန်းပို့ပေးလိုက်ရတာပါ။ ဆရာမ ဖြစ်နိုင်ရဲ့လား။ မဖြစ်နိုင်လဲမရပါဘူးလေ။ (အေ)ခန်းတစ်ခန်းထဲ လူလေးဆယ်တောင် မပြည့်ချင်သေးတာ။ ရောင်းဝယ်ရေးသမဆိုင်ကလေးလိုသဘောမျိုး လိုချင်တဲ့ပစ္စည်းကို မလိုချင်တဲ့ ဆင်ချေးတုံးဆပ်ပြာနဲ့ တွဲယူရတယ်လို့ပဲ အောက်မေ့လိုက်ပါဆရာမရယ်''

ကောင်မလေးရဲ့ ''ခစ်''ခနဲ ခိုးရယ်သံကို သူ ကြားဖြစ်အောင်ကြားလိုက်သေး၏။

ကိုယ့်နားကို အပြစ်တင်နေမိ၏။ လက်လှမ်းမမိနိုင်မှုတွေကို အပြစ်တင်မရ။ စိတ်၌ ''အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အင်း. . . ဒေါသ''ဟု ဆင်ခြင်လိုက်ရ၏။

ၜ ၜ ၜ

ကျောင်းလခ ရန်ပုံငွေနှင့် ကျောင်းအပ်ခတို့ကို ပေးသွင်းအပြီး (အေ)ခန်း ရစ်ဂျစ်စတာစာအုပ်ကို ဆရာမဖွင့်စဉ်. . .

အစောကလေးကတင် အပြစ်မြင်မိသောနားကို ယခုတစ်ဖန် ကျေးဇူးတင်လာပြန်၏။ အကျိုးမှာ ခပ်တိုးတိုးပြောလိုက်သော ကောင်မလေးရဲ့စကားသံကို နားခံလိုက်နိုင်ခြင်းကြောင့်ဖြစ်သည်။

''ဆရာမရေးတာ ပန်းနုနံ့သာဖြစ်နေတယ်၊ သမီးနာမည်က ပန်း





နုနံ့သာပါ''

''ဩော်. . . အေးကွယ် စိတ်များပြီးမေ့သွားလို့''

သူတော့မမေ့။

သူကတော့ အရှက်တွေဝေခဲ့သော ''ခစ်''ခနဲအတွက် ဝှက်ထားသောသူ့လက်သည်းကို ကောင်မလေး တစ်နေ့တွေ့စေမယ်ပေါ့။

''ကျွန်တော့်နာမည် ဘုန်းထွဋ်ပါ''

ဆရာမရေးသွင်းလိုက်၏။

သူ့ကို ကောင်မလေး နည်းနည်းလေးဂရုစိုက်ကြည့်လိုက်တာ ရိပ်ခနဲမြင်၏။

သူ ဖမ်းကြည့်လိုက်တော့ မဲ့ခနဲအမူအရာနှင့် မျက်နှာလွှဲ၏။

ဘယ်ရမလဲ၊ သူပဲလေ။

''အဟမ်း. . . အဟွတ်. . . ဟွတ်''

ဟော့ကောင်မလေးဟု ခေါ်သံမထွက်ရုံ လုပ်ဆိုးလိုက်သော ချောင်းဆိုးသံ။ အမှတ်တမဲ့ ကောင်မလေး စူးစမ်းလှည့်အကြည့်။

သူ မျက်လုံးတစ်ဖက်မှိတ်ပြလိုက်၏။

''ဆရာမ. . . သူ. . . သူ. . . သူ''

ဆရာမ စာရေးနေရာမှ ထိတ်လန့်တကြားမော့ကြည့်၏။

ဆရာမထံ အာရုံကိုယ်စီရောက်နေကြသော ဦးလေးနှင့် ဒေါ်နှင်းနုနုနွာလည်း အံ့သြလန့်ဖျတ်ဟန်ဝဲသောမျက်နှာနှင့် ကောင်မလေးကိုကြည့်၍ ထိုမှ သူ့ကိုကြည့်ပြီး (မေးခွန်း)တွေထုတ်နေကြ၏။ ပထမဦးစွာ ရွှေမှန်စာ၍မွေးပြီး ရွှေလင်ပန်းနှင့်အချင်းဆေးထားသော သူမ၏သမီးကို ဒေါ်နှင်းနုနုနွာ ပျာပျာသလဲမေး၏။

''သမီး. . . သမီးလေး. . . ဘာဖြစ်တာလဲ၊ သူ သမီးကို ဘာလုပ်လို့လဲ''



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်တွေ တဒုန်းဒုန်း၊ တဒိန်းဒိန်း၊ ပြဿနာဖြစ်လာမည်မထင်ရှာသာ လှမ်းစနောက်လိုက်ခြင်းဖြစ်ပြီး ပြဿနာအသွင်ဖြစ်လာသောအခါ အံ့ဩမှင်တက်စွာနှင့် . . .။

သူ့နည်းတူ ကောင်မလေးမှာ သူ့ဒေါသနှင့် ရန်ငြိုးဖွဲ့လာမှာစိုး၍လားမသိ။ သူ့အမေးအမေးကို မှင်တက်တွေးတော၍ ရုတ်တရက်မဖြေဘဲ သူ့မျက်နှာကိုသာ ကြည့်နေ၏။ ဦးလေးက . . .

''ဟေ့ကောင် ငထွဋ် ကောင်မလေးကို ဘာသွားလုပ်လိုက်သလဲ''

ဆရာမက ဘောလ်ပင်ကိုင်ရင်း ရှေ့နေအိုက်တင်ထုတ်နေ၏။

လိုအပ်လျှင် တရားသူကြီးလုပ်ဖို့ အဆင်သင့်ဟန်မျိုးဖြင့် . . .

သူ ပျာပျာသလဲဖြင့် . . .

''ကျွန်တော် ဘာမှမလုပ်ပါဘူး''

''လုပ်ပါတယ် သူ သမီးကို မျက်လုံးတဖက်မှိတ်ပြတယ်''

ဖော်ကောင်လုပ်လိုက်သော သူမစကား။ အားလုံး နားလည်သဘောပေါက်သွားပြီး . . .

ဒေါ်နှင်းနုနန္ဒာ၏ အလိုမကျသေမျက်နှာနှင့် အကြည့်စူးစူး. . .။

ဆရာမ၏ သက်ပြင်းချ၊ စိတ်ပျက်ခေါင်းခါမှု. . .။

ဦးလေး၏ရှုက်မျက်နှာနှင့် အားတုံ့အားနာဟန်၊ ဘယ်လိုပြန်ပြော တောင်းပန်ရမှန်းမသိဖြစ်နေသော ခပ်ကျုပ်ကျုပ်မျက်နှာ။ ပြောရခက်စွာနှင့် သူ့ဘက်လှည့်ပြီး . . .

''ဟေ့ကောင် မင်း ဘာလို့ သူများသားသမီးကို မျက်စိမှိတ်ပြတာလဲ၊ မင်း တော်တော်ဆိုးသွမ်းပါလား''

သူ အလျှင်အမြန်ခေါင်းခါပြပြီး. . .

''ကျွန်တော် သူ့ကို မျက်စိမှိတ်ပြပါတာအမှန်ပါဆိုရင် သက်သေပြ





လေ၊ ဘယ်သူတွေ့လို့လဲ၊ ဒါ သက်သက်မယ့် ကျွန်တော့်ကို အချွန်နဲ့မ,တာ၊ ဒီမျက်လုံးက မနက်ကတည်းက ပိုးကောင်ဝင်နေလို့ အောင့်တောင့်တောင့်ဖြစ်နေတာပဲရှိတယ်၊ မျက်တောင်ခတ်မိတာကို မျက်စိမှိတ်ပြတာလို့ထင်ရင်တော့ စဉ်းစားကြည့်ပေါ့ဦးလေးရယ်''

လူကြီးသုံးယောက်၏ ပြစ်တင်မှုပစ်မှတ်က သူ့ထံမှ သူမ အသာကလေးရွှေ့သွား၏။

''မဟုတ်ဘူး၊ သူ တမင်ကိုမျက်စိမှိတ်ပြတာ သမီးတွေ့တယ်၊ သူပြောတာလိမ်နေတာ၊ ဟိတ်. . .မညာနဲ့၊ ယောကျ်ားဖြစ်ပြီး အမှန်အတိုင်းဖွင့်ပြောပါလား''

မခေ။ အာဂကောင်မလေးပါပဲ။

ပြန်မရနိုင်သော အထောက်အထားမို့ သူတစ်ခါပဲ ထပ်ပြီးခေါင်းခါပြလိုက်၏။ သူမက . . .

''ကြည့်စမ်း လိမ်ရဲတဲ့လူမိုက်''

လေသံက ရိုင်းသွား၍ သူမအမေကဝင်ဟန့်၏။

သူ့ဘက်က စီးသောအခြေအနေမို့ သူ့ရင်ဖော့်စအပြု. . .

''ကဲ ဆရာမပဲ ဒီပြဿနာကို ဖြေရှင်းပေးမယ်၊ မော်ဘုန်းတွင့် မင်း ပန်းနုနံ့သာကို မျက်လုံးမှိတ်ပြသလား။ ဆရာမ ကိုယ်တိုင်မေးတာနော်၊ အမှန်တိုင်းပဲလိုချင်တယ်''

ကျောင်းသားပေါင်းမြောက်များစွာ၏ မျက်နှာအမူအရာကို နှစ်ပေါင်းများစွာ ဖတ်ရှုရင့်ကျက်လာသော ဆရာမရဲ့အရှိန်အဝါနှင့် စူးစမ်းအဖြေရှာသော မျက်လုံးအစွမ်းကို သူ မုသားဆိုငြင်းရမှာ မဝံ့ရဲစွာ တုံ့နှေးထစ်အရှိဆဲ။

''ဟို. . .ဒီလို. . .ဆရာမ''

''ကဲ. . .တပည့် မင်း လူတော်ဖြစ်ချင်ရင်တော့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ပေတော့။ ဒီ(အေ)အခန်းဟာ ပညာအရည်အချင်း၊ အကျင့်စာရိတ္တ စည်းကမ်းလိုက်နာမှုမှာ ''ကောင်း''ဆိုတဲ့အဆင့်ကိုရမှပဲ လက်ခံလို့ရမှာ။ မင်းဟာ ဘယ်အဆင့်အတန်း ဘယ်လိုအတန်းအစားမျိုးလဲ၊ ပြော ဆရာမ ကို ရဲရဲတင်းတင်းပြောပြ''

''ကျွန်တော်ဝန်ခံပါတယ် ဆရာမ၊ မျက်လုံးတစ်ဖက်မှိတ်ပြမိပါ တယ်၊ ဒါပေမဲ့ သူ့ကိုမဟုတ်ပါဘူး၊ ကျွန်တော့်ကိုလှောင်ပြောင်ချင်တဲ့ သူ့အတွင်းစိတ်ဆိုးကိုပါ''

''မင်းကို သူ ဘယ်မှာလှောင်ခဲ့တာလဲ''

''သမီးဖြင့် သိတောင်မသိဘူး''

''ဒီတစ်ခါတော့ သူညာတာ၊ ဆရာမ ဆရာမကြီး နောက်ဆုံး ပြောလိုက်တဲ့စကားက ကျွန်တော့်ကို အရှက်ခံထိသွားပါတယ်၊ ရုံးခန်း အထွက်မှာ သူ ခစ်ခနဲရယ်ပြီး ကျွန်တော့်ကိုလှောင်ပါတယ်''

ဆရာမက . . .

''ပန်းနုနုံ့သာကော ရယ်မိလိုက်လား''

''ရယ်မိလိုက်ပါတယ် ဆရာမ၊ ဒါပေမဲ့ သမီး သူ့ကိုရယ်တာ မဟုတ်ပါဘူး ဆရာမ''

လူကြီးသုံးဦးမှာ သူမစကားကို ဘာသာပြန်နားလည်မရအောင် စိတ်ရှုပ်သွားကြသည်။

ဆရာမက . . .

''ဘယ်သူ့ကို ရယ်တာလဲကွယ့်''

ဆံပင်ကုပ်ဝဲနဲ့ကောင်မလေး ဖြေလိုက်သောစကားကြောင့် လူကြီး သုံးဦး ပွဲကျသွားပါသည်။

''ဆင်ချေးတုံးကိုပါ''

ကျောင်းအပ်ဖြစ်သောနေ့မှာ သူ ကျောင်းမတက်ဖြစ်။





ထို့ကြောင့် ထိုနေ့က ကျောင်းတက်ဖြစ်သောကောင်မလေးနှင့် ဆက်ပြီး ပြဿနာရစ်လှည့်ခွင့်မရ။

သို့ငြား နောက်တစ်နေ့မနက်မှာတော့ ကျောင်းတက်ချိန်အတိ အကျမှာ ကျောင်းဆောင်ပေါ် သူရောက်သွားပါသည်။

ထိုကျောင်းကြီး၌ သူနေခဲ့ဖူးသော ယခင်ကျောင်းတွေလို ကျောင်း တက်တက်ချင်း ဘုရားဝတ်ပြုခြင်းမရှိ။ အတန်းထဲမှာတိုင်ပြီး အတန်းပိုင် ၏ အဦးဆုံးအချိန်ကို စကားသံဆူညံညံများဖြင့် ထိုင်စောင့်နေကြ၏။

အခန်းထဲရောက်ပြီး သူ့အတွက်နေရာကို ဆရာမအား မေးမထား မိသဖြင့် လက်ရှိထိုင်နေသော ကျောင်းသားတွေထဲ သူ စုံစမ်းရမည်။

နေရာလွတ်အတန်းတွေ ရှိပါသလားပေါ့။

ထိုမေးခွန်းတွေးစမှာပင် တစ်ခန်းထဲကျသော မနေ့က ပြဿနာ မလေးကို မိန်းကလေးတွေရိုး(လ်)မှာ လိုက်ရှာလိုက်သည်။

နှစ်ယောက်တစ်တွဲထိုင်ရသော ရိုး(လ်)ငါးတန်းခွဲထား၏။ အခန်း၏ ရှေ့ဘက်သုံးတန်းခန့်စီမှာ ကျောင်းသူတွေကို နေရာပေးထား၏။

ကျန်နေရာများမှာ ကျောင်းသားတွေထိုင်ကြသည်။

အတန်းထဲမှာ လူကောင်ရှည်ရှည်၊ အသားညိုညိုနှင့် အသံသြသြ ကျောင်းသားကြီးတစ်ယောက်ကို . . .

''ကျေးဇူးပြုပြီး ကျွန်တော့်အတွက် နေရာလွတ်တစ်ခုခုလောက် ရနိုင်မလား၊ ကျွန်တော် မနေ့ကကျောင်းအပ်တော့ ဒီအခန်းကျပါတယ်''

ထိုပုဂ္ဂိုလ်က . . .

''ဟုတ်လား၊ ကျွန်တော် ဒီအခန်းရဲ့မော်နီတာပဲ''

''လာ. . .လာ. . .တင်ညိုကြီးဘေးနားမှာ နေရာလွတ်တယ်''

နှစ်ယောက်စားပွဲနှင့် ထိုင်ခုံတစ်ခုမှာ နေရာချပေး၏။ သူဝင်ထိုင် ဉ် . . .



www.burmeseclassic.com

www.burmeseclassic.com



အသားဖြူဖြူ ရုပ်ဖြောင့်ဖြောင့်နှင့် ကျောင်းသားတစ်ယောက်က. . .

"မောင်မောင်တင် နေရာကြည့်ပေးဦး၊ အဲဒီနေရာကို တရုတ်မိုးကျော်ဟိန်းထိုင်နေတာမဟုတ်လား၊ အဲဒီကောင်လာရင် အူလည်ကြောင်ကြားနဲ့ ရှုပ်ကုန်ဦးမယ်"

"ရပါတယ်၊ ဒီတရုတ်ကို ဟိုဘက်ထောင့်ခုံပို့ပေါ့၊ ဒီကောင်က စိုးလှမြင့်နဲ့မှတည့်မှာ၊ ဒီမှာ တင်ညိုကြီးနေတော့ သူ့နေမှာမဟုတ်ဘူး"

အသားဖြူဖြူနှင့် ကျောင်းသားနည်းတူ ခုံရှေ့မှာရှိနေသော တရုတ်ကလေးနှစ်ယောက်ကလည်း သူ့ကို စူးစမ်းကြည့်နှင့်ကြည့်ကြ၏။

"ကျောင်းပြောင်းလာတာလား"

တစ်ယောက်ကလှမ်းမေး၏။ သူ ခေါင်းညိတ်ပြလိုက်၏။

"ဟော့ တစ်ယောက်နှစ်ကုတ် ရှေ့လှည့်စမ်း၊ တော်ကြာ ဆရာမရောက်လာတော့မှာ၊ ပြောင်းလာတာမလာတာ မင်းတို့အလုပ်မဟုတ်ဘူး"

မော်နီတာ၏ ငေါက်ဆတ်ဆတ်စကားကြောင့် တရုတ်ကလေးတစ်ယောက် မျက်နှာမဲ့သွားပြီး . . .

"မော်နီတာဆိုပြီး ပါဝါမပြနဲ့၊ ဂနဲ့သွားမယ်"

"ဟာ. . . ဒီကောင်တော့"

"ဟော. . . ဟိုမှာ ဆရာမလာပြီကွ"

ကျောင်းသူကျောင်းသားတွေ ထိုင်ရာမှ ဝိုင်းထရပ်လိုက်ကြ၏။

"မင်္ဂလာပါတပည့်တို့" (ဆရာမ၏နှုတ်ဆက်သံ)

"မင်္ဂလာပါ ဆရာမ" (သံပြိုင်)

အားလုံးပြန်ထိုင်ကြ၏။ စောစောရှာမတွေ့ဘဲ ခုံနေရာအတွက် စိတ်ပူနေသဖြင့် မေ့ထားမိသောကောင်မလေးကို ရှေ့ဆုံးတန်းမှာ ဘွားခနဲ လှမ်းတွေ့လိုက်ရ၏။





နောက်အကျဆုံး သူ ပြန်ထိုင်လိုက်ပြီး ကောင်မလေးဆီ လှမ်းကြည့်သည်။ မမြင်ရ။

နောက်ခုံမှ ကျောင်းသူနှင့်ကွယ်နေ၏။

မော်နီတာမောင်မောင်တင်က ဆရာမကို ကျောင်းသားအသစ်ရောက်ရှိ၍ နေရာပေးရကြောင်း အသိသွားပေး၏။

ဆရာမက သူရှိရာနောက်ခုံဆီ တစ်ချက်လှမ်းကြည့်ပြီး မော်နီတာကို ခေါင်းညိတ်ပြ၏။ မော်နီတာက ကော်ရစ်တာမှပတ်၍ သူ့နေရာဆီ ပြန်လာဝင်ထိုင်လိုက်သည်။ သူ့ကိုလှမ်း၍လည်း . . .

"အိုကေသူငယ်ချင်း၊ အဲဒီမှာ ခင်ဗျားနေရာဖြစ်သွားပြီ"

သူ ကျေးဇူးတင်ကြောင်းလှမ်းပြောလိုက်စဉ် နံဘေးမှာထိုင်မည့် တင်ညိုကြီးဆိုသူ ဆရာမကို လက်ညှိုးထောင်ပြ၍ဝင်လာ၏။

သူ့ကို မဝင်ထိုင်ခင် ခြေဆုံးခေါင်းဆုံးကြည့်လိုက်ပြီး . . .

"ကျောင်းသားသစ်လား"

"ဟုတ်တယ်၊ တင်ညိုကြီးဆိုတာလား"

"ဘယ်ကတင်ညိုကြီးရမှာလဲ၊ ကျုပ်နာမည် စိုးလင်းနိုင်ဗျ"

"မသိဘူး၊ မော်နီတာက ဒီနေရာမှာ တင်ညိုကြီးထိုင်တာဆိုလို့"

"ခွေးမသား မောင်မောင်တင်၊ အဲဒီတင်ညိုကြီးဆိုတာ ကျုပ်အဖေနာမည်ဗျ၊ သက်သက်မယ့် လိုက်စပြီးခေါ်တာ"

"ကဲ. . . အားလုံးပဲနာမည်ခေါ်မယ်၊ ရှိရင်ထူးပါ"

ဆရာမအော်ပြောသံကြောင့် အားလုံး အသံရှဲသွား၏။

သပ်ရပ်သောအပြင်အဆင်နှင့် ဘလက်(ခ်)ဘုတ်ကိုငေးကြည့်နေစဉ် ဆရာမအသံ ပျံ့လွင့်လာ၏။

"စိုးမျိုးနိုင်"

"ရှိပါတယ် တီချယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ နေရာထိုင်စက စကားလာပြောသော အသားဖြူဖြူ ရုပ်ချောချော ကျောင်းသားက မတ်တပ်ရပ်ပြီး ထအော်ပြလိုက်ခြင်းပင်။

အခေါ်ပဲ။ အတန်းထဲမှာ စာတော်ပဲများအားလုံးကို နာမည်တွဲ၍ သူ မှတ်သားရမည်။

"မင်းသိန်းတွား"

"ရှိပါတယ်တီချယ်"

ရှေ့ဆုံးမှ ကျောင်းသားငါးယောက်စာခန့်က ခေါ်ပြီးတွင် . . .

"မောင်လှဦး"

"ရှိပါတယ် တီချယ်"

တွမ်ခရုမျက်နှာပေါက်မျိုးနှင့် သူ့ရှေ့တန်းမှ တရုတ်ကလေး ထရပ်ခြင်းပင်။

"မောင်မောင်တင်"

"မောင်စိုးလင်းနိုင်"

"မောင်ကျော်လွင်"

"မောင်မိုးဟိန်းကျော်"

"ပျက်ကွက်"

မော်နီတာက အသံပြဲပြဲနှင့် ထအော်၏။

သူနှင့် သူ့ပြဿနာသေးသေး၊ ပူပူနွေးနွေးလေးဖြစ်ခဲ့ဖူးသော ကောင်မလေးကို လှမ်းကြည့်နေမိ၏။

ဘာကြောင့်များ ကောင်မလေးမှာ သူရောက်မရောက် သဘောထားလောက်လေးပင် နောက်လှည့်ကြည့်ဖော်မရတာလဲ။ စာတော်သောသူ စာအုပ်ကိုပဲ အာရုံထားနေဟန်တူ၏။

လှပသော သူမမျက်နှာမှာ အပြစ်ကင်းစင်မည်ထင်ရသော်လည်း အချိန်အခါမကျသေး၍ ထွက်ပေါ်မလာသေးသော မာန်မာနရိပ်တွေကို သူ





အလိုလို တွေ့နေခဲ့ဖူး၏။

သူမ၏ လှပကျော့ရှင်းမှုအတွက် သူမ၏စည်းစိမ်ချမ်းသာ၊ ဂုဏ်အရှိန်အဝါအတွက် သူမ၏ ထင်ပေါ်ကျော်ကြားသောမှတ်ဉာဏ်နှင့် (တော်) အဆင့်ရသော အရည်အချင်းများအတွက် မာန်တက်ချင်ပုံရ၏။

"မောင်ဘုန်းထွဋ် မလာဘူးလား"

ခေါ်သံဖြတ်ဝင်လာမှ ဆရာမကိုလှမ်းကြည့်ဖြစ်၏။

မော်နီတာက "ဟော့ ဘုန်းထွဋ်ဆိုတာ သူငယ်ချင်းမဟုတ်လား"

"ဟုတ်တယ်"

"ဟိုမှာ ဆရာမခေါ်နေတာ သုံးခါရှိပြီ၊ မြန်မြန်ထူးလိုက်ဦး"

သူ ပြာပြာသလဲထပြီး (မျက်မှန်ပေါ်မှ စိတ်မရှည်ချင်ဟန် လှမ်းကြည့်နေသော ဆရာမအား)

"လာပါတယ်"

ယခင်ကျောင်းမှာထူးခဲ့သလို သတိလက်လွှတ်ထူးလိုက်မိ၏။

ထူးသံထူးခြား၍ ကျောင်းသူတွေရော ကျောင်းသားတွေရော အထူးအဆန်းပမာ နောက်လှည့်ကြည့်ကြ၏။ ပြုံးစိစိနှင့်။

ကောင်မလေးက ခနဲ့ပြုံးနှင့် ဘေးမှသိခါစကျောင်းသူလေးကို ဆွက်တိုးပြောခါ ခွီခနဲရယ်၍ ရှေ့ပြန်လှည့်သွား၏။

သူ့ထူးသံထူးခြားသော်လည်း ဆရာမက ဘာမှမပြောဘဲ နာမည်ဆက်ခေါ်သွား၏။

သူက ဘာလုပ်ရမှန်းမသိ။ ခေါ်သံများ၍ ပြင်မလား။

"ဟိတ်လူ ထိုင်လေ"

စိုးလင်းနိုင်က ပုဆိုးစဆွဲ၍ထိုင်ခိုင်း၏။

လျော့လျော့စီးထား၍ ကျွတ်ကျမလိုဖြစ်သွားသော ပုဆိုးကို ကမန်းကတန်းလက်နှင့်ဖိရင်း ထိုင်ချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသည်ကို အနီးအနားမှကျောင်းသားများက တခွိခွိနှင့် ထရယ်လိုက်ကြ၏။

"ဒီကျောင်းအထာမသိတာနဲ့ တွေးကြောင်သွားလို့ပါ"

စိုးလင်းနိုင်က ဘေးအတန်းမှကျောင်းသားတွေကို မျက်ခုံးပင့်ပြပြီး သူ့အား လှောင်ရယ်နေပြန်၏။

ဆရာမက နာမည်များကို ဆက်ခေါ်နေသည်။

"မပန်းနုနံ့သာ"

"ရှိပါတယ် ချယ်"

သူမ၏ စကားပြောမြန်လွန်း၍ တီချယ်မှာ ချယ်သံပဲထွက်သွား၏။ အတန်းထဲကကျောင်းသားတွေက သူမကိုကြည့်၍ အချင်းချင်း လက်တို့ခြေတို့။

သူတို့အတန်းနှင့် ခပ်လှမ်းလှမ်းအတန်းမှာထိုင်နေသော ခန္ဓာထွားထွား၊ ဆံပင်ကောက်ကောက်၊ မိတ်ကပ်များများလိမ်းထားသော မျက်ရစ်မပါသည့် ကျောင်းသူအလှည့်ခေါ်သံရောက်လာသောအခါ တစ်တန်းလုံး ဝါးခနဲပွဲကျရယ်မောရတော့၏။

အကြောင်းမှာ တိုင်းရင်းသားလူမျိုးဖြစ်ဟန်တူသော ကျောင်းသူကလေး၏အသံဝဲဝဲပြန်ထူးသံကြောင့် ဖြစ်၏။

"မနော်ထီးလာ"

"ချီး ပါတယ် စယာမား"

၀ ၀ ၀



## အခန်း (၂)

ဘာသာရပ်ဆရာနှင့် ဆရာမများ တစ်ဦးချင်း အချိန်ဇယားအဝိုင်းဝင်ပြီးသောအခါ မုန့်စားဆင်းချိန်ပေး၏။

အတန်းထဲမှာ ကိုယ့်အုပ်စုနှင့်ကိုယ် အလျှိုလျှိုထထွက်သွားကြည် . . .

"ဘုန်းထွဋ် မုန့်ဈေးတန်းသွားမယ်လေ"

"ကျွန်တော် မလိုက်တော့ဘူးဗျာ၊ ရင်ပြည့်နေလို့"

စိုးလင်းနိုင် တစ်ခါပဲခေါ်ပြီး ထထွက်သွားစဉ် မော်နီတာက. . .

"မောင်ဘုန်းထွဋ် ကျောင်းအောက်မဆင်းဘူးလား"

"သူ ခေါင်းညိတ်ပြလိုက်၏။ တရုတ်ကလေးနှစ်ယောက်နှင့် စိုးမျိုးနိုင်က အပြင်လိုက်ဖို့ခေါ်သည်။ သူ ဗိုက်မဆာကြောင်းပြော၍သာ ငြင်းလွှတ်လိုက်ပြီး အခန်းအပြင်ဘက်ရှိ စိန်ပန်းပင်ကြီးကို လှမ်းကြည့်နေမိ၏။

စိန်ပန်းနီတွေရဲရဲစိုလို့ မိုးရေဆေးသန့်ထားသော သစ်ရွက်စိမ်းစိမ်းတော်များ။ အခန်းထဲ ပြန်အကြည့်ရွှေ့စဉ် မုန့်စားဆင်းသွားပြီးဟု ထင်မှတ်ထားသော ပန်းနုနံ့သာမှာ သူ့ထိုင်ခုံတွင် တစ်ယောက်တည်းထိုင်ပြီး စာအုပ်



www.burmeseclassic.com

www.burmeseclassic.com



တစ်အုပ်ကို သဲကြီးမဲကြီးဖတ်နေ၏။ သူမနည်းတူ တခြားကောင်မလေး သုံးယောက်လည်း အောက်မဆင်းကြ။ လက်ဝဲဖက်ရှိးလ်အစွန်းမှာထိုင်နေသော အသားဝင်းဝါဝါနှင့် ကျောင်းသူလေးတစ်ယောက်ထံ အကြည့်ရောက်စဉ် နောက်လှည့်၍ အဖော်ကောင်မလေးကို စကားလှည့်ပြောနေသော အသားဝင်းဝါဝါကောင်မလေးက စကားပြောရင်း သူ့အား လေ့လာစူးစမ်းသော မျက်လုံးများနှင့် လှမ်းကြည့်၏။

တကယ်ပါ။ ဆံပင်ကုပ်တိုကောင်မလေးကဲ့သို့ပင် လှပကျော့ရှင်းသူလေး။ နှိုင်းယှဉ်လိုက်ပြီးလျှင် တစ်မျိုးစီလှကြသည်ဟုဖြေရမည့် အခြေအနေမျိုး။

လက်ဝဲဘက်အစွန်ခုံမှာ အသားဝင်းဝါကောင်မလေးထိုင်နေပြီး လက်ယာဘက်မှာ ဆံပင်ကုပ်ဝဲကောင်မလေး (ပန်းနုနံ့သာ) ထိုင်နေခြင်းပင် နှစ်ယောက်စလုံး ဆရာ/ဆရာမများနှင့်နီးကပ်သော ပထမတန်းနေရာကြခြင်းပင်။

အသားဝင်းဝါကောင်မလေးအမည်ကို သူမသိ။ နောက်တစ်ရစ်ဂျစ်စတာခေါ်လျှင် မှတ်ထားဖို့ သူ တေးထားလိုက်၏။

ယနေ့မှစပြီး ကျောင်းတက်ဖို့ရာ သူမပျင်းတော့ပါ။ ယခင်နေ့က ဦးလေးမိန်းမက သူ့အား ကျောင်းသွားဖို့ အိပ်ရာထဲကို အမြှောက်နှ သုနိူးရတော့မည်မထင်ပါ။ ကျောင်းတက်ချင်စိတ်ပေါ်အောင် ဆွဲဆောင်အား ပြင်းပြင်းနှစ်ခုရထားလေပြီပဲ။

သူ ပျော်သွားသည်။ အကြောင်းမှာ သူစိတ်ဝင်စားလွန်းသော အလုပ်တစ်ခုကို အလွယ်တကူရလိုက်၍ ဖြစ်၏။

ကျောင်းစာသင်အံ့အပြီး အားလပ်ချိန်များမှာ သူ့အတွက် လွတ်လပ်ရေးပင်။ တအားရေးဆွဲချင်နေသည့် မိန်းမလှပုံရိပ်။ ပန်းချီခဲကောင်ကြောင်းများကို ထိုအစွန်းနှစ်ဖက်မှာရှိနေသော ကောင်မလေးနှစ်ယောက်





ထံမှ ရရှိလာနိုင်တော့မည်ဖြစ်၍သာပင်။

ထိုနှစ်ယောက်ကတော့ သူ့အကြံအစည်ကိုမသိ။

တစ်ယောက်က စူးစမ်းလေ့လာသလို လှမ်းကြည့်လာတတ်သော်လည်း ကျန်တစ်ယောက်မှာ သူ့ဆိုလျှင် ဥပေက္ခာလောကသားတစ်ဦးပမာ။ (ပန်းနုနံ့သာ)

ရုတ်ခြင်းအကြံရသဖြင့် ရုံးခန်းမှာချောင်းဆိုးခဲ့ဖူးသလို သူလုပ်ဆိုးလိုက်၏။

လက်ဝဲစွန်းမှ အသားဝင်းဝါကောင်မလေးမှာ သူမအဖော်ကို လက်တို့ပြ၏။ ဒါကို သူမမြင်။ သူခိုးပြီးမြင်သည်မှာ သူ့ချောင်းသံကြောင့် တဆိတ်ကလေးလှည့်ကြည့်လာမည်ထင်သော ဆံပင်ကုပ်ဝဲကောင်မလေး။ (ပန်းနုနံ့သာ)

ယောင်၍ပင်လှည့်မကြည့်။ အပြင်ကော်ရစ်တာမှာ ကျောင်းသူကျောင်းသားတွေတိုးဝှေ့သလို စည်ကားသွားလာနေကြ၏။

လက်ယာဘက်မှ ဆံပင်ကုပ်ဝဲကောင်မလေး (ပန်းနုနံ့သာ) ထိုင်ခုံမှာ ဆရာဝင်ပေါက်နှင့်ကပ်နေသောကြောင့် ဖြတ်သွားဖြတ်လာကျောင်းသားတွေထဲမှ အစသန်သူတွေက ဆံပင်ကုပ်ဝဲမလေးကို မထိတထိနောက်သွားကြ၏။

"ဟာ ခိုင်သင်းကြည်ဟေ့၊ ခိုင်သင်းကြည်၊ ဒီမှာကွ"

"ဘယ်မှာလဲ၊ ဟုတ်လို့လား"

"အဟုတ်၊ ဒီမှာ စာငုံ့ဖတ်ပြီးပဲလုပ်နေတယ်"

"တူတယ်နော်၊ ကြော်ငြာမော်ဒယ်ခိုင်သင်းကြည်နဲ့ တူတာမဟုတ်ဘူး၊ အကြော်ကြော်တဲ့ခိုင်သင်းကြည်နဲ့ တူတာ"

ဝါးခနဲ အချင်းချင်းထဟားပြီး လစ်ထွက်သွား၏။

ပန်းနုနံ့သာကတော့ စာဖတ်မပျက်။ ဘယ်လိုနေသည်ပြောင်ချောက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



မှ ဂရုစိုက်ပုံမရ။

ကတ်ကတ်လန်အောင်ရန်မတွေ့တောင်မှ သူ့အား ပြဿနာသေး သေးလေးလုပ်ခဲ့သလိုတော့ ထိုကျောင်းသားတွေကို တုံ့ပြန်သင့်ပါ၏။

သို့ပြား ယခုပြောင်းလာခါစမို့ အုပ်စုတောင့်သော ယောကျာ်း လေးများကို တစ်ယောက်တည်းပြန်မပြောဘဲ သည်းခံနေရခြင်းလည်း ဖြစ် ချင်ဖြစ်နိုင်ပါသည်။

ထိုစဉ် . . .

''ရွတ် . . . ရွတ် . . . ရွတ်''

အသားဝါဝါနှင့် လက်ဝဲဘက်မှကောင်မလေး လှမ်းအသံပေးလာခြင်း ဖြစ်သည်။ သူမရှေ့မှအဖော်ကလည်း နောက်လှည့်ကာ သူ့ကိုကြည့်လျက်။ သူ ပထမတော့ ကြောင်အမ်းသွား၏။

ဘေးနားဝဲယာခေါင်းငဲ့ကြည့်တော့ ဘယ်သူမှမရှိ။

အသားဝင်းဝါကောင်မလေးအား ပြန်ထူးစဉ် (ပန်းနုနံ့သာ) ကြား အောင် သူ အသံမြှင့်ပြန်မေးလိုက်၏။

ပန်းနုနံ့သာ ဘေးထိုက်လှည့်ကြည့်၏။ အသားဝင်းဝါနှင့်ကောင် မလေးဆီ။ ပြီးလျှင် သူ့ဘက်ဆီ မသိမသာငဲ့ကြည့်နေ၏။

သူ နည်းနည်း ဘဝင်မြင့်တက်သွားပါသည်။ ပန်းနုနံ့သာရဲ့ရှေ့မှာ အသားဝင်းဝါလှပသော ကောင်မလေးတစ်ယောက်က တွေ့စမှာပင် စတင်၍ သူ့အား အရေးတယူနှုတ်ဆက်ခြင်းကြောင့် ဖြစ်၏။

''ဘာအကြောင်းများရှိလို့လဲ''

''တို့နာမည် ဝါဝါမွှေးပါ''

''ကျွန်တော့်နာမည် ဘုန်းထွဋ်ပါ''

မိန်းကလေးက စတင်မိတ်ဆက်လာသဖြင့် သူ့နှုတ်က မဆိုင်း မတွ . . .





''ဒီ(အေ)ခန်းရဲ့မော်နီတာက တို့ကိုပြောထားတယ်''

ဘာများလဲ။ သူ၏ ယဉ်ကျေးသိမ်မွေ့သော ပူပူနွေးနွေးဆက်ဆံမှု တွေများ ပြောပြထားလို့များလား။

''တို့က မိန်းကလေးတွေရဲ့ခေါင်းဆောင်''

သူမအရည်အချင်းကိုပင် ဖွင့်ပြောလိုက်သေး၏။ ဝါဝါမွှေးနှင့် သူ၏ စကားအစုန်အဆန်ကို အစွမ်းကုန်စွင့်ထားသော နားနှစ်ဖက်ယောင်ယောင် လေးလှည့်၍ မသိမသာထောင့်ကပ်ကြည့်နေသော မျက်လုံးများနှင့် ပန်းနု နံ့သာ အကဲခတ်နေမှာ သေချာ၏။

''ကျွန်တော် ဘာအကူအညီပေးရမလဲ''

လူယဉ်ကျေးတို့၏နှုတ်စိုက်စကား။ ပန်းနုနံ့သာရှေ့မှာ အလိုလို ဘဝင်မြင့်သွားရသောအဖြစ်သည် ကြာရှည်ဖြစ်ခွင့်မရလိုက်ပါ။ ဝါဝါမွှေး ပြန်ပြောလိုက်သောစကားမှာ . . .

''မော်နီတာကလွှဲထားလို့၊ ရေအိုးဖိုးနဲ့ တံမြက်စည်းဖိုးငါးဆယ်ကို သူ မထည့်ရသေးဘူးနော်''

ဘယ်လောက်များ စိတ်ပိန်ကျသွားချင်စရာကောင်းလိုက်ပါသလဲ။ သူ့အိတ်ကပ်ထဲ စမ်းကြည့်လိုက်တော့ ငွေနှစ်ဆယ်ပင်မပြည့်။

''ကျော်ဟိန်းပဲပျား နောက်နေ့မှပေါ့''

ဝါဝါမွှေးနှင့်သူမအဖော်က သူ့စကားကို နားမလည်။

အခြေအနေသဘောပေါက်သွားပြီဖြစ်သဖြင့် ရှေ့တည့်တည့် ပြန် လှည့်သွားသော ပန်းနုနံ့သာပင် နားကလော်သွား၍လားမသိ။ နည်းနည်း လေးပါးလှည့်လို့သာ သူ့စကားကို နားစွင့်သွား၏။

''စိတ်ကောင်းပါတယ်နော၊ ဒီက တံမြက်စည်းနဲ့ရေအိုးဖိုးငါးဆယ် တောင်းနေတာ ဘယ်ကကျော်ဟိန်းတွေ လာပြောနေတာလဲ''

အ,ပါ။ ဝါဝါမွှေးကို ဟင်းချပြုံးရယ်သွားအောင် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့သော အထာသဘောကို ဖျတ်၍ တွဲတိုးရှင်းပြလိုက်ရ၏။

"ဒီနေ့ ငွေအပြည့်မပါသေးလို့ ကျော်ဟိန်းလို့ပြောတာ။ ကျော်ဟိန်းဆိုတာ "အကြွေး"ပေါ့ဗျာ၊ အကြွေးဇာတ်ကားနဲ့ ကျော်ဟိန်း နာမည်ကြီးတာ မဝါဝါမွေးမသိဘူးလား။ အကြွေး. . . အကြွေး"

၃ ၃ ၃



## အခန်း (၃)

တစ်ရက် နှစ်ရက် သုံးရက်ခန့်မှာ ကလပ်(စ်)ဝင်သော ဆရာလည်းစုံလာသလို ကျောင်းသားလည်းစုံလာသည်။

သူနှင့်နေရာလုမည်ဟု ရင်ထိတ်ခဲ့ရသော မိုးဟိန်းကျော်ဆိုသူလည်း ကျောင်းတက်လာပါသည်။

သူ့နေရာဝင်ထိုင်သည့်အတွက် အစပိုင်းက မိုးဟိန်းကျော် သူ့ကို သိပ်ပြီးကြည်၊ တည်တည်တင်းတင်းမျက်နှာနှင့်။ သူ့ရှေ့ခုံမှာ လှဦး၊ ကျော်သိန်းတို့နှင့် ညီအစ်ကိုဝမ်းကွဲတော်စပ်သဖြင့် သူ့ကို ဝိုင်းပြောကြ၍ စိုးဟိန်းကျော်၊ စိုးလှမြင့်နေရာမှာ သွားထိုင်ပါသည်။

နာရီနှင့်အမျှ အစိမ်းသက်သက်အနေအထားမျိုး ကျောင်းသားကျောင်းသူတွေကြားမှာမရှိတော့ တစ်ဦးနှင့်တစ်ဦး ညီအစ်ကိုမောင်နှမလို ခင်မင်ရင်းနှီးလာကြပါသည်။

ထိုသုံးလေးရက်အတွင်း ပန်းနုနံ့သာနှင့် ဝါဝါမွှေးတို့မှာ သူနှင့်ခင်မင်မှုသိပ်မရှိသေးပါ။ ထိုနည်းတူ သူလည်း ပုံဆွဲရန် ချာန်သွား၍ ခရုသေးပါ။

www.burmeseclassic.com



သို့နှင့် တစ်နေ့မှာ . . .

"အတန်းထဲမှ အသက်ကြီးကောင်ပုလိုဖြစ်နေသော ကျော်မျိုးအေး ဆိုသည့်ကောင် (လှဦး၊ ကျော်သိန်း၊ မောင်မောင်တင်၊ အောင်သင်းလတ်) ကျန်အတန်းသားအတော်များများက ကျော်မျိုးအေးကို (ဒုက္ခ) ဟု နာမည် ဖျက်ပေးထားကြပါသည်။

အကြောင်းမှာ နယ်မြို့၌ ဗီဒီယိုကြေငြာလှည့်သော မြင်းလှည်းနှင့် ကျော်မျိုးအေးစီးလာသောစက်ဘီးတို့ ဝင်တိုက်မိပြီး စက်ဘီးပေါ်မှ ပက်လက်လန်ကျသဖြင့် ပတ်တီးခေါင်းပေါင်း ပေါင်းခဲ့ရရှာ၏။ ကျော်မျိုးအေး ဝင်တိုက်မိသော ဗီဒီယိုကြေငြာမြင်းလှည်းမှာ ဆိုင်းဘုတ်ချိတ်ထားသောဇာတ်ကားအမည်မှာ "ဒုက္ခကိုအရောင်ဆိုးထားတယ်" ဖြစ်သဖြင့် ကျော်မျိုးအေးကို နာမည်ပြောင် "ဒုက္ခ"ဟု လူသိတွေက ဝိုင်းကင်ပွန်းတပ်ထားခြင်းပင်။

လှဦးနှင့်ကျော်သိန်းက (သိန်းထီပေါက်၍ ရွှေရောင်တလက်လက်နှင့် အကြွားပိုမြောက်ကြွကြွဖြစ်နေသော) ဒုက္ခကို သိပ်ကြည့်မရကြ။

ထို့ကြောင့် လှဦးနှင့်ကျော်သိန်းတိုင်ပင်ပြီး ဒုက္ခကိုဆုံးမဖို့ကြံစည်၏။ မုန့်စားဆင်းသောအချိန်၌ လှဦးက သူ့အနားရောက်လာပြီး . . .

"ကိုဘုန်းထွဋ် ဒုက္ခဆိုတဲ့ကောင်ကိုသိတယ်မဟုတ်လား"

"သိတယ်၊ ဂျပုသေးသေးလေးမဟုတ်လား"

"အေး . . . ဟုတ်တယ်၊ အဲဒီကောင် တော်တော်ပြိုလ်ကြွနေတယ် နည်းနည်းဆုံးမချင်လို့၊ ကိုဘုန်းထွဋ်ဆို သူယုံမှာပဲ"

"မလုပ်ပါနဲ့ဗျာ၊ ကျွန်တော်က ကျောင်းသားသစ်ဖြစ်နေတယ်၊ သိပ် မရင်းနှီးသေးလို့ပါ၊ နောက်မှပေါ့ဗျာ"

သူ ခြေတစ်လှမ်းနောက်ဆုတ်လိုက်သဖြင့် ဒုက္ခရောက်တော့မည် သောမှ "ဒုက္ခ"တစ်ယောက် လွတ်ကင်းသွားခဲ့သည်။

၉ ၉ ၉





ကျောင်းဆင်းချိန်၌ စကားသံတွေ အုတ်အော်ဆူညံ။ ပုရွက်တွင်းတုတ်နှင့်ဆွလိုက်သလို ကျောင်းစာသင်ဆောင်တွေထဲမှာ ကျောင်းသားတွေက (ဂ)ငယ်ပိုက်ဖောက်ထားသော ကျောင်းလမ်းသားပေါ် ပြုံဆင်းလုထွက်လာကြ၏။

ကျောင်းလှေကားမကြီးမှာ ကျောင်းသူကျောင်းသားတွေ မြွတ်ညပ်တိုးခာင်းနေကြ၏။ တာဝန်ကျဆရာနှစ်ယောက်က အပေါ်တစ်ယောက် အောက်တစ်ယောက် စောင့်ကြပ်အော်ဟစ်ပြီး အန္တရာယ်မဖြစ်အောင် ဆင်းနိုင်းနေ၏။ ထိုကြားထဲမှာ လစ်လျှင်လစ်သလို စ,ကြသူများ ထအော်ကြသူများကရှိသေး၏။

ကံအားလျော်စွာ ပန်းနုနံ့သာဘေးကို (ကျောင်းသားအုပ်နှင့်ရော) ပြီး သူရောက်ရှိသွား၏။ အကောင်းစားရေမွှေးနဲ့မပြယ်သေး။ ဖြူသော ပါးမှာ သနပ်ခါးလွှာလွှာလေး ကွက်ထားတာပင် မပျက်တတ်ချင်သေး။

သူမသိမသာငေးပြီး သူမကိုစနောက်ဖို့ တွေးမိလိုက်၏။

သူမကတော့မသိ။ သူမအဖော် ကျောင်းသူတစ်ယောက်နှင့် သူ တစ်ပြန်ကိုယ်တစ်ဖန် စကားပြောနေ၏။

"ညက လျှောင်လှူပ်တာ နံ့သာမသိဘူးလား"

"ဟင့်အင်း၊ ဖြိုးဖြိုးကောသိလိုက်လား၊ ညတစ်နာရီလှုပ်တာလို့ ပြောတယ်၊ နံ့သာကတော့ အဲဒီအချိန်ဆို အိပ်မက်ထဲရောက်နေပြီ"

"သိလိုက်တာပေါ့နံ့သာရယ်၊ ဖြိုးဖြင့်ကြောက်သွားတာပဲ၊ ဘယ်လို အသံကြီးအော်ပြီး လှုပ်တာလဲမသိဘူး၊ ခုတွေးရင်းတောင် ကြက်သီးထတယ်"

"ရစ်ချိတာစကေးဘယ်လောက်လဲမသိဘူးနော်၊ တော်လဲသံ ဆောင်မြည်တယ်ဆိုတော့ နည်းနည်းပြင်းလို့ပေါ့"

ကျောင်းလမ်းသွားပေါ်ရောက်လျှင် သူမဘေးမှာ သူကပ်ပါလာ နေတာ ပန်းနုနံ့သာရိပ်မိသွား၏။ ထို့ကြောင့် သူမအဖော်နှင့် အရောထဲ

www.burmeseclassic.com



လျှောက်ပြီး သူ့ကိုကွယ်၏။

သူ အသာနောက်ချန်နေခဲ့ပြီး ပခုံးချင်းပူးမတတ် လွယ်အိတ် ဘယ်ညာကပ်လွယ်ထားသော သူမတို့နှစ်ယောက်ကိုကြည့်၍ အကြံထုတ်နေမိ၏။

ကျောင်းအဝင်အထွက်တံခါးမှာ စက်ဘီးနှင့်လာကြိုပို့သော ကိုယ်ပိုင်ကားများပိတ်ဆို့နေသော ကျောင်းသူကျောင်းသားတွေ စိတ်မရှုပ်အောင် ရွေ့ရွေ့လေးတိုးရွေ့သွားနေကြစဉ် . . .

အခြားနီးစပ်ရာ ကျောင်းသားကျောင်းသူများမမြင်အောင် သူ့လက်တွေ သူမတို့နှစ်ယောက်နားမှာ လှုပ်ရှားလိုက်ပါ၏။

တာဝန်ရှိသူများလာရောက်ရှင်းလင်းပေးသဖြင့် ကျောင်းသားကျောင်းသူများ၏ ထွက်ပေါက်ကျယ်ကျယ်ဝန်းဝန်းဖြစ်သွား၍ အားလုံး လွတ်လပ်စွာရှေ့တိုးထွက်လာကြ၏။

သူက ခပ်တည်တည်ပင် . . .

''ကိုယ် ဒီလောက်ပဲလိုက်ပို့တော့မယ် နံ့သာ၊ နောက်နေ့ကျမှ ထပ်ဆုံကြတာပေါ့ ဘိုင့်ဘိုင်''

ပန်းနုနံ့သာ မျက်စောင်းနှင့်တုံ့ပြန်ရင်း . . .

''လာရှုပ်မနေစမ်းပါနဲ့၊ သွားစမ်းပါ''

ဟု ပြော၏။

ကျောင်းသူကျောင်းသားတွေထဲမှာ (တော်/ကောင်း)အဆင့်ရှိသော မျက်နှာသစ်ကျောင်းသူ ပန်းနုနံ့သာ ကျောင်းသား/ကျောင်းသူတိုင်း စိတ်ဝင်တစားရှိကြသည်မှာ မဆန်းလှ။

ဆန်းနေသည်မှာ တစ်လောကလုံးကို ရှာကျွေးနေရသော မျက်နှာထားတတ်သည့် သူမ၏ဆက်ဆံရေးပင်။ ထိုအချက်ကို စိတ်ပျက်နေသော နှလုံးသားရှိသည့် ကျောင်းသားများရှိကြ၏။ ရောက်စတစ်နေ့မှာပင် သွေး





တိုးစမ်း (အကဲခတ်) သူတစ်ယောက်ကို မိဘများ အိမ်ပြန်ခေါ်၍ သူမအား တောင်းပန်ရသည်အထိ ကျောင်းအုပ်ဆရာမကြီးနှင့် သွားတိုင်၍ ဒုက္ခကျွေးခဲ့ဖူး၏။

''ပညာရှာနေတဲ့အရွယ်မှာ သိပ်မုန်းစရာကောင်းတဲ့အချစ်တွေ အသည်းတွေ၊ နှလုံးတွေ ကျောက်ကပ်တွေလာမပြောနဲ့ သိပ်ရွံတယ်၊ ဒီတစ်ခါတော့ ပန်းနုနံ့သာ ဘာလဲဆိုတာ သိအောင်ပြရသေးတာပေါ့''

မရိုးသားသောကျောင်းသားစိတ်ရှိသူများမှာ ပန်းနုနံ့သာဆိုလျှင် နှိုန်လည်းရှိန်၊ ဖြုလည်းဖြုသွားကြပါသည်။

''ကိုယ်နဲ့နံ့သာဟာ ရန်သူတော်တွေလား''

''ဖြစ်သင့်ရင်ဖြစ်သွားမှာပဲ''

''ဖြစ်လာခဲ့ရင် ခုကတည်းက ကိုယ်လက်မြှောက်ထားမယ်''

''အကောင်းဆုံးပေါ့''

''တစ်ကျောင်းတည်း တစ်ခန်းတည်း တစ်လှေတည်းစီးနေရတဲ့ ကိုယ့်ညီအစ်ကိုမောင်နှမ ကျောင်းသားအချင်းချင်းပဲ နားလည်ပေးတတ်ရမှာပေါ့''

''မသိဘဲ ဝင်ရောတာမျိုး၊ ပြောင်ချော်ချော် ပျက်တတ်တတ်ယောက်ျားမျိုး ကျွန်မ အပေါင်းအသင်းမဖွဲ့တတ်ဘူး''

''ဒီတစ်ကြိမ်တော့ သည်းခံပါ ပန်းနုနံ့သာ၊ နောက်နေ့တွေဆိုတော့ မင်းရဲ့အပေါင်းအသင်းဖြစ်နိုင်မယ့် အရည်အချင်း ကိုယ့်မှာ ရှိလာပြီမယ်''

ကျောင်းသားကျောင်းသူတွေထဲလမ်းလျှောက်ရင်း မသိမသာပြောနေရခြင်းမှာ မလွတ်လပ်။ စပ်စုတတ်သောကျောင်းသူ။

အာချောင်တတ်သောကျောင်းသား။

ရှိသေလေးစားရမည့် ဆရာ/ဆရာမများကြားသွားမှာလည်း ဓိုး



www.burmeseclassic.com

www.burmeseclassic.com



[illegible] ဘတ်ချင်းချိတ်တွဲလျှောက်နေသော ပန်းနုနံ့သာတို့ဘေးမှာ [illegible] လျှောက်ပါလာ၏။

"ဟဲ. . . ဖြိုး ရွှေ့လမ်းခွဲကျရင် ကျုပ်အိမ်ကကား လာကြိုစောင့်နေလိမ့်မယ်၊ ဖြိုး လမ်းကြုံရင်လိုက်ခဲ့ပါလား"

"နေပါစေ၊ တစ်လမ်းစီနံ့သာရယ်၊ သိပ်ဝေးချင်နေရင် နောက်မှ ခေါ်သွားပါလား။ သနားပါတယ်"

"ညည်းနော် မစနဲ့၊ ကျုပ် သူ့ကို ကြည့်မရဘူး။ ချာလီချက်ပလင်ရုပ်နဲ့"

သူမတို့နှစ်ယောက် ကျိတ်ပြောသဘောကျကြရင်း နောက်မှ ဘာသံမှမကြားရတော့သဖြင့် ဖြိုးဖြိုး လှည့်ကြည့်လိုက်၏။

"အဲတော့"

ပန်းနုနံ့သာလည်း ချာခနဲလှည့်ကြည့်လိုက်၏။

ဘုန်းထွဋ်မရှိတော့။ ကပ်လိုက်ပါမလာတော့။ ဒီလိုကျပြန်တော့လည်း နံ့သာရင်ထဲ ဟာတာတာ။

"သနားပါတယ်၊ ဘယ်နေရာမှာ ဖိနပ်ပြုတ်လို့ကျန်ခဲ့ပါလိမ့်"

ဖြိုးဖြိုးလေသံ။

"သူ့ဖိနပ် မကောင်းတော့ဘူးလား"

"ထင်တာပြောတာပါ၊ သေသေချာချာတော့ မကြည့်မိဘူး"

"ကဲပါဟာ ဟိုမှာ အိမ်ကကားစောင့်နေပြီ၊ ညဘက် ကျုပ်လှမ်းဖုန်းဆက်လိုက်မယ်နော်၊ အိမ်စာပေးလိုက်တဲ့ ပုစ္ဆာတွေတွက်ပြီး အဖြေတိုက်ရအောင်လို့"

"အေးအေး၊ ဟိုရှေ့မှာ သင်းလှဲ့ဦးတို့အဖွဲ့ဟ၊ ငါ အမီလိုက်သွားမယ်နော်၊ သွားပြီ. . ."

"အေးအေး"





"ဟာ"

"ဟဲ့"

"ဘယ်လိုငြိကုန်ရတာလဲ၊ အဲ့ဒီဘက်ကဆွဲ. . . ဆွဲ"

"ဆွဲတာပဲ၊ ဟင် နိုင်လွန်ချည်လွယ်အိတ်ဆံမြိတ်တွေဟ၊ နင့်လွယ်အိတ်နဲ့ ငါ့လွယ်အိတ်ကို သေသေချာချာထုံးချည်သွားတာပဲ"

"ဒါ. . . ဒါ ဘုန်းထွဋ်ဆိုတဲ့ကောင်ပဲဖြစ်ရမယ်"

အနီးအပါးမှာ အဖြစ်ကိုမြင်ပြီး ကြည့်သူများ၊ ယခုမှရောက်လာ [illegible] လမ်းမပေါ်ရပ်ကြည့်နေသော ကျောင်းသားများက ဖြိုးဖြိုးနှင့်ပန်းနုနံ့သာ [illegible] (အစသန်သူများက) လှောင်ပြောင်ကြ၏။ တချို့ အသံတိတ်တွတ် [illegible]ကျိတ်ရယ်လျက်။ ဖြိုးဖြိုးမှာ ဝိုင်းအုံမတတ်အကြည့်ခံရသောကြောင့် [illegible]နာမှာ အရှက်ဖြန်းဖြန်းရဲကာ။

"သေနာကျ"

"ဟဲ့. . . ဖြိုး ညည်းပဲ ခုနတုန်းက ဘုန်းထွဋ်ကို သနားလို့ဆို"

"မြန်မြန်ဖြုတ်ပါနံ့သာရယ်၊ လူတွေကြားထဲမှာ ရှက်လိုက်တာ"

"အဲဒီကောင်ကို ဒီတစ်ခါနဲ့တင် ပေတ္တာတုံးသွားပြီ"

"အမျိုးမျိုးပဲ၊ နင့်သိပ်မရှန်းနဲ့၊ မရသေးဘူးလားဟာ၊ တို့ ခုနလို [illegible]ဘက်ချင်းချိတ်ပြီး ငါ့ကားဆီသွားရအောင်၊ ဟိုရောက်မှ ဖြေလို့ရရင်ရ [illegible]ရရင် ဂတ်(စ်)မီးခြစ်နဲ့ကို မီးရှို့ပစ်လိုက်မယ်။ အဲဒီကောင်ကို ငါကြည့်မရ [illegible]တာ နင်သဘောပေါက်ပြီမဟုတ်လား"

"ပေါက်တယ်. . . ပေါက်တယ်၊ ဒါကြောင့် တို့ လမ်းခွဲတော့မယ် [illegible]ဆိုတာသိလို့ ကြိုလစ်သွားတာပဲ၊ ခွင်းတော့လား"

"ငါကြိမ်ဖို့လည်းထားပါဦးဟ၊ မနက်ဖြန် ကျောင်းတက်တဲ့အခါကျ [illegible]င်းတော့သိမယ်"

"နံ့သာ သူ့ကို ဘယ်လိုသွားလုပ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြိုးကော ဘယ်လိုလုပ်မယ်စိတ်ကူးထားသလဲ"

"ဖြိုး မကြံတတ်လို့ နံ့သာကိုမေးတာ"

"ဆရာမနဲ့တိုင်မယ်ဟာ"

"တို့ အ,လို့ခံရတာလည်းထည့်တွက်ပါဦး နံ့သာရဲ့"

"ဘာလုပ်ရင်ကောင်းမလဲ ဘုန်းထွဋ်ကို ဖွတ်ထုံးဖြစ်သွားအောင် ဘယ်လိုပြန်ဆုံးမရင်ကောင်းမလဲ"

"သူ့လွယ်အိတ်ထဲကို မြွေဟောက်တစ်ကောင်လောက်ထည့်ပေး ရင်မကောင်းဘူးလား"

"ဖြိုး ညည်းပဲသွားထည့်၊ ဘောက်ဆူးပေးမယ်၊ ဘယ်လိုလဲ"

လွယ်အိတ်ကြိုးထုံးကို ဝိုင်းကူဖြည်နေရာမှ ဖြိုးပခုံးတွန့်သွားပြီး လျှာထုတ်ပြ၏။ ဒါရိုင်ဘာဦးလေးကြီးက ကားပေါ်မှာအရန်သင့်။ သူမတို့ကား ကားပေါ်မှာထိုင်လျက်တစ်ယောက်။ အပြင်မှာရပ်လျက်တစ်ယောက် လွယ် အိတ်ကို စိတ်ရှည်လက်ရှည် ပြန်ဖြည်နေကြ၏။

"ပြေသွားပြီလားနံ့သာ"

"ဟူး. . . ဖောရွှေးကိုပုံသွားတာပဲဟာ၊ ဘုန်းထွဋ် တော်တော်စိ ယုတ်တဲ့ကောင်၊ သုံးထပ်တောင်တုံးထားတယ်"

"နံ့သာ ခဏ"

ဖြိုးက နံ့သာအပါးတိုးကပ်ပြောလိုက်၏။ ပြီးလျှင် ပြောသူ ကြားသူပါ ထိုစကား၏အနက်အဓိပ္ပါယ်ကို တခစ်ခစ်ရယ်မောခြင်းနှင့် ဆောင်ကြ၏။

ကောင်စုတ်။ ဆင်ချေးတုံး၊ ဂြိုလ်ကောင်၊ သေနာကျ။ ဘုန်း အတွက် မနက်ဖြန်တစ်ရက်ဟာ ပြဿဒါးဖြစ်စေရမယ်၊ ဒါပဲ။

၄ ၄ ၄



## အခန်း (၄)

ထိုနေ့မနက်က မိုးတွေသဲကြီးမဲကြီးရွာ၏။ ကျောင်းအဝင်လမ်းကို ..နံပန်းနီတျာတျာလမ်းခင်းထားပြီး ထိုလမ်းကလေးပေါ်မှာ လျှောက်လာရ သည်ကို စိတ်ကြည်နူးမိ၏။

လူတစ်ကိုယ်ထီးတစ်လက်ပင် ရွှဲရွှဲစိုချင်စေသောမိုး။

ကျောင်းဆောင်ထဲအရောက်မှာ ထီးကိုပိတ်ပြီး အသာအယာရေစင် ..ိုက်သည်။ အလယ်လှေကားမှ ကျောင်းပေါ်တက်လာခဲ့၏။

ဒသမတန်း(အေ)ခန်းထဲသို့ သူအရောက် ကျောင်းတက်ခေါင်း ..လောင်းမြည်လာ၏။ လျှောက်ပွေ့နေသောကျောင်းသားများနှင့် အစားမက် ..သာကျောင်းသူလေးငါးယောက်သာ ရောက်မလာသေးပါ။

"ကိုဘုန်း ကြွက်စုတ် ရေမွှန်းလာပြီလား"

အတန်းထဲသို့ရောက်ရောက်ချင်း လှုဦးက လှမ်းပြောလိုက်ခြင်း ..ဖြစ်၏။ သူ ခေါင်းညိတ်ပြပြီး ထိုင်ခုံဝင်ထိုင်မည်အလုပ် . . .

"မစွတာဘုန်းထွဋ်၊ နှစ်ကုန်ရင် ဒီ(အေ)ခန်းရဲ့ ထုံးတမ်း.. ..တိုင်း ဆရာကန်တော့ဖို့ အခုကတည်းက တစ်လကို ငွေအနည်းငယ်..



www.burmeseclassic.com

www.burmeseclassic.com



စာချင်းထဲမှာ ခင်ဗျားကျန်သေးတယ်''

ဗလာစာအုပ်နှင့်ငွေလာကောက်သော မော်နီတာ။

''ခဏလေးဗျာ၊ ထီးလုန်းလိုက်ဦးမယ်၊ ရေအိုးဖိုးတွေပါ ပေါင်းပေးမယ်၊ မဝါဝါမွှေးဆီ ခင်ဗျားပဲ ဆက်ပေးလိုက်တော့''

မော်နီတာကခေါင်းညိတ်ပြပြီး သူထိုင်မည့်ထိုင်ခုံမှာဝင်ထိုင်၍ သူ့နာမည်ကိုရှာကာ ငွေကောက်ခံပြီးကြောင်း အမှတ်အသားပြုနေ၏။

သူ ထီးသွားလှမ်းအပြီး ပြန်လာသောအခါ . . .

''ဘာဖြစ်တာလဲမသိဘူး၊ ယားလိုက်တာဗျာ''

သူက . . .

''အကောင်ကိုက်လိုက်လို့လား။ ပုရွက်ပုံလေးတွေနဲ့တူတယ်''

မော်နီတာက . . .

''မတွေ့ဘူးဗျ။ တော်တော်ကိုယားတာ''

မော်နီတာ ဟန်ဆောင်ပန်ဆောင်နှင့် မသိမသာကုတ်နေရင်းမှ မရပ်မနား သိသိသာသာပင် တင်ပါးကို အရမ်းကုတ်လာ၏။

''အား . . . ယားတယ်ဗျ။ ကုတ်မနိုင်တော့ဘူး''

ထိုင်ခုံကို မော်နီတာ လက်နှင့်ဆွဲပွတ်ကြည့်လိုက်၏။ လက်ပါ လိုက်ယားလာ၏။

မော်နီတာ မနေနိုင်တော့။ တွန့်လိမ်ကုတ်ဖွဲ့ပြီး ရေအိမ်တန်းပြေးလေတော့၏။

လူဦးနှင့်သူ့မှာ မော်နီတာဘာဖြစ်သွားပါလိမ့်ဟု ကြည့်နေကြ၏။ သူလဲမသိ။ ထိုင်ခုံမှာ ဝင်ထိုင်မည်ဟန်ပြင်ပြီးမှ မထိုင်တော့ဘဲ စိုးလင်းနိုင်ထိုင်ခုံနှင့် လဲထိုင်လိုက်၏။

ဘာမှမဖြစ်တော့။

ခဏကြာလျှင် ဆရာမဝင်လာ၏။ ထုံးစံအတိုင်း ကျောင်းနှင့်အိမ်နီးသောကြောင့် အမြဲကျောင်းတက်မှလာသော စိုးလင်းနိုင်က ဆရာမကို လက်ညှိုးထောင်ပြပြီး ကသုတ်ကရုတ်ဝင်လာ၏။ ပြီးလျှင် အမောတကောလေသံဖြင့် . . .



''ရစ်ဂျစ်စတာခေါ်ပြီးပြီလား''

''မခေါ်ရသေးဘူး''

စိုးလင်းနိုင်ဝင်ထိုင်၏။ သူထိုင်ခုံလဲထားသောခုံပေါ်မှာ ထိုင်ခြင်းဝင်။ ဘာသာရပ်ဆိုင်ရာစာအုပ်တွေ လွယ်အိတ်ထဲမှထုတ်၏။ ပြီးလျှင် တင်ပါးကုတ်၏။

''ဟာ ဘောပန်ကျန်ခဲ့ပြီ၊ ခင်ဗျားမှာ ဘောပန်အပိုပါလား''

''ပါတယ်''

စိုးလင်းနိုင်က . . .

''တော်သေးတာပေါ့၊ ဒီသောက်ဟင်ပါးကလည်း ယားလိုက်တာ''

တဗျင်းဗျင်းဆွဲကုတ်ပစ်ပြီး ရစ်ဂျစ်စတာစခေါ်နေသော ဆရာမထံ အာရုံပို့၏။ သူလည်း စာအုပ်တွေထုတ်ခင်းပြီး အရှေ့တန်းကို လှမ်းအကြည့် ဖန်းနုနုံ့သာနှင့် အဖော်ကောင်မလေး တိုးတိုးစကားနှင့် သူ့ကို လှည့်ကြည့်သွား၏။

မနေ့က သူမတို့နှင့် သူ အသာလွှတ်စနောက်ပြီး ရောလိုက်သဖြင့် အခြေအနေတိုးတက်လာမှု လက္ခဏာပေပဲလား။

သူမတို့ထပ်ကြည့်ပြန်၏။ ရယ်မလိုလို၊ မကျေနပ်သလိုလိုမျက်နှာတွေနှင့်။ နောက်တစ်ခါထပ်ကြည့်လျှင် မျက်လုံးပြူးပြဖို့ သူအပြင် . . .

''ယားလိုက်တာကွ တောက်''

ထိုင်ခုံကို ပုတ်ခါလိုက်ပြီး ကုတ်နေရင်းနှင့် စိုးလင်းနိုင်ပြန်ဝင်ထိုင်၏။ ခဏအကြာ . . .

''အီး မရတော့ဘူး၊ ယားတယ်၊ ပိုယားတယ်''

www.burmeseclassic.com



သူက . . .

"အေးဗျာ၊ အဲ့ဒီထိုင်ခုံ ဘာဖြစ်တာလဲမသိဘူး"

"မောင်မောင်တင်"

ဆရာမနာမည်စာရင်းမှ မော်နီတာအလှည့်ရောက်၍ လှမ်းခေါ်နေပြီ။ မော်နီတာ ပြန်မရောက်သေး။

မော်နီတာနှင့်သိပ်မကြည်သော ကျော်သိန်းက ဆရာမ ဒုတိယအကြိမ်မခေါ်ခင် အသံကျယ်ကျယ်နှင့် ထအော်လိုက်၏။

"ပျက်ကွက်"

ကျော်သိန်းအော်သံကို မည်သူမှမကန့်ကွက်ကြ။ စိုးလင်းနိုင်မှာ ကုတ်ရင်းတန်းလန်းဖြင့် . . .

"အား အပြင်သွားမှပဲရမယ်"

စိုးလင်းနိုင် ဆရာမကို လက်ညှိုးထောင်၍ အပြင်ထွက်ခွင့်တောင်း၏။ ဆရာမက နာမည်ခေါ်တာရပ်ပြီး စိုးလင်းနိုင်ကို . . .

"မလွန်လွန်းဘူးလားဟေ့၊ အခုမှကျောင်းတတ်တယ်၊ အခုပဲ အပြင်ထွက်ဦးမယ်၊ စည်းကမ်းတော်တော်လေးပျက်နေပြီလား၊ ငါ့အချိန်တောင် ဒီလောက်ဖြစ်နေရင် ကျန်ဘာသာရပ်ဆရာတွေအချိန်ဆို ပိုဆိုးမယ်၊ မသွားရဘူး၊ ပြန်ထိုင်"

"မထိုင်နိုင်ဘူး"

"ဘာ"

ဆရာမ၏ "ဘာ"အော်သံကြောင့် တစ်တန်းလုံး ထိတ်လန့်ပြီး တွယ်ကုန်၏။

"ကျွန်တော် ယားနေလို့ပါဆရာမ"

"ဘာဖြစ်တယ် စိုးလင်းနိုင်"

ဆရာမကြီးအပျိုကြီးကို ထင်ယောင်ထင်မှားဖြစ်သွားစေသော



စကား။

"ဒီခုံမှာ ဘာတွေသုတ်ထားတာလဲမသိဘူး၊ ယားလို့ မငိုင်နိုင်ဘူး"

"အပြင်ထွက်ဖို့အကြောင်းပြချက်က ဒါအကုန်ပဲလား"

"တကယ်ပြောတာပါ၊ မယုံရင် ဆရာမလာထိုင်ကြည့်ပါ"

စိတ်ဝင်စားဖွယ်ကောင်းသောစကားကြောင့် ဆရာမ ထွက်လျှောက်လာကြည့်၏။

"မင်းခုံမှာ ပုရွက်ဆိတ်ရှိလို့လား"

"မဟုတ်ဘူး၊ ခွေးလေးယားသီးမှုန့်တွေလားပဲ"

"ပြစမ်း"

ဆရာမလက်ဖြင့်ပွတ်ကြည့်၏။ စိုးလင်းနိုင်မှာ (တစ်တန်းလုံးဝိုင်းကြည့်နေသည်ကိုပင် ရှက်မနေနိုင်အား) တွင်တွင်ကုတ်နေ၏။

"ဟုတ်တော့ဟုတ်မယ်"

ဆရာမလက် နည်းနည်းယားသွားသဖြင့် ပေးလိုက်သောမှတ်ချက်။

"ဒီခုံမှာ ဘယ်သူလာသုတ်ထားတာလဲ"

အနီးဆုံးရှိသောသူ့ကို သက်ာမကင်းသောမျက်လုံးနှင့် ကြည့်ပြီး ဆရာမမေး၏။

"ကျွန်တော်မသုတ်ပါဘူး ဆရာမ၊ ကျောင်းတက်မှ အခန်းထဲရောက်လာတာပါ"

စိုးလင်းနိုင်က . . .

"ယားလိုက်တာ၊ ဒါ ကျွန်တော့်ခုံမဟုတ်ဘူး၊ ဘုန်းထွဋ်ခုံ၊ သူလဲ ထိုင်ထားတာ"

ထိုစဉ်မှာပင် မောင်မောင်တင် အခန်းထဲပြန်ဝင်လာ၏။ ပုဆိုးစိမ်းမှာ ရေကွက်တွေနှင့် မျက်နှာမအီမသာနှင့်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာမ"

လက်ညှိုးထောင်၍ ဝင်ခွင့်တောင်း၏။

"ဪ. . . ကိုယ်တော်၊ ဘယ်ပျောက်သွားနေတာလဲ၊ မလာဘူး ပျက်ကွက်ဆိုလို့ စာရင်းထဲထည့်လိုက်ပြီ၊ နေပါဦး ပျက်ကွက်ဆိုတာ ဘယ်သူအော်တာလဲ"

"ကျွန်တော်အော်တာ တီချယ်၊ သူ့ကိုမတွေ့လို့ အော်တာ"

"နင် အော်ရမလားကျော်သိန်းရဲ့၊ အော်ရမှာက မောင်မောင်တင်အေးမှာထိုင်နေတဲ့ အောင်သင်းလတ်ဟဲ့၊ အဲဒီအချိန်မှာ အောင်သင်းလတ်ဘာလုပ်နေလဲ"

"သင်္ချာတွက်နေလို့ မကြားလိုက်ဘူးတီချယ်"

"ငါ့ရဲ့ ရူပဗေဒအချိန်မှာ သင်္ချာတွက်ရလား၊ လာခဲ့. . . လာခဲ့၊ ကျော်သိန်းရော အောင်သင်းလတ်ရော 'မောင်မောင်တင်ရော"

မောင်မောင်တင်က ပျာပျာသလဲဖြင့် . . .

"ဆရာမ ကျွန်တော်ယားလို့ အပြင်ထွက်ဆေးနေတာပါ"

"လာပြန်ပြီ နောက်တစ်ယောက်"

ဘုန်းထွဋ်က . . .

"ဟုတ်ပါတယ်ဆရာမ၊ ကျွန်တော့်ခုံ မော်နီတာဝင်ထိုင်တာ ယားလို့ မနေနိုင်တာနဲ့ ရေသွားဆေးပါတယ်၊ ဒီခုံမှာ ထိုင်ရင်ယားမယ် ထင်ပြီး စိုးလင်းနိုင်ခုံနဲ့ ကျွန်တော် လဲထိုင်တာပါ"

သူတို့၏ သပွတ်အူပြသနာကို တစ်တန်းလုံး အသက်ရှုဖို့မေ့အောင် ကြည့်နေကြ၏။

ပန်းနုနုံ့သာကို ဖျတ်ခနဲကြည့်မိ၏။ သူ့ကိုလှမ်းကြည့်နေသည်။ ဝါဝါမွှေးတို့ဘက်ကို ဆတ်ခနဲကြည့်မိပြန်၏။ သူ့ကိုလှမ်းကြည့်နေပြန်၏။

"ဒီခုံမှာ ခွေးလျှော်ယားသီးမှုန့်တွေ ဘယ်သူသုတ်ထားတာလဲ၊ ဒီ



နားကကျောင်းသားတွေပဲနေမှာ၊ ဒီလောက်ရှပ်ပျက်ဆင်းပျက်ဖြစ်အောင် နောက်တာကိုတော့ ပယ်ပယ်နယ်နယ်ဆုံးမရမယ်"

"ဆရာမ ကျွန်တော်တို့ ယားလို့မနေနိုင်တော့ဘူး၊ ရေသွားဆေးပါရစေ"

"မြန်မြန်သွား၊ အဲဒီရောဂါက တစ်မျိုး"

စိုးလင်းနိုင် မျောက်က,ကသလိုမျိုးနှင့် ထသွားရ၏။

"ကဲ. . . တရားခံဘယ်သူလဲလို့ ငါမေးနေတယ်လေ၊ မဖြေဘူးလား၊ နားပင်းနေလား"

တစ်တန်းလုံးနှုတ်ဆိတ်၊ ခြသေ့်ဗိုလ်မှန်တော့ ညီလာခံတိတ်။

"ဒီကို မနက်က ဘယ်သူအရင်ရောက်သလဲဟေ့၊ တစ်တန်းလုံးကိုပြောတာနော်"

အသံဝဲဝဲနှင့် တိုင်းရင်းသားကောင်မလေးက လက်ပိုက်ထရပ်နောက်လှည့်ပြီး . . .

"ကျွန်မ အရင်ရောက်ပါတယ်"

"ကောင်းပြီ နော်ထီးလာ၊ အခန်းသော့ကိုင်အလှည့်ကျပါတယ်ပေါ့၊ ဒါဆို ယောကျ်ားလေးတွေထဲက ဘယ်သူစပြီး ဒီအခန်းထဲရောက်သလဲ"

"ဟိုကပိစိလေးပါ"

"ဒုက္ခ" သူမနာမည်မသိ၍ ဒုက္ခကို ပိစိဟုခေါ်ခြင်းပင်။ ထိုသည်ကို ဒုက္ခ နာတင်းသွား၏။ သူ့ကို ပိစိဟုခေါ်ခြင်းကြောင့်ဖြစ်၏။ ရှက်ဒေါသနှင့် နော်ထီးလာကို ရှူသိုးသိုးကြည့်နေစဉ် . . .

"ကျော်မျိုးအေး ထစမ်း"

ဒုက္ခ ပုဆိုးလျှော်တိုက်ကို လေးငါးခါပြင်ဝတ်ပြီး ထရပ်၏။

"မင်း လုပ်သလား"

"မလုပ်ဘူး ဆရာမ၊ ကျွန်တော် လွယ်အိတ်လာထားပြီး မုန့်ဈေး

www.burmeseclassic.com

www.burmeseclassic.com



တန်းဘက်သွားနေပါတယ်"

"မင်းနောက်မှာ ရောက်လာတဲ့ကျောင်းသားကော ရှိသေးလား"

"တိုပီချေးရှိပါတယ်"

အိန္ဒိယလူမျိုး ထွန်းစိုးက သူ့နာမည်ပြောင် "တိုပီချေး"ကို ခေါ် ပြောသဖြင့် ဒုက္ခကို ကုလားလိုဆဲ၏။

"တိုပီချေးဆိုတာ ဘယ်သူလဲ"

"အနော်ပါ"

တိုပီချေးမှာ စကားသိပ်မပီ။ နှုတ်ခမ်းအာသီးလေးကွဲနေ၏။

"မင်းလုပ်သလား"

"အနော်မလုပ်ဘူး။ နော် ဘောနွားကန်နေပါတယ်"

"ဘောလုံးသွားကန်တာလား"

"ဟုတ်"

"မင်းမလုပ်တာသေချာရဲ့လား။ စစ်လို့ပေါ်လာရင် လိမ်ညာမှုပါ ထပ်တိုးမှာနော်"

"အနော် ဘုရားမကြိုက်တာမလုပ်ဘူး။ အမှန်တွေကို ကြိုဆို ရှိသေပါတယ်၊ အမားနော် အမှားမပြောရဘူးတဲ့၊ အနော် အမှားနော် ပျောကို မပျောဘူး"

"တော်တော့၊ လုပ်တယ်မလုပ်ဘူး နှစ်လုံးတည်းဖြေ၊ ကုလားကား ဆဲက အမိတာဘကျမ်းငိုပြိုသလို လာပြောမနေနဲ့၊ နင်နဲ့အမိတာဘကျမ်း တူတာဆိုလို့ နှာခေါင်းပေါက်ချွန်ပဲရှိတယ်"

ဆရာမ၏ရွှံ့အော်သံကြောင့် တချို့မှာ တခွိခွိ တစ်ချို့က ဟိဟိ။ တိုပီချေးမျက်နှာ ပိုမည်းသွား၏။ ရှက်သွား၍ထင်၏။

"ကဲ ဒီအမှုမှာ တရားခံပျောက်နေတယ်၊ တစ်တန်းလုံးကို ဆရာမ ပြောမယ်၊ ဒီကိစ္စကို ဘယ်သူလုပ်သလဲ၊ ဝန်ခံရင်သက်သာမယ်၊ ရှုံးခန်း



ရောက်မှ စစ်လို့ပေါ်ရင်တော့ နှစ်ဆပိုဆိုးမယ်"

ဆရာမ ငြိမ်ပြီး တရားသူကြီးမျက်လုံးမျိုးနှင့် တစ်တန်းလုံးကို လှည့်ပတ်ကြည့်၏။ အားလုံး တုတ်တုတ်မျှမလှုပ်။

"မဖော်ကြဘူး၊ ကောင်းပြီး လောလောဆယ် အပြစ်ပေးရမှာက ကျော်သိန်း၊ အောင်သင်းလတ်၊ မောင်မောင်တင်၊ ဘုန်းခွန့် *အတန်းရှေ့ကို* လာခဲ့"

"ဆရာမ ကျွန်တော် ဘာမှမလုပ်ဘူးခင်ဗျ"

သူ ထိတ်လန့်တကြားထအော်၏။

"ခုံ လဲထားတယ်လေ၊ နှုတ်ပိတ်တဲ့အမှုပေါ့၊ ဒီခုံယားမှုန်းသိရင် နောက်လူမထိုင်ခိုင်းနဲ့ပေါ့၊ သိရက်နဲ့မပြောဘဲထားတာ ကြံရာပါပဲ"

သူ ဘာမျှပြန်မပြောသာ။ ကျော်သိန်းတို့နှင့်ရောပြီး ထရပ်လိုက် သွား၏။

အတန်းရှေ့ရောက်သောအခါ ဆရာမက စားပွဲနှင့်နီးသော ပန်း နုနံ့သာခုံရှေ့မှာ ရပ်လိုက်၏။

ဆရာမက တစ်တန်းလုံးကို စည်းကမ်းရေးရာအသိပေးပညာပေး ကို ငါးမိနစ်ခန့် ဟောပြောသွန်သင်နေစဉ် . . .

"ပန်းနုနံ့သာကို (အောင်သင်းလတ်ခန္ဓာကိုယ်နှင့်ကွယ်၍ ကျန် အတန်းဖော်တွေမမြင်အောင် သူ) မျက်လုံးပြူးပြလိုက်၏။

သူ နှာခေါင်းရှုံ့ပြ၏။

သူမ မျက်စောင်းထိုး၏။

သူ ပခုံးတွန့်ပြလိုက်၏။

သူမ လျှာထုတ်ပြီး ပြန်လှောင်ပြ၏။

သူ ပါးရွဲ့ပြလိုက်ပြန်သည်။ ဟောပြောနေသော ဆရာမမျက်လုံး တွေ ဟောရင်းတန်းလန်းနှင့် ပန်းနုနံ့သာတို့ဘက် ဖျတ်ခနဲ ဝေ့အငဲ . . .

www.burmeseclassic.com

www.burmeseclassic.com



သူမ အသံတိတ်ရေရွတ်ပြီး နှုတ်ခမ်းစူမေးငေါ့ပြ၏။

"ကဲကြည့် ကျောင်းသူအသစ် ဘယ်လိုဖြစ်နေတာလဲ၊ ပန်းနုနဲ့သာမဟုတ်လား၊ ဆရာမ ဒီလောက်ဆုံးမနေတာတောင် ဘယ်သူနဲ့ ဘာဖြစ်နေပြန်တာလဲ"

သူမ သွက်လက်စွာထရပ်ပြီး . . .

"သူ ဆရာမ. . . သူ. . . သူ. . . သမီးကို မျက်နှာလာပြောင်ပြနေလို့"

ဆရာမ ခေါင်းယမ်းပြီးလှည့်အကြည့် . . .

"ဩော်. . . ကိုယ်တော်၊ ကျောင်းစအပ်ကတည်းက ဒီပြဿနာ၊ အခုလည်း ဒီပြဿနာ၊ ဘယ်လိုလဲ ကိုယ်တော်၊ ကျောင်းပြောင်းချင်နေပြီလား"

သူ ငြိမ်နေလိုက်၏။ မျက်နှာကို သနားချင်စရာအကောင်းဆုံးဖြစ်အောင် ပြင်ထားလိုက်၏။

"ကဲ. . . သမီးနဲ့သာ ပြန်ထိုင်၊ မောင်ဘုန်းထွဋ် နောက်တစ်ခါဆိုတာ မဖြစ်စေချင်တော့ဘူးနော်"

သူ ခေါင်းညိတ်ပြလိုက်၏။ တစ်မှုကနေ နှစ်မှုဖြစ်တော့မယ်တော်ပါသေးရဲ့။

ဆရာမက ဒသမတန်း(အေ)၏အစဉ်အလာကောင်းများ ဤအတန်းမှ တက်သွားကြသော ကျောင်းသားကျောင်းသူဟောင်းတို့၏ ကောင်းသတင်းများကို အတုယူလိုက်နာပြီး ထိုသူတို့ထက် အရာရာမှာ သာလွန် (စံချိန်ချိုး)နိုင်ရန် ကြိုးစားကြဖို့ဆက်ပြောနေဆဲ။

"တောက်. . . နံလိုက်တာကွာ"

အောင်သင်းလတ်၏ကျိတ်ပြောသံ။ သူ နည်းနည်းလေးအနံ့ခံကြည့်မှ လုံးခနဲပေါ်လာသောဝမ်းပုပ်သံ။



"ဘယ်ကောင်လဲကွ၊ မိုင်းခွဲတာ"

ကျော်သိန်းကကျိတ်မေး၏။ မောင်မောင်တင်က . . .

"တိုးတိုးတိတ်တိတ်နေစမ်းပါ၊ ဟိုမှာ ဆရာမစကားပြောပြီး ဆုံးမနေတယ်၊ ဒီတရုတ်က ဘာတွေလာပြောနေတာလဲ၊ ဘာမိုင်းခွဲတာလဲ"

"အီးပေါက်တာကိုပြောတာဗျ၊ ခင်ဗျားမနံဘူးလား၊ ကိုယ့်အီးမို့ကိုယ်မွှေးနေတာလား"

ကျော်သိန်းက ဆရာမဆီမျက်နှာမူထားရာ ဟန်မပျက်ဘဲ ကျိတ်၍ မောင်မောင်တင်ကိုပြော၏။ မောင်မောင်တင်ကလည်း ကျော်သိန်းကို မျက်နှာရှေ့ရှုပြီး ပြန်ပြော၏။

"ငါ နှာခေါင်းပိတ်နေတယ်ကွ၊ အအေးမိထားလို့ ငါမပေါက်ဘူး၊ အလကားနေရင်း ပြဿနာတက်ရတဲ့အထဲ နောက်တစ်မှုလာမတွဲနဲ့"

ကျော်သိန်းက သိပ်အခဲမကျေ။ အောင်သင်းလတ်ကို အသာငဲ့ကြည့်၏။

"မင်းလား"

"မဟုတ်ဘူး၊ တကယ်ပြောတာ၊ မယုံရင်ကျိန်စာတိုက်"

"ဒါဆို ကိုဘုန်းပေါ့"

"မဟုတ်ဘူး၊ သစ္စာရေသောက်ပြရဲတယ်၊ ဒါ တို့ဘေးနားကအတန်းမှာ ထိုင်နေတဲ့ ကောင်မလေးနှစ်ယောက်ပဲဖြစ်ရမယ်၊ ဒီဘက်ကစနံတာကွ မောင်မောင်တင်၊ ရှေ့ကကောင်မလေးနှစ်ယောက် မဖြစ်နိုင်ဘူး"

လေ၌ အလွန်ပျံ့လွင့်လွယ်သောဓာတ်ငွေ့။ ပန်းနုနဲ့သာတို့ဘက်သို့ ငဲ့ကြည့်သောအခါ သူမနှင့်အဖော်ကောင်မလေးတို့ ဓာတ်ငွေ့ကာ လက်ချောင်းများနှင့် နှာခေါင်းပိတ်ကွယ်ထားကြပြီးပြီ။

မျက်လုံးများက သူတို့လေးယောက်အပေါ် သင်္ကာမကင်းဟန်နှင့် ဆူးရဲရဲ၊ ဖြူးဖြူးဖြဲဖြဲ။

www.burmeseclassic.com

www.burmeseclassic.com



အောင်သင်းလတ်က လျှာဝင်ရှည်လိုက်၏။ လက်မလေးကော့ပြပြီး . . .

"ဒီကောင်မလေးနှစ်ယောက်ပဲနေမှာ၊ လေလည်တဲ့အနံ့ထဲမှာ ကြက်သားနံ့နဲ့ ရှောက်သီးသုတ်နံ့ပါတယ်"

မကြားတကြားပြောခါမှ နားစိုက်ထောင်နေသော သူမတို့ ကြားသွား၏။

"မဟုတ်တာမပြောနဲ့ သေနာရဲ့"

ပန်းနုနံ့သာဘေးမှ ကျောင်းသူဖြိုးဖြိုးက မကြားတကြားပြန်ပြော၏။ ဆရာမမှာ ရှေ့ဆုံးမှာ ကျောင်းသူခုံကိုကပ်၍ ရပ်ရင်း တစ်တန်းလုံးအား ကြားအောင် အားထည့်ပြောနေရသဖြင့် (ဆရာမရှေ့မှာရှိသော ကျောင်းသူမှာ မကြာခဏ ဆံပင်ကို လက်နှင့်သပ်ပြီး တံတွေးသကြန်ကျရောက်တာ ခံနေရရှာ၏။)

"ဘာမှခေါင်းစားမနေနဲ့ ကိုဘုန်း၊ သူတို့ပဲ"

ကြားသွားသောဖြိုးဖြိုးက . . .

"အောင်သင်းလတ်နော်၊ လာအရှက်မခွဲနဲ့၊ ဆရာမနဲ့ လှမ်းတိုင်ပြောလိုက်မယ်"

ဘုန်းထွဋ်က ပန်းနုနံ့သာကို လှောင်သလိုကြည့်လိုက်၏။

သူမတို့နှစ်ယောက်သား နီရဲတူအမ်းသောမျက်နှာကိုယ်စီနှင့် ဘုန်းထွဋ်နဲ့အောင်သင်းလတ်ကို မျက်စောင်းတခဲခဲဖြစ်နေကြ၏။

အောင်သင်းလတ်မှာ သူမတို့စိတ်တိုနေမှန်းသိရက်နှင့် ထပ်၍နောက်ချေ ရိုးရိုးမနောက်။ သူ့ကိုတိုင်တည်၍ လက်တို့နောက်၏။

"အီးဘုတ်တရားဟောဆိုပြီးဖမ်းရင် ကျောင်းသူအသစ်ကျမလား ဖြိုးဖြိုးကျမလားပဲ"

ပန်းနုနံ့သာ ဆတ်ခနဲရပ်ပြီး . . .



"ဆရာမ"

အာဝဇ္ဇန်းကောင်းကောင်းနှင့်ပြောနေသော ဆရာမ အရှိန်ပျက်သွားပြီး သူတို့ဘက်ကို မျက်မှောင်ဆွဲ၍ကြည့်၏။

"ဘာဖြစ်ပြန်ပြီလဲ"

"သူတို့ လိုက်စနေကြလို့"

"ဘုန်းထွဋ်"

ဆရာမ၏ ဒေါသခေါ်သံ။

"ကျွန်တော်မပါဘူး ဆရာမ"

"ပါတယ်၊ ဘုန်းထွဋ်နဲ့အောင်သင်းလတ်"

"ငါမပါဘူး နံ့သာရယ်၊ ဂျောက်တွန်းပါနဲ့"

"မရဘူး၊ နင်လည်း စပ်ဖြဲဖြဲနဲ့"

ဆရာမ အနားရောက်လာ၏။

"ကဲ ရှေ့ဆုံးမရတာတစ်မျိုး နောက်ဆုံးမရတာတစ်မျိုး၊ ဆရာမ ဘယ်လိုလုပ်ရမလဲ၊ ကျောင်းတက်တာမှ မကြာသေးဘူး။ (အေ)ခန်းရဲ့သမိုင်းဟာ နင်တို့နဲ့ကျမှ ပျက်ရတော့မယ်"

ပုရွက်ဆိတ်များ လမ်းလျှောက်နေကြသံပင်ကြားရမလောက်အောင် တစ်တန်းလုံး တိတ်ဆိတ်သွား၏။ ဆရာမဒေါသက ရေနွေးငွေ့မီးရထား ခေါင်းကြီး စတင်ခုတ်မောင်းနေသလို ရှူးရှူးရှဲရှဲ။

"ပန်းနုနံ့သာနဲ့ဖြိုးဖြိုး စ,ပြောစမ်း၊ မင်းတို့အရှုပ်တော်ပုံကို"

ဖြိုးဖြိုးရှုံ့နေစဉ်မှာ ပန်းနုနံ့သာကပင် . . .

"သူတို့ထဲက တစ်ယောက်ယောက်လေလည်လိုက်လို့နံတာ ကျွန်မတို့နှစ်ယောက်ထဲက တစ်ယောက်ဆိုပြီး ပြဿနာရှာနေတယ်"

"ဘယ်သူကလဲ မိန်းကလေးကလေးတွေကို ဒီလောက်ပဲ [illegible] သလား"

www.burmeseclassic.com

www.burmeseclassic.com



''အောင်သင်းလတ်နဲ့ဘုန်းထွဋ်ကြော်... ပြောမရဆိုမရနှစ်ကောင် ရှေ့ကိုကြွ၊ မရိုက်ချင်လည်းရိုက်ရမှာကို၊ ရိုက်ပြရသေးတာပေါ့၊ ဖြိုးဖြိုး ရှုံးခန်းကကြိမ်လုံးသွားယူစမ်း၊ အဖော်ခေါ်သွား''

''အောင်မြလေး''

ဟုကျိတ်ငိုချင်းကို ကူချပေး၏။

သူတို့မှာ ထငြင်းချိန်မရ။ ငြင်းလျှင်ပိုရှုပ်ပြီး အပြစ်ပိုကြီးလာနိုင်သဖြင့် နှစ်ယောက် ငြင်းမည့်ကိစ္စကို တိုင်ပင်နေရာမှ လက်လျှော့လိုက်ကြ၏။

သူတို့နှစ်ယောက် ဘလက်(ခ်)ဘုတ် စတိတ်ရှေ့နားလာရပ်ရ၏။

ဆရာမက ...

''ဒီနေ့တော့ နောင်ကြဉ်သွားအောင် အားလုံးကို သင်ခန်းစာ ပေးရမယ်၊ အားလုံးမတ်တပ်ထ၊ နောက်အချိန်ဘယ်သူ့အချိန်လဲ''

''ဘိုင်အိုဆရာမ ဒေါ်တင်မာလာပါ''

အမျိုးသမီးအသင်းခေါင်းဆောင် ဝါဝါမွှေးက ကျစ်ဆံမြီး (ဖွတ်မြီးထိုး) နောက်ချွေးတွဲလေးနှင့် လက်ပိုက်ပြီးထပြော၏။

သူ ဝါဝါမွှေးကို မသိမသာကြည့်လိုက်သောအခါ ကရုဏာအပြည့် ပါသောအကြည့် စိတ်မကောင်းသည့်မျက်နှာနှင့် ဝါဝါမွှေး မသက်မသာ ပြုံးကြည့်နေတာတွေ့၏။

မကြာမီ အောင်ပွဲခံသောမျက်နှာလေးနှင့် ဆရာမကို လက်နက် လာအပ်၏။ တကယ်ပါ ကျောင်းသားတိုင်း မြင်ရုံနှင့်ဖြုံသွားပါလိမ့်မည်။

ရောမကြိမ်လုံးကြီး။

''ဟဲ့ ထားဝယ်ကြိမ်စည်းကိုမတွေ့ဘူးလား၊ ဒီကြိမ်က ကျောင်း ဘောလုံးပွဲမှာ အလံတိုင်လုပ်တဲ့ဟာမဟုတ်လား၊ ကပ်စေးတွေနဲ့''

''သမီးတို့ ကြိမ်စည်းကို ကျောင်းစာရေးမေးကြည့်တော့ ဆရာမကြီး ဗီရိုထဲမှာ သိမ်းထားတယ်လို့ပြောပါတယ်၊ ဆရာမကြီး ပညာရေးမှူးရုံး သွားနေလို့ ညနေမှရမယ်ဆိုတာနဲ့ ကျောင်းစာရေးဆီက မရှိရှိတာတောင်း တော့ အဲဒီကြိမ်လုံး ထုတ်ပေးလိုက်တာပါ''



''ကောင်းတယ်၊ ဒီကြိမ်လုံးလောက်မှ ခင်းတို့မှတ်မှာ''

''ကဲ အောင်သင်းလတ် ဟိုဘက်လှည့်''

ကြိမ်လုံးကြီး၏ အားလျော့ရိုက်သော်လည်း အရိုက်ခံသူသည့်သူ မှာ မသက်သာ။ အောင်သင်းလတ် မျက်နှာကြီးရှုံ့မဲ့ပြီး တင်ပါးကို ပယ် ပယ်နယ်နယ်ပွတ်သပ်၍ နာကျင်မှုကိုဖြေနေရ၏။

''မှတ်ထားပေါ့၊ ဒီလိုလုပ်ရင် ဒီလိုနာမည်ဆိုတာ နောက်တစ် ယောက် ပြဿနာကသာလဲတယ်၊ လူကမလဲဘူး၊ ပြဿနာ ဘုန်းထွဋ် မြန်မြန်လှည့်''

''ခဏလေးနေပါဦး ဆရာမ၊ ကျွန်တော့်တင်ပါးမှာ သွေးစုနာ ပေါက်နေလို့ပါ''

''အံမယ် ကလိမ်ကကျစ်ကတော့ သိပ်ပြောချင်တဲ့သူ၊ ပြစမ်း မင်းသွေးစုနာ''

''လူတွေအများကြီးရှေ့မှာ ကျွန်တော်မပြရဲဘူး''

''ဒါဆို လက်ဝါးပဲဖြန့်၊ လက်ဝါးကိုရိုက်မယ်''

လက်ဝါးက ပိုဆိုးတယ်ဆရာမ၊ ကျွန်တော် နယ်မှာတုန်းက အရိုး ကျိုးလို့ဓာတ်မှတ်ရိုက်ဖူးတယ်၊ ဆရာဝန်ကပြောတယ်၊ ကျွန်တော့်အရိုးတွေက အမြဲတမ်း ''ဆတ်''နေတယ်တဲ့၊ ပြင်းပြင်းထန်ထန်ရိုက်မိရင် အချိန်မရွေး ကျိုး လွယ်တတ်တယ်တဲ့၊ မယုံရင် ကျွန်တော့်ဦးလေးကိုခေါ်လာပြီး သက်သေပြနိုင်းပါ့မယ်၊ ဆရာမရိုက်ရင် လက်ချောင်းတွေကျိုး[illegible] သို့ပါ၊ ဟိုတလောက မေ့ပြီး လက်သန်းချိုးတာတောင် [illegible] ပြရတဲ့အဆင့်ရောက်တယ်''

www.burmeseclassic.com



"ကဲ တတ်လဲတတ်နိုင်ပ့ါ ကိုယ်တော်ဘုန်းထွဋ်ရယ်၊ ဒါဆို ခေါင်းပဲခေါက်တော့မယ်"

"မလုပ်ပါနဲ့ဆရာမရယ်၊ ခေါင်းခေါက်ရင် ဉာဏ်ထိုင်းလို့ပါ၊ ကျွန်တော့်အုပ်ထိန်းသူတွေက ခေါင်းခေါက်ပြီးဆုံးမတာ တကယ်ကိုမကြိုက်ဘူး၊ ခေါင်းထိခိုက်ရင် ကျွန်တော် မကြာခဏ မူးတတ်မော်တတ်လို့ပါ၊ မယုံရင် ဦးလေးကိုခေါ်ပြီး သက်သေပြပါ့မယ်"

"ဟော့ကောင် ဒါဆို ဘယ်လိုနေရာမျိုးကို ဆုံးမရတော့မှာလဲ၊ အပြစ်လည်းလုပ်သေး အပြစ်ခံရမှာလဲ ကြောက်သေး၊ မရဘူး၊ ဒီအတိုင်းတော့ အပြစ်ကို ကျေအေးလို့မရဘူး၊ ကဲပါ မောင်ဘုန်းထွဋ်၊ မင်းခန္ဓာကိုယ်မှာ ထိခိုက်လို့မရတဲ့နေရာတွေအားလုံး ပြောစမ်းကွာ"

"ခေါင်း၊ လည်ပင်း၊ ကျောကုန်း၊ ရင်ဘတ်၊ ပေါင်၊ တင်ပါး၊ ခြေသလုံး၊ ခြေဖဝါးအထိပါ။ ကျွန်တော့်ကို ခုနှစ်လနဲ့မွေးထားလို့ ဒီလို နုနေတာပါဆရာမရယ်၊ ကြွမ်းကြွမ်းတမ်းတမ်းတောင် ခုထိ ဘာမှမလုပ်ရပါဘူး"

သူ အိုက်တင်ကောင်းလွန်း၍ ဆရာမ ကြိမ်လုံးကို စားပွဲပေါ်ပြန်ချပြီး သူ့ကို သက်ပြင်းဖွဲ၍ကြည့်၏။

"ကောင်းပြီလေ"

"ဟုတ်ကဲ့"

"ဒါဆိုရင် မင်းပြောတဲ့နေရာတွေနဲ့လွတ်တဲ့နေရာ ဆုံးမမယ်၊ လာ. . . ရော. . ."

"အား. . . လား. . . လား. . . လား"

ဆရာမ သူ့နားရွက်ကိုလိမ်ဆွဲနေ၏။ လိမ်ထားသောနားရွက်ကို လွှတ်ပြီး . . .

"ရော. . . ဒါက နောက်တစ်နည်း"



"အား. . . လား. . . လား. . . လား"

ဆရာမ သူ့ဗိုက်ခေါက်ကို လိမ်ဆွဲခြင်းပင်။ အတန်းသားတွေ ကျိတ်ရယ်သံကို နာကျင်မှုကြားမှကြားရ၏။ ဒါက နောက်ဆုံးတစ်နည်း။

"တောက်"

သူ့နဖူးကို လက်ညှိုးနှင့် အတောက်ခံလိုက်ရခြင်းပင်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

အံ့ဩစရာတော့ကောင်း၏။ ကျောင်းတက်ပြီးမှမကြာ ကျူရှင်ကို ဂုဏ်ပုဒ်တစ်ခုလို ကျောင်းသားတွေ ကိုယ်စီယူလာကြ၏။

နာမည်ကြီး ကျူရှင်ဘာသာရပ်တိုင်းလိုလိုပင် ဒသမတန်း(အေ)မှ ကျောင်းသားကျောင်းသူတွေ အများဆုံး ပြန်ဆုံမြင်နိုင်ကြ၏။

ထိုနေ့က မာတုဗေဒကျူရှင်တစ်ခုကို ညနေပိုင်းအတက် ဆရာမရောက်သေး၍ စာသင်ခန်းရှေ့ ဗာဒံပင်ခုံတန်းမှာ ကျောင်းသားတွေ စုထိုင်နေကြ၏။

ကျောင်းသူအတော်များများမှာ စာသင်ခန်းထဲမှာ စာအုပ်ဘေးချပြီး အတင်းသတင်းဖလှယ်နေသလောက် ကျောင်းသားအတော်များများမှာ စာသင်ခန်းအပြင်ဘက်မှာ ဖြတ်သွားဖြတ်လာ မော်ဒယ်(လ်)ခေတ် ပန်းပွင့်ကလေးများကို မျက်လုံးအစာကျွေးနေကြ၏။

ကျောင်းသားတစ်အုပ်စုမှာ အပြင်းအထန်။

"နှစ်ခါအတီးခံရတာတွေးမိရင် ဖြိုးဖြိုးဆိုတဲ့ခရမ်းသီးနဲ့ ပန်းနုနဲ့သာဆိုတဲ့ ပိုးဟပ်ဖြူမကို ပေါင်ဒါဘူးထဲ မှုန့်နေအောင်ထောင်းထည့်ပစ်ချင်



တယ်"

အောင်သင်းလတ်စကားကို စိုးမျိုးနိုင်က . . .

"တို့အခန်းက အဲ့ဒီနေ့ဟာပြဿဒါးပဲ၊ အကုန်ရောဂါတက်ခံရတယ်"

"မင်းတို့ကတော်သေးတယ်၊ ငါ့မှာ ယားလဲယား၊ သေးနဲ့လည်းနံသေး၊ နာလည်းနာသေးကွာ၊ တွေးမိရင် ကျောနာတယ်"

မောင်မောင်တင်က ပြောလိုက်ခြင်းပင်။ လှဦးက . . .

"ရင်နာတယ်လုပ်ပါ၊ ကျောနာတယ် စကားရှိလို့လား"

"ဒီမှာတရုတ်၊ မနေ့ကရင်နာပြီးပြီ၊ ဒီနေ့နာဖို့ရာ ကျောပဲရှိလို့ ကျောနာတယ်ပြောတာ၊ သိလား"

"မသိဘူး၊ ဘာလဲကွ၊ ယားတာရော နံတာရော နာတာရော ကိုးဆယ့်ခုနစ်ပါးရောဂါကို စုံနေတာပဲ"

"ဟ ယားတာက ဟိုခုံမှာထိုင်မိလို့၊ နံတာက အိမ်သာထဲမှာ ရေသွားဆေးရလို့၊ နာတာက ဟိုနောနှစ်ကောင်ကိုတီးပြီးတာနဲ့ ဆရာမ ညစ်ပြီး တို့ပါ နာတင်းပြီးခေါ်သွားလို့ ရိုက်ခံရတဲ့ဒဏ်ရာနဲ့ တာနာ၊ နေစမ်းပါဦး၊ (၉၆)ပါးရောဂါပဲရှိတယ်၊ (၉၇)ပါးရောဂါဆိုတော့ တစ်ပါးက"

"အဟာဖြစ်တဲ့ရောဂါ"

မောင်မောင်တင် ကိုယ့်နဖူးကိုယ်ရိုက်ပြီး နောက်ပက်လက်လန်လဲကျသလို လုပ်ချပြ၏။ အောင်သင်းလတ်က အလိုက်သင့်ပင် မောင်မောင်တင့်ခန္ဓာကိုယ်ကို ဖမ်းပွေ့ထားလိုက်၏။

ရုတ်တရက်ဆိုလျှင် မောင်မောင်တင် တကယ်လဲချလိုက်တာ အားလုံးတွေ့၍ အလန့်တကြားဖြစ်သွားကြ၏။ သို့ငြား အောင်သင်းလတ်နှင့် (ယခင်ကလည်း) ထိုအမူအရာအတွက် တိုင်ပင်ကိုက်ထားဖူးသောကြောင့် မောင်မောင်တင် မျက်ရိပ်ပြလိုက်ပြီးသည်နှင့် အောင်သင်းလတ်အလျှော်

www.burmeseclassic.com

www.burmeseclassic.com



စောင့်ပြီးဖမ်းဖို့အရန်သင့်။ ဆတ်ခနဲလှဲချ။ ဖျတ်ခနဲဖမ်းပြနိုင်ခဲ့သည့် အောင်သင်းလတ်။ ဘုန်းထွဋ်က သူတို့အားလုံး အာရုံတွေလက်ယမ်းပြ၍ ဆွဲစုလိုက်ပြီး . . .

''ဆပ်ကပ်လူရွှင်တော်ဟာသတွေ လာလုပ်မနေနဲ့ဗျာ၊ ကျွန်တော်တို့ကို ပြဿနာအသားလွတ်ပေးသွားတဲ့ ဒီနှစ်ယောက်ကို ဒီနေ့ကျူရှင်မှာ ခပ်စပ်စပ်ကလေး ပြန်လုပ်ပေးရမယ် ဘယ်လိုလဲ''

''မပါဘူးဟေ့၊ နဂိုက ကံနိမ့်နေရတဲ့အထဲ''

မောင်မောင်တင်၏ အကြောက်အကန်လေသံ။

''မလုပ်ပါနဲ့၊ ကျူရှင်ကျမှ အထုတ်ခံနေရမယ်၊ စုန်းမလေးတွေက သူတို့ပြုစားတာကျတော့ ချစ်လို့ပါလို့ဖြေလိမ့်မယ်၊ သူများက သူတို့ကို ဂုန်လျှော်ရိုးနဲ့ရိုက်ရင်တော့ ကုလားတိုက်ကျားဝင်ကိုက်သံနဲ့ အောင်မလေးဝါးရင်းတုတ်နဲ့ ရိုက်နေပါတယ်တော့လို့ အော်မယ့်ဟာတွေကွ''

အောင်သင်းလတ်၏ မချင့်မရဲ။ ချင့်ချိန်ပြောလိုက်ရသည့်စကား။ ကျန်သော စိုင်းမျိုးနိုင်၊ လှဦး၊ ကျော်သိန်းတို့မှ တုတ်တုတ်မျှမလှုပ်။

''သွေးနည်းကုန်တာလား''

''လုပ်ချင်ရင် ကိုဘုန်းဘာသာလုပ်ဗျာ၊ ကျွန်တော်တို့ကတော့ ပန်းကုံးစွပ်မယ်၊ လက်ခေါက်မှုတ်ပေးမယ်''

''ရတယ်၊ ဒီနေ့စောင့်ကြည့်''

''ပြောရင်းဆိုရင်း အသက်ရှည်ဦးမယ့်ဟာလေးတွေ လာနေပြီ''

ပုံစံအသစ်တစ်မျိုးဝတ်ဆင်ထားသော ကချင်လွယ်အိတ်လေးလွယ်လျှက် ပန်းနုနံ့သာ ကျူရှင်တက်လာသည်မှာ ရှုတင်မှားဆင်းလာဟန်မျိုး ဖြိုးဖြိုးနှင့်သူမ နှစ်ယောက်သား ရယ်မောပြောလာသောအကြောင်းမှာ ဘာတွေများလဲ။

ခပ်လှမ်းလှမ်းမှ သူတို့အဖွဲ့က သူမတို့ကိုလှမ်းမြင်ပေမယ့် သူမ



တို့ကတော့ (တိုက်မိမလိုဖြစ်နေသော ထီလှည်းကိုပင် လှည့်၍ရန်မစောင်အား) တွတ်ထိုးစကားပြောမပျက်။ သူတို့ရှိရာဘက်ကို မျက်နှာမူပြီး လှမ်းမြင်မကြည့်ကြ။

သူတို့ရှေ့ရောက်ခါနီးမှ သူမတို့နှစ်ယောက်သား အရယ်ရပ်ပြီး မျက်နှာတွေအချိုးပြင်သွား၏။ အကြွေးရှင် အကြွေးတောင်းထွက်မည့်မျက်နှာထားမျိုး။

သူတို့ရှေ့မှအဖြတ် . . .

''အဟမ်း. . . အဟမ်း. . . အဟမ်း''

ဘုန်းထွဋ်ချောင်းသံ။ နှစ်ယောက်သား လက်ချင်းချိတ်ပြီး ရင်ကော့လျှက် ကျူရှင်ခန်းထဲဝင်သွား၏။

မောင်မောင်တင်က ဘုန်းထွဋ်ကို ပခုံးတွန့်ပြ၏။

လှဦးက သူမတို့ကျောပေးလျှောက်သွားနေရာမှ နောက်ကနေလက်သီးဆုပ်တွေ လိုက်ပြနေ၏။

အောင်သင်းလတ်ကမူ . . .

''ကျွန်တော့်မမပုသိမ်သူ''သီချင်းကို ကိုယ်ပိုင်စာသားသွင်း၍ အသံကျယ်နှင့်ထဆို၏။ ဆိုနေဆဲမှာ မောင်မောင်တင်က . . .

''အဲ့ဒါ ဖြိုးဖြိုးကိုစောင်းဆိုတာ၊ သူ့အမေက ဆံပင်ဖြူပြီး နားလေးနေတာ''

ဟုပြောပြီး မြင်းဟီသလိုရယ်နေတော့၏။

အောင်သင်းလတ်သီချင်းမှာ . . .

''ကျွန်တော့်ယောက္ခမ ဆံပင်ဖြူ ကျောတွေရင်တွေ ဝဲတွေနဲ့ အများနဲ့မတူ ဗိုက်ကပူ၊ တကယ်ကြည့်မိရင် နားလေးအူတူတူ ရွှံစေးပြည်းကောင်းလှသူ ကျွန်တော့်ယောက္ခမ ဆံပင်ဖြူတယ် တဲ့တဲ့ တယ်တဲ့ တဲ့တဲ့ တဲ့တဲ့''

www.burmeseclassic.com

www.burmeseclassic.com



ဖြိုးဖြိုး အံကျိတ်သွားကိုက်ပြီး အောင်သင်းလတ်ကိုကြည့်၏။

အောင်သင်းလတ်က သူမဟုတ်သည့်အတိုင်း လေလေးချွန်ပြီး တစ်ဘက်အကြည့်လွှဲလိုက်၏။

ကျူရှင်အခန်းဝမှာ ပန်းနုနံ့သာက ဖြိုးဖြိုးလက်ကိုအတင်းဆွဲခေါ်သွား၏။

သူတို့အဖွဲ့မှာ ပြုံးဖြဲကျိတ်ရယ် ပြောမဆည်နိုင်။

မကြာခင် ဆရာရောက်လာ၏။ ခွဲဖွင့်ထားသောကျူရှင်တစ်ခုနှင့်တစ်ခုကို အမီပြေးဖို့ဝယ်ထားသော ရူပါကပ်ဆိုင်ကပ်(လ်)လေးဖြင့်. . .

"ဆရာလာတာ နည်းနည်းစောတယ်"

မောင်မောင်တင်က (ညီအစ်ကိုလိုခင်နေသော) ကျူရှင်ဆရာကို လှမ်းနောက်၏။ ဆရာက ငါးရူပြုံးပြုံး၏။

"ဆယ်မိနစ်တည်းနောက်ကျတာပါကွာ"

ပြောပြီး ဆရာနှင့်အတူတူ သူတို့ပါ စာသင်ခန်းထဲလိုက်ဝင်ကြ၏။ ဖော်ဝင်းထွန်းလေသံနှင့် ဆရာက စတိတ်စင်ပေါ်မှ စတင်နှုတ်ဆက်၏။

"ကြွရောက်လာတဲ့ကျောင်းသူကျောင်းသားအပေါင်း . . .

(အသံတုံးခြား၏။)

ကွဲအက်ရှတ အော်ဟစ်နှုတ်ဆက်သံ . . .

"မင်္ဂလာပါ"

ကျောင်းသားတွေက လက်ခုပ်ထတီး၏။

"ဝမ်းမန်းရှိုးကွ"

"ရှီး. . . ရှီး"

"အားလုံးပဲ အဆိုင်းမန့်လေးတွေဖွင့်လိုက်ရအောင်၊ အရင်ပတ်က ဘယ်ရောက်သွားပြီလဲ"

"မနေ့ကဆရာသင်တဲ့အထိ ရောက်သွားပါပြီ"



(ဘီ)ခန်းမှကျောင်းသားတစ်ယောက်က ထလျှောင်၏။

"နှင့်မေငွေးကျိုတယ်မှပဲ၊ ဒါကတော့ မင်းပြောမှလား"

ရှေ့တန်းမှ ကျောင်းသူများက ဆရာ့ကို စာအုပ်ထိုးပြပြီး ရောက်တဲ့နေရာပြ၏။

ဆရာက ခေါင်းညိတ်ပြပြီး မိုက်ကရိုဖုန်းကိုစမ်း၏။

"ကွီး. . . ဂေါ်ကွီး"

(မိုက်ထဲမှထွက်လာသော အသံလှိုင်းကြောင်းများ)

"ဟဲလို. . . ဟဲလို. . . တက်စ်. . . ကွီး. . . ဝမ်းတူး. . . ကွီး. . . သရီး. . . ကွီး. . . သရီး"

မိုက်က ရင်ကျပ်ချောင်းဆိုးထဖြစ်နေ၏။ ဆရာက ကျောင်းစာရေးကို လက်ယပ်ပြပြီးလာခိုင်း၏။

ကျောင်းစာရေးမှာ ဟိုလှည့်ဒီလှည့်မကောင်းနစ်။ လှည့်စရာ ကလိစရာမရှိအောင် အမ်ပလီဖိုင်ရာတစ်လုံးပုံသွားမှ ပြင်ဆိုင်ပို့မည့်သူ။

"ဆရာ စမ်းကြည့်ပါ"

ကျောင်းစာရေးအော်ပြောသံကို နောက်တန်းမှပင်ကြားရ၏။

"ဖူးဖူး. . . ရှီးရှီး. . . တူး. . . သရီး. . . မရ ရှီး. . . မိုက်က ပျက် . . . ရှီး. . . ဝှီ. . . ဂေါ်. . . အရန်မိုက်တစ်လုံး. . . ဂေါ်. . . ယူခဲ့"

ရယ်သံတစ်ချို့ကြားရ၏။ ပန်းနုနံ့သာနှင့်ဖြိုးဖြိုးမှာ ထိုအပေါ် အာရုံမရှိနိုင်ကြသေး။ ဘုန်းထွဋ် အမြန်လုပ်ပြီးပစ်လိုက်သော စက္ကူမြားလေးတွေကို ဆံပင်ပေါ်မှ ပယ်ချ၊ သပ်ချ၊ မေတ္တာပို့သနေရဆဲ။

ဘေးနားမှာ မျက်မှန်ထူထူနှင့် "ရွှေကြက်"ပဲလှော်ဝါးနေသော ကျောင်းသားထံမှ စစ်ကူတောင်းရ၏။

"မြားလုပ်တာကြာတယ်၊ သူငယ်ချင်း ပဲစေ့နည်းနည်းလောက် ရမလား"

www.burmeseclassic.com



"ယူလေ"

ဆရာနှင့်ကျူရှင်စာရေးမှာ မိုက်ကရိုဖုန်းစမ်းရာ၌ အာရုံစိုက်ကောင်းနေဆဲ။

ပဲစေ့တွေပလူပျံသွား၏။ သူတို့အဖွဲ့ကိုပင်ထင်၍ ပန်းနုနဲ့သာတို့လှည့်ပြီး အမိဖမ်းရာ၏။

သူတို့ကတော့ သူမတို့မျက်နှာပြန်လွှဲသွားသည်နှင့် ပဲလှော်ဆေ့ပစ်ဆဲပင်။

ဖြိုးဖြိုးက ခြေဆောင့်ပြီး ကျူရှင်ဆရာကိုသွားတိုင်၏။

ဆရာက သူတို့အဖွဲ့ထံမျက်လုံးတွေရွှေ့ပြီး မိုက်ကရိုဖုန်းဖြင့် . . .

"ဟိုကျောင်းသားတွေ . . . ကွီးကွဲ . . . နောက်ကတွေ့ရာနဲ့ . . . ကွီးဂေါ် . . . ပစ်ကြ . . . ရှိုးရှိုးဟာ . . . ဒီမိုက်ကရို . . . ဂေါ်ကွီး"

တစ်တန်းလုံး ဝေါခနဲရယ်ကြ၏။

ဆရာ မိုက်ကိုပိတ်ပစ်လိုက်ပြီး အသံမြှင့်အော်၏။

"အတန်းသားအချင်းချင်း တော်ရုံပဲနောက်ကြပါကွာ၊ စာသင်မလို့လာရင် ပျော်ပျော်ရွှင်ရွှင်ပဲစာသင်ကြ၊ နောက်မလုပ်ကြနဲ့၊ ဆရာဝမ်နင်ပေထားပြီနော်၊ ကဲ ဒီနေ့ကတော့ ဒီမိုက်နဲ့ သင်ဖြစ်မှာမဟုတ်ဘူး၊ ဆရာကြားအောင် အော်သင်တော့မယ်၊ ဒီဆက်ရှင်ပြီးတာနဲ့ လိပ်ခေါင်းဆေးပြေးရမှာပဲ"

ဆရာကလည်း အတည်ပေါက်နှင့်နောက်၏။

သည်နေ့သင်မယ့်သင်ခန်းစာက ဓာတ်ငွေ့ထုတ်ဖော်ပုံအကြောင်း ဆရာ စာရွက်လှန်နေ၏။ ဆရာက နည်းနည်းယောင်တတ်၏။ သူယောင်တတ်ပုံမှာ စကားပြောနေစဉ် အခြားသူတစ်ယောက်က အသံကျယ်ကျယ်နှင့် ဝင်ထောက်ပြောလျှင် လိုင်းပူးပြီး ထိုအတိုင်း ယောင်လိုက်ပြောတတ်ခြင်းပင်။ ကျူရှင်ဆရာက အားမလျှော့။ မိုက်ကို တစ်ခါတလေ အသံဖွင့်စမ်း



နေဆဲ။

အောက်စီဂျင်ဓာတ်ငွေ့ပြီးသွားပြီနော်၊ ဒီနေ့ထုတ်မဲ့ဓာတ်ငွေ့ကတော့ . . .

"ကွီး . . . ဂေါ် . . . ရှိုး"

(မိုက်အသံဖွင့်စမ်းသံ)

"အဲဒီ . . . ကွီး . . . ဂေါ် . . . ရှိုး . . . ဓာတ်ငွေ့ကို ထုတ်ဖော်မှာပဲ အဲလေယောင်လို့"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ထို့နေ့၏နောက်တစ်နေ့၌ ကျောင်းတက်သောအခါ သူ့ကိုယ်သူ ဆင်ခြင်လာခဲ့၏။ စာသင်မည့်ရက်စွဲများမှာ ပျော်ပါးရန်မဟုတ်။ လေ့လာဆည်းပူး။ သင်အံကျက်မှတ်ရမည့်သင်ခန်းစာများကို သူ အာရုံပို အလေးထားမှဖြစ်မည်။

အတန်းထဲမှာ သူအညံ့ဆုံး၊ သူ့ထက်ချာတာ တစ်ယောက်မျှမရှိ။ အားလုံး ဒေါင်ဒေါင်မြည်တွေချည်းပဲ။ သို့ကြား ပေကပ်ကပ် ထုံတေတေ၊ ကျောင်းမမှန်သောကျောင်းသားအချို့မှာ သူနှင့် ပခုံးခြင်းလာယှဉ်နေလိမ့်ညည်ထင်၏။

ထိုသူများမှာ ဆယ့်နှစ်လရာသီရောဂါသည် သောင်းဌေးနှင့် မိုးဟိန်းကျော်၊ စိုးလင်းနိုင်၊ တိုးဝဏ္ဏ၊ ခင်ပပထွန်းတို့ဖြစ်၏။

ဒေါ်ခင်စိုးဝင်း၏အာဏာစက်ကို ကြောက်၍သာ သူငြိမ်နေရ၏။ လစ်လျှင်လစ်သလို ပန်းနုနံ့သာနှင့် အကြည့်ခြင်းဆိုတ်ဆွဲကြ၏။

နှုတ်ခမ်းတလန်ပန်းတလန် ဟန်တွေနှင့်။

သူကတက်က တုန့်ပြန်မှုမရှိအောင် တည်ငြိမ်နေပြသောအခါ သူမ



တို့၏ မကြည်လင်၊ ရှုမြင်တုံ့ပြန်မှုတွေ လျော့နည်းပါးလျသွား၏။ သို့နှင့်. . .

နေ့ရက်၏ နာရီရွေ့လျားမှုနှင့်အမျှ ကျောင်းသူကျောင်းသားတွေ တစ်ဦးနှင့်တစ်ဦး ပိုမိုရင်းနှီးခွင့်ရလာခဲ့၏။

စာသင်အပြီး အားလပ်ချိန်များ၌ ဘိုင်အိုပုံဆွဲကောင်းသော ဘုန်းထွဋ်ထံ လက်ခံရသောအပ်ထည်တွေ ပလူပျံဝင်လာ၏။

''ကျွန်တော့်ဟာပြီးရင် ရမ်ဘိုကျော်သွင်နော်၊ ဒီနေ့ ဘိုင်အိုအချိန်မှာ စာအုပ်ထပ်ရမယ်၊ ဟိုရှေ့တန်းက ဝါဝါမွှေးနဲ့ ရွယ်ထူးတို့ကလည်း သူတို့ပုံ အမြန်ဆွဲပေးပါတဲ့၊ မုန့်စားဆင်းရင် စားချင်တာဝယ်ကျွေးမယ်တဲ့''

''အနီးကပ်ကျမှုပုံနေပြီ၊ ကွန်ပျူတာနဲ့ဆွဲပြီး ပရင်တာထဲက တစ်ရွက်ပြီးတစ်ရွက်ထုတ်သလို ဆွဲပေးလို့မရဘူးကွ၊ တတ်နိုင်သလောက်ပဲ ဆွဲပေးမယ်''

ကြားလပ်ချိန်များမှာ အားလျှင်အားသလို သူရေးဆွဲပေးပါသည်။ ဘိုင်အိုအချိန်ရောက်သောအခါ ဆရာမ မလာခင် စာအုပ်တွေ လုမ်းတောင်းနေကြ၏။

''ရှုတ်. . .ရှုတ်''

''ကိုဘုန်း ကျုပ်စာအုပ် မျက်နှာဖုံးအပြာလေးနဲ့''

''ဒီမှာ ကျွန်တော့်စာအုပ်လည်းပြီးပြီလား''

''ကိုဘုန်းရေ မပြီးသေးဘူးလား၊ ဒီမှာ သူများတို့အပ်ထားတာ ကြာပြီနော်''

''ရမယ် အားလုံးရမယ်''

သူ စာသင်ခုံရှေ့မှာ ကျောင်းသူ/ကျောင်းသားအချို့ဝိုင်းနေပြီ ပန်းနုနံ့သာနှင့်ဖြိုးဖြိုးမှာ အနီးအပါးမှာ ကောင်မလေးများနှင့် သီချင်း ပလင်းဖလှယ်၍ ကောင်းနေဆဲ။ သူက ပန်းနုနံ့သာတို့ကြားဘောင်. . .

''ရော့. . .စိုးလှမြင့်စာအုပ်၊ ဒါက မောင်ကျော်လွင်

www.burmeseclassic.com



အဲ ဘယ်သူလက်ကမြင်းပြီး ကွင်းစကွင်းပိတ်နဲ့ ဆွဲပေးသွားပါလိမ့်၊ ဒါက 'အုတ္တ' စာအုပ်၊ ဒီမှာ အင် ဝါဝါမွေး (အသည်းလေး) ဟာ ဘယ်ကောင် စာအုပ်မျက်နှာဖုံးနာမည်ဘေးမှာ စာရေးပြီး ကမြင်းထားပါလိမ့်၊ စိုးလင်း နိုင် မင်းမဟုတ်လား''

''ဘာတွေပြောနေတာလဲ၊ လိုင်းမကြောင်ဘူး''

''ဟိတ် ကျုပ်ကို အသည်းလေးလို့ ဘာလို့ခေါ်လိုက်တာလဲ၊ ဆရာမနဲ့ တိုင်ပြောမယ်''

''မဟုတ်ဘူး ဝါဝါမွေး၊ ဒီမှာကြည့် စာအုပ်မှာ နာမည်တွေဆက် ရေးပြီး ဘွဲ့တပ်ပေးထားတယ်''

''အံမယ် ရှင် သက်သက်မယ့်ခေါ်ချင်တာနဲ့ ခေါ်တာပါ၊ ဘွဲ့တပ်မခေါ်လည်း ရရက်သားနဲ့။ လူလည်မကျနဲ့''

''ထင်တော့ဗျာ၊ သတ်ရင်လဲသေ ထားရင်လည်းနေရမှာပဲ''

''ကိုယ့်ကျောင်းသားအချင်းချင်းပဲ ဒီလောက်နောက်တာတော့ မွေး ခံနိုင်ပါတယ်၊ ကိုယ်က အသင်းခေါင်းဆောင်ပဲဟာ''

''ကျွန်မစာအုပ်ကော ဘယ်မှာလဲကိုဘုန်း''

ရွှယ်စုးက အလောတကြီးဝင်မေး၏။

မောင်မောင်တင်က အံသြကြီးဖြင့် ...

''ဒီမှာ ရွှယ်စုး၊ နင့်စာအုပ်ကို ငါလှေ့လာနေတာ စိုးလင်းနိုင် ပြလို့''

''ဟယ် နင်တို့ ဘာတွေလျှောက်ဖတ်တာလဲ''

''ဘာမှမဟုတ်ပါဘူးဟ၊ ရှေ့ကစာရွက်မှာရေးထားတဲ့ဟာကို ဖတ် တာ၊ ဒီမှာကြည့်''

မရွှယ်စုးသူ

ဒသမတန်း (အေ)



ဇီဝဗေဒ

(အမှန်ရေး၍ အဆုံးသတ်ထားသောနေရာ)

(ထပ်ဖြည့်နောက်ပြောင်ထားသော စာကြောင်းများ)

ရန်ကုန်တိုင်း။

မြန်မာနိုင်ငံ။

ကမ္ဘာဂြိုလ်။

စကြာဝဠာ။

နေဂလက်စီ။

သတ္တလောက။

''ဟယ်တော် ကြည့်စမ်းပါဦး၊ ဒါ ဘယ်သူလျှောက်ရေးသွားတာ လဲ နင်မဟုတ်လား မောင်မောင်တင်''

''ဝမ်းနည်းပါတယ် ရွှယ်စုးသူ၊ စိုးလင်းနိုင်ပေးလို့ ငါဖတ်ရုံဖတ် ရတာပါ''

''စိုးလင်းနိုင် နင်ဘာငြင်းချင်သေးလဲ''

''ငါမသိဘူး၊ ဒီစာအုပ်ကောက်လှန်ကြည့်တော့ အဲ့ဒါတွေတွေ့တာ ပဲ''

ပြဿနာတော့ အတော့်လိုက်တက်ပြီထင်။ အတတ်နိုင်ဆုံး သေ သပ်စွာနေပြနေလျှက်နှင့် ပြဿနာက ဆီလိုအပေါ်က်ရှာပြီး သူ့ဆီရောက် လာပြန်ပြီလားမသိ။

''ကိုဘုန်း ဒါ ဘယ်သူရေးတာလဲ''

''ပုံဆွဲရလွန်းလို့ မေးတောင်မကုတ်အားဘူး၊ မသိဘူးလေ၊ နင် ပြောတဲ့အတိုင်း ယူဆွဲပေးတာပဲ''

ရွှယ်စုး စိတ်ညစ်သွားဟန်ဖြင့် ခြေဆောင့်ပြ၏။

''သေချင်တာပဲ၊ အကုန်ပြန်ဖျက်ရတော့မယ်၊ စာအုပ်တွေ အထား

www.burmeseclassic.com

www.burmeseclassic.com



ညစ်ပတ်ကုန်တော့မှာပဲ၊ ငါက ညစ်ပတ်တာဆိုသိပ်မုန်းတာ''

ဝါဝါမွှေးက အရိပ်အကဲနားလည်၏။ သူ့အပေါ်လာရစ်နိုင်သော ပြဿနာတိုင်းကို ကွင်းရှောင်သွားအောင် အာရုံဆွဲလှည့်ခေါ်သွား၏။

(ပန်းနုနံ့သာနှင့်တော့ ကွာချင်တိုင်းကွာ၏။)

''ထားလိုက်ပါဟာ၊ ဆော့ပန်(လ်)အဖြူနဲ့ ကိုယ်ဖျက်ပေးမယ် မညစ်ပတ်စေရဘူး''

''ရပ့်မလား''

''ရပါတယ်၊ ငါ့တာဝန်ထား''

''ဒါဆိုလည်းပြီးရော၊ နေဦး ဝါဝါပုံပြစမ်းပါဦး''

ဝါဝါမွှေးက သူ့မစာအုပ်ကိုလှန်ပြီး ရေးဆွဲထားသော ငါးတံ ကောင်၏ပြင်ပလက္ခဏာကိုပြ၏။ အညွန်းမြှားတွေစီရီရီနှင့် ပြေပြစ်ကြည် ကောင်းသော ငါးပုံကလေး။

ရွှယ်စုးက သူ့မစာအုပ်ကို သူ့မဘာသာ ပြန်လှန်ကြည့်၏။

''အင် ဘယ်လိုကြီးလဲ ကိုဘုန်းရဲ့၊ လှလည်းမလှဘူး၊ ဟာ စိတ် ညစ်လိုက်တာ''

အားလုံး သူ့မစာအုပ်ကို ဝိုင်းကြည့်ပြန်၏။

အားလုံး တစ်ယောက်တစ်ပေါက်နှင့်။

''လှပါတယ်၊ ဒီလောက်ကောင်းတာကို''

''ပုံနှိပ်စာအုပ်ပေါ် မင်ခံနဲ့ထပ်ဆွဲထားတဲ့အတိုင်းပဲဟာ''

ဝါဝါမွှေးစကားကို နားထောင်နေရာမှ သူတို့အားလုံးကို အပြုံး ရွှနေသော မျက်လုံးများနှင့် ရွှယ်စုး ကြည့်လိုက်ပြီး ပိတ်ပြောလိုက် သောစကားလုံးတွေကြောင့် အားလုံးပင် ဟားတိုက်ကုန်၏။

''နင်တို့ မျက်လုံးတွေကန်းနေကြလား၊ ဒီမှာကြည့် ငါ့ငါး ဗိုက်ပူနေတယ်ဟဲ့ ကြောင်တောင်ကန်းတွေရဲ့''



အခန်း၏အလယ်ဗဟိုကျသော နောက်ဆုံးခုံတန်းမှာ သူရှိပါသည်။

လက်ဝဲဘက်ရှေ့ဆုံးခုံမှာ ဝါဝါမွှေး။

လက်ယာဘက်ရှေ့ဆုံးခုံမှာ ပန်းနုနံ့သာထိုင်နေသဖြင့် ထိုပွိုင့်သုံး ခုကို တြိဂံဆွဲလျှင် သေချာစွာရပါလိမ့်မည်။

သို့အတွက် သူ့ရင်၌ ဖြစ်ထွန်းကိန်းအောင်းနေသည်မှာကြာပြီဖြစ် သောကိစ္စတစ်ခုကို အကောင်အထည်ဖော်ဖြစ်ခဲ့ပါသည်။

သူ့နေရာသည် ခံစားရှုမြင်သူ၏ အာရုံဖြစ်၏။

ပန်းနုနံ့သာ၏ လှပကြည့်ကောင်းသော ကိုယ်နေဟန်။

ဝါဝါမွှေး၏ ချောမောတင့်တယ်သော ဟန်နေဟန်ထား။

ရိုးသားသည့် စိတ်အရင်းခံဖြစ်အောင် ဈာန်သွင်းလိုက်ပြီး ထိုနှစ် ယောက်၏အလှကို မသည်သူ့သာစေ မည်သူ့နာစေသဘောမထား၊ စေတနာ ဆို စေတနာမလိုသော နဂိုရှိရင်းပုံရိပ်သာ မိမိလိပ်ပြာဖြင့် (ဆရာ မလာသော အချိန်ပိုများတွင် ကျိတ်ပြီး) ခဲကောက်ဆွဲပစ်လိုက်၏။

ပြီးလျှင် အသေးစိတ်ချယ်သရမယ့် မျက်ခုံး၊ မျက်လုံး၊ နှာတံ တို့ကို အာရုံစိတ်မှန်း မြင်နိုင်စွမ်းရည်များဖြင့် အချောသတ်ရေးဆွဲနေခဲ့၏။

''ကိုဘုန်း ကြိုးစားလှချည်လား၊ အစမ်းစာမေးပွဲရောက်လာရင် ရယ်ဒီပဲပေါ့''

စိုးလင်းနိုင်က အနီးကပ်ခနဲ့၏။ စာအုပ်အဖုံးလေးအုပ်ကာ၍ ဆွဲ နေသောကြောင့် စာရေးနေသည်ဟု စိုးလင်းနိုင် ထင်ဟန်ရှိ၏။

''ဒီလိုပေါ့''

စိုးလင်းနိုင်က သူသွားရောက်ကစားခဲ့သော ဘောလုံးပွဲအကြောင်း ဖိဟိန်းကျော်နှင့် စိုးလှမြင့်အား လှည့်၍လေပန်းနေပြန်၏။

ထိုမှ ဆက်ဆွဲမည်အပြု ရှေ့တန်းမှလှဦးက စာဖတ်[illegible] ခေါင်း ချက်သမ်းဝေပြီး နောက်သို့လှည့်ကြည့်၏။

www.burmeseclassic.com



"ကိုဘုန်း ငြိမ်လှချည်လား။ ဟိုငတိမတွေတော့ မာန်ကျသွားပြီ နဲ့တူတယ်၊ ဆေးလိပ်းပါအောင်စာကျက်ပြီး အပြတ်ကြိုးစားနေတယ်"

လှဦးစကားကြောင့် ပန်းနုနံ့သာတို့ကို လှည့်ကြည့်လိုက်၏။ ဖြူဖြူနှင့်သူမ နှစ်ယောက်သား တစ်ယောက်ရသွားစောစာကို တစ်ယောက်က ရွတ်အံနေပြီး ကျန်တစ်ယောက်က စာအုပ်ကြည့်၍ အမှားထောက်ပေးနေကြ၏။

ပန်းနုနံ့သာပုံအရင်ပြီးသွား၍ ဝါဝါမွှေးပုံကို အချောသတ်နေမိသဖြင့် စာအံနေသည်ကို သူမမြင်နိုင်ခဲ့။

ဝါဝါမွှေးမှာ ဆရာမတာဝန်ပေးထားသော လစဉ်ကြေးတွေ ပြန်စစ်ဆေးနေ၏။

လှဦးအား သူ အလိုက်သင့်ခေါင်းညိတ်အပြီးတွင် ရှေ့တန်းကျောင်းမလေးတစ်ယောက်ဆီ စာအုပ်သွားငှားနေသော "ဒုက္ခ"က သူတို့အတန်းနားရောက်လာ၏။

"လှဦး. . . မင်းကို ရှေ့ကကောင်မလေးတွေ ဝိုင်းပြောနေကြတယ်"

လှဦး နားရွက်ထောင်သွား၏။

"ဘယ်သူလဲကွ"

"သင်းလဲ့လဲ့မိုနဲ့ နှင်းလဲ့လဲ့မိုညီအစ်မနှစ်ယောက်နဲ့ နောက်တန်းက မာလာထွေးတို့ကွ"

အနားမှာရှိသောစိုးလင်းနိုင်က သူ၏ လေအာခြင်းတွေပြတ်သွားပြီး . . .

"ဘာလဲ လှဦးကို စိုးသူနဲ့တူတယ်ပြောလို့လား၊ နှာတံစင်းပြီး ချွန်တာကတော့ ချွတ်စွတ်ပဲ"

"မဟုတ်ဘူးကွ၊ နိုင်ငံခြားမင်းသားနဲ့အရမ်းတူတယ်လို့ပြောတာ ဘာလဲကွာ၊ ဟိုမင်းသားဟာ ပါးစပ်ဖျားတင် မေ့တော့တော့ဖြစ်နေပြီ"



"ကီဗင်ကော့စနာလား"

"ဟာ. . . မဟုတ်ဘူး"

မိုးဟိန်းကျော်က ကြားဝင်ရ "တွမ်ဘင့်၊ ဂျိမ်း(ဒ်)၊ ဗန်ဒိန်း၊ ဆီဗက်စတာ၊ စတားလုံး၊ ဂျွန်ထရာဗိုလ်တာ၊ နီကိုလပ်ကေ့ချ်၊ ဟယ်ရီဆန်ဖို့၊ မိုက်ကယ်ဒေါက်ကလပ်(စ်)၊ ဂျင်ကားရေ"

"ဘာတွေလဲ မိုးဟိန်းကျော်ရာ၊ တရုတ်လူမျိုးထဲမှာ မင်းဟာ သောက်စကားအများဆုံးပဲ၊ မင်းအိမ်မှာ လက်မတစ်ရာနဲ့ ဗီဒီယိုအခွေတွေအများကြီးကြည့်ပြီး မင်းသားတွေပြောနိုင်တာ အခြောက်တိုက်လာကြွားမနေနဲ့"

"ဒီ ဒုက္ခတော့သေတော့မယ်၊ အကောင်းလဲမေ့နေလို့ ထောက်ပြရသေးတယ်၊ ကဲ အဲ့ဒါဆို လှဦးနဲ့တူတဲ့မင်းသားက ဘယ်သူလဲ၊ ဘရပ်ပစ်လား၊ ကင်းမူးရိဗ်လား၊ လီယိုနာဒိုကတ်ပရီရိုးလား"

"မဟုတ်ဘူး၊ တရုတ်ရဲ့ မင်း ဟိုကားကြည့်ရလား"

"ဘယ်ကားလဲ"

"သေနတ်ပစ်တဲ့ကားလေကွာ၊ ပြပြီးတာကြာလှပြီ"

"နင့်ကြီးဒေါ်ကြီးကားလား။ သေနတ်ပစ်တဲ့ကားက အများကြီးပဲဟာ"

"မဟုတ်ဘူးကွ၊ သိပြီ တော့(ပ်)ဂမ်းကား၊ အဲဒီထဲကမင်းသားက တွမ်ခီ တွမ်ခီ ဟုတ်တယ်၊ နှင်းလဲ့လဲ့မိုတို့ပြောတာ လှဦးကို တွမ်ခီတဲ့"

"သောက်"ဒုက္ခ"ကတော့ လုပ်လိုက်ပြန်ပြီ၊ တွမ်ခရုစ်ကွ တွမ်ခရုစ်ကိုများ တွမ်ခီတဲ့"

"ငါကြားတာ တွမ်ခီလို့ပဲကြားတာ"

မိုးဟိန်းကျော်နှင့်ဒုက္ခ ဆက်လက်ပြီး အငြင်းပွားနေကြလေသော်လည်း မည်သို့ပင်ဆိုစေ ထိုနေ့မှစ၍ လှဦး၏နာမည်မှာ 'ဒုက္ခ' ၏ အမှန်နားဖျားကြားလာသမှုကြောင့် 'တွမ်ခီ' ဟု တစ်ခန်းလုံးကို ကင်ပွန်းတပ်ခံရခြင်း သလိုဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

အတန်းပိုင်၏စာသင်ချိန်များ၌ စာသင်ရက်အများဆုံးမှာ ဇီဝဗေ ရှေ့ပိုင်းသင်သော ဒေါ်တင်မာလာဖြစ်၏။

ဆရာမခမျာ ကိုယ်ဝန်အရင့်အမာကြီးနှင့် ခွင့်မယူနိုင်သေး ကျောင်းသားတွေအပေါ် သံယောဇဉ်အတော်ကြီးမားရှာ၏။

မိုးလေသည်းထန်သောနေ့များ၊ ကိုယ်လက်မအီမသာနေ့များ ခင်ပွန်းသည်နှင့် ကတောက်ကဆဖြစ်သောနေ့များမှအပ ကျန်ရက်များတွ ကိုယ်ဝန်ကြီးလွယ်ပြီး ကျောက်တက်လာရှာသည်။

ကျောင်းသားကျောင်းသူများနှင့် ပျော်ပျော်ရွှင်ရွှင် နားလည်မှုအသွင် စာသင်တတ်သော ဆရာမအချိန်ဆိုလျှင် ပါးစပ်အငြိမ်မနေရ။

ဆရာမက ဇီဝဗေဒအင်္ဂလိပ်စာပိုဒ်ကိုဖတ်ပြပြီး အဓိပ္ပါယ်ရှင်းလ ပြောပြ၏။

ပြီးလျှင် ကျောင်းသားကျောင်းသူများ အင်္ဂလိပ်စာပိုဒ်ကို အ အယွင်းမရှိ ဖတ်နိုင်အောင်လိုက်ဆိုခိုင်း၏။

စာပိုဒ်မှအသံထွက်တွေ နားထဲစွဲသွားအောင် လက်ညှိုးထိုး ထ



ပြီး တစ်ယောက်စီ ထဖတ်ခိုင်းသေး၏။ ပြီးလျှင် စာဆက်သင်၏။ ထို့နောက် သင်သောစာကို ပြန်ဖတ်ခိုင်းနေစဉ် . . .

"မောင်မောင်တင် အိပ်ငိုက်နေသလား"

ဆရာမက စာရွတ်သူကိုပြန်ထိုင်ခိုင်းပြီး မောင်မောင်တင်ကို လှမ်းကြည့်၍ထဖတ်ခိုင်း၏။

မောင်မောင်တင် အိပ်ငိုက်နေမိသဖြင့် ဘယ်စာပိုဒ်ရောက်သွားမှန်း သိ၊ ဆရာမကို သေသေချာချာစေ့စေ့စပ်စပ်ကြည့်၏။ ဆရာမမှာ ဘာများ ဟု မလုံမလဲနှင့် ဗိုက်ကိုပြန်ကြည့်နေစဉ် . . .

"ဆရာမ နောက်တစ်ပိုဒ်လား"

"ကြည့်စမ်း၊ ဆရာမကိုတောင် နင်ကမချန်ဘူး၊ လာနောက်တယ်၊ ဘာသာငါ ကလေးဘယ်နှစ်ယောက်မွေးမွေး နင်နဲ့ဘာဆိုင်သလဲ၊ နောက် င်ငိုက်ဖြစ်တော့ ဘာဖြစ်သလဲ၊ နင်က မွေးစာရင်းဌာနကလား ငနာ သေးရဲ့"

"မဟုတ်ဘူး တီချယ်၊ ကျွန်တော်ပြောတာ ဒီစာပိုဒ်တွေပြောနေ တာ"

ဆရာမခမျာ ပြုံးရမလို မဲ့ရမလို။

"စာဘယ်ရောက်သလဲဆိုတာတောင်မသိဘူးလား"

"သိတော့သိပါတယ် တီချယ်၊ ပိုပြီးသေချာသွားအောင်လို့ပါ"

မောင်မောင်တင် ရမ်းဖြီးလိုက်၏။ ဆရာမမှာ စိတ်မတွေ့သော နှာအမူအရာနှင့် . . .

"သိရင် သိတဲ့နေရာကဆို"

မောင်မောင်တင် အောင်သင်းလတ်ကို မသိမသာလက်ကာ ကြည့်နေရာပြခိုင်း၏။ အောင်သင်းလတ်က သိသိသာသာပင် ပြော လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အောင်သင်းလတ်ထောက်ပြသောစာကို မောင်မောင်တင် ဟ ပန်တစ်ခွဲသားနှင့် ကောက်ဖတ်၏။ ဆရာမ အသာနားထောင်နေရာ မျက်လုံးပြူးသွားပြီး . . .

"ရပ်စမ်း၊ ဘာတွေဖတ်နေတာလဲ မောင်မောင်တင်"

ဆရာမ မောင်မောင်တင်အနားရောက်လာ၏။ တစ်တန်းလုံး အာရုံတွေ မောင်မောင်တင်နှင့်ဆရာမအပေါ်မှာ ကွက်ကွင်းဖြာကျနေ၏

"ဘိုင်အိုဖတ်နေတာလေ တီချယ်ရဲ့"

ဆရာမ မောင်မောင်တင့်နားခေါင်းကို ဆွဲညှစ်ပြီး ခေါင်းကို ခေါ ဒေါက်ဒေါက်ဒေါက်နှင့် ဆက်တိုက်ခေါက်ပစ်လိုက်၏။

"ဆယ်တန်းပဲရောက်နေပြီ၊ ကိုယ်စီးတဲ့မြင်း အထီးလားအမလား မသိဘူး၊ နင်ဖတ်နေတာ ရူပဗေဒဘာသာရဲ့စာပိုဒ်တွေဟုတ်၊ ဘယ်မလဲ ဇီ ဗေဒစာအုပ်"

မောင်မောင်တင်မှာ နာကျင်မှုကြားမှာ စာအုပ်မျက်နှာဖုံးကို လှ ကြည့်ပြီး အောင်သင်းလတ်ကို ဘုကြည့်ကြည့်၏။ ပြီးလျှင် လက်ညှိ လှုပ်. . .

"ဒါ ဒီကောင့်စာအုပ် တီချယ်"

"ဟုတ်ပါတယ် တီချယ်၊ သားစာအုပ်မေ့ကျန်ခဲ့လို့ သူလည်း စာအုပ်ရှေ့ချပြီးအိပ်ငိုက်နေတာနဲ့ အကျိုးရှိသွားအောင် သား ရူပဗေ စာအုပ်လှန်ပြီး သူ့ရှေ့ချထားတာပါ၊ သူ့ဘိုင်အိုစာအုပ်ယူပြီး တီချယ်သ သမျှ တစ်လုံးမကျန် သားလိုက်မှတ်နေတာပါ"

ဆရာမက သရော်သလိုပုံစံနှင့် . . .

"ဩော်. . . တော်တော်လည်းကြိုးစားနေတယ်ပေါ့လေ၊ မရော နင်လည်း တူတူပဲ. . . လာစမ်း"

ဆရာမ အောင်သင်းလတ်နားရွက်ကို လှမ်းဆွဲလိုက်သောအ



အားလားလားသံစဉ်ဖြင့် အောင်သင်းလတ် ယိုးဒယားအက ထ,က၏။ ပြီးလျှင် . . .

"နောက် တစ်တန်းလုံးမှတ်ထား၊ ဆရာမအချိန်မှာ ဆရာမသင်မယ့် ဘိုင် ဘိုစာအုပ်မပါရင် အတန်းထဲမဝင်ရဘူး"

"အတော်ဆိုးအေခန်းဖြစ်ပြီး စည်းကမ်းပိုင်းမှာ ဒီလောက်ချော် နေတာတော့ အတန်းပိုင်ဒေါ်ခင်စိုးဝင်းကို တိုင်ပြောရဦးမယ်"

အားလုံး နှားရွက်ပင်မလှုပ်။

ဆရာမ စာပြန်သင်၏။

သူ ပန်းနုနုံ့သာကိုကြည့်လိုက်၏။ စာလိုက်မှတ်နေသည်။

သူ ဝါဝါမွှေးကိုကြည့်လိုက်၏။ ထိုနည်းလည်းကောင်း။

တော်ပါသေးရဲ့။ ဘိုင်အိုစာအုပ်ကြားမှာညှပ်ပြီး သူဆွဲထားသော "မိန်းမလှပုံရိပ်" ခဲပန်းချီကို ဆရာမတွေ့မသွားလို့။

သို့ကြား အနီးအပါးမှာထိုင်နေသော စိုးလင်းနိုင်တွေ့သွား၏။

"ဝါဝါမွှေးနဲ့တူတယ်ကွ၊ ဟိုပုံက ဟိုးရှေ့ကျောင်းသူအသစ်ပဲ"

သူ စာအုပ်ကို ကပျာကယာဖုံးလိုက်ပေမယ့် စိုးလင်းနိုင်ပါးစပ်ကို ဘယ်လိုမှဖုံး၍မရ။

"မုန့်စားဆင်းရင်တော့ တစ်တန်းလုံးကို သံချောင်းခေါက်လိုက်ဦး မယ်၊ လူရိုးကြီးကိုဘုန်းရဲ့လုပ်ကွက်ကလေးတွေညက်တာ ကြော်ငြာရမယ်"

"လျှောက်မပြောနဲ့ကွာ၊ ပန်းချီဆွဲချင်ရုံသက်သက်နဲ့ ဆွဲထားတာ ပါ အစပ်ပွာယ် ဘယ်လိုမျိုးမှမပါပါဘူး"

"ပြောတာပဲ သူခိုး ခိုးတယ်ပြောရင် ထောင်မဆန့်တော့ဘူး"

"တကယ်ပြောတာပါကွာ၊ လိုက်မနောက်စမ်းပါနဲ့၊ အားလုံး ဒင် မှီးတစ်မည်ထင်ကုန်ဦးမယ်"

"မရဘူးဗျာ၊ သိပ်ပြီးစိုးရိမ်မနေနဲ့၊ တစ်ကျောင်းလုံးသိသွားမှာ

www.burmeseclassic.com



"မင်းကလည်း ပြောလေကဲလေ မန်းလေပြလေပဲ"

"ဟိတ် ဟိုနှစ်ယောက် ဒီမှာ စာသင်တာ လိုက်မမှတ်ဘဲ ဘာတွေကျိတ်ကျိတ်ပြောနေရပြန်တာလဲ"

သူ့ရင်ထဲ ဒိန်းခနဲဆောင့်သွား၏။ ဆရာမသိသွားပြီ။

"ဘာမှမဟုတ်ပါဘူး တီချယ်၊ ကျွန်တော်တို့ အခုသင်တဲ့ငါးအကြောင်းပဲ ဆွေးနွေးနေတာပါ"

ဆရာမက . . .

"လာပြန်ပြီ၊ (အေ)အခန်းကတော့ တကယ့်ဇော်တွေချည်းပဲ၊ ပြောလိုက်ရင်မိုးပေါ်ကလေသံနဲ့၊ နေစမ်းပါဦး၊ အဲ့ဒီငါးအကြောင်းကို ဒီမှာ ရှင်းပြနေတာ နားမထောင်ပဲ ရှင်တို့က ဘယ်လောက်သိလို့ ဘယ်လောက်တတ်လို့ ဘာတွေကိုဆွေးနွေးနေရတာလဲ"

ဆရာမ အနားရောက်လာပြန်၏။ စိုးလင်းနိုင် အသာငြိမ်နေ၏။

"ပြောလေ ဒီငါးရဲ့ခန္ဓာကိုယ်ဖွဲ့စည်းတည်ဆောက်ပုံဆွေးနွေးတာလား၊ ပြင်ပလက္ခဏာကို ဆွေးနွေးတာလား"

စိုးလင်းနိုင်က . . .

"ဟို ဒီလိုပါတီချယ်၊ ဒီပုံနှိပ်ထဲကငါးဟာ အထီးလား၊ အမလား ဆိုတာ ငြင်းနေကြတာပါ"

(ဆရာမ "အမလေး"မတရှုံတမည် အာမေဋိတ်သံတိတ်နှင့်)

တစ်တန်းလုံး ပြုံးစိစိ။

ဆရာမက . . .

"အနာဂတ်မှာ အဖိုးမဖြတ်နိုင်မယ့်အတတ်ပညာရှင်လောင်းလျာတွေပါပဲ၊ ကဲ. . . ကဲ. . . မောင်ဘယ်သူ"

"စိုးလင်းနိုင်ပါ"

"ကဲ မောင်စိုးလင်းနိုင် ငါးထီးငါးမ ဘယ်လိုခွဲပြီးသိတာလဲ"



"ငါးကန်မွေးတဲ့လူတွေကတော့ ပြောပါတယ် တီချယ်၊ ငါးအမက မျက်လုံးလေးဝိုင်းနေတာပဲတဲ့၊ နောက်ပြီး ရင်ဘတ်ကလေးကို ရဲနေတာပဲတဲ့၊ ပါးဟက်ကလေးဟစိဟစိနဲ့ ရေထဲမှာ အမြီးပိုယမ်းတတ်တယ်တဲ့"

"တယ်တော်တဲ့ ဉာဏ်ကြီးရှင်ပါလား၊ ငါးထီးကိုတော့ ဆရာမပဲ ခွဲခြားပြောပြမယ်၊ ဟောဒီလိုခေါက်လိုက်ရင် . . ."

"ဒေါက်"

"အားယား"

"အဲဒီလိုအားယားလို့အော်ရင် ငါးထီး ဟုတ်တယ်မဟုတ်လား။ ဒီလို ကျောကုန်းကို ဖြန်းခနဲရိုက်လိုက်ရင် တပ်အော်တာဟာ ငါးထီးပဲ"

စိုးလင်းနိုင် ကျောတွန့်သွားရာမှ . . .

"မဟုတ်ဘူးတီချယ်၊ ငါးထီးက အကောင်ပိုကြီးတာရယ်၊ နာတာရယ်၊ အဲ မာတာရယ် ပါးဟက်ကိုပြောတာ"

"တော်ပြီ၊ နင်ပြောတဲ့ ငါးထီး ငါးမခွဲနည်းမျိုး ငါ တစ်ခါမှ မကြားဖူးဘူး။ နောက်တစ်ခါ ဒါမျိုးထပ်လုပ်နေလို့ကတော့ အတန်းပြင်မှာ တစ်ချိန်လုံး မတ်တပ်ရပ်နေရမယ် ကြားလား. . . မောင်ဘယ်သူ"

"ရက်(စ်) တီချယ်"

အချိုးမပြေသော စိုးလင်းနိုင်ကို ဆရာမက မျက်စောင်းခဲပြီး သူ့ကိုကြည့်ကာ မတ်တပ်ထခိုင်းပြန်၏။ တစ်စက္ကန့်လေးအတွင်းမှာ ဝါဝါမွေးနှင့်ပန်းနုနုံ့သာကို သူ လှမ်းကြည့်ပြီးဖြစ်သွား၏။

သူမတို့ သူ့ကို လှမ်းကြည့်ကြလေပြီ၊ ဘိုင်အိုပုံနှိပ်ထဲမှာ သူမတို့နှိပ်တွေ ရှိနေခဲ့တာပေါ်သွားလျှင် . . .

"မင်းရော ငါးထီးနှင့်ငါးမ ခွဲခြားတတ်သွားပြီလား"

"ဟုတ်ကဲ့"

ရှိုးရှိုးသေသေပင် တိုတိုနှင့်ပွဲပြီးအောင် သူပြန်ဖြေလိုက်၏။ ဆက်ငဲ

www.burmeseclassic.com

www.burmeseclassic.com



တားမရှိသောကြောင့် သူ့ကို ဆရာမ အပြစ်မှခွင့်လွှတ်ပေးလိမ့်မည် ထင်နေ၏။

"အေး. . . ခွဲတတ်သွားရင် နောက်တစ်သက်လုံးမှတ်မိသွားအောင် နားရွက်ကလေး ရှေ့တိုးပေးစမ်းပါကွယ်"

"ကျွန်တော့်ဘာသာ တစ်သက်လုံးသိသွားပါပြီ ဆရာမ"

"အေးပါ၊ ရှေ့ကိုနားရွက်ကလေးတိုးပေးပါ"

သူ မတတ်သာ၍ တိုးပေးလိုက်ရ၏။

"ကဲ. . . မှတ်ထား"

ဆရာမလိမ်ဆွဲ၍ နာကျင်မှုကို ကျိတ်ခံစားလိုက်ရ၏။

ပြီးလျှင် တစ်တန်းလုံးကြားအောင် ဆရာမ အော်ပြောလိုက်၏။

"နောက်ဆို မှတ်ထားကြတပည့်တို့ရေ၊ ငါးထီးဆိုရင် နားရွက်ကလေးတွေကို ရဲလို့ဆိုတာကို"

(အတန်းသူအတန်းသားတွေ ရယ်သံ)

မျက်နှာ ဘယ်ထားရမှန်းမသိ။ စိုးလင်းနိုင်ကို မကြည့်သလို သူ ကြည့်လိုက်ပြီး . . .

"မင်းကြောင့် ငါတွတ်ပီဖြစ်တာ"

စိုးလင်းနိုင်ကလည်း မကြားတကြား ပြန်၍ကျိတ်ပြော၏။

"အံမယ်. . . မင်းကြောင့် ငါမိုက်တီးရတာ"

ဆရာမက ပါးနပ်၏။ ချက်ချင်းပင် သူတို့ကြားထဲ . . .

"ဟော့. . . ဟော့. . . အံမယ်. . . ဆရာမတစ်ယောက်လုံးရှေ့ထားပြီး ရွှေခုံတို့ ဝမ်ချိုင်းတို့လို စိန်ခေါ်ပွဲနွှဲဦးမလို့လား"

"အကုန်နာတော့မှာပဲ၊ ဒီမှာ ဘယ်သူအပြစ်ဆိုပြီး လက်ညှိုးထိုးမနေနဲ့၊ နှစ်ယောက်စလုံးကြောင့်ဖြစ်တာ၊ ဘာလဲ တွတ်ပီဖြစ်တယ်ဆိုတာ၊ မောင်ဘုန်းထွဋ် သူ့ကို ဘာသွားပြောတာလဲ ရန်စောင်တဲ့စကားလား"



"မဟုတ်ပါဘူး တီချယ်၊ ကျွန်တော် တွတ်ပီဖြစ်တယ်ဆိုတာ "ဒီနေ့ကံမကောင်းပါလား" လို့ ကာတွန်းဇာတ်ကောင် မြိုင်ရာဇာတွတ်ပီကို ပြောတာပါ"

"စိုးလင်းနိုင်က မိုက်တီးရတယ်လို့ပြန်ပြောတာ ရန်စောင်စကားမဟုတ်ပါဘူး၊ ဒီနေ့ ဗီဒီယိုဒါရိုက်တာက သူ့ဇာတ်ကားတွေထဲမှာ မိုက်တီးနဲ့ရိုက်ချက်ဆိုပြီး အမြဲထည့်ပါတယ်၊ မိုက်တီးနဲ့ရိုက်ချက်က အတူတူလိုပါပဲ၊ အဓိပ္ပါယ်ခွဲလို့မဖြစ်ပါဘူး၊ စိုးလင်းနိုင်က သူ့ကိုရိုက်တဲ့ရိုက်ချက်ရတာကို မိုက်တီးရတယ်လို့ အထာနဲ့ပြောသွားတာပါ"

ဆရာမ မျက်လုံးပြူး နှုတ်ခမ်းမဲ့ပြီး ခါးထောက်၍ စိတ်မတွေ့သလိုကြည့်ရင်း . . .

"ဒီနေ့ကော စာသင်ဖြစ်ပါ့မလား၊ သင်ကြားရေးမှာ အနှောင့်အယှက်ဖြစ်ရင် ဘယ်သူတွေ ပိုပြီးနစ်နာသလဲ၊ မင်းတို့ပဲနစ်နာတာပေါ့၊ နောက်ကို စာသင်ချိန်မှာ စာပဲသင်ပါ၊ တခြား အပိုတွေဝင်မလာပါနဲ့၊ မင်းတို့ကျောင်းသားတွေဟာလေ ပေါ့ပေါ့လေးရတဲ့အခြေအနေမှာ ပေါ့ပေါ့လေး၊ စာသင်နေရတာကို ပေါ့ပေါ့လေးမှတ်နေတယ်၊ ဒုတိယကမ္ဘာစစ်အပြီးက ပြာပုံထဲကလာတဲ့ ဂျပန်ကျောင်းသားတွေရဲ့စိတ်ဓာတ်ကို တစ်စက်ကလေးမှမမီဘူး၊ မခံချင်စိတ်နဲ့ကြိုးစားတဲ့ ဂျပန်ကျောင်းသားတွေရဲ့ထိုင်ခုံမှာ အိပ်ငိုက်မိမှာစိုးလို့ ကိုယ့်ခြေထောက်ကိုယ်အားမကိုးတတ်မှာစိုးလို့ ခြေလေးချောင်းရှိနေတဲ့ထိုင်ခုံကို ခြေနှစ်ချောင်းပဲထားတယ်၊ ကျန်တဲ့ခြေနှစ်ခြောင်းကို ကိုယ့်ခြေထောက်နဲ့မတ်မတ်ထောင်ပြီး ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်မယ့် အသိပညာကို ခဲရာခဲဆစ်ဖြစ်နေပစေ မသိသိအောင် ... တတ်အောင် ကျားကုတ်ကျားခဲ သင်ယူခဲ့ကြတယ်၊ ဘယ်လော... ... ဖို့ကောင်းသလဲ ဗဟုသုတရှာတယ်ဆိုတာ ကိုယ့်ဥာဏ်ရည်တိုး...

www.burmeseclassic.com



ကိုယ့်ဝန်းကျင်ကို ဘယ်လိုအကျိုးရှိအောင် ဆက်သွယ်အသုံးချမလဲဆိုတာ ကိုယ့်နိုင်ငံကို ဘယ်လိုထွန်းကားပြီး တခြားနိုင်ငံတွေနဲ့ ရင်ပေါင်တန်းပြီး လိုက်မီဖောက်ထွက်နိုင်အောင် အတွေ့အကြုံ အသိပညာ၊ ဗဟုသုတ ကြွယ်ဝမှုတွေနဲ့ လိုအပ်တဲ့ရှုထောင့်၊ လိုအပ်တဲ့ကွက်လပ်က အစွမ်းကုန် ပါဝင်ဖြည့်ဆည်းပေးဖို့ အတုယူစံထားလောက်တဲ့ ဗဟုသုတမျိုး၊ ယုတ္တိဗေဒ ကျကျ လက်တွေ့အသုံးချလို့ ရမယ့် ဗဟုသုတတွေကို လမ်းကောင်းလမ်း မှန်ရောက်အောင် နည်းပေးလမ်းညွှန်နိုင်မယ့် ဗဟုသုတမျိုး ဒါမျိုးတွေ အတွက် အချိန်ကို တန်ဖိုးရှိရှိတွက်ချက်ပြီး ဖတ်ရှုလေ့လာသင့်တယ်။ အားလုံးကြားရဲ့လား ဆရာမပြောတာ''

''ဟုတ်ကဲ့ပါ ဆရာမ''

စိုးလင်းနိုင် ခုံဘေးမှာ အတန်းဘက်လှည့်ရင်း ဆရာမဆုံးမသြဝါဒ ပေးနေခြင်းပင်ဖြစ်လေသည်။ ဆရာမက တစ်တန်းလုံး၏ တုံ့ပြန်မှုပေးသံကို ကျေနပ်စွာနားထောင်ကောင်းပြီးဆဲ

''အား ကျွတ် ကျွတ်''

စိုးနိုင်လင်းထံမှ ကျွတ်စုပ်သံပေါ်လာ၏။

''ဘာဖြစ်တာလဲ မောင်စိုး ဘယ်သူ''

''ကျွတ် ကျွတ် စိုးနိုင်လင်းပါ တီချယ်''

''အလကားနေရင်း တစ်ယောက်တည်း ဘာထဖြစ်ပြန်ရတာလဲ ဒီလောက်တောင် ပြောထားရက်နဲ့ ထပ်ပြီးနောက်ပြောင်သေးတဲ့ လူရှိသေးရင် သေပြီသာမှတ်''

ဆရာမက စိုးလင်းနိုင်နှင့် အနီးကပ်ထိုင်နေသော ဘုန်းထွဋ်ကို ကြည့်၍ကြိမ်းပြော၏။

သူလည်း စိုးလင်းနိုင်ကို စိတ်တိုတောင်းစွာကြည့်ပစ်လိုက်၏။ ဘာမှ မလုပ်ရပါဘဲနှင့် အလကားနေရင်း ပြဿနာမီးခွက်ထွန်းရှာ



နေသည့်ကောင်။

''ဘယ်သူမှမလုပ်ပါဘူး တီချယ်၊ ကျွန်တော့်ခြေသန်းလေးပါ ခုံအပြင် ဘက် ခြေထောက်ထုတ်ထားတာ အဲဒါ တီချယ်က ဖိနင်းထားတာကြာနေပြီ''

ထိုအခါကျမှ ဆရာမအလန့်တကြားနှင့် ခြေထောက်ရုပ်ဖယ်လိုက် ၏။

စိုးလင်းနိုင် သူ့ခြေသန်းကိုပွတ်ပြီး စုပ်သပ်နေရှာ၏။

''ဒါကို စောစောကတည်းကပြောပါလား မောင်စိုးလင်းနိုင်ရယ်''

''တီချယ် ဗီလင်အောက်သွားမှာစိုးလို့ပါ''

''ဒီလိုအခြေအနေမျိုးကျတော့ ဂုဏ်ပြုရခက် အပြစ်ပေးရခက် ဆရာမ စကားပြောပျက်မှာစိုးလို့ ကြိတ်မှိတ်ပြီး အနာခံတဲ့ စိတ်ဓာတ်ကို ဂုဏ်ပြုရမလား၊ စပြီးအဖိခံရကထဲက ဆရာမ ခြေထောက် ဖိထားတယ်ဆိုပြီး အသားအနာမခံပဲ စကားပြောတာကို တန့်သွားအောင်လုပ်မိလို့ အပြစ်ပဲပေး ရမလား၊ လောကမှာ ဆုံးဖြတ်ရခက်တဲ့ အရာတွေအများကြီးပဲ လူသားတွေ ယနေ့ထက်ထိ ကြိုးစားနေကြတယ် လောကီအမြင် သိပ္ပံအမြင်''

ထိုစဉ်မှာပဲ အချိန်ပြောင်းခေါင်းလောင်းသံ ကြားဖြတ်ဝင်လာသဖြင့် ဆရာမ စကားပြတ်သွား၏။

''နောက်တစ်ချိန်မှပဲ စာသင်ရင်း သဘောတရားတွေ ဆွေးနွေးကြ တာပေါ့''

ဆရာမ စိုးလင်းနိုင်ခေါင်းကို ညင်သာစွာပုတ်ပြီး အတန်းရှေ့ကို ပြန်လျှောက်လာ၏။ ဘာသာရပ်သင်ကြားရေးစာအုပ်နှင့် မြေဖြူဘူးကိုသိမ်းဆည်း ပြီးလျှင် အတန်းသားတွေဘက်ဝေ့ဝဲကြည့်လိုက်ပြီး. . .

နှုတ်ဆက်၏။

အတန်းသားများကလည်း မတ်တပ်ရပ်ပြန်လည်နှုတ်ဆက်အပြီး ဆရာမ အခန်းအပြင်ရောက်မှ ပြန်ထိုင်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ချိန် ဝင်လာမည့်ဆရာကို မျှော်ဆဲကာလ။

လှဦးက နောက်တန်းလှည့်၍ . . .

"တွတ်ပီနေ့လား ကိုဘုန်း"

"လေင်းရဲ့ ရိုက်ချက်"

ဟုမောင်မောင်တင်က လှမ်းနောက်၏။

စိုးလင်းနိုင်က မချိသွားဖြစ်နေရာမှ မောင်မောင်တင် အတန်းထသွားပြီး တိုးတိုးလေသံနှင့် သူ့အကြောင်းပြောပြ၏။

သူသိလိုက်ပြီး ဘယ်လိုတားတား ဝက်မဖင်နှင့် မခြားသော စိုးလင်းနိုင်ပါးစပ်မှာ သူ့အတွင်းရေးတွေ နို့တစ်ဘုတ်ကပ်ပြီး ကြော်ငြာခံရတော့မည်။

ထို့ကြောင့် ထိုပုံဆွဲစာအုပ်ကိုပိတ်ပြီး မောင်မောင်တင်တို့ရောက်မလာခင် တစ်နေရာရာဖွက်ဖို့ ကြိုးစားလိုက်၏။

"ဖွက်မနေနဲ့ မောင်ဘုန်းထွဋ်၊ ခင်ဗျားတော့ ကျွတ်ပြီသာမှတ် လက်ထဲက စာအုပ်ကလေး အလွယ်တကူပေးပါ၊ ကျောင်းဥပဒေနဲ့ မလွတ်တာဆို မော်နီတာပီပီ အတန်းပိုင်ဆရာမကို အသိပေးရမှာပဲ"

မောင်မောင်တင်၏ ခြိမ်းခြောက်နောက်ပြောင်စကားကို လှဦးနှင့် ကျော်သိန်းက ဘာမှနားမလည်ဟုလို သူနှင့်မောင်မောင်တင်ကို တစ်လှည့်စီကြည့်နေ၏။

"မလုပ်ပါနဲ့ဗျာ. . . ရိုးသားမှုနဲ့ တည်ဆောက်ထားတဲ့ အလုတရားပါ၊ စိုးလင်းနိုင်ဆိုတာ အချွန်နဲ့မတဲ့ နှုတ်ဆိုးဗျူ ဒီကောင့်စကားကို ဝက်မလေလည်တယ်လို့ပဲ သဘောထားလိုက်စမ်းပါ"

"စော်ကားလှချည်လား ရတယ်. . . စိုးလင်းနိုင်အကြောင်း ကောင်းကောင်းပြရသေးတာပေါ့"

"တင်ညိုကြီးကွ"



အောင်သင်းလတ်က နောက်မှ ဩဘာပေးသံနှင့်ထလျောင်၏။ စိုးလင်းနိုင်က ခပ်တည်တည်ပင်။ ညာဘက်အစွန်းမှာ ထိုင်နေသော ပန်းနုနံ့သာဆီ(ကော်ရစ်တာမှပတ်၍)သွား၏။

ပြီးလျှင် ပန်းနုနံ့သာခုံရှေ့ရပ်ပြီး သူ့ဘက်ကိုကြည့်၍ တိုးတိုးတိုးတိုးနှင့် ပြောလေတော့သည်။ ပန်းနုနံ့သာ သူ့ဘက်ကိုလှမ်းကြည့်၏။ နှုတ်ခမ်းလေးဖိကိုက်လျက်။

ဖြိုးဖြိုးနှင့်အနားခုံမှ နှစ်ယောက်သုံးယောက် လှမ်းကြည့်၏။ လှေလှာနုစမ်းမှု မျက်လုံးတွေနှင့်။

စိုးလင်းနိုင် (လက်ဝဲဘက်အစွန်မှာရှိသော)ဝါဝါမွှေးထံ ရင်ကော့လျှောက်သွားပြန်၏။

ဝါဝါမွှေးခုံရှေ့မှာရပ်လိုက်ပြီး တီးတိုးစကားဆိုပြန်၏။ ဝါဝါမွှေးသူ့ကို လှမ်းကြည့်၏။

မျက်ဝန်းဝိုင်းဝိုင်းကလေးတွေနှင့်။

ဝါဝါမွှေးအဖော်ဖြစ်သော ကျောင်းသူတွေပါ လှည့်ကြည့်၏။

စပ်စုကြသော မျက်လုံးနှင့် နားများဖြင့်။

သူ့မျက်နှာ ဘယ်ထားရမှန်းမသိ။ လှဦးက . . .

"ကိုဘုန်း ဘာတွေဖြစ်နေတာလဲ"

"စိုးလင်းနိုင်လေကွာ သောက်ရူးထပြီး နာရူးဆေးပဲလုပ်နေတယ်"

မောင်မောင်တင်က ခုံမှာလာထိုင်ပြီး . . .

"ပြစမ်းပါဦးဗျာ၊ လက်ရာကောင်းရင် ကျွန်တော့်ပုံပါဆွဲခိုင်းချင်သေး"

"ဘာမှမရှိဘူး သူများရူးတိုင်းလိုက်မရူးနဲ့"

ထိုစဉ်မှာပင် စိုးလင်းနိုင်ပြန်ရောက်လာ၏။

"ကဲ. . . မောင်ဘုန်းထွဋ် အမိန့်တော်ပါလာပါတယ် နားထောင်

www.burmeseclassic.com

www.burmeseclassic.com



ပန်းနုနုသာက သူ့ပုံကိုဆွဲ၍ ပါးကောင်းလို့လက်ဝါးတောင်းတာလားဟု ပြော ခိုင်းပါသည်။ ဝါဝါမွှေးကတော့ သူ့ပုံဆွဲထားတာ လှမ်းပို့ပေးပါ ကြည့်ချင်တယ် တဲ့ပြောပါသည်"

"နှစ်စင်းပူး ပစ်လွှတ်လိုက်တာ တစ်စင်းကတော့ အလယ်ဗဟို တည့်တည့်ပဲ တစ်စင်းပဲလွဲတယ်"

"မင်း တကယ်သွားပြောတယ်ပေါ့၊ စိုးလင်းနိုင် သူတို့ ဆရာမနဲ့ သွားတိုင်လို့ကတော့"

"မတိုင်ပါဘူးဗျာ၊ သိပ်ပြီးစိုးရိမ်မနေစမ်းပါနဲ့ ခင်ဗျားဆွဲထားတဲ့ပုံကို ပေး ကျွန်တော်သွားပြမယ်"

ထိုစဉ်မှာပင် ဘာသာရပ်ဆရာမဝင်လာသဖြင့် စကားပြတ်ပြီး ကိုယ့် နေရာကိုယ် အမြန်ပြန်ထိုင်ကြ၏။

"ဂွတ်မောနင်း ကလပ်(စ်)"

"ဂွတ်မောနင်း တီချယ်"(အတန်းသားအားလုံးနှုတ်ဆက်သံ)

၀ ၀ ၀

အခန်း (၈)

ကျောင်းတော်ကြီး၏ စာသင်ရက်များသည် ပျော်စရာကောင်းစွာ ကုန်ဆုံးနေပါ၏။ ကျောင်းသူကျောင်းသားအချင်းချင်း ပိုမိုရင်းနှီးခြင်းတွေ တိုးပွားရှင်သန်လျက်။ ကျောင်းတက်ရခြင်းမှာ ပျင်းစရာဟု ထင်မြင်စိတ်တွေ သရိုပ်ရိုပ်ပျက်ပြယ်သွားကြ၏။

ကျောင်းတစ်ကျောင်းလုံး သန့်ရှင်းရေးလုပ်ရသောအခါ၌ သူတို့အဖွဲ့ ကိုယ့်အဖွဲ့စုပြီး မြက်ခင်းရှင်း၊ အမှိုက်ကောက်၊ သိပ္ပံဆောင်သစ်ကို သန့်ရှင်း ရေးလုပ်ကြရသည့်အခါ များစွာ၌. . .

ပန်းနုနုသာတို့နှင့်အတူ အဖွဲ့တစ်ခုတည်းကျခဲ့ဖူး၏။ သိပ္ပံဆောင်မှ ဓာတ်ခွဲသပ်ဖန်ပြွန်များကို အဝတ်နှင့်သုတ်နေကြရာမှ. . .

"ဘုန်းထွဋ်. . . ရှင် ပန်းနုနုသာပုံဆွဲထားတယ်ဆို"

ဖြိုးဖြိုး၏အမေး။ ပန်းနုနုသာ၏ မကြည့်မလင်ကြည့်ဟန်။

"ဟုတ်တယ်. . . ကြည့်မလား ခုပါတယ်"

ခါးမှာထိုးထားသော စာအုပ်ထဲမှ သူမ၏ ပုံတစ်ခုကိုပေးလိုက်၏။

"ဟယ် တူတယ်တော့ တော်လှချေလား ဒေါ်မြရှည်သားရဲ့"

www.burmeseclassic.com

www.burmeseclassic.com



ပန်းနုနံ့သာ မသိမသာလှမ်းကြည့်၏။ ပြီးနောက် စူအောင့်အောင့်လေသံနှင့် . . .

"ဘာလို့ဆွဲတာလဲ"

"လှလို့"

"နင် ငါ့ကို ရည်းစားစကားပြောတာလား၊ ဆရာမနဲ့ တိုင်ပြောမယ်"

"ဟာ မဟုတ်ပါဘူး၊ မင်းကိုလှတယ်လို့ပြောတာ ရည်းစားစကားပြောတာမှမဟုတ်တာ၊ ရိုးရိုးသားသားလှလို့လှတယ်ပြောတာပါ"

"ငါ မကြိုက်ဘူးဟာ နောက်မဆွဲနဲ့၊ ဖြိုး အဲဒီပုံဖြပစ်လိုက်"

"နှမြောစရာကြီး နံ့သာရယ်"

"မဖြပါနဲ့ ဒီပုံကလေးဆွဲထားရုံနဲ့ မင်းဘာမှမဖြစ်သွားနိုင်ပါဘူး"

"ဖြစ်တယ် ဖြစ်တယ် ရှင်နဲ့ ကျုပ်က အကြောတည့်တာမဟုတ်ဘူး၊ ကျုပ်ကို ရှင်ကြည့်နေမှာ လုံးဝမကြိုက်ဘူး"

"မကြိုက်ရင် သေလိုက်ပေါ့"

"ဘာပြောတယ်"

လက်ထဲမှတိုက်နေသော ပြွန်ကိုဒေါသနှင့် စားပွဲပေါ် သူမဆောင့်ချလိုက်၏။

"ခွပ်"ခနဲ ပြွန်ကွဲထွက်သွား၏။

သူ၊ ဖြိုးဖြိုး၊ ပန်းနုနံ့သာတို့ သုံးယောက်သား လိပ်ပြာလွင့်မတတ် အံ့အားသင့်လျှက် . . .

ရုတ်ခြည်းညှိုးငယ်ပြီး ကြောက်စိတ်ပူးဝင်နေသော ပန်းနုနံ့သာ မျက်နှာလေးကို သူ သနားစိတ်နှင့်ကြည့်နေဆဲ . . .

လိုက်လံကြပ်မတ်စေခိုင်းနေသော စမ်းသပ်ခန်းမှ လက်ထောက်ဆရာမလေး သူတို့နားရောက်လာ၏။ ပန်းနုနံ့သာကြောင့် ဖန်ပြွန်ကွဲသွားတာ ဖြိုးဖြိုးနှင့် ပန်းနုနံ့သာပဲမြင်လိုက်၏။ ကျန်ကျောင်းသား၊ ကျောင်းသူများမှာ သူတို့အာရုံနှင့်သူတို့မို့ သတိမထားမိကြပေ။ သို့ပြား မျက်စိလျှင်သော ဆရာမကတော့ သတိမထားလိုက်မိပေမယ့် လှစ်ခနဲမြင်တွေ့သွား၏။



"ဟဲ့ ဖန်ပြွန်ကွဲနေပါလား၊ ဒါဘယ်သူ့ကြောင့်လဲ"

"ကျွန်တော့်ကြောင့်ပါ ဆရာမ လက်ကလွတ်ကျသွားတာ"

"ဒီပစ္စည်းက ဈေးကြီးတယ်၊ နင်ပြန်လျော်မှရလိမ့်မယ် မင်းနာမည် ဘယ်သူလဲ ဘယ်အခန်းကလဲ"

"ဆယ်တန်း(အေ)ကပါ၊ မောင်ဘုန်းထွဋ်ပါ"

အံ့အားသင့်ခြင်း၊ ကြောက်လန့်စိတ်ကြောင့် ဝေခွဲရခက်ခြင်းတွေနှင့် ပန်းနုနံ့သာ သူ့ကို ငေးကြည့်နေ၏။

"ဒါဆို ဆရာမနဲ့ ရုံးခန်းလိုက်ခဲ့ ဖန်ပြွန်အကွဲတွေပါယူခဲ့"

ဆရာမ စတင်ထွက်ခွာသွားလျှင် . . .

ပန်းနုနံ့သာက . . .

"ကျုပ်လုပ်တာပဲ ကျုပ်ရှင်းမယ်"

"ကိုယ့်ကြောင့် မင်းစိတ်ဆိုးပြီး ခုလိုဖြစ်သွားတာပါ၊ ကိုယ်ရှင်းမယ် မင်းဘာသာနေ"

"အို မဟုတ်တာ"

"ဝင်မပြောပါနဲ့ ပန်းနုနံ့သာရယ် ကိုယ့်ကိုလိမ်ညာမှုဆိုပြီး ထပ်အပြစ်ပေးရင် မင်းရောကိုယ်ရော နှစ်ယောက်စလုံး အကျိုးမရှိဘဲဖြစ်သွားလိမ့်မယ်၊ ဒါ မိုင်နာကေ့စ်ပါ မင်းနဲ့ ဖြိုးဖြိုးတို့ အသာလေးနှုတ်ပိတ်နေ"

ကျောင်းသားအချို့က တံခါးပေါင်တွေတိုက်ချွတ်နေရာမှ လှေ့လာနေစမ်းကြ၏။

သူ ဖန်ပြွန်အကွဲကို ကောက်ယူပြီး စမ်းသပ်ဆောင်ထဲမှအထွက် ကျောင်းသားတစ်ယောက်က သီချင်းနှင့်ထစောင်း၏။

www.burmeseclassic.com

www.burmeseclassic.com



"အချစ်ရေကိုယ့်ကြောင့် မင်းမှာတာဝန်မရှိ အချစ်ရေကိုယ့်ကြောင့်"

သူ့ရင်၌ လှပ်ခနဲ လွင့်ဝဲ။

ပန်းနုနံ့သာရင်၌ ဘာဖြစ်သွားသလဲ။

သူနောက်လှည့်ကြည့်ချင်သော်လည်း မြင်နိုင်တော့မည် မဟုတ်ပါ။ သူ့ခြေလှမ်းများက သိပ္ပံခန်းမထဲမှ ထွက်ခွာလာခဲ့ပြီးဖြစ်ပါသည်။

ရင်ဆိုင်ရမည့် ပြဿနာကရှေ့မှာ

(မင်းအတွက်ကြောင့် ငါ့ကိုယ်ငါ ရက်စက်လိုက်ရပါပြီ ပန်းနုနံ့သာ)

"ရှင် ဟိုမိန်းမကြောင့် ကြိမ်ဒဏ်နဲ့ ငွေဒဏ် ဆောင်လိုက်ရတယ်ဆို"

ဝါဝါမွှေးက အတန်းငွေလာကောက်ခံရင်း လူအရှင်းမှာမေး၏။

"ကျွန်တော် သွားစမိလို့ပါ"

"အဲဒီမိန်းမ ရှင်မို့ သွားပတ်သက်တယ်၊ သိပ်ပြီး ဘဝင်ကိုင်တဲ့မိန်းမ. . . ပထမအစမ်းဖြေရင် ဒီအတန်းထဲမှာ အတော်ဆုံးလို့သတ်မှတ်ထားတဲ့မွှေးကို သူက စံချိန်အပြတ်ချိုးပြမလေး ဘာလေးနဲ့ လေသိပ်ပစ်နေကတည်းက မွှေး သူ့ကိုချဉ်နေတာ"

"အတန်းသားအချင်းချင်းပဲဟာ"

"အထက်စီးပုံစံနဲ့ ဆက်ဆံရေးမျိုးတော့ မွှေး လက်မခံနိုင်ဘူး အတန်းလခကောက်ရင်တောင် အစောင်းအချိတ်လေးနဲ့ ငါးရာတန်ပစ်ပေးပြီးတို့က ငါးရာတန်ကို အသေးဆုံးသုံးတာလေး ဘာလေးနဲ့ လူကိုသိပ်ကလိတာပဲ ကိုယ်က ခေါင်းဆောင်မို့လို့သာ သည်းခံလိုက်ရတယ်၊ စိတ်ထဲကတော့ စိမ်းပြီးချဉ်နေတာပဲ"

"သူ့စရိုက်က ဒီလိုပဲရှိနေမှာပေါ့"

"သူ့ဘက်က ရှေ့နေမလိုက်ပါနဲ့ မကြာခင်ကျောင်းတက်လာတော့မှာပါ. . . ဒီမှာဆွဲထားတဲ့အထဲမှာ မွှေးပုံပါတယ်ဆို. . . ဘယ်မှာလဲပြလေ"



သူထုတ်ပေးလိုက်၏။

"တူသားပဲ ဆွဲပေးဦးမလား၊ ဒါကိုတော့ မွှေးယူသွားမယ်နော်"

"လက်ဆောင်လို့ပဲ ထားလိုက်ပါတော့ အစကတော့ ကိုယ့်ရဲ့တစ်ကိုယ်တော်ပြခန်းမှာ ကပ်မလို့ပဲ ဒါပေမယ့်ရပါတယ် နောက်မှ ပြန်ဆွဲတာပေါ့ ဘာယကံရှင်တွေကို ဦးစားပေးရမယ်လေ"

မွှေးကပုံကိုကြည့်ပြီး ရုတ်တရက်ပြောချလိုက်သောစကားကြောင့် သူကြက်သေသေသွား၏။

"မွှေးနဲ့ ပန်းနုနံ့သာ ဘယ်သူပိုလှလဲ အမှန်စကားနဲ့ပြောနော်"

သူခဏတွေးပြီး . . .

"အတူတူပါပဲ လှတာကတော့ တစ်မျိုးစီကို ကြည့်လို့ကောင်းတယ်၊ အဖြူအစိမ်းဝတ်စုံလေးနဲ့ ရိုးသားအပြစ်ကင်းစင်တဲ့ အမြင့်ရှုထောင့်မျိုးပေါ့"

"မရဘူး တစ်ဦးဦးကတော့ နှမ်းစေ့လောက်ကလေးပဲဖြစ်ဖြစ် ပိုလှပေးရမယ်"

"မွှေးကပိုလှတယ် မျက်ခုံးပိုစားတယ်"

လွှတ်ခနဲပြောထွက်လိုက်သော သူ့စကား ဝါဝါမွှေး အတော်လေးကျေနပ်သွား၏။ မုန့်စားဆင်းချိန်၌ သူ့ထံကို မုန့်တွေတစ်သီကြီး ရောက်လာဦးမည်ကို ကြိုမြင်၏။

ထိုအတောအတွင်းလေးမှာပင် ဖြူးဖြူးနှင့်ပန်းနုနံ့သာ အခန်းထဲဝင်လာ၏။ သူ့ဆီကို သူမတို့လှမ်းအကြည့်. . .

ဝါဝါမွှေးနှင့် စကားလက်ဆုံကျနေတာ တွေ့သွား၏။

ပန်းနုနံ့သာ မျက်နှာပျက်သွား၏။ ဝါဝါမွှေးကိုကျော်၍ သူ့ကိုငေးတွေ့နေစဉ် ဝါဝါမွှေး၏ သမင်လည်ပြန်ကြည့်ဟန်မှာ ပန်းနုနံ့သာကို တွေ့ပြန်၏။ ဝါဝါမွှေးမျက်နှာပြန်အလှည့်မှာ နှုတ်ခမ်းမဲ့လာတာ သူတွေ့၏။

ဝါဝါမွှေးက

www.burmeseclassic.com

www.burmeseclassic.com



"ပထမအစမ်းမှာ ဘယ်သူလွမ်းသွားမလဲဆိုတာ သူစောင့်ကြည့်နေ"

"ကောင်းသောယှဉ်ပြိုင်မှုကို အားပေးပါတယ်"

"မွေးထက် သူ့ပုံက ပိုလှနေသလားလို့ သူ့မှာရှိရင်ကြည့်ချင်တယ်"

"နဂိုအတိုင်းပဲ ထွက်လာတာပါ ရှိတယ်ကြည့်လေ"

သူပြလိုက်၏။

"ဖြစ်နိုင်ရင် အဲဒီပုံ မွေးကိုပေးပါလား"

"ဘာလုပ်မလို့လဲ"

ဝါဝါမွေးက သူ့ကိုစိတ်မတွေ့ဟန်ဖြင့် ကြည့်ရင်း စောင်း၍ မြော လိုက်သည်။

"မြဲဆုတ်ချင်လို့"

၃ ၃ ၃

ကျောင်းတက်နေစဉ် တစ်လျှောက်လုံး ပြောခွင့်မသာ၍လားမသိ ကျောင်းဆင်းချိန်၌ မုန့်ဆိုင်တန်းဘက်ကွေ့ထွက်သော လမ်းမနားအရောက်မှာ ပန်းနုနံ့သာတို့ သူ့ကိုစောင့်နေကြ၏။

ကျောင်းသားကျောင်းသူတို့နှင့် ခြေလှမ်းဆက်အပြတ်မှာ စောင့်နေသောဖြိုးဖြိုးက . . .

"ကိုဘုန်းထွဋ် ခဏ"

ဗာဒံပင်နောက်ကွယ်ရောက်သောအခါ ပင်စည်နှင့် ကွယ်စောင့်နေသော ပန်းနုနံ့သာကိုတွေ့၏။ လွယ်အိတ်ကြိုးကို လက်နှင့်လိမ်ကစားနေလျက် . . .



"အချိန်ရရင် မုန့်ဆိုင်တန်းဘက် ခဏလျှောက်ရအောင်"

"ရတယ်လေ သွားပါ"

မုန့်စားဆင်းသောလမ်းဘက်မှာ လူအတန်ငယ်ရှင်း၏။ အမှတ်ရ၍ အိပ်ကပ်ထဲမှငွေကို စမ်းလိုက်၏။ ငါးဆယ်တန်နှစ်ရွက်သာရှိသေး၍ သူမ ကိုမသိအောင် သက်ပြင်းခိုးချမိနေဆဲ။

"မနေ့က လျှော်လိုက်ရတာ ဘယ်လောက်ကျလဲ"

တစ်ဖက်အကြည့်လွှဲနေရာမှ ပန်းနုနံ့သာ အမေး။ လက်အောက်ငယ် သားကို လျော်ကြေးပေးရမည့် အထက်စီးလူလေသံမျိုး။

"ရပါတယ် ကျွန်တော့်အိမ်က ငွေတောင်းပြီး လျော်လိုက်ပါပြီ"

"ဘယ်မပေးလို့ဖြစ်မလဲ ဘယ်လောက်ကျသလဲပြော ကျသလောက် ပေးမယ်"

"မင်း သိပ်လျော်ပေးချင်နေသလား ပန်းနုနံ့သာ"

သူမ ဆတ်ခနဲလှမ်းကြည့်၏။ ပွင့်အာနေသော နှုတ်ခမ်း၊ ပိုင်းစက်သော မျက်ဝန်းများနှင့်

"ပေးသင့်တယ်ထင်လို့ ပေးတာပါ"

"ကောင်းပြီလေ ငွေကိုငွေနဲ့ လျော်လို့ရပေမယ့် ကြိမ်ဒဏ်သုံးချက်ကိုတော့ မင်း ဘာနဲ့ပြန်လျော်မလဲ"

"ဘုရား ဘုရား ရှင်အရိုက်ပါခံလိုက်ရတာကိုး"

"ဟုတ်တယ် နမော်နမဲ့နိုင်မှုကို ကျောင်းအုပ်ဆရာမကြီးက ဘယ်လိုမှခွင့်မလွှတ်နိုင်ဘူးတဲ့၊ ကျောင်းပိုင်ပစ္စည်းကိုဖျက်ဆီးတာဟာ အပြစ်မဲ့တဲ့ တော်တဆိုတဲ့ ငြင်းဆိုချက်ဟာ ဘာမှ အရာမထင်ခဲ့ပါဘူးဟာ"

"တော်တော် နာသွားမှာပေါ့နော်"

"မင်းဆီက လျော်ကြေးပေးမဲ့စကားက အဲ့ဒီကြိမ်သုံးချက်ထက်နာ တယ်"

www.burmeseclassic.com

www.burmeseclassic.com



"နံ့သာရဲ့ စေတနာပါ၊ တစ်မျိုးမထင်ပါနဲ့"

"မထင်ပါဘူး ပန်းနုနံ့သာရဲ့ စေတနာကို အသိအမှတ်ပြုတဲ့အနေနဲ့ လျော်ကြေးငွေကို ကိုယ်ပြန်ယူမယ်၊ နောက်ပြီး ကြိမ်ဒဏ်သုံးချက်ဖိုးကိုကော ပန်းနုနံ့သာ ဘာပြန်ပေးမှာလဲ"

ပန်းနုနံ့သာတွေဝေသွား၏။ ဖြိုးဖြိုးကိုကြည့်၍ အဖြေရှာ၏။ ဖြိုးဖြိုးမှာလည်း ပြန်ဖြေစရာမဲ့နေဟန်နှင့်

"မဖြေတတ်တော့ဘူးလား"

ပန်းနုနံ့သာ ညင်သာစွာခေါင်းညိတ်ပြ၏။ မုန့်ဆိုင်တန်းရှေ့အရောက်

"ဒါဆိုရင် ကိုယ်တရားမျှတစွာလုပ်ပေးမယ် လက်ခံမလား"

ဖြိုးဖြိုးက

"ဘယ်လိုလုပ်မှာလဲ"

"ဒီလိုလေ ကိုယ့်မှာ ငါးဆယ်တန်နှစ်ရွက်ရှိတယ် လက်တစ်ဖက်မှာ တစ်ရွက်စီကိုင်ပြီး နောက်ပစ်ထားမှာ ပန်းနုနံ့သာကြိုက်တဲ့အရွက်ကိုရွေး. . . အဲ့ဒီလိုရွေးပြီးရင် အက္ခရာနံပါတ်ရဲ့ ကပ်နေတဲ့ ဂဏန်းတစ်လုံးနဲ့ ကျွန်တော်ရတဲ့ ဂဏန်းတစ်လုံးကို အကြီးအငယ်ပြိုင်မယ် ငယ်တဲ့လူကရှုံးပေါ့။ ဒီပွဲမှာနိုင်ရင် နိုင်တဲ့လူတောင်းတဲ့ လျော်ကြေး ဒါမှမဟုတ် နိုင်တဲ့လူပေးချင်မဲ့ လျော်ကြေးကို ရှုံးတဲ့သူက မဖြစ်မနေပေးရမယ်၊ ခံယူရမယ် ဖြိုးဖြိုးက သက်မှတ်ဒိုင်လုပ်ပေါ့"

"လောင်းကစားနည်းဆိုရင် တို့မိန်းကလေးတွေနဲ့ မဖြစ်ပါဘူးဟာ"

"ဒါလောင်းကစားမဟုတ်ပါဘူး ခေါင်းပန်းလှန်တဲ့ အဆင့်လောက်ပဲ။ ခုခေတ်မှာ အကြွေမရှိတော့လို့ ခေါင်းပန်းလှန်မရတာနဲ့ ဒီနည်းကိုပြောတာ"

"နံ့သာသဘောကကော"

ဖြိုးဖြိုးအမေးကို သူမစိတ်အနည်းငယ်ပါသောမျက်နှာနှင့် ပြန်ကြည့်



ရှင်း. . .

"သဘောပဲ"

"တကယ်စိတ်ပါမှ လုပ်ပါ ပန်းနုနံ့သာ"

"စိတ်မပါရင် အဲဒီစကားတောင်ပြောဖြစ်မှာမဟုတ်ဘူး"

ပန်းနုနံ့သာစကားအဆုံးမှာ ဖြိုးဖြိုးက မေးလေးငဲ့ပြီး ပွဲစနိုင်း၏။

သူ ငါးဆယ်တန်နှစ်ရွက်ကိုထုတ်ပြီး တစ်ရွက်ကို လက်တစ်ဖက်ထဲစီ ဆုပ်၍ နောက်ပစ်ထားလိုက်၏။

"ကဲ ပန်းနုနံ့သာ ဘယ်လက်ထဲက အရွက်ယူမလဲ ညာလား ဘယ်လား"

"ညာလက်ပဲကောင်းတယ် ညာပေး"

ညာလက်ထဲမှ အရွက်ကို သူထိုးပေးလိုက်၏။ သူမယူပြီး ဖြိုးဖြိုးနှင့်နှစ်ယောက်ကြည့်နေကြစဉ် သူက သူရသောအရွက်ကိုကြည့်၏။ အက္ခရာနားမှဂဏန်းတစ်လုံးမှာ ခုနစ်ဂဏန်းဖြစ်နေလေပြီ။

"ဘယ်လောက်ကျသလဲ"

သူမနှင့် ဖြိုးဖြိုးတို့၏ ပြုံးလဲ့လဲ့အမေး။

သူ လက်ခုနစ်ချောင်းထောင်ပြလိုက်၏။ သူမတို့နှစ်ယောက် နှုတ်ခမ်းတွေဟ၊ မျက်လုံးတွေပြူးပြီး ခေါင်းချင်းဆိုင်တွတ်ထိုးကြ၏။ သူက

"ဘယ်လောက်ဂဏန်းလဲ ခုနစ်ထက် ကြီးလားငယ်လား"

ပန်းနုနံ့သာ ပုခုံးတစ်ဖက်တွန့်ပြပြီး သူ့ထံပိုက်ဆံပြန်ပေးရင်း

"ငါး ဂဏန်းဖြစ်နေတယ် ရှင်ညာပေးတာမဟုတ်လား"

"မဟုတ်ပါဘူး အမှန်အကန်ပေးနေတာမဟုတ်လား"

ဖြိုးဖြိုးကပါဝင်၍

"ဟာ ကျုပ်လဲကြားပါတယ်၊ နံ့သာက ညာပေးဆိုတော့ ရှင်ညာပြီးပေးလိုက်တာမဟုတ်လား၊ ရှင့်ပိုက်ဆံဆိုတော့ ရှင်သိပြီးသားနေမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ညာလက်ထဲကပေးဆိုလို့ပေးတာပါ ညာချပြီးပေးတာမဟုတ် ဘူး ကျွန်တော့်ပိုက်ဆံပေမယ့် မကြည့်ရသေးပါဘူး၊ ကြည့်ပြီးရင်လဲ ဘယ် အရွေးခံပါ့မလဲ ရော့ဆိုပြီးထိုးပေးလိုက်မှာပေါ့"

"တကယ်မညာဘူးပေါ့"

"တကယ်မညာဘူး"

ဖြိုးဖြိုးက ပန်းနုနံ့သာဘက် လှည့်ကြည့်ရင်း မျက်ခုံးပင့်ပြ ပန်းနုနံ့သာ သက်တံ့လေးလှန်ထားသလို ပြုံး၏။ ပြီးမှ

"နံ့သာရှုံးသွားပြီဆိုတော့ ဘာလုပ်ရမလဲ"

"ဒါဆိုရင် ကိုယ်တောင်းတဲ့ လျော်ကြေးကိုပေးရမှာပေါ့ ကြိမ်ဒဏ် သုံးချက်အတွက် နစ်နာကြေးသဘောမျိုး ကိုယ်ပြန်တောင်းမဲ့အရာဟာ..."

သူစကားရပ်ထားလိုက်သောအခါ ပန်းနုနံ့သာ မာန်တက်နေသော အစောပိုင်း ရုပ်လွှာကို ပြေးမြင်လာ၏။ ယခုဖြင့် မာနရိပ်အငွေ့ ငွေ့ငွေ့သော စွန်းရုံရှိသောမျက်နှာ၊ မာန်ရှိန်တွေ သိုဝှက်ထားသောမျက်နှာ ပန်းနုနံ့သာ၏ အပြစ်ကင်းစွာ ဖြူနုနေသောမျက်နှာ သူရှေ့ဆက်ပြောမည့်စကားပေါ်မှာ အာရုံရောက်နေဟန်ရှိ၏။

"ဘာပြန်တောင်းမှာလဲ"

မအောင့်အည်းနိုင်သော ဖြိုးဖြိုးအမေး။

"ကောလိပ်ရောက်ရင်ကိုယ်တောင်းမယ် ခုတော့အကြွေးပေါ့... အကြွေးထားတားတာပြောတာ"

"ဟာ ဟော့မရဘူး အခုပဲတောင်း အကြွေးရှိရင် နံ့သာကနေတင် မှာမဟုတ်ဘူး၊ ဟုတ်တယ်မဟုတ်လား နံ့သာ"

"ဟုတ်တယ် အခုတစ်ခါတည်းပြော"

"ကျွန်တော်နိုင်ထားတယ်လေ တောင်းချင်တဲ့အချိန်တောင်းမှာ



ပေါ့...မဟုတ်ဘူးလား"

သူမတို့နှစ်ယောက် မျက်လုံးချင်းဆိုင်ပြီး သက်ပြင်းချစဉ် စိတ်ထဲမှာ တတရားကို သူကျေးဇူးတင်နေမိ၏။

၃ ၃ ၃

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ကျောင်းဖွင့်သော တစ်မနက်စောစောမှာ သူအိပ်ကောင်းခြင်း နေဆဲ အဒေါ်ဖြစ်သူလာ၍နှိုး၏။ ဦးလေးခေါ်နိုင်းခြင်းဖြစ်ကြောင်းပြော၏

သူနှင့်အဒေါ်မှာ ဆွေးမျိုးအရင်းအချာ။ အဒေါ်၏ ခင်ပွန်းမှာ အဒေါ်နှင့်စပ်မှ တော်ခွင့်ရသော ဦးလေး။ နယ်မြို့မှ သူ့မိဘတွေကျောင်း လာထားပေးသဖြင့် ဦးလေးတို့ အုပ်ထိန်းမှုမှာ သူရှိနေရ၏။

ဦးလေးသည် ဆည်မြောင်းဦးစီးဌာနမှ အဆင့်မြင့်ရာထူးဖြင့် အလုပ် လုပ်နေသူဖြစ်ပြီး တစ်နေ့၌ ဦးလေးအထက်မှအရာရှိတစ်ယောက်ကိုစွက် ဦးလေးကူညီခွင့်ရရှိခဲ့၏။

အကြောင်းမှာ ယနေ့မနက်စောစော ရောက်ရှိလာသော ကောင်း လေးတစ်ယောက်ကြောင့်သာ။

''မျက်နှာသစ်၊ ပြင်ဆင်စားသောက်ပြီးရင် ကျောင်းသွားဖို့ပြင်''

ဧည့်ခန်းမှာထိုင်နေသော ဦးလေးစကားကို မျက်ချေးကုတ်ရင်း သူခေါင်းညိတ်အပြ။ တစ်ဖက်ဆိုဖာဆက်တီမှာ ထိုင်နေသော အဖြူအစိမ်း ကျောင်းဝတ်စုံနှင့် ကောင်မလေး သူ့ကိုလှမ်းကြည့်နေတာ တွေ့လိုက်ရ၏



အသားအရေဝါဝင်းညက်ညောပြီး ဆံပင်ဖြောင့်ဖြောင့်စင်းစင်းလေး တွေ နဖူးပေါ်အုပ်ဝဲကျနေသည့်ပုံစံ၊ ဖောင်းကာစ်ချင်သော ပါးနှစ်ဖက်မှာ တ်ခမ်းဖူးလေး နီတျာတျာနှင့် ထူးခြားဆုံးမှာ ရွှန်းရွှန်းစားစားနှင့်ကြည့်တတ် သော မျက်လုံးရွဲကြီးတွေပင်။

ဦးလေး ခိုင်းသည့်အတိုင်း မိနစ်နှစ်ဆယ်အတွင်း သူအားလုံးလုပ် ိုင်ပြင်ဆင်ပြီးသွား၏။ ဦးလေးနှင့်ကောင်မလေးတို့ အပြန်အလှန်ပြောနေ သာလေသံသည် မကြားတစ်ချက်ကြားတစ်ချက်နှင့် နားထောင်နေရ၏။

''တီတီ ဘာမှအားမငယ်နဲ့ သိလား။ တီတို့ဒက်ဒီက နာမည်ကြီး ကျောင်းတွေထားနိုင်ပေမယ့် အလုပ်သိပ်များတော့ ကြိုဖို့ကိစ္စက မလွယ်ဘူး။ ီးနားနားကျောင်းထားပေးတာ တီတို့ဒယ်ဒီအလုပ်ကလဲ အထက်အမိန့် တိုင်းပြောင်းဆိုပြောင်း ရွှေ့ဆိုရွှေ့တော့ ဒီလိုပဲ ဖုတ်ပူမီးတိုက်အခြေအနေနဲ့ ီတို့ကို ကျောင်းအပ်ပေးရတာပဲလေ၊ မနေ့က တီတို့ဒယ်ဒီနဲ့ ဦးတို့လိုက်အပ် တာ အဆင်ပြေပါတယ်၊ အဲဒီကျောင်းကို တီတီသဘောကျတယ် မဟုတ် ား''

''မသိသေးဘူး တက်ကြည့်ရဦးမှာပဲ ဆိုတော့ ဆိုမယ် မထင်ပါဘူး ျာ်စရာကောင်းမှာပါ''

ရှင်ချိုသံစဉ်။ ကျောင်းစာသင်တာပင် အပျော်ရှာချင်သေးဟန်ရှိ လေး၏ အထက်လူကြီးလူကောင်း၏ သမီးကို သူညီမလေးလို၊ အမလို ာင့်ရှောက်ဖို့ ဦးလေးမှာကြားနေသည်မှာ တစ်နာရီ။

ဦးလေးက–

''လောလောဆယ် မိန်းခလေးအဖော်မရှိသေးလို့ မင်းကို တစ်ပတ် ီတိ သူ့ကားနဲ့လာခေါ်မှာပဲ၊ လိုအပ်တာမင်းကူညီရမယ်၊ သမီး တီ ူတာ သမီးရဲ့အဖော် သူငယ်ချင်းအသစ်ပဲ''

သူမ သူ့ကို လှမ်းပြုံးပြရ၏။

www.burmeseclassic.com

www.burmeseclassic.com



"တီတီ ဒီနေ့မှ ကျောင်းတက်မှာ အစမ်းစာမေးပွဲလဲနီးနေပြီ ဒ
မလိုက်နိုင်တဲ့စာတွေ မင်းဂရုတစိုက်နဲ့ ကူးပြီးရေးဖြည့်ပေးလိုက်၊ လိုအပ်တာ
တွေ တစ်ခုမကျန် လိုက်လုပ်ပေးရမယ်နော် ဘုန်းထွဋ်"

"ဟုတ်ကဲ့ ဦးလေး"

"ကဲ ကျောင်းချိန်နီးနေပြီ သွားကြတော့"

ဒရိုင်ဘာဦးလေးကြီးတစ်ယောက် မောင်းပို့သောသူမ၏ အိမ်
ကြွေဖြူရောင် ဗီမ်ခံကားငယ်လေးဖြင့် သူလိုက်သွားရ၏။ လမ်း၌

"ယူ ကျောင်းတက်ရတာ ပျော်သလားဟင်"

"ပျော်ပါတယ်၊ နောက်ဆို တီတီလဲ ကျိမ်းသေပျော်လာမှာ
ကျွန်တော့အသိ မိန်းကလေးတွေနဲ့ မိတ်ဆက်ပေးထားမယ်လေ"

"ယူ့မှာ မိန်းကလေးသူငယ်ချင်း ဘယ်နှယောက်ရှိသလဲ"

"တစ်တန်းလုံးပြောရင် ရမလားပဲ"

သူမ ခပ်လျော်လျော်ရယ်လေ၏။ သူက သူမကို

"ဘယ်နယ်ကပြောင်းလာတာလဲ"

"ပြည်"

"ဒီကိုရောက်ဖူးလား"

"ခဏ ခဏရောက်ဖူးတယ်၊ အမျိုးတွေ အများကြီးရှိတယ်...
ဒါပေမယ့် ဒက်ဒီက မသွားနိုင်ဘူး"

ဘာဖြစ်လို့လဲဟု ယောင်ပြီး မေးမိမလိုဖြစ်ပြီးမှ လည်ချောင်းထဲ
မျိုချလိုက်ရ၏။ ကိုယ်နှင့်မဆိုင်သော မေးခွန်းမို့ပင်။

"တီတီကျောင်းပြောင်းတာ တော်တော်နောက်ကျတယ်နော်"

ဖြူနုနုမျက်နှာပေါ်မှာ ဝဲကျနေသော ဆံနွယ်စင်းစင်းတွေ သူ
ရင်းမေးလိုက်ခြင်းဖြစ်၏။ သူမက ဆံနွယ်တွေကို သပ်တင်ပြီး...

"ဒယ်ဒီ့တာဝန်ကြောင့်ပါ ပြောင်းမိန့်ကျလာတာနဲ့ 'အိုင်'လည်း



သာတာလေ၊ မတတ်နိုင်ဘူး လုပ်သလိုမဖြစ် ဖြစ်သလိုပဲလုပ်ရမှာပေါ့"

"စာတွေကို သူငယ်ချင်းတွေနဲ့ ဝိုင်းကူပေးရင်ရပါတယ်၊ တီတီ
သင်ပြီးသွားတဲ့စာတွေမလိုက်နိုင်မှာပဲ တွေးပူတယ်"

"ရပါတယ်၊ တစ်ဘာသာကို ဆရာတစ်ယောက်နှုန်းနဲ့ ခွဲဝိုင်း
သင်တာပဲ၊ ခု ယူတို့ရောက်နေတဲ့ လတ်ဆင်ထက် နှစ်ခုစာလောက်တောင်
အိုင် သင်ခဲ့ပြီးပြီ"

"ဒါဆိုကောင်းတာပေါ့"

"ဒါနဲ့ ယူ့နာမည်က ဘုန်းထွဋ်နော်"

"ဟုတ်တယ်၊ မကောင်းဘူးလား"

"ရိုးပေမယ့်ကောင်းပါတယ်၊ အိုင့်နာမည်ကော ယူသိလား"

"ဟုတ်သားပဲ၊ ဦးလေးကသာ မှာချင်တာမှာနေတာ၊ ဒါကိုတော့
သူမေ့နေခဲ့တယ်"

"ကိစ္စမရှိပါဘူး၊ သူသိချင်ရင်ပြောမှာဒပ့်"

"ပြောပါ၊ သိချင်ပါတယ်"

"ပန်းတိမ်လွှာ"

သူ့အာရုံမှာ ပန်းနုနုံ့သာပုံရိပ်တွေ ဖြန့်ကြက်သွား၏။ ဟိုက
ပန်းနုနံ့သာ သူက ပန်းတိမ်လွှာ၊ ရှေ့စာလုံးခြင်းဆင်ပြီး နောက်စာလုံး
များမှာ အဓိပ္ပါယ်ကွဲပြားသည့် နာမည်နှစ်ခု။

တစ်မျိုးစီဆွဲဆောင်မှုရှိသော အလှတရားနှစ်ခု။

"ဘာလဲ အိုင့်နာမည်က ဒီခေတ်နဲ့ဆို ရိုးသွားတယ်ထင်လို့လား"

"မဟုတ်ပါဘူး၊ ရိုးပေမယ့် ကောင်းပါတယ်"

"စိတ်ပျက်ဖို့လား"

"တကယ်ပြောတာပါ၊ နာမည်လှတယ်"

"လူကတော့မလှဘူးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အားလုံးပြည့်စုံပါတယ်၊ ဘုရားစူး"

သူက ခပ်လျောင်လျောင်ရယ်ပြန်၏။ မကြာမီ ကျောင်းရှေ့နား ရောက်လာ၏။

ကျောင်းဝင်းထဲကားဝင်၍မရ၊ အပြင်ဖက်လမ်းထောင့်ရပ်ရန် နေရာ ကားကို ထိုးဖို့ သူညွှန်ပြရ၏။

ပြီးလျှင် သူနှင့် ပန်းတိမ်လွှာတို့ဆင်းလျှောက်ကြ၏။

ပန်ဒါဝက်ဝံရုပ် ကျောပိုးအိတ်ကလေးနှင့် စတိုင်(လ်)ကျကျဆင် လာသည့် သူမကို သူနှင့်တွဲလာတာတွေ့လိုက်ရသော ကျောင်းသားကျောင် သူများ အထူးအဆန်းပမာ ဝိုင်းငေးကြ၏။

သူမကတော့ အားလုံးကို သစ်ပင်၊ သက်မဲ့၊ ဒြပ်ထုဟု ထင်မှတ် ထားလေသလားမသိ။ သူမ နယ်မှာနေခဲ့သော ကျောင်း၏အကြောင်း မှဆိုးဖိုဖြစ်ခဲ့သည့် သူမဖခင်နှင့် အိမ်တွင်းရေးအကြောင်းတွေ တစ်လမ် လုံး ပြောလိုက်လာ၏။

ကျောင်းပေါ်ရောက်သောအခါ . . .

"ပန်းတိမ်လွှာကို မနေ့က ဘယ်အခန်းကျတယ်လို့ ဆရာမ ပြောလိုက်သလဲ"

"အေခန်း"

သူထင်ထားသည့်အတိုင်း ကွက်တိ။ ကွက်တိမကျသေးသည် သူမနေရာ။

သူ အခန်းထဲဝင်လိုက်သောအခါ လူတွေစုံလင်စပြုနေတာ တွေ့ ရ၏။ သူတို့နှစ်ယောက်ဝင်လာတာကို နောက်တန်းမှ မောင်မောင်တင်တို့ အဖွဲ့မှာ သူ့ထက် ပန်းတိမ်လွှာကိုယ်ပေါ် ပိုက်စိပ်ယှက်သန်းလျက်။

သူ ဝါဝါမွှေးဆီ တန်းတန်းမတ်မတ်လျှောက်သွားလိုက်စဉ် ပန်း တိမ်လွှာ ကပ်ပါလာ၏။



"သူ့နာမည်က ပန်းတိမ်လွှာတဲ့၊ မနေ့က ကျောင်းအပ်ပြီးပြီ၊ ကျေးဇူးပြုပြီး သူ့အတွက် နေရာလုပ်ပေးပါဦးလို့ အမျိုးသမီးအသင်းခေါင်း ဆောင် မဝါဝါမွှေးကို အကူအညီတောင်းခံအပ်ပါတယ်"

ခနဲ့သံစွက်သော သူ့လေသံကို ဝါဝါမွှေးက မျက်စောင်းနှင့်တုံ့ ပြန်ရင်း ပန်းတိမ်လွှာဘက် အပြုံးဖွဲ့၍ . . .

"ညီမ ဘယ်ရိုး(လ်)ကိုကြိုက်သလဲ၊ လူကတော့ပြည့်နေပြီ၊ ရှေ့မှာ ထိုင်ချင်ရင်တော့ အလယ်ရိုး(လ်)က ခပ်ပပထွန်းနေရာလွတ်တယ်၊ ကျန်း မာရေးမကောင်းလို့ ဒီနှစ်တောင် ခင်ပပထွန်း စာမေးပွဲဖြေဖြစ်မှာမဟုတ် ဘူးလို့ သတင်းကြားတာပဲ"

"အဲဒီနေရာ အတည်တကျထိုင်လို့ဖြစ်မလား"

"ဖြစ်ပါတယ်။ ခင်ပပထွန်းလာမှာမဟုတ်ပါဘူး၊ ဒီက ညီမကို အဲဒီမှာပဲထားလိုက်ပေ့ါ၊ ဆရာမလာရင် ပြောပေးမယ်လေ မဟုတ်ဘူးလား"

ပြောရင်းပင် ဝါဝါမွှေးထရပ်ပြီး အလယ်ရိုး(လ်)ရှေ့ဆုံးခုံမှာ ထိုင် နေသော ဝင်းပပမိုဆီသွား၍ နေရာအတွက်ပြော၏။ ဝင်းပပမိုက လိုလို လားလားပင် ခေါင်းညိတ်ပြ၏။

အဆင်ပြေသွား၏။ ပန်းတိမ်လွှာကိုနေရာချပေးပြီး စာအုပ်တွေ တကူးပေးဖို့ ဝါဝါမွှေးနှင့်ဝင်းပပမိုထံ တဆက်တည်း အကူအညီတောင်း ခံကြည့်ရာ နှစ်ယောက်စလုံး လက်ခံကြပါသည်။

ထိုစဉ်မှာပင် ကျောင်းတက်ခေါင်းလောင်းထိုးသဖြင့် ပန်းတိမ်လွှာ ကို နှုတ်ဆက်၍ အတန်းဆီအပြန် ညာဘက်အစွန်ရိုး(လ်)မှာရှိနေသော ပန်းနုနံ့သာတို့ရှေ့မှ အဖြတ် . . .

"အကြွေးမမေ့နဲ့နော်"

ဟု ပန်းနုနံ့သာနှင့် ဖြိုးဖြိုးကို သူလှမ်းပြောလိုက်၏။

ကော်ရစ်တာပေါ် သူခြေအချမှာ နှစ်ယောက်စလုံး၏

www.burmeseclassic.com



တည်း တုံ့ပြန်သံကြားလိုက်ရ၏။

"သေလိုက်ပါလား"

၄ ၄ ၄

## အခန်း (၁၀)

"ကျိုးကန်းဘဲဥချိုလာတာ ဒီတစ်ခါပဲ တွေ့ဘူးသေးတယ်"

ထင်သည့်အတိုင်း မောင်မောင်တင် စလျောင်၏။

သူ ဘာမျှမပြောဘဲ မြူစိစိဟန်ဖြင့် ကိုယ့်နေရာကိုယ်ဝင်ထိုင်စဉ် စိုးလင်းနိုင်က . . .

"သူခိုးရွှေရ တပြုံးပြုံးမျက်နှာကို မြင်ဖူးသွားပြီဗျို့"

သူ မသိချင်ယောင်ဆောင်နေလိုက်၏။

လှဦးက သမင်လည်ပြန်ကြည့်ရင်း . . .

"မော်ဒယ်(လ်)စတိုင်(လ်)ပဲ ကိုဘုန်းနဲ့ဘာတော်လဲ၊ မောင်နှမလား၊ သားအမိလား"

သူ နှုတ်ဆိတ်ပြီး စာအုပ်ဖွင့်ဖတ်နေလိုက်၏။

ကျော်သိန်းက လှဦးပခုံးကို ဖျတ်ခနဲပုတ်ရင်း . . .

"ဒီလူကြီး မာန်တက်နေတယ်၊ မေးမနေစမ်းပါနဲ့"

သူမလှုပ်။ စာအုပ်ထုတ်ပြီး စာဖတ်နေလိုက်၏။

စိုးမျိုးနိုင်က သူ့အတန်းနားလျှောက်လာပြီး ကြော်[illegible] နှင့် . . .

www.burmeseclassic.com

www.burmeseclassic.com



"ကိုဘုန်း နှလုံးတုန်ပြီး သွေးလေချောက်ချားနေသလား၊ ကော်ပန်သွေးပုပ်ချဆေးကိုစား"

သူ လှန်၍ပင်မကြည့်။ စာထဲမှာ အပြည့်အ၀အာရုံရှိဟန်ဖြင့် မောင်မောင်တင်က . . .

"ဒီလူ အချိုးပြောင်းသွားပြီကွ၊ တို့ကိုတောင် စကားမပြောတော့ဘူး၊ ရတယ်လေ၊ ဟေ့ တို့အားလုံး ဒီလူ့ကို ဘာစကားမှပြန်မပြောနဲ့တော့၊ မဆက်ဆံနဲ့တော့၊ ဘယ်လိုလဲ"

လှဦးထအော်၏။

"အဆင့်သင့်ပဲဟေ့"

ကျော်သိန်းနှင့်စိုးမျိုးနိုင်က ခေါင်းညိတ်၏။ စိုးလင်းနိုင်က . . .

"ဒါ အကောင်းဆုံးပဲ"

အောင်သင်းလတ်က ဘာမဆိုင်ညာမဆိုင် သီချင်းတဆို၏။ "မုန်ရစ်လေဦး" သီးချင်းမှစာသားကို နှာသံလေးဖြင့် . . .

"အချစ်ဆိုတာ. . . သံချောင်းလိုလဲ ပြန်ရောင်းမရပါ. . . ဟုတ်ပါသလား. . . သက်လျာဖြေစမ်းပါ. . . ဟာ. . . မဖြေသာဘူး. . . ဟူး. . . ဟူး. . ."

ကျောင်းတက်ခေါင်းလောင်းထိုးသံကြားမှ အသံတိတ်တော်မူ၏။

၀ ၀ ၀

စာရေးကောင်းနေမှ ဘောပင်လ်မင်ကုန်သွား၏။ တစ်ချိန်လုံးစကားမပြန်သောနည်းဖြင့် နေလာခဲ့ရာမှ မနေသာနိုင်တော့။

"စိုးလင်းနိုင် ဘောပင့်(လ်)အပိုပါလား"

ပြန်မပြော။ ဆရာမ ဘလက်ဘုတ်မှာ ရေးပေးနေသော စာကို





အထူးအာရုံစိုက်နေဟန်ဖြင့် စိုးလင်းနိုင် လိုက်ကူးနေ၏။

"လှဦး. . . ရွှတ်ရွှတ်"

လှဦး လှည့်ကြည့်၏။

"ဘောပင်(လ်)ပါလား"

လက်ခါပြ၍ ပြန်လှည့်သွား၏။

"ကျော်သိန်းကော"

အရေးပင်မလုပ်"

"စိုးလှမြင့်ရေ ဘောပင်(လ်)အပိုမပါဘူးလား"

မျက်နှာလွှဲသွား၏။ မိုးဟိန်းကျော်က ပိုသာဆိုး၏။ နောက်တန်းမှလူတွေဆိုငှားမရ။ ရှေ့ထွက်ငှားလျှင် ဆရာမနှင့်တိုးမည်။

"မောင်မောင်တင် ဘောပင်(လ်) အပိုမပါဘူးလား"

မောင်မောင်တင် လေတိုးတိုးထချွန်၍ စာကူးနေပြလိုက်၏။ တဆက်တည်း အောင်သင်းလတ်ကို မေးလိုက်၏။

စာသင်ဆောင်အမိုးပေါ်ကို မော့ကြည့်နေ၏။ သဘောကတော့ မကြားချင်ယောင် မသိချင်ယောင်ဆောင်နေပြခြင်းပင်။

သူ စိတ်ပျက်စွာဖြင့် (ဆရာမ စာရေးနေတာလှမ်းကြည့်ပြီး) မင်ကုန်နေသောဘောပင်(လ်)ကို စာအုပ်ပေါ်ပစ်ချလိုက်၏။

သူတို့ဆီကအကူအညီပြန်ရအောင် ဘယ်လိုလုပ်ရမလဲ။ သူရောက်စက စကားမပြောချင်၍မဟုတ်။ ဟိုမေးသည့်မေးဖြင့် ထင်ရာမြင်ရာတွေ ရှုပ်ပြီး ပြဿနာထုပ်တွေဖြစ်လာမှာစိုးလို့ စကားနည်း ပြဿနာစဲအောင် နေပြခြင်းပင်။ ခုဖြင့်အခက်။ ထို့ကြောင့် . . .

"ကျောင်းသူအသစ်လေးနာမည်က ပန်းတိမ်လွှာဆိုတာ . . . အားလုံး ဆရာမနည်မည်ခေါ်ပြီးလို့ သိပြီးပါပြီနော်၊ ကျောင်းသူအသစ် . . . ကျွန်တော့်ဦးလေးရဲ့အထက်အရာရှိသမီး၊ ပြည်ကပြောင်းလာတာ . . .

www.burmeseclassic.com



နေရာက ခုလောလောဆယ် ကျွန်တော်လည်းမသိဘူး၊ ဒီကလူတွေအားလုံး ဆောင်နှမစိတ်ဓာတ်နဲ့ ကျောင်းသူအသစ်လေးကို ခင်မင်ချင်ကြတယ်ဆိုတာ ကျွန်တော်သိပါတယ်၊ သက်သက်မဲ့နောက်ပြောင်ချင်လို့ တမင်အိုက်တင်ခံ နေခဲ့မိတာပါ၊ စိတ်မရှိကြပါနဲ့၊ ပန်းတိမ်လွှာမှာ လိုနေတဲ့ဘာသာရပ်တွေရဲ့ မှတ်စုနဲ့ လေ့ကျင့်ခန်းတွေကူးဖို့ ဒီကအဖွဲ့ထဲမှာ ကူညီပေးရင်းနဲ့ ခင်မင်ချင်တဲ့သူရှိရင် ကျွန်တော် ဆက်သွယ်ပေးပါ့မယ်၊ ကျွန်တော်က ရိုးရိုးသားသားပါ၊ ဘောပင်(လ်)တစ်ချောင်းလောက် သူငယ်ချင်းစိတ်နဲ့ ကူညီကြပါ"

"ရော့ မစွတာဘုန်းထွဋ် ခရော့စ်ဘောပင်(လ်)ယူ"

မောင်မောင်တင်၏ အစဦးဆုံးလေသံ။

"မယူနဲ့၊ သူ့ဟာအဟောင်းကြီး၊ ငါ့ပတ်ကားဖောင်တန်ယူ"

"ဒီရေမွှေးဘောပင်(လ်)ယူ"

"ဒီဘောပင်(လ်)က အကောင်းစားယူအက်(စ်)အေက လုပ်တာ ဒါယူထားလိုက်"

ပေးသမျှ သူယူထားလိုက်ပြီး ရေတွက်ကြည့်သောအခါ အချောင်း နှစ်ဆယ်နီးပါး ဖြစ်သွား၏။

(ပန်းတိမ်လွှာအတွက်ကြောင့်ရရှိလာသော မမျှော်လင့်မှုတွေရဲ့ ရလဒ်ဟာ တကယ့်ကို အံ့ဩစရာပါပဲ)

သူတို့ရဲ့ ဒသမတန်း(အေ)ခန်းထဲမှာ ပန်းနှစ်ပွင့်ပွင့်လာခဲ့လေသည်။ ထို့ကြောင့် ပေါက်ဖွားလာခါစလိပ်ပြာလေးတွေမှာ ဟိုဟိုဒီဒီပျံခဲ လူးခတ်နေရာမှ လမ်းကြောင်းတစ်ခုအပေါ်ကို တောင်ပံဖြန့်လာခဲ့ကြပါသည်။ ထိုအထဲမှာ လိပ်ပြာတစ်ကောင်မှာ . . .

သူတက်သောကျူရှင်ကို ပန်းတိမ်လွှာလိုက်မတက်ဖြစ်တော့။ သူမ အိမ်၌ ဆွဲဝိုင်းထား၏။ သူမကျောင်းတက်ပြီး နောက်တစ်နေ့ညနေ၌ သူ ကျူရှင်ရောက်သောအခါ ဖြိုးဖြိုးနှင့် ပန်းနုနံ့သာအတွဲနှင့် ကျူရှင်လမ်းထိပ်



သွားဆုံ၏။

သူ့ကိုတွေ့မှ မျက်နှာများမာသွားကြ၏။ သူက . . .

"မနေ့က အီကွေးရှင်းတွေသင်တာ နည်းနည်းနားရှုပ်သွားလို့ နံ့သာသိရင် ရှင်းပြပေးပါလား။ တီးစင်တာမှာထိုင်ရင်းနဲ့ပေါ့၊ ကျူရှင်နာရီ ဝက်တောင် လိုသေးတယ်"

"ဒီမှာလည်း နားမလည်ဘူး၊ ရှင်းချင်ရင် ဆရာ့ဆီသွားရှင်း"

"မရှင်းချင်လည်း တစ်နေရာထိုင်ပြီး စကားပြောရအောင်"

"အချိန်မရဘူး၊ စာကျက်ရဦးမှာ"

"အိမ်ရောက်မှ ကျက်ပေါ့"

"အချိန်တိုင်း၊ နေရာတိုင်းကျက်တယ်၊ ကြိုးစားနိုင်မှတော်ကာကျမယ်၊ ဒသမတန်း(အေ)ရဲ့ အဆင့်တစ်သရဖူကို လုဖို့ ပြိုင်ဖက်တွေရှိလာပြီလေ၊ အရင် တစ်ယောက်တည်း။ ခု နှစ်ယောက်တောင် သူ့ကျောင်းနဲ့သူမှာ နံပါတ်တစ်တွေချည်းပဲ"

ဘုန်းထွဋ်က . . .

"အဲဒီ့ထဲမှာ ငါများပါလားလို့"

ပန်းနုနံ့သာက . . .

"သေလိုက်ပါလား၊ မြောင်းထဲမှာသွားရှာ"

"ကိုယ်သိပါတယ် နံ့သာရယ်၊ ဝါဝါမွှေးနဲ့ပန်းတိမ်လွှာကို ပြောတာပါ၊ ကိုယ်ကတော့ ရမယ့်လူတစ်ယောက်ကို ထင်ကြေးပေးထားတယ်"

ပန်းနုနံ့သာက အေးစက်သောလေသံဖြင့် . . .

"ဘယ်သူလို့ရှင်ထင်သလဲ"

ဖြိုးဖြိုးက နားစွင့်လျက် . . .

"ပိုးဟပ်ဖြူ"

ပန်းနုနံ့သာ သူ့ကို လက်သီးဖြင့်ဆုပ်ပြီး လိုက်[illegible]

www.burmeseclassic.com



"ဟော့ နံ့သာ ဟာ လမ်းမကြီးပေါ်မှာလေ သတိထားဦး"

"သေနာဘုန်းထွဋ် ငါ့ကို ပိုးဟပ်ဖြူလို့မခေါ်နဲ့၊ နင်သာ ဆင်ခြေတုံး"

ပန်းနုနံ့သာ ခြေဆောင့်ပြီး ရှေ့မှ သွက်သွက်လျှောက်ထွက်၏။ ဖြိုးဖြိုးက အမီလိုက်ရင်း . . .

"နင်ကလည်း လိုက်စ,နေတာပဲ သူ့ကိုလာမစနဲ့၊ နင့်ဟာနင်ပြန်စ"

"ဘယ်ဟာကိုပြန်စရမှာလဲ"

"မသိရင်လည်း လဲသေလိုက်ဟော့"

"ဟ မနွယ်တူးဟာ၊ ကျောင်းသားကျောင်းသူအချင်းချင်းတွေ မောင်နှမစိတ်ဓာတ်နဲ့ မောင်နှမတွေပါဟာ၊ ပန်းတိမ်လွှာဟာ ငါတို့ဦးလေးရဲ့ အထက်လူကြီးသမီးဟ၊ ဒါပဲ"

"ဒီအကြောင်းကို နင့်ကို ဘယ်သူမှမမေးဘူး"

"မြန်မာစကားများတယ်ခက်တာပဲ၊ ငြိမ်နေပြန်တော့လည်း ဟုတ်လို့ငြိမ်နေတယ်ထင်ဦးမယ်၊ ထ,ငြင်းနေပြန်တော့လည်း အိုးမလုံအုံပွင့်တယ် အပြောခံရဦးမယ်၊ ဘယ်လိုနေရမလဲ၊ ဘယ်လိုပြောရမလဲ. . . ကဲ"

"ဘယ်လိုမှမပြောနဲ့၊ တရုတ်လို တွေ့ပုချို၊ ဘိုလိုဆောရီးပဲ မြန်မာလိုဝမ်းနည်းပါတယ်၊ နင်သွားတော့ ဘုန်းထွဋ်၊ တို့သွားမယ့်လမ်းမှာ ကန့်လန့်ဖြတ်ဝင်မလာနဲ့၊ အကုန်တိုက်ပစ်မယ်"

"စိတ်လျှော့ နံ့သာ၊ မင်းကို ပန်းတိမ်လွှာနဲ့ ကိုယ် မိတ်ဆက်ပေးဦးမယ်"

"ပြိုင်ဘက်ကို လက်ဆွဲနှုတ်ဆက်တာမျိုး ငါမလုပ်တတ်ဘူး"

"မလုပ်တတ်ရင် ကိုယ်သင်ပေးမှာပေါ့"

"အပေါစားပြက်လုံးတွေနဲ့ လာမလုပ်နဲ့"



"ဖဲ့လှချည်လား နံ့သာရယ်၊ နင်ဆက်ပြောရင် ငါ့ပုလဲတွေ မြေခကုန်လိမ့်မယ်"

"သွားစမ်းပါ"

"ဒီမှာလေ"

"သူ့သွားကို သူ့လက်နှင့်စမ်းပြလိုက်၏။

"အဲ့ဒီလိုပုံစံတွေကြောင့် နင့်ကို ငါမုန်းနေတာ"

"ငါတော့ နင့်ကို. . . နင့်ကို. . ."

ပန်းနုနံ့သာ ဆတ်ခနဲလှည့်ကြည့်လိုက်၏။

"ဟို. . . ဟို. . . ခင်ပါတယ်ဟာ"

တိုးနစ်တိမ်ဝင်သွားသော သူ့လေသံ။ ခေါင်းငုံ့ပြီး ပြန်အမော့မှာ သူတို့မရှိတော့။ ကျူရှင်ခန်းထဲ ဝင်သွားကြလေပြီ။

တွေးမရတဲ့ကဗျာ

သူမရင်ထဲမှာ ရှိ

မျက်လုံးတွေနဲ့ သိခဲ့။

ပန်းတိမ်လွှာ၏စောင့်ရှောက်မှုပေးရသော သူငယ်ချင်းသက်တမ်းကုန်ဆုံးတော့မည်။ တစ်နေ့မနက်ခင်း၌ ကျောင်းသို့အသွား ပန်းတိမ်လွှာ၏ ကားပေါ်၌ . . .

"ဘယ်လိုလဲ၊ ကျောင်းတက်ရတာပျော်ရဲ့လား"

သူ့အမေးကို သူမ ပြုံးပြုံးလေးခေါင်းညိတ်ပြီးလျှင် မျက်နှာလေးပြန်တည်ရင်း အသာအယာခေါင်းယမ်းပြ၏။

သူနားလည်ရခက်စွာနှင့် မေးခွန်းတစ်ခု ထွက်မလာခင် . . .

"အဖော်ကောင်းကောင်းတွေတွေ့လို့ ပျော်ပါတယ်၊ စာသင်တဲ့ ဆရာမတွေလည်း သိပ်ကောင်းတယ်၊ အဆင်မပြေတာလေး နည်းနည်းတော့ ရှိတာပေါ့ ဘလှဲရင်ပေါ့"

www.burmeseclassic.com



"အဆင်မပြေတာရှိရင်ပြောလေ၊ ကျွန်တော် ကူညီရမယ့်တာဝန်ရှိတယ်"

"ကူညီရမယ့်အဆင်ပြေမှုမဟုတ်ပါဘူး၊ ဒါပေမဲ့ ယူ့အမြင်တော့ နည်းနည်းလိုအပ်တယ်"

"ပြောပါ၊ ကူညီဖို့အဆင်သင့်ပါပဲ"

"ပန်နုန့်သာနဲ့ ယူ တော်တော်ခင်လား"

"အသင့်အတင့်ပါပဲ"

"ဝါဝါမွှေးကိုကော"

"ဒီလိုပါပဲ"

"သူတို့နှစ်ယောက်က တစ်မျိုးပဲနော်"

"ပန်းတိမ်လွှာနဲ့ သူတို့ တစ်ခုခုများ အဆင်မပြေတာ ရှိနေသလား"

"ရှိတယ်ပြောရင်လည်းရတယ်၊ မရှိဘူးပြောရင်လည်းရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့က အိုင့်ကို လိုက်ပြိုင်နေသလိုပဲ၊ တကယ် အိုင်တော့ ဒီလိုပဲခံစားရတယ်"

"ပန်းတိမ်လွှာ ပြောင်းလာတဲ့ကျောင်းမှာ ပန်းတိမ်လွှာက အမြဲတမ်း အဆင့်တစ်ရခဲ့တယ်ဆို"

"ဟုတ်တယ်၊ အဲ့ဒီအချက်က သူတို့နှစ်ယောက်အတွက် မျက်မှန်ကြီးစရာဖြစ်နေမလားပဲ၊ အိုင့်ကို အမြဲတမ်းကြည့်နေတတ်တဲ့ သူတို့ မျက်လုံးတွေထဲမှာ သူတို့အတွင်းစိတ်ကို တွေ့နေရတယ်၊ ခပ်ညှံ့ညှံ့မိန်းမတွေလို ကိုယ့်ကို စောင်းချိတ်ချင်တဲ့စကားတွေ သူတို့နှစ်ယောက် တစ်ယောက်တစ်ဘာသာစီ ပြောပြောနေတာများလာပြီ၊ ယူ့ကိုတောင် မပြောဖြစ်မိဘူး"

"ဒီလိုရှိပါလိမ့်မယ်၊ ကျောင်းစာနဲ့ပတ်သက်ရင် သူတို့ဟာ ပိုးဟပ်



တွေလိုပဲ စာအုပ်တွေအကုန်ဝါးပြီး အဆင့်တစ်ဆိုတဲ့သရဖူကို ရထားတဲ့သူတွေဆိုတော့ အခု ဒသမတန်း(အေ)ရဲ့ သရဖူအတွက် သူတို့ ယှဉ်ပြိုင်ချင်လို့ ယှဉ်ပြိုင်ဘက်ကို အားစမ်းကြည့်တာလည်းဖြစ်မှာပေါ့"

"အားစမ်းတာကလည်း ဒီကကို ဘိုစိတ်ပေါက်ပြီး ဘိုရူးဆန်ဆန်နေတတ်တဲ့မိန်းမလို့ ရှုတ်ချတဲ့အမြင်မျိုး သူတို့ပြောသင့်သလား၊ ဒယ်ဒီသင်ပေးတဲ့ပုံစံခွက်ထဲမှာ အိုင်ထွက်လာတာပဲ၊ ဒါ လွတ်လပ်ခွင့်လေ၊ မဆိုင်ပါဘူး၊ နှုတ်ကျိုးနေတဲ့ကိစ္စတစ်ခုဟာ သူတို့အတွက် ဒီလောက်တောင်မျက်မှန်းကျိုးစရာကောင်းနေသလား"

"သူတို့က မြန်မာဆန်တာကို ပိုမြတ်နိုးလို့နေမှာပေါ့၊ တီတီလို့ခေါ်မယ့်အစား ပန်းတိမ်လွှာလို့ပဲ ကိုယ်လည်းခေါ်ချင်တယ်"

"ရောမမှာနေပြီး ရောမလိုမကျင့်မိတာ အမှားပေါ့"

"အိုင်လို့ပြောမယ့်အစား ကျွန်မလို့ ယဉ်ယဉ်လေးသုံးတတ်ရင် ပိုမကောင်းဘူးလား၊ လွတ်လပ်ခွင့်ကိုပိတ်ပင်တာ မဟုတ်ဘူးနော်၊ လွတ်လပ်ခွင့်ကို အကောင်းဆုံးဖြစ်အောင် လမ်းညွှန်တာ"

"တော်ပါ၊ ယူလည်း သူတို့နဲ့တွဲဖူးလို့ ဘက်လိုက်တဲ့စကားထွက်တာပါ"

"တစ်တန်းတည်းနေကြတဲ့ ကျောင်းသူကျောင်းသားချင်းပဲ ကျွန်တော့်မှာ 'ဘက်'မရှိဘူး၊ လိုက်သင့်လို့လိုက်ရရင်တောင် ပန်းတိမ်လွှာဘက်က ကျွန်တော်နေရမှာပေါ့၊ ကျွန်တော်က ဦးလေးပြောတဲ့ပန်းတိမ်လွှာရဲ့ စောင့်ရှောက်သူသူငယ်ချင်းလေ"

သူမ သဘောကျစွာပြုံး၏။

"ဒါတွေထားပါ၊ ပန်းတိမ်လွှာလည်းဒီမှာပဲ၊ တီတီလည်းဒီမှာပဲ ဒီအပေါ်မှာ သူတို့ကသာ ဖီလင်ဖြစ်နေတာ၊ ဒီက ရင်ထဲမှာ ဘာမှ[illegible] [illegible]နဲ့ ဝါဝါမွှေးက ကိုးတန်းမှာ တစ်မြို့နယ်၊ ပထမရခဲ့ထားတယ်နော် [illegible]

www.burmeseclassic.com



ယှဉ်ရင် ပန်းနုနံ့သာကို တစ်မှတ်တည်းကပ်ရှုံးနေတယ်၊ ဒီနေရာမှာ အံ့ဩစရာကောင်းတာက ဒီကအမှတ်ဟာ ပန်းနုနံ့သာအမှတ်နဲ့ တစ်ထပ်တည်းလာတူနေတာပဲ''

(အိုင်) အစား (ဒီ)ကဟုသောနာမ်စားကို သူမ ပြောင်းလဲသုံးလိုက်တာ သူ သတိပြုမိ၏။ ဝန်းကျင်မြင်ကွင်းတွေထဲမှာ ပုံရိပ် ဖြတ်သန်းစီးဆင်းမှုတွေဆီ အာရုံခဏလဲလှယ်လိုက်စဉ် . . .

''ပန်းနုနံ့သာကို ယူ ဘယ်လိုမြင်သလဲ''

''လှတယ်၊ တော်တယ်၊ မာနကြီးတယ်၊ ဒါပဲ''

''ကျန်သေးတယ်၊ စောင်းတယ်၊ ချိတ်တယ်၊ အတင်းပြောတယ်'' ပန်းတိမ်လွှာလည်း မပြောခဲ့ဖူးဘူးလားဟု သူ မေးမည်ပြင်ပြီးမှ တစ်မျိုးထင်သွားမှာစိုး၍ မမေးဖြစ်။ ပန်းတိမ်လွှာက သူ့မျက်နှာပေါ်မှ စိတ်ခံစားမှုကိုဖမ်းကြည့်နေ၏။ သူ အနေရခက်နေစဉ် . . .

''ဝါဝါမွှေးကိုကော ယူ ဘယ်လိုမြင်သေးလဲ''

''အင်း သူလည်းလှတာပဲ၊ တော်တာပဲ၊ မာနကောရှိချင်ရှိမယ် ဒါပေမဲ့ မာန်တက်တာမျိုးတော့မရှိပါဘူး''

''မာန်မတက်ပေမယ့် ဟန်တော့ပျက်နေတာပဲ၊ သူ့အကြည့်က မြှင်ဘက်တစ်ယောက်ကို အလဲထိုးဖို့ အမြဲတမ်း ကျိတ်ကြံနေသလိုပဲနော်''

သူ အရမ်းကာရော ထောက်ခံချက်မပေးရဲ။ သူ့ထက်သူ လှစွမ်းကောင်းတွေဆင်နွှဲနေသည့်ပွဲမှာ သူဟာ အကဲဖြတ်ဒိုင်လူကြီးတစ်ယောက် မဖြစ်သင့်တာသေချာ၏။ သူ ငြိမ်ချက်သားကောင်းမှုကို သူမ စတင်၍. . .

''မနက်ဖြန်ကစပြီး ပန်းတိမ်လွှာမှာ မိန်းကလေးအဖော်ရှိသွားပြီ မှတ်စုတွေလည်း အတန်းဖော်တွေကောင်းမှုနဲ့ စုံသလောက်ဖြစ်သွားပြီး ယူ မလိုအပ်တော့ဘူး။ နောက်နေ့ကစပြီး ယူ့အကူအညီအတွက် လက်ဆောင်တစ်ခုပေးမယ်၊ ဘယ်လိုလဲ ကျေနပ်ရဲ့လား''



သူ အံ့ဩရိဝေစွာကြည့်နေမိ၏။ သူမ (အားနာမှုမရှိကြောင်းပြသဖြင့် ကူညီမှုကို လက်ဆောင်နှင့်တုံ့ပြန်ပေးလျှင် ကျေသွားခြင်းဟု) လှလှသလေး ထပ်မံ ဘိုဆန်ပြလိုက်တာများလား။

''ယူ ဘာကြည့်နေတာလဲ''

''အံ့ဩလို့ပါ''

''ဒီကစကားကို အံ့ဩတာလား''

''ဟုတ်တယ်''

''ဒီကပြောတဲ့အတိုင်း ယူ ကျေနပ်လို့လား''

''မကျေနပ်လည်း ကျေနပ်ရမှာပေါ့''

''မကြိုက်ဘူး ရက်(စ်)အော်နီးနစ်ခုထဲက တစ်ခုပဲဖြေ''

''ရက်(စ်)ရက်(စ်''

''ယူ့ရဲ့ ရက်(စ်)က အသက်မပါသံကြီးပဲ''

''အသက်ပါသံပေါက်အောင် ဘယ်လိုလေမျိုးတည့်ပြောရမှာလဲ''

''ယူ့ပါးစပ်က ရက်(စ်)ဖြစ်နေပေမယ့် ယူ့ရင်ထဲက နိုးလို့အော်နေတာ ဒီကကြားတယ်ယုံလား''

''နတ်နားရွက်ရှိလို့ နေမှာပေါ့''

''နတ်မျက်စိပါ''

''ဟင့်အင်း၊ ကြားတယ်ဆိုတော့ နားရွက်ပေါ့''

''ကဲပါ၊ ယူမကျေနပ်ဘူးဆိုတာ ဒီကသိပါတယ်၊ မကျေနပ်ရင်အဲဒီအတိုင်း ဒီက ဘယ်လုပ်ပါ့မလဲ၊ မနက်ဖြန်ရဲ့ဆက်ဆံရေးအနေအထားကိုယူဖြစ်ချင်တဲ့ဆန္ဒနဲ့ ပြောပြလေ''

''အရင်အတိုင်းပဲပေါ့''

''ဒါဆိုလည်း အရင်အတိုင်းပေါ့''

နှစ်ယောက်သား ပြုံးရယ်မိကြ၏။ ကြည်နူးစိတ်သည်

www.burmeseclassic.com

www.burmeseclassic.com



လိပ်ပြာ၌ တွယ်ငြိရှိတာ။

"လာမယ့်အစမ်းစာမေးပွဲမှာ ဘယ်သူ အဆင့်တစ်ရမယ်လို့ ရှု ထင်သလဲ၊ ဘက်မလိုက်နဲ့၊ အားမနာနဲ့၊ အမှန်အတိုင်းမြင်နဲ့အထင်ကို ပဲပြော။

"နောက်ဆုံးအဆင့်မှာ လူးလဲရုန်းကန်နေရတဲ့လူက နံပါတ်တစ် ဘယ်သူဖြစ်မလဲ လှမ်းဝေဖန်ပေးရမှာ ရယ်စရာကောင်းနေမလားလို့"

"တစ်ခုတော့ရှိတယ်လေ၊ ပန်းနုနံ့သာဆိုလည်း ယှဉ်နေကာပဲ ဝါဝါမွှေးဆိုလဲ ယှဉ်နဲ့ခင်မင်တာပဲ၊ ဒီကနဲ့လည်း ယှဉ်ခင်မင်နေတဲ့သူပဲ၊ အဆင့် တစ်ဖြစ်ခဲ့တဲ့သုံးယောက်ကို ယှဉ်ပေါင်းကြည့်ပြီးလို့ ရလာတဲ့ထင်ကြေးမျိုး ဒီကလိုချင်တာ၊ ပန်းနုနံ့သာ ဘယ်လောက်ကြိုးစားနေသလဲ၊ ဝါဝါမွှေး ဘယ်လောက်ပြင်ဆင်နေသလဲ၊ ဒီက ဘယ်လောက်အားထုတ်နေသလဲဆိုတာ တာ အသိနိုင်ဆုံးဆိုလို့ ယှဉ်တစ်ယောက်ပဲမြင်လို့ ဒီကမေးတာ"

"ပန်းတိမ်လွှာမေးတာက ဒီသုံးယောက်တည်းက အစမ်းစာမေးပွဲ မှာ ဘယ်သူပထမရလဲဆိုတာမဟုတ်လား"

"ဟုတ်တယ်လေ၊ ယှဉ် ဘယ်သူရမယ်ထင်သလဲ"

သူ အလေးအနက် တွက်ချက်စဉ်းစားနေဟန်ပြုလိုက်၏။ ပြီး ပန်းတိမ်လွှာလက်နှင့် လှမ်းရိုက်ချင်စိတ်ပေါက်သွားသော စကားတစ်ခွန်း ကောက်ပြောချလိုက်၏။

"တော်တဲ့လူရမှာပေါ့"

၀ ၀ ၀

## အခန်း (၁၁)

နောက်တစ်နေ့မနက်ခင်း၌ သူ့အိမ်ရှေ့မှာ ပန်းတိမ်လွှာ၏ကား ကလေး ဆိုက်ရောက်မလာခဲ့ပါ။ သို့ပြား ဦးလေးနှင့်လူကြုံပါးလိုက်သော သူမလက်ဆောင် (ကာနေရှင်းတစ်ဘူး) ကိုတော့ လက်ခံရရှိလိုက်ပါသည်။

အစကတည်းက မရောက်လာလျှင် အကောင်းသား။ ပြန်သွားမှ လွမ်းကျန်ရစ်နေရသည့် အိမ်ရှင်တစ်ယောက်၏ခံစားမှုမျိုး၊ သတိရစရာ ကောင်းသောညသည်ကို ရိုးရိုးလေးတမ်းတမိသလို ကျောင်းလာစဉ်လမ်း တလျှောက်လုံး သူ့ရင်၌ (ဟာတာတာ) စိတ်အပိုတစ်ခု ပါလာခဲ့ရ၏။

ထိုနေ့၏စာသင်ချိန်များမှာ စကားပြောခွင့်မသာသေးသော ပန်း တိမ်လွှာဆီ သူ့စိတ်တွေရောက်နေ၏။

ဘုကျသော အဆင်မပြေကောင်မလေး ပန်းနုနံ့သာဆီသို့ တစ် ချက်လေးဖြန့်ဝဲ။

ဆရာကန်တော့ပွဲကြေး မထည့်ဝင်နိုင်သေးစဉ် အမြဲတမ်းစိုက်ရေး နေကျ၊ ဝါဝါမွှေးဆီသို့လည်း စိတ်တို့ တစ်ခါတလေလွင့်ကျ။

အနားမှာရှိသော အပေါင်းအဖော်တို့၏ တစ်နေ့တာပျော်ရွှင် တမ်းမှာ သူ့အခန်းကနည်းပါး။

www.burmeseclassic.com

www.burmeseclassic.com



မုန့်စားဆင်းချိန်ရောက်ရှိလာသောအခါ . . .

အဖော်ကျောင်းသူနှင့် မုန့်စားထွက်သော ပန်းတိမ်လွှာကို သင်ဆောင်အတွက် . . .

"ကျေးဇူးတင်ပါတယ်၊ အရင်အတိုင်းပဲနော်"

"မဟုတ်တော့ဘူး"

"ဘာဖြစ်လို့လဲဟင်"

"အရင်က မုန့်စားမဆင်းဘူး။ အခု မုန့်စားဆင်းတယ်လေ"

သူ ဟက်ခနဲရယ်လိုက်ပြီး . . .

"ဒါဆို ထူးခြားမှုအထိမ်းအမှတ်နဲ့ ကျွန်တော် တစ်ခုခုဝယ်ကျွေးမယ်။ ကဲ ဘာစားမလဲပြော".

"ရှောက်သီးသုပ်"

သွားတွေကြိမ်းပြီး သွားရည်တွေယိုကျလာ၏။ ထိုစဉ်မှာပင် မုန့်ဆိုင်တန်းဘက်မှပြန်လာသော ပန်းနုနံ့သာနှင့်ဖြိုးဖြိုးကို မျက်နှာချင်းဆိုင်တွေ့လိုက်ရ၏။ ကော်ရစ်ဒါလမ်းကြောပေါ်မှာ . . .

"ဘာစားခဲ့လဲ"

လောကွတ်စကားကို သူလှမ်းခင်းတော့ ပန်းနုနံ့သာက မျက်စောင်းနှင့် သူ့စိတ်ကိုဆွဲခြစ်သွား၏။ ဖြိုးဖြိုးက . . .

"ပေါင်မုန့်ငါးပိချက်စားလာခဲ့တယ်"

ပြောပြီး ပန်းတိမ်လွှာနှင့်အဖော်ကို ပန်းနုနံ့သာနှင့်ဖြိုးဖြိုးတို့အလယ်မှ (ခပ်ရဲရဲခွဲတိုးလျှက်) တိုက်တွက်လျှောက်သွား၏။

"ဒါ ကပ်ထည့်သွားတာ တီတီ သိပ်ကြောလာပြီဟာ၊ နောက်တစ်ခါဆို ဆရာမနဲ့ သွားတိုင်ပစ်မယ်"

သင်းလဲ့လဲ့ဗိုက ပန်းတိမ်လွှာနှင့်ဖြိုးဖြိုးတို့ကို ပြန်၍စောင်းငဲ့ကြည့်သလို နောက်ပြန်စောင်းငဲ့ကြည့်ရင်း ပြောလိုက်ခြင်းပင်။



"ယူတွေ့တယ်မဟုတ်လား"

သူ ဘာပြောရမှန်းမသိ။ သူမတို့ပညာအဆင့်အတန်းပြိုင်ပွဲမှာ သူ့အား မဆီမဆိုင်လာခေါင်းစားနိုင်းနေ၏။ ပန်းတိမ်လွှာအပေါ် တာဝန်ဆက်လက်ယူဖို့ သူ့မှာ မလိုအပ်တော့သော်လည်း တတ်အားသရွေ့ဖြင့် အငွေ့သဘော သူကွယ်ပေးရပေလိမ့်မည်။

"တွေ့တယ်၊ ဒီလိုပဲ သူတို့နဲ့ကီးမကိုက်ရင် ကျွန်တော့်အပေါ်ကိုပါ ပေါ်တင်ဖိုက်သွားတာပဲ"

"ယူ့ကိုဖိုက်တာမဟုတ်ပါဘူး။ ဒီကကိုပါ အဲဒီလို မထိတထိကာလိရင် သိပ်အသည်းယားတာပဲ"

"ကျောင်းသူအချင်းချင်းပဲ နားလည်မှုလေးတွေ လွဲနေလို့ပါ၊ ကျွန်တော် ညှိပေးမယ်လေ"

"ဆောရီးပဲ ယူ"

ပန်းတိမ်လွှာ၏မျက်ခုံးတွေ တွန့်ယှက်စပြု၏။ မကျေနပ်မှုတံလျှပ်တွေ မျက်နှာမှာထင်းထင်းပြပြ။

"ဒီနေ့ကစပြီး ဒင်းကိုအနိုင်ယူဖို့ နံပါတ်တစ်သည် စာ၊ နံပါတ်နှစ်သည် စာ၊ နံပါတ်သုံးသည် စာ၊ အခုသင်နေတဲ့ဘာသာရပ်သင်ခန်းစာတွေပဲ ခေါင်းထဲရောက်အောင်ထည့်တော့မယ်၊ လာကွာ လဲ့လဲ့ မုန့်မစားတော့ဘူး၊ အခန်းပြန်စာကျက်မယ်"

"ဟာ. . . ဟို. . . ဟို"

သူမတို့နှစ်ယောက် ဆတ်ခနဲဆွဲအလှည့်မှာ မုန့်စားဆင်းလာသော ဝါဝါမွှေးနှင့် ရင်ဆိုင်တိုးတိုက်မိသွား၏။

"ဟဲ့. . . ဘယ်လိုဖြစ်ရတာလဲ"

"ဒုက္ခပါပဲ၊ ဒီမှာနင်းမိကုန်ပြီ"

နှစ်ဖက် အချေအတင်စကားမဝင်ခင် သူ လျှင်မြန်စွာကြားဝင်

www.burmeseclassic.com

www.burmeseclassic.com



နှ . .

"မတော်လို့ပါ မဝါဝါမွှေး၊ သူ မတော်လို့ဖြစ်သွားတာပါ"

"ကာယကံရှင်က ရှင်မို့လို့လား"

"ဗျာ"

"အဲဒီလို ခပ်ရွဲ့ရွဲ့စကားမပြောပါနဲ့"

သွားပြီ။ ပန်းတိမ်လွှာ၏ မာမာတင်းတင်းလေသံ။ ဝါဝါမွှေးနှင့် အဖော်၏အကြည့်မှာ နဂါးခေတ်ခံတွေ ရောင်ပြန်ဆင့်ကဲ။

"ကျွန်မခြေထောက်ကိုတက်နင်းတာ ဘုန်းထွဋ်ဟုတ်လားလို့မေးတာပဲ၊ ဘာရွဲ့နေလို့လဲ၊ စကားကို လိုရာယက်မတွေးပါနဲ့"

"ယက်တွေးပြီးပြောတာမဟုတ်ပါဘူး။ ရှင့်မျက်နှာမှာ လှမ်းမြင်ရတဲ့ အတိုင်းပြောတာပါ"

"နောက်မှပေါက်တဲ့ ချွေကြာပင်က. . ."

"တော်ကြပါတော့၊ ဘာမှမဟုတ်တာလေးနဲ့ ဟိုမှာ ဆရာမကြီး ရောင်းလှည့်လာပြီ၊ ရပ်ပါတော့၊ အကုန် ရုံးခန်းရောက်ကုန်လိမ့်မယ်"

ကံအားလျော်စွာပင် ဆရာမကြီးနှင့်ဆရာမတစ်ယောက် စကား တပြောပြောဖြင့် သူတို့ဘက်လျှောက်လာနေ၏။

မဝါဝါမွှေးက အသင်းခေါင်းဆောင်ပီပီ သူ့အဖော်တွေနှင့် လက်ဆွဲ ထွက်ခွာသွား၏။ ပန်းတိမ်လွှာနှင့်လဲ့လဲ့ကို သူ လက်ဆန့်လမ်းပြပေးလိုက် မှာ . . .

"ကျောင်းများ သူတစ်ဦးတည်းပိုင်တာကျနေတာပဲ၊ အလကားနေ ရင်း လူကို ပြဿနာစက်ကွင်းထဲ တန်းပို့နေတယ်၊ ကော်ရစ်တာအကျယ် ကြီးကိုဖြဲလျှောက်နေမှတော့ တိုက်မိမှာပေါ့၊ တော်ပြီကွာ နောက်ဆို ဘယ် တော့မှ မုန့်စားမဆင်းတော့ဘူး"

"သည်းခံလိုက်ပါ ပန်းတိမ်လွှာရယ်။ ကျောင်းသူအချင်းချင်းပဲ၊





ခတော်တဆနဲ့ နားလည်မှုတွေလွဲနေလို့ပါ"

ပန်းတိမ်လွှာနှင့်လဲ့လဲ့တို့၏ မကြည်မလင်အကြည့်က သူ့ကို တစ်စစီဆွဲဖျက်တော့မည်အလား။

"ယူ တို့နဲ့လိုက်မလာနဲ့၊ နားငြီးတဲ့ဒဏ်မခံနိုင်ဘူး၊ ပြောချင်ရင် အဲဒီနှစ်ယောက်ကို နှစ်ကိုယ်ခွဲပြီး သွားပြော၊ ဒါပဲ"

ပန်းတိမ်လွှာတို့ မကြည်မသာထွက်ခွာသွား၏။ ဆရာမကြီးက ခုတ်ဥာဏ်ကောင်း၏။

"ဟော့. . . မင်း ဟိုတလောကပြောင်းလာတဲ့ ကျောင်းသားအသစ် မဟုတ်လား"

"ဟုတ်ကဲ့"

သူ လက်ပိုက်ပြီး တရိုတသေပြန်ဖြေလိုက်စဉ် ဆရာမကြီးမှာ မျက်မှောင်တန်းလေးဆွဲ၊ နှုတ်ခမ်းလေးကျစ် စုတ်သပ်ပြီး . . .

"ခုန ဒီနားလေးမှာ ကျောင်းသူတွေအုပ်စုနဲ့ရှုပ်နေတာ ဘာတွေ လုပ်နေတာလဲ"

အသားကျနေသော အတွေ့အကြုံ၏လေသံ၊ ပြဿနာဖြစ်နေသည် ဟု ဘယ်လိုမှပြော၍မဖြစ်။ ထိုနည်းတူ ဆရာမကြီးကိုယ်တိုင်လည်း ဘာ ရယ်လို့မဖြေမဖြစ်။ အလောသုံးဆယ် ခေါင်းပူအောင်စဉ်းစားရင်း တွေးမိ တွေးရာ ပြောချလိုက်၏။

"ဘာမှမဂ္ဂလာပ်ကြပါဘူး ဆရာမကြီး၊ ကျွန်တော် သူတို့ကို မျက်ခဲ လှည့်ပြနေလို့ အံ့ကြည့်ပြီး ပြန်သွားကြတာပါ"

"မဟုတ်တရုတ်တော့လုပ်ပြန်ပြီ၊ မင်းကြောင့် ဟိုတစ်ခါ ဖ[illegible] ကျကွဲသွားလို့ ငါကိုယ်တိုင် ဒဏ်ငွေနဲ့ ကြိမ်သုံးချက်ကျွေးထားတာ [illegible] မိသေးဘူးလား၊ ကျောင်းမှာ ရှုပ်ရှုပ်ယှက်ယှက်မကြိုက်ပါဘူးဆို[illegible] တာမှ လမ်းပိတ်အောင်လာလုပ်နေကယ်၊ ဘာလဲ ထ[illegible]

www.burmeseclassic.com



လား"

"မခံချင်ပါဘူး ဆရာမကြီး"

"မင်းက မျက်လှည့်ပညာတတ်လို့လား။ တတ်ရင်လည်း နှစ်ပေါင်းလည်မိဘဆရာအသင်း ညှိနှိုင်းဆွေးနွေးဟောပြောပွဲနဲ့ ဂုဏ်ပြုပွဲကျရင် မင်းကို ပွဲထုတ်ရအောင်ပါ"

"မတောက်တခေါက်ပါ ဆရာမကြီး"

"ကဲကဲ. . . အဲ့ဒီမတောက်တခေါက်ကိုပေါ့၊ အခု ဆရာမကြီးကို ဒီမှာတင် မျက်လှည့်တစ်ခုလောက် ပြစမ်းပါကွာ"

ဆရာမကြီးနှင့် အဖော်ဆရာမက သူ့ကို စူးစမ်းထွင်းဖောက် မတတ်သော မျက်လုံးများနှင့်ကြည့်နေ၏။ အနီးအပါးမှဖြတ်သွားဖြတ်လာ နှင့် နားစွန်နားဖျားကြားသူ ကျောင်းသားကျောင်းသူတွေ ဝိုင်းအုံမတတ် အကဲခတ်လာကြ၏။ အခုမှခက်ပြီ။ သူ့ခန္ဓာကိုယ်မှာ ဇောချွေးဖိုကင်းကြီး တွေ သီးထလာသလိုလို။ ဘာမှမသိ ဘာမှမတတ်ဘဲ မျက်လှည့်ပြခဲ့သည် ဟု ပြီးလွယ်စီးလွယ် လိမ်ညာပြောခဲ့ခြင်းမှာ ယခုမှ အကုသိုလ် အတုံးလိုက် အတစ်လိုက် ဝင်လေပြီ။ မပြတတ်ဘူးပြောလျှင် လိမ်ညာမှု။ ပြတတ်သည် ဟုပြောပြီး မျက်လှည့်မတတ်လျှင်လည်း လိမ်ညာမှု။

အမုန်း၊ ဒေါသ၊ ကျဉ်းကျပ်မှု စသော အခြေအနေများကို ဟာသ ပညာဖြင့် ပြောင်းလဲနိုင်စွမ်းရှိ၏ဟု အရှေ့တိုင်းနီတိတစ်ခုကို သူ့ခေါင်းထဲ မှာ ပြေး၍အမှတ်ရလိုက်သဖြင့် ထိုနစ်ခုထဲမှာ သူ ဇောချွေးတွေ တုန်ယင် ချောက်ချားစွာဖြင့် စူးစိုက်ကြည့်နေသော မျက်လုံးပေါင်းများစွာရှေ့သို့ သူ ဘယ် ဖက်လက်ကို ဆန့်ထုတ်ဖြန့်ပြလိုက်၏။

"ဒီလက်ကိုကြည့်ပါခင်ဗျာ၊ ရှင်းပါတယ်နော်"

ဖြန့်ထားသောလက်သီးကို ဆုပ်လိုက်ပြီး . . .

"ဒီလက်သီးဆုပ်ထဲမှာ ဘာမှမရှိဘူးဆိုတာ အားလုံးသိပြီးပါပြီ



နော်၊ ဟုတ်ကဲ့ ဒီလက်သီးဆုပ်ထဲမှာ ဘာမှမရှိတဲ့အရာကို ကျွန်တော် သောဖြစ်အောင် လုပ်ပြပါ့မယ်၊ ဟောဒီမှာကြည့်"

သူ လက်ဝါးဖြန့်ပြစဉ် ဆရာမကြီး၏ သံမဏိလက်ချောင်းများက သူ့ခေါင်းမှာ (ကြက်အစာကောက်သလို) ဒေါက်. . . ဒေါက်. . . ဒေါက်. . .။

၄ ၄ ၄

www.burmeseclassic.com

## အခန်း (၁၂)

အရောင်ပြောင်းချင်လာသော ကောင်းကင်အသွေးမှာ မိုးရိပ်တို့က ဖြည်းဖြည်းဝေးသွားစအပြု စိန်ပန်းနီတို့သည်လည်း စုစုဝဲဝဲ၊ လွင့်လွင့်ကြွေကြွေ၊ ဝဿန်ခါ၏နေ့ရက်မြှာတို့ တစ်လွှာခြင်းခြွေချ။ အဖြူအစိမ်းတို့ဖြင့် လှပနေသော ကျောင်းတော်ကြီး၏ ခေါင်းလောင်းသံမှာ အချိန်မှန်မှန် ဆူညံဆင်းတက်တာဝန်မပျက်။

ဒီလိုနဲ့ သူတို့၏ကျောင်းတော်မှာ အစမ်းစာမေးပွဲကြီးနီးလာခဲ့ပါ၏။ ဒသမတန်း(အေ)၏ အစဉ်အလာကောင်းများကို ထိန်းသိမ်းဖို့ထက် ကိုယ်ပိုင်အရည်အသွေးနှင့်အဆင့်ကို တောက်ပြောင်ခမ်းနားအောင် ကြိုးစားတပ်မက်နေသည့် ကျောင်းသား၊ ကျောင်းသူများမှာ ကျောင်းသင်ခန်းစာနှင့် လေ့လာကျက်မှတ်အားအပေါ်သာ အာရုံတွေစုပြုံစူးစိုက်လာခဲ့ကြ၏။

ရွှတ်သံ ဖတ်သံတညံညံနှင့် ကျောင်းတော်ကြီးနံရံမှာ ပွဲတင်ပျံ့သော အနာဂတ်၏ရစ်သမ်တွေ။

ပန်းတိမ်လွှာ . . .

ပန်းနုနံ့သာ . . .

ဝါဝါမွှေး . . .





ဘယ်သူအဆင့်တစ်ပြေးမလဲဟူသော ထင်ကြေးများ၊ အခြားကျောင်းသားကျောင်းသူတို့၏ အဆင့်တစ်ဆယ်ဝင်ရမည်ဟု ကြုံးဝါးသံများ အခြားဒသမတန်းဘီ၊ စီ၊ ဒီ အခန်းများမှ (နှိမ်ပြောခံရ၍) မခံချင်စိတ်နှင့် ကျိတ်၍ရွတ်ဖတ်သံများဖြင့် အစမ်းစာမေးပွဲအကြိုကာလမှာ သက်ဝင်သွေးကြွနေလေ၏။

အများပြိုင်၍ သူ့မှာလည်း မထိုင်သာကော့၊ နောက်ဆုံး အဆင့်မရောက်ရေးကိုဖြင့် သူ အစွမ်းကုန်ဖွင့်၍ ကြိုးစားရပါမည်။

မကြာမီမှာပင် စာမေးပွဲကြီးစ၍ စစ်လေပြီ။

ဘာသာရပ်အားလုံး ဖြေဆိုပြီးစီးသွားသောနေ့မှာ ကျောင်းရက်ရှည်ပိတ်မည်ဖြစ်ရာ ကျောင်းကြီးကို သူ အကြာကြီးငေးမောကြည့်နေမိပါ၏။

ဖြေဆိုနိုင်သူတို့၏အပြုံး၊ မဖြေဆိုနိုင်သူတို့၏ မျက်နှာပုံတွေကြားမှာ ဂုဏ်ယူဝင့်ကြွားသောမျက်နှာနှင့် လှမ်းထွက်လာကြသူများမှာ ပန်းနုနံ့သာနှင့် ဖြိုးဖြိုး။

သူမတို့နောက် လေးငါးဆယ်လှမ်းအကွာမှာ ပန်းတိမ်လွှာနှင့် သင်း လဲ့လဲ့မို(ခေါ်)လဲ့လဲ့။

ထို့ရဲ့နောက်ခပ်ကွာကွာမှာ မေးခွန်းစာရွက်တကိုင်ကိုင်နှင့် အဖြေတိုက်လာကြသော ဝါဝါမွှေးတို့အဖွဲ့။

သူ ကျောင်းရှေ့အုပ်ခုံအကွယ်မှာ ရပ်စောင့်ရင်း ကျောင်းသားကျောင်းသူတွေနှင့် ရောနှောပါလာသည့် ပန်းနုနံ့သာနှင့်ဖြိုးဖြိုးကို အချိုသာဆုံးပြုံးပြရင်း . . .

"ပန်းနုနံ့သာ ဖြေနိုင်မယ်ဆိုတာ ကိုယ်ယုံပါတယ်၊ အဆင့်သင်းဖြစ်မှာပါ"

ပန်းနုနံ့သာ၏ အမျက်တော်မပြေသေးဟန်၊ ဆတ်ခနဲ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းလေးမဲ့ပြီး . . .

"မေ့နေမှာစိုးလို့ပြောတာနော်၊ တောင်းတားတဲ့အကြွေးမပေးတော့ဘူး ဒါပဲ"

နှစ်ယောက်သား သမင်လည်ပြန်ကို ချာခနဲလှည့်၍ ထွက်သွားကြ၏။ ရင်၌မကောင်း . . .

သုံးမိနစ်ခန့်မှာ မေးခွန်းစာရွက်လေးကိုင်ပြီး ကျောပိုးအိတ်ကို ပခုံးပေါ်တစ်ချက်တွန်းတင်လျှက် ပန်းတိမ်လွှာရောက်လာ၏။

"ပန်းတိမ်လွှာ ဖြေနိုင်မှာပါ၊ တော့(ပ်)တန်းရဲ့ နံပါတ်ဝမ်းပဲမဟုတ်လား"

ပန်းတိမ်လွှာ သူ့အပေါ် အမြင်မရှင်းသေး။ ပန်းနုနံ့သာနှင့် ဝါဝါမွှေးတို့ဘက် "ဘက်"လိုက်ပြောသည်ဟုထင်ထားဆဲ။ (ထင်ကြေး)မျက်နှာဖြင့် ပခုံးလေးတွန့်၍ မျက်ခုံးလေးပင့်ကာလှောင်ပြရင်း . . .

"အရင်အတိုင်းပဲလား၊ လိုင်းပူးပြီး 'ဘက်'များဝင်လာဖောမနေနဲ့ဆောရီးပဲ"

သူ့ကိုလိုလို လဲ့လဲ့ကိုလိုလိုပြော၍ သူမတို့နှစ်ယောက်သား တခစ်ခစ်နှင့်ဟား၍ ထွက်သွားကြပြန်၏။

ရင်၌မရှင်း။

ကျောင်းတော်ကြီးကို နောက်ဆုံးနှုတ်ဆက်အကြည့်နှင့် တွေဝေမောနေစဉ်မှာပင် ဝါဝါမွှေးတို့အဖွဲ့ ရောက်လာ၏။

"ဝါဝါမွှေး ဖြေနိုင်တယ်မဟုတ်လား၊ ဒသမတန်း(အေ)ရဲ့ အဆင့်တစ်စစ်စစ်ဖြစ်ပြီပေါ့"

"ကိုယ့်ဘာသာ အဆင့်တစ်ဖြစ်လဲ နင့်ကို အရင်လို မုန့်ဝယ်မကျွေးတော့ဘူးနော် ဘုန်းထွဋ်"

"ဘာဖြစ်လို့လဲ"



"သောက်မြင်ကတ်လို့"

ပြောပြီး အဖွဲ့နှင့်ရောနှော၍ သူမ ထွက်ခွာသွား၏။

သူ၏ရင်၌ အလိုလို ဝမ်းနည်းလာ၏။

စာမေးပွဲအဖြေလွှာအပ်ပြီးကတည်းက ကျောင်းသားအဖော်များမှာ ကျောင်းထဲမှာ ဝင်းထဲမှာ အစရှာမရအောင် ပြန်ကုန်ကြလေ၏။ ကျန်သော ကျောင်းသူကျောင်းသားများထဲမှ အခင်ဆုံးဖြစ်သော သုံးယောက်မှာ သူ့အား ဟိုလူ့ဘက်ကဘက်လိုက်၊ သည်လူ့ဘက်ကဘက်လိုက်သမားထင်၍ အသီးသီး ကျားကန်တွန်းထွက်သွားကြ၏။

ဖြေနိုင်ရဲ့လားဟု သူ့အား တစ်ခွန်းတလေမေးရကောင်းဖော်ပင်မရ ကြတော့။ နောက်ဆုံးအချိန်အထိ ကျောင်းရှေ့မှာ မလှုပ်မယှက် သူရပ်နေမိ၏။ ရင်ထဲမှာ တစ်ဆို့လာသောခံစားမှုကို ကြိုးစားကျိတ်ဖြေပြီး (သူ့လောက်တယ်သူမှ သံယောဇဉ်ကြီးနိုင်ရှာမည်မထင်သည့်) ကျောင်းတော်ကြီးကို လှမ်းကြည့်နေမိ၏။

နေ့ရက်အတော်များများမှာ ခေါင်းလောင်းကလေး နိုးတစ်ဝက်ပျော်တစ်ဝက်နှင့် ပျင်းရိစွာနေရှာရရော့မည်။

စသူ၊ နောက်သူ၊ ချစ်သူ၊ ခင်သူ၊ သံယောဇဉ်ရှိသူ၊ အမြင်ကတ်သူတို့၏ ရောင်စုံဆက်ဆံရေးနှင့် ပျော်ရွှင်စရာနွေးထွေးမှုတွေ ယာယီကျက်ပြယ်သွားတော့မည့် အဖြူအစိမ်းနေ့ရက်တွေ။ အပွင့်ကုန်အောင်ကြွေနေသော စိန်ပန်းဝိညာဉ်တွေ၊ အထီးကျန်တိတ်ဆိတ်စွာ တံခါးတွေအသုံးပိတ်ပြီး ကျောင်းဖွင့်ရက်ကို လက်ချိုးကျိတ်ရေနေမည့် ကျောင်းတော်ကြီး၏ ဒြပ်ထုမဲ့လိပ်ပြာဝေဒနာတွေ သူ့ရင်ထဲကို တဖွဲဖွဲ လွင့်ကြွေ၏။

www.burmeseclassic.com



တကယ်ပါ။ ဘာကိုလွမ်းရမှန်းမသိတဲ့အရသာလေ။ (ဒီစဉ်မှာဓဲ ခါးသီးနေသော ချိုမြိန်ခြင်း၊ လေဟာနယ်ရဲမြင်းရိုင်းများနဲ့ ငါ့ရင်ကို ဝင်ရောက်စီးနင်းသွားခဲ့)

၄ ၄ ၄

ကျောင်းပိတ်ရက်များ၌ ''ဘက်လိုက်''သောစွပ်စွဲခံရမှုနှင့် သူ့မှာ အဖော်ကွဲမဲ့ရှာရ၏။ ကျောင်းသားတွေထဲမှာ လှဦး၊ စိုးမျိုးနိုင်၊ ကျော်သိန်း မောင်မောင်တင်၊ ရမ်ဘိုရှူးကျော်လွင်တို့လောက်သာ သူ့အိမ်လာလည်ကြ သူကပြန်သွားလည်ရ၊ စားကြသောက်ကြ၊ ရုပ်ရှင်ကြည့်ကြ၊ ကွန်ပျူတာ ဂိမ်းဆော့ကြနှင့် ရွှေ့လျားကူးလူး ပြီးစီးသွားပါသည်။

''ပန်းနုနံ့သာ'' ၏ အရိပ်ကိုမျှမမြင်ရ။

''ပန်းတိမ်လွှာ'' ၏ အသံကိုသော်မျှ မကြားရ။

''ဝါဝါမွှေး'' ၏ ရုပ်သံလည်း မြင်ကြားခွင့်မရှိလိုက်ရ။

ကျောင်းသူအချင်းချင်း သင့်မြတ်စွာကြည်ဖြူလက်တွဲပျော်ရွှင်ရေး ကို ဦးစားပေးပြောဆိုခဲ့သော သူ့စေတနာရလဒ်တွေကို တစိမ့်စိမ့်ပြန်ခံစား နေရလေ၏။

တကယ်ပါ
အိပ်မက်တစ်ခုထဲက
သမုဒ္ဒယ အစုအဝေး
တိမ်တိုက်ကလေးပဲဖြစ်ဖြစ်
(ကျောင်းတော်ကြီးရေ)
မင်းကို ငါချစ်မိနေတာတကယ်ပါ။

၄ ၄ ၄

## အခန်း (၁၃)

BURMESE CLASSIC

ခေါင်းလောင်းသံတွေ ရိုက်ခတ်ထိမှန်သွားသော ကျောင်းဝန်းကျင်။ ကျောင်းကြီးပေါ်ကို သူ အမောတကောပြေးတက်လာခဲ့မိ၏။ သူ့ဦးလေး ...လဲနေသဖြင့် သက်သာအောင် မိသားစုနှင့် ဝိုင်းကူပြုစုနေရသောကြောင့် ...က်အစောကြီးထ၍ ပထမနေ့ ကျောင်းတက်ခြင်းကိုပြုမည့် သူ့ရည် ...ယ်ချက်တွေ ကျိုးကျသွားခဲ့ရ၏။

သက်သာလာသော ဦးလေးအခြေအနေကြောင့် ဝမ်းနည်းဝမ်းသာ ...ဖြစ်သွားရသော အကျိုးနှစ်ခုကို ဆုပ်ယူဆက်စပ်ပြီး အပြေးတစ်ပိုင်းနှင့် ကျောင်းရောက်အောင်လာခဲ့ရ၏။ ရွှဲစိုနေသောချွေးတို့ပင် မသုပ်အား။ အခန်း ...ဲ လှေားခနဲအဝင် ...

''ဟော့ လှဦး ကျော်သိန်း စိုးမျိုးနိုင်''

စသဖြင့် သူ ဝမ်းသာအားရ ဟစ်အော်နှုတ်ဆက်ပစ်လိုက်၏။

''ဟာ ကိုဘုန်းနောက်က ဘာလိုက်လာလို့လဲ''

သူ ဘာမျှပြန်မပြောဘဲ လွယ်အိတ်ကို စာသင်ခုံအံထဲထည့်ရင်း ...ကြည့်ကို အတန်းရှေ့ဝေ့ပစ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ပန်းနုနဲ့သာက မမြင်မသိယောင်ဆောင်နေ၏။

ပန်းတိမ်လွှာက လဲ့လဲ့နှင့် စကားလက်ဆုံကျနေလျှက်။

ဝါဝါမွေးက စာရင်းစာအုပ်နှင့် အလုပ်ရှုပ်ကောင်းနေဆဲ။

သူ့ကို ကျောင်းတော်ကြီးက သူ့လိုပဲ မျှော်နေလိမ့်မည်။ သ... နေလိမ့်မည်။ ဝမ်းသာအယ်လဲ ကြိုနေလိမ့်မည်ဟု သူထင်ထားခဲ့၏။ ... သူ့မှာ လေပူတစ်ချက်မှုတ်ထုတ်ပစ်ရင်း မျှော်လင့်ချက်ပျက်စီးသွားသော... နာနှင့် ဖုတ်ခနဲထိုင်အချ . . .

"ဝုန်း"ခနဲ ကြမ်းပေါ် ခန္ဓာကိုယ်ပစ်ကျသွား၏။ ထိုအသံကြော... အတန်းသားအတန်းသူတွေ အထိတ်တလန့်လှည့်ကြည့်ကြ၏။

ထိုင်ခုံခိုးရွှေ့ထားသည်ကို ပစ်ထိုင်ချလိုက်မိသော သူ့အဖြစ်... ကြမ်းပြင်ပေါ်မှာ ကိုးရိုးကားယား။ အတန်းသားတွေဝိုင်းကြည့်ပြီး (ပန်းနုနဲ့သ... ၏လှောင်ပြုံး၊ ပန်းတိမ်လွှာ၏ ကျိတ်ရယ်ဟန်၊ ဝါဝါမွေး၏ ပြုံးရယ်... မျက်နှာရိပ်တွေကို သူလှမ်းတွေ့၏) ကျန်လူတွေက ပုံစံအမျိုးမျိုး... လက်ညှိုးထိုး ဝိုင်းဟားကြ၏။

ရှက်စိတ်ဖြင့် သူ လူးလဲအထ သူ့ခုံကို သူမသိအောင်ခိုးရွှေ့သော... တရားခံကို လိုက်ရှာ၏။ စိုးလင်းနိုင်က သူ့ဘယ်ဘက်မှာ နီးကပ်စွာရှိ... ညာဘက်မှာ မောင်မောင်တင်။ လက်တစ်ကမ်းအကွာမှာ ခုံက သူ့နော... တည့်တည့် ရွှေ့ပေးထားခြင်းပင်။

"ဒါ ဘယ်သူ့လက်ချက်လဲ"

အနီးကပ်ရှိနေသူနှစ်ယောက်မှ မလှုပ်။

"ရတယ်လေ၊ ဆရာမ ခဏနေလာရင် တိုင်လိုက်ရုံပဲ"

မလှုပ်ကြ။

ထိုစဉ်မှာပင် အတန်းပိုင်ဆရာမဝင်လာ၍ အားလုံး မတ်တ... ထ၍ နှုတ်ဆက်လိုက်ကြ၏။

ကျောင်းဖွင့်စရက်မှာ ကျောင်းသားကျောင်းသူတွေ စုံစုံညီညီတွေ့... ...တ်ရ၍ ဆရာမမှာ တက်ကြွရွှင်လန်းသွား၏။

"ဒီနေ့ လူစုံတက်စုံပါလား။ (အေ)ခန်းရဲ့အစဉ်အလာမှာ ကျောင်း... ...တ်မပျက်ကြတာလဲပါတယ်။ ကောင်းတယ်ကောင်းတယ်၊ ဆရာမရဲ့ရာဇဝင်... ...မှတ်ကျောက်အတင်ခံရမယ့် ကျောင်းသားကျောင်းသူတွေကိုပဲ မွေးထုတ်... ...တတ်တယ်။ စည်းကမ်းကောင်းမှ စိတ်ဓာတ်ကောင်းမယ်။ စိတ်ဓာတ်... ...ကောင်းမှ ပညာကောင်းမယ်။ တပည့်တို့ဟာ ဆရာမသမိုင်းရဲ့ စာမျက်... ...တွေပဲ၊ ခုပဲကြည့် ဘယ်အခန်းမှ လူစုံတက်စုံမရှိကြဘူး။ တို့တစ်ခန်းထဲ... ...တယ်။ ပထမအစမ်းမှာရတဲ့အောင်ချက်ကလည်း တကယ်ကို အားရစရာ... အရှုံးမရှိဘူး"

"ဟေး"ခနဲ ကျောင်းသူကျောင်းသားတွေ ထအော်၏။

ဆရာမ လက်ကာပြပြီးတား၏။

"ကဲ. . . အခု နာမည်စာရင်းခေါ်မယ်"

ဆရာမ စားပွဲမှာထိုင်ပြီး စာအုပ်ဖွင့်နေစဉ် သူ ထရပ်ပြီး ဆရာမ... ...သွားတိုင်ဖို့ပြင်၏။

"ခုံရွှေ့တာဘယ်သူလဲ၊ ပြောနေ"

မလှုပ်ကြပြန်။ သူ ဆရာမဆီလျှောက်သွားလိုက်၏။ မလှုပ်တဲ့... ...ကောင်တွေကို နောင်မှတ်လောက်အောင် ဆုံးမပေးမှရမည်။

"ဆရာမ"

"ဆရာမ မော့ကြည့်၏။

"ဟော. . . ကိုယ်တော်၊ ဘာဖြစ်ပြန်ပြီလဲ"

"ခုံရွှေ့ထားလို့ပါ၊ ကျွန်တော်မသိဘဲထိုင်ချမိလို့ အရှက်ကွဲသွား... ...တယ်၊ ဟိုတစ်ခါ ခွေးလှေးယားသီးအမှုန့်နဲ့ ပွတ်ထားတာ လ...... ...ပေါ်ပေမယ့် အခုတစ်ခါတော့ ပေါ်မှာပါ၊ ကျွန်တော့်အနားမှာ ...

www.burmeseclassic.com



တင်နဲ့ စိုးလင်းနိုင်ပဲရှိပါတယ်၊ အဲ့ဒီနှစ်ယောက်ထဲကတစ်ယောက်ပါ''

ဆရာမရုပ်ရင်း အသံကျယ်ကျယ်ဖြင့် လှမ်းပြောၾ၏။

''မောင်မောင်တင်နဲ့စိုးလင်းနိုင် ဒီကို ခဏကြွခဲ့ပါဦး''

နှစ်ယောက်သား မျက်နှာငယ်လေးများနှင့် လက်ပိုက်၍ ရောင် လာကြ၏။

''ခုံဘယ်သူရွှေ့သလဲ''

''မသိပါဘူး ဆရာမ''

နှစ်ယောက်စလုံး တိုင်ပင်ကိုက်ထားသလို (သံပြိုင်)။

''ရတယ်၊ နှစ်ယောက်လုံးမဖော်ရင် ကြိမ်စာအတူကျွေးမယ်၊ ဒ မောင်ဘုန်းထွဋ် ရုံးခန်းက ထားဝယ်ကြိမ်လုံးသွားယူ''

''နေပါစေဆရာမ၊ သူတို့ကို နောက်မလုပ်ဖို့ ပါးစပ်နဲ့ပဲဆုံးမပေ ပါ၊ ကြိမ်နဲ့တော့မရိုက်ပါနဲ့''

''အံမယ်၊ ဆရာလာလုပ်ပြန်ပြီ၊ ဒါဆို ဘာလို့လာတိုင်သလဲ၊ လာ တိုင်ရင်တော့ ထိုက်တန်တဲ့အပြစ်ပေးရမှာပဲ''

''သူတို့အသား မနာစေချင်ပါဘူးဆရာမ''

''ဒေါက်''

သူ့ခေါင်းတစ်ခုလုံး ပူထူသွား၏။

''သူတို့မနာစေချင်ရင် နင့်ပဲအနာခံလိုက်၊ သွား ကိုယ့်နေရာကိုပ ပြန်ထိုင်''

အီလယ်လယ်နှင့် သူပြန်လာထိုင်နေရ၏။ စိုးလင်းနိုင်နှင့် မောင် မောင်တင်မှာ ရယ်မလိုလို၊ တည်မလိုလိုမျက်နှာထားနှင့် နှုတ်ဆိတ်နေကြ ၏။ ဆရာမအမည်စာရင်းခေါ်နေ၏။ ပြီးလျှင် ရစ်ဂျစ်စတာစာအုပ်ကို ပိတ်ပစ်လိုက်ပြီး ဘာသာရပ်အမှတ်တွေကို တစ်ဘာသာခြင်းကြေညာ၏ အားလုံးအောင်ကြသည်။ သူလည်း ရမှတ်မဆိုး။ နောက်ဆုံးရင်ခုန်စရာ



အကောင်းဆုံးကို ဆရာမ စတင်ကြေငြာ၏။

''အဆင့်တစ်''

တစ်တန်းလုံးကို လေဟာနယ်ကြီး ရုတ်ခြည်းလွှမ်းသိမ်းလိုက်သလို ငြိမ်ကျသွား၏။ ရင်ခုန်သံပြင်းပြင်း သုံးစုံကို သူကြားနေရ၏။ သူမှရယ် ဟုတ်။ တစ်တန်းလုံး ကြားနေရခြင်းပင်။

ပန်းနုနုံ့သာလား

ပန်းတိမ်လွှာလား

ဝါဝါမွှေးလား။

မထင်မှတ်သော တစ်ယောက်ယောက်လား။

ဆရာမက အတန်းထဲအကြည့်ဝေ့ဝိုက်ပြီး ပဟေဠိနှိုက်သော ပြုံးဖြင့်. . .

''အဆင့်တစ်ရသူကတော့ ပန်း. . .''

ဆရာမစကားအဆုံးမှာ တိခနဲရပ်လိုက်စဉ် ဝါဝါမွှေးမျက်နှာ ညှိုးကျ သွားရာမည်ထင်၏။ ခေါင်းလေးရှေ့စိုက်ကျသွားတာ သူလှမ်းတွေ့လိုက် ရ၏။ ဆရာမကြေငြာမည့် ပန်းမှာဘယ်သူလဲ။ ဘယ်သူလဲ။ ဆရမက ကျောင်း သားကျောင်းသူများ သိချင်စိတ်ကို ကလိနေဟန်ရှိ၏။

ရင်ခုန်သံပြင်းပြင်းနှစ်စုံမှာ ကမ္ဘာ့ဖလားဘောလုံးပွဲမှ ပရိသတ်ပုံသံ လို တစ်တန်းလုံးကို ကူးစက်တုန်ခါစေလျှက်။

ပန်းတိမ်လွှာ ရသွားတယ်''

ပန်းတိမ်လွှာ ထခုန်တတ် လက်ဝါးတဖျက်ဖျက်တီးပြီး အနီးအပါး ဖော်များနှင့် ရွှင်မြူးနေစဉ် ပန်းနုနုံ့သာမှာ ကျောက်ရုပ်တစ်ရုပ်ပမာ လှုပ်မယှက်။ ခံစားမှုသရုပ်ကို မာန်မာနနှင့် ရင်တွင်းကျိတ်ဖျက်နေဟန် ပြုံးက တီးတိုးလေသံနျင့် အားပေးနှစ်သိမ့်နေဆဲ။

''အဆင့်နှစ်က ပန်းနုနုံ့သာ''

www.burmeseclassic.com



ပန်းနုနံ့သာ မလှုပ်။ ရှေ့မှ အခန်းနံရံကို ကသိုဏ်းရှုနေသော ရင်တွင်းမှာတော့ မုန်တိုင်းနှင့်မျက်ရည်မိုးတို့ အရှိန်ပြင်းပြင်းနှင့် တိုက် ခတ်စွတ်စိုနေပါလိမ့်မည်။

''အဆင့်သုံးက ဝါဝါမွှေး''

ဝါဝါမွှေး ခေါင်းပြန်မော့လာ၏။ စိတ်ပါလက်ပါမဟုတ်။ ဆရာ ရှေ့မှာ မျက်နှာအပျက်မခံချင်၍သာ။ မော့၍ ဘာမှမဖြစ်သလို မျက်နှာ တပ်ပြခြင်းဖြစ်လိမ့်မည်။

''အဆင့်လေး စိုးမျိုးနိုင်''

''အဆင့်ငါး လှဦး''

''အဆင့်ခြောက် ကျော်သိန်း''

ထိပ်တန်းဆယ်ယောက်စာရင်းဝင်ပြီးလျှင် ကျန်အဆင့်များမှာ ေ ကားထစ်ပမာ။ ကာယကံရှင်မှလွဲ၍ နားထောင်အားပေးမည့်သူမရှိတော့

သူ့အဆင့်ကို ကြေငြာသံကြားရ၏။

ငါးဆယ့်တစ်တဲ့။ သူ့နောက်မှာ ခြောက်ယောက်ပဲရှိ၏။ ထိုသည် ပင်လျှင် သူ၏ မဟာတိုးတက်မှု။

ယခင်ကျောင်းမှာဆိုလျှင် အရှုံးစာရင်းမှာ သူအမြဲပါ၏။ တစ် တစ်ခါ ဘာသာရပ်တချို့မှာ ဘဲဥမကွဲတာလည်းပါလိုက်သေး၏။ အ အနေနှင့် အခြေခံကောင်းသောဝန်းကျင်မှာ ပြောင်းလဲပေါက်ဖွားရှင်သ ရသော သစ်ပင်တစ်ပင်မှာ ဘယ်သောအခါမှ ဆုတ်ယုတ်လျော့ရဲ့မှုလက္ခ မရှိနိုင်။

ပန်းတိမ်လွှာ အဆင့်တစ်ရ၍ဝမ်းသာ၏။

ကျားကုတ်ကျားခဲမျှော်လင့်ကြိုးစားခဲ့ကြသော ပန်းနုနံ့သာ ဝါဝါမွှေးမှာ အဆင့်တစ်နှင့်လွဲချော်သွား၍ ဝမ်းနည်းရမိ၏။

အမှန်တော့ ထိုနေ့ကျောင်းတက်မှု၏အစနှင့်အဆုံးမှာ ဝမ်းနည်



ဝမ်းသာနှင့် အီလယ်လယ်ဖြစ်သွား ဖြတ်သန်းခဲ့ရခြင်းသာ။

ထိုနေ့၌ သူ့အဖြစ်မှာ ဘယ်လောက်များဆိုးဝါးလိုက်ပါသလဲ။ ခင်မင်ရင်းစွဲရှိသော ပန်းတိမ်လွှာ၏အောင်မြင်မှုကို သွားရောက်မချီးကျူးရဲ သလို ခင်မင်ရင်းနှီးသော ပန်းနုနံ့သာနှင့် ဝါဝါမွှေးတို့၏ လွဲချော်ဆုံးရှုံး မှုကိုလည်း ဝမ်းနည်းကြောင်းမဖွင့်ဟာရဲ။

တွေးကြည့်လျှင် ဟာသ။

မတောင်းဆဲနှင့် ယခုလိုကျဉ်းကျပ်နေရသော အခြေအနေကို သူ ဘယ်လိုရခဲ့ပါလိမ့်။ ဘယ်လိုဖြစ်ခဲ့ပါလိမ့်။ ဘယ်လို. . . . ဘယ်လို. . . ဘယ်လို။

သစ်ရွက်ခြွေတာ

လေပြည်တွေလား

နိယာမတရားတစ်ခု

ဒါ. . . ကံကြမ္မာရဲ့ မှားယွင်းမှုပေါ့။

www.burmeseclassic.com

## အခန်း (၁၄)

စာသင်ရက်များ၏ နှစ်လယ်နီးနီးအချိန်မှာ ကျောင်းသူကျောင်းသား များအတွက် ပျော်စရာရွှင်စရာလှုပ်ရှားမှုကြီး တစ်ခု ဝင်ရောက်လာခဲ့ သည်။ ထိုသည်မှာ မိဘဆရာအသင်းနှစ်ပတ်လည် စည်းဝေးပွဲနှင့် ပညာ ရည်ချွန်ဆုနှင်းပေးအပ်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် ကျောင်း အုပ်ဆရာမကြီးက စီစဉ်ပေးခြင်းပဲဖြစ်၏။

"ဒီနှစ်မှာလည်း အရင်နှစ်တွေလို ယိမ်းကပွဲတွေ ပညာပေးပြဇာတ် တို့တွေနဲ့ တက်ရောက်လာတဲ့ လူကြီးမိဘတွေကို ဖျော်ဖြေရမယ်"

ဟောခန်းထဲမှာ ကျောင်းသူကျောင်းသားတွေစုဝေးစေပြီး မူးယစ် ဆေးဝါးနှင့် အေအိုင်ဒီအက်(စ်)အကြောင်း သိကောင်းစရာတွေ ဟောပြော ပို့ချအပြီးတွင် ဆရာမကြီး လှုံ့ဆော်ပြောကြားလိုက်ခြင်းပင်။

ထို့အတွက် ဖျော်ဖြေရေးတွေဖွဲ့စည်းသောအခါ ဒသမတန်း(အေ) အတန်းပိုင်ဒေါ်ခင်စိုးဝင်းမှာ အဖွဲ့ခေါင်းဆောင်ဖြစ်လာ၏။ အခြား အခမ်း အနားပြင်ဆင်ရေးအဖွဲ့များ၊ ကျွေးမွေးဧည့်ခံရေးအဖွဲ့များ၊ ဆုပစ္စည်းများ စီစဉ်ပြီး ဆုချီးမြှင့်သူနှင့် ဆုရရှိသူတို့ကို ဆက်သွယ်ပေးမည့်အဖွဲ့များ ဆရာမကြီးကိုယ်တိုင် အစည်းအဝေးထိုင်ပြီး ဖွဲ့စည်းပေး၏။



ဒေါ်ခင်စိုးဝင်းမှာ ဖျော်ဖြေရေးအဖွဲ့ခေါင်းဆောင်ဖြစ်နေ၍ ဒသမ တန်း(အေ)မှ ကျောင်းသူ/ကျောင်းသားများမှာ မပါမနေရ ကပြအသုံးတော် ခံရပေတော့မည်။

ရှက်တတ်ကြောက်တတ်သူများပင် တစ်ခန်းစနှစ်ခန်းစ ဝင်ပါ၍ ကပြရ၏။

စာရေးဝါသနာပါသော နဝမတန်းစီမှ ဆရာတစ်ယောက်က ပညာပေးပြဇာတ်ကိုရေး၏။ ယိမ်းအကကို သတ္တမတန်းမှ ဆရာမများက တာဝန်ယူ၏။ ကျောင်း၏ဂုဏ်သတင်းကို ဖွဲ့ဆိုသီကျူးထားသော တေးသွား များအား ဂီတဝါသနာပါသည့် သိပ္ပံခန်းအကူ လက်ထောက်ဆရာတစ် ယောက်က ရေးစပ်ပေး၏။

ပြီးလျှင် အငယ်စားမိုနီတီးဝိုင်းကလေးဖြင့် သီချင်းတိုက်ကြ၏။ နဝမတန်းမှ အသံကောင်း(အာပြခြောက်)များ ဝိုင်းဆိုကြ၏။

များသောအားဖြင့် ပိုင်အိုးနီးယားနှင့်ဖွင့်သော ဆောင်းဘောက်(စ်) များမှ တိတ်ခွေသီချင်းများကိုသာ ယိမ်းအက တပင်တိုင်အက နှစ်ပါး အလှကအတွက် ဖွင့်ဆိုယိမ်းတိုက်ကြ၏။

ဟောခန်းမကြီးသည် ပွဲမစမီအကြိုကာလ၌ အနုပညာ စတူဒီ ယိုကြီးတစ်ခုပမာ ဖြစ်နေတော့၏။

ယိမ်းတွေတိုက်ကြ၊ ကာရာအိုကေတွေဆိုကြ၊ တိတ်ခွေဖွင့်ထား သည်ကို ဟန်လုပ်ကပြရမည့် အဝင်အထွက်တွေ လေ့ကျင့်ကြနှင့် ကျောင်း တစ်ခုလုံးမှာ စာသင်သူတစ်ဝက်၊ ဇာတ်တိုက်သူတဝက်၊ တစ်လှည့်စီ စာသင်ရင်းဇာတ်တိုက်နေခဲ့ကြသည်။

သူတို့(အေ)ခန်းမှလူများ ပညာပေးပြဇာတ်ထဲ ပါဝင်ရတာများ၏။ ဆရာမကိုယ်တိုင် မင်းသမီးရွေးချယ်ရာ၌ ပြဇာတ်ရေးဆရာနှင့်အတူ သင်္ချာ ထောက်ဆရာမများပါ ဝိုင်းဝန်းအကြံဉာဏ်ပေးကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝါဝါမွေးမှာ အကကောင်းသူဖြစ်သဖြင့် အငြိမ်းခန်းထဲပါသွား၏။ သူနှင့်အတူ လူရွှင်တော် မောင်မောဖ်တင်၊ စိုးလင်းနိုင်၊ မိုးဟိန်းကျော်၊ ရမ်ဘိုရှုးကျော်လွင်တို့က တစ်ဖွဲ့။

ဒေါ်ခင်စိုးဝင်းနှင့် ပြဇာတ်ရေးဆရာ ဦးသိန်းဆိုင်တို့ လူရွေးချယ်သော ပြဇာတ်အဖွဲ့ထဲမှာ ပန်းတိမ်လွှာ၊ ပန်းနုနံ့သာ၊ လွဲလွဲ၊ ဖြိုးဖြိုး၊ စန္ဒာဖြိုး၊ ရီရီထွေးတို့ ပါဝင်ကြ၏။

ယောက်ျားလေးတွေထဲမှာ စိုးမျိုးနိုင်၊ လှဦး၊ ဒုက္ခ၊ အောင်သင်လတ်၊ စိုးလှမြင့်၊ ကျော်သိန်း၊ တင်ဝင်းထွန်း၊ ဖေယျာအောင်နှင့် သူတို့ပါဝင်ကြ၏။

ပြဇာတ်တိုက်ရန်အတွက် သိပ္ပံဆောင်နှင့်ကပ်နေသော စတိုခန်းအလွတ်တစ်ခုကို ဆရာမကြီးကိုယ်တိုင် သော့ဖွင့်ပေး၏။

အခန်းထဲရောက်သောအခါ ကျောင်းသားတစ်ဖွဲ့ ကျောင်းသူတစ်ဖွဲ့ခွဲထိုင်နိုင်းပြီး ဒိုင်ယာလော့ခ်စာရွက်တွေ လိုက်ဝေ၏။

ပြဇာတ်၏ဇာတ်လမ်းသဘောကို ဆရာက အကျယ်တဝင့်ပြောကြား၏။ ဆရာမက အတိုချုပ်နှင့် လိုအပ်တာပြောကြား၏။

ကျန်ဆရာမများက အမူအရာနှင့် လေယူလေသိမ်းကို အသေးစိတ်သင်ကြားပေးကြ၏။

ပြဇာတ်တိုလေး၏အကျဉ်းသဘောမှာ . . .

မောင်က၊ မောင်ခနှင့် မောင်ဂတို့သည် အလွန်ချစ်ကြသော ကျောင်းနေဖက်သူငယ်ချင်းများ။ မောင်ကမှာ ပြင်ပလောကမှအကျင့်စာရိတ္တ ယိုယွင်းပျက်ပြားနေသူများ၏ လှည့်ဖြားစည်းရုံးခံရမှုကြောင့် ဆေးလိပ်သောက်တတ်သွား၏။ ထိုအတတ်ကို ကျန်သူငယ်ချင်းတွေအား ဖြန့်ဝေခဲ့၏။ ထို့ကြောင့် မောင်ကတို့အဖွဲ့ ဆေးလိပ်စွဲလာကြ၏။

သူတို့အဖွဲ့ ဆေးလိပ်စွဲနေသောအချိန် ကျောင်းသို့ ကျန်းမာရေး



အဖွဲ့မှ ဒေါက်တာမြနှင်းဖြူတို့ လာရောက်၏။ မူးယစ်ဆေးအစ ဆေးလိပ်အဆိုသော ပညာပေးဟောပြောမှုကို ပြုလုပ်ကြ၏။

ထိုသည်ကို မောင်ကတို့အဖွဲ့မှာ အပိုအလုပ်တွေ၊ အလကားဘိစွတွေဆိုပြီး မကောင်းမြင်ဝါဒနှင့် ပြစ်တင်ရှုတ်ချကြ၊ ဒေါက်တာမတို့ ဖြန့်မည့်ကားဘီးကို လေလျှော့ပြီး လက်တုံ့ပြန်ကြ၊ အရှူးစကားဟု စာတမ်းတပ်၍ လှောင်ပြောင်သရော်ခဲ့ကြ၏။

မောင်ကတို့အဖွဲ့မှာ မကောင်းသော ပတ်ဝန်းကျင်များ၏ ထပ်မံနှိုင်းတိုက်သွေးတိုးပေးမှုကြောင့် ဆေးပြားနှင့်မူးယစ်ဆေးရည်တွေ မှီဝဲတတ်လာ၏။ ထိုမှ ဘိန်းမည်း၊ ဘိန်းဖြူအထိ ဆေးရှူ ဆေးထိုးလုပ်လာခဲ့လေသည်။

နောက်တစ်နေ့ မောင်ကတို့ကျောင်းမှာ မူးယစ်ဆေးအကြောင်း ဟောပြောစဉ် မြို့နယ်ဆရာဝန် မြနှင်းဖြူထပ်မံပါလာပြီး ဟောပြောရာ မောင်ကတို့အဖွဲ့ ထပ်မံနှောက်ယှက်ဖို့ကြိုးစားကြရာ ဆရာတစ်ယောက်မိသွားပြီး ရုံးခန်းခေါ်စစ်ဆေးစဉ် ဒေါက်တာမြနှင်းဖြူက သူတို့၏ရောဂါလက္ခဏာပုံစံတွေ တွေ့ရှိသွားပြီး သက်ဆိုင်ရာ မိဘ၊ ဆရာများနှင့် တိုင်ပင်ကာ အမြန်ဆုံး ဆေးဖြတ်ဖို့စီစဉ်ကြ၏။

ထိုသို့ဆေးဖြတ်ဆေးကုစဉ် မရဏာရှင်သေမင်းက အတင်းဆွဲခေါ်ပုံ ငရဲမှာ အပြစ်ပေးဖို့ အမွေဆွဲခေါ်ပုံတွေနှင့် ဇာတ်ရှိန်မြှင့်ပြီး နောက်ဆုံးမှာ ဆေးသုံးများသော မောင်ကသေဆုံးသွားပြီး မောင်ခနှင့်မောင်ဂသာ အသက်ရှင်ခဲ့လေသည်။ သေဆုံးသွားသော သူတို့သူငယ်ချင်းမောင်က၏ အဖြစ်ဆိုးကို (သူတို့ကိုယ်တိုင်လည်း တစ်စိတ်တစ်ပိုင်းခံစားခဲ့ဖူး၍ ထိတ်လန့်ကြောက်ရွံ့ကာ) နမူနာအများမြင်၍ အမှန်ကိုရောက်အောင် စိတ်ဓာတ်ရေးရာနှင့် အကျင့်စာရိတ္တ ပြန်လည်ပြုပြင်ပြီး လူကောင်းသတို့ ပြန်ရောက်သွားကြမည်ဖြစ်၏။ ထိုဇာတ်လမ်း၌ ဒေါက်တာမြနှင်းဖြူ အသွင်ကို

www.burmeseclassic.com



ဆေးကုရင်း ဆေးလိပ်မှုစ၍ မူးယစ်ဆေးဝါး ထိုမှတစ်ဆင့် ကြောက်စရာ
အကောင်းဆုံး အေအိုင်ဒီအက်(စ်)ရောဂါ ကူးစက်ပုံအဆင့်ဆင့်ကို မိဘ
ဆရာများအား အဆင့်ဆင့်ရှင်းလင်းပြီး အလွန်ကြောက်စရာကောင်းသော
မူးယစ်ဆေးဝါးအန္တရာယ်ကို ကျောင်းသားမိဘဆရာတို့ ပူးပေါင်းတားဆီး
ကာကွယ်ဖို့ ပြဇာတ်အတတ်ပညာနှင့် သယ်ပိုးသရုပ်ဆောင် ပြောပြသွား
ရမည့်တာဝန် ဖြစ်၏။

သို့နှင့် လူရွေးချယ်ကြသောအခါ မောင်ကနေရာမှာ စိုးမျိုးနိုင်
(ထိုအမည်ရင်းနှင့်ပင် သရုပ်ဆောင်ရမည်ဖြစ်သည်)

မောင်ခနေရာမှာ လှဦး

မောင်ဂနေရာမှာ သူ (ဘုန်းထွဋ်)

ကျန်ကျောင်းသားများမှာ ငရဲမင်းကြီးအဖြစ် အောင်သင်းလတ်

ပြိတ္တာကြီးအဖြစ် ဝဝပြဲပြဲ တင်ဝင်းထွန်း။

မှင်စာအဖြစ် သေးသေးကွေးသွေး ဒုက္ခ။

တစ္ဆေအဖြစ် ဖေယျာအောင်။

ငရဲသားများအဖြစ် ကျော်သိန်းနှင့်စိုးလှမြင့်တို့ ဖြစ်ကြ၏။

ယောကျ်ားလေးအဖွဲ့မှာ ပြဿနာမရှိ။ အားလုံး သဘောတူ
လက်ခံကြ၏။ မိန်းကလေးအဖွဲ့ကျမှ ပြဿနာပေါ်တော့၏။

ဒေါက်တာမြနှင်းဖြူအဖြစ် မိတ်ကပ်ရင့်ရင့်လူး၍ သရုပ်ဆောင်
ရမည့် ဇာတ်ရုပ်ကောင်းကောင်းမှာ တစ်ယောက်စာပဲရ၏။ ထိုနေရာကို
သူလုပ်ချင်တယ်၊ ငါလုပ်ချင်တယ်နှင့်အတင်းလုနေကြ၏။ သူမတို့အတွက်
အခြားသရုပ်ဆောင်ရမည့် ဇာတ်ရုပ်များမှာ မောင်ကတို့အဖွဲ့ ဘိန်းဖြူရှုကြ
ရာတွင် စိတ်ကူးယဉ်ထဲမှာတွေ့ရသော နတ်သမီးလေးများအသွင် ဝတ်စားဆင်
ယဉ်မြူဆွယ်ကလူဟန်နှင့် ဘိန်းစားတွေလိုလှည့်ဖြားဖမ်းစားပြရမှာဖြစ်၏။

ဘိန်းစားတွေက ကယောင်ကတမ်းဖြင့် အတင်းလိုက်ဖက်သောအခါ



မီးအလင်းအမှောင်နှင့် အချိန်ပြောင်းလုပ်၍ အစောပိုင်းက မင်းသမီးတွေအ
လား ဝတ်စားထားသော ယောကျ်ားလေးများက ကြောက်စရာရော်ဘာ
မျက်နှာဖုံးစွပ်တပ် ဆံပင်ဖားလျားချပြီး အဖက်ခံကြရမှာဖြစ်၏။ သို့မှ ဘိန်းစ‌ားး
တွေလန့်ဖျပ်ပြီး ကြောင်ကုန်ကြလိမ့်မည်။

ဘိန်းစားတွေကို ဆေးကုသသော အခန်း၌လည်း ယမမင်းကြီးက
အတင်းအဓမ္မခေါ်လာပုံ၊ တစ္ဆေ၊ သရဲများကခုတင်ပေါ်မှ အတင်းဆွဲချကြပုံ
နောက်ဘိန်းမစွဲတော့ပါဘူးဗျလို့ ထအော်ကြတဲ့ အထိ ငရဲပြည်ရောက်နေသလို
သရုပ်ဆောင်ပြသကြရမည်ဖြစ်၏။

ငရဲခန်း၏ ထိတ်လန့်ချောက်ချားဖွယ်ရာများကို ဆက်တင်အပေါ့
စားများ၊ မီးအလင်းအမှောင်များ၊ ချောက်ချားဖွယ်ရာသံစဉ်များနှင့် ဆရာအထူး
စီစဉ်ထား၏။ ဆရာမကြီးက ကျောင်းသားကျောင်းသူတွေ လန့်မှာစိုး၍ထို
အခန်းကိုဖြုတ်ခိုင်းသေး၏။

"ဒါမှ ကျောင်းသားတွေစိတ်ထဲမှာ ဒီဘိန်းဖြူဆိုတာ ဒီလောက်
တောင်ကြောက်စရာ၊ ထိတ်လန့်စရာ၊ ကောင်းပါလားဆိုတာ သိမြင်ခံစား
သွားမှာ၊ မူးယစ်ဆေးဝါးအန္တရာယ် ဘယ်လောက်ကြောက်ဖို့ကောင်းတယ်ဆို
တာ သူတို့မှတ်သားသွားမှာ ဒီဆေးလိပ်နဲ့ ဘိန်းဖြူတွေကို မသုံးစွဲကြတော့
မှာပေါ့ ဆရာမကြီး ကျွန်တော်ဒီအခန်းကို လူကြီးတွေပါထိတ်လန့်သွားအောင်
ဗေါယ်ရှုယ်ဖက်ရှင်တွေနဲ့ လုပ်ယူထားတယ်၊ သရုပ်ဆောင်မယ့် ကျောင်းသား
တွေ အံဝင်ခွင်ကျလုပ်နိုင်အောင် ကျွန်တော်တို့ရဲ့ ပညာပေးပြဇာတ်အစီစဉ်
အနေနဲ့ ရည်ရွယ်ချက်အပြည့်အဝ အောင်မြင်သွားမှာပါ ဆရာမကြီး"

ဆရာက မာန်အပြည့်ဖြင့်ပြောလာသောအခါ ဆရာမကြီးလည်း
ခေါင်းညိတ်လိုက်ရရှာ၏။

"ကဲကဲ. . . ဒေါက်တာမြနှင်းဖြူအခန်းကို အဝေမ[illegible] [illegible]
သရုပ်ဆောင်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆရာမကြီးက အတည်ပေါက်နှင့် ထနောက်၏။ ကျောင်းသူတွေက တွတ်ထိုးလိုက်၊ ပွစိပွစိကျိတ်ပြောလိုက်နှင့်။

ပြဇာတ်ရေးဆရာလည်း ခေါင်းစားနေ၏။

ဆရာမ ဒေါ်ခင်စိုးဝင်းက ခပ်ရဲရဲပင် ရွေးချယ်ပေး၏။

"ပန်းတိမ်လွှာကို ထားရင်ကောင်းမယ် ဆရာဝန်ရိုက်ဆိုက် အပြည့်ရှိတယ်၊ ဒေါင်ကောင်းတယ်၊ စတိုင်(လ်)ရှိတယ်"

"ဒေါင်မကောင်းဘဲ ဆရာဝန်မဖြစ်တာတွေ တစ်ပုံကြီးပဲဆရာဝန် ဆရာမ ဆိုက်ဂိုက်က နံ့သာနဲ့မှလိုက်တာ အသားဖြူဖြူ ရုပ်ချောချော ကျူတီကုတ်နဲ့ နားကြပ်တတ်လိုက်ရင် ဒါ ဒေါက်တာမပုံစံမဟုတ်ဘူးလို့ ဘယ်သူငြင်းမလဲ ကျုပ်ကတော့ ကျောင်းထွက်ရင်ထွက်ရပါစေ . . . မပါချင်ဘူး နံ့သာလဲ ဒေါက်တာခန်းက မရရင် မပါနဲ့"

အခြားကျောင်းသူများမှာလည်း ဒေါက်တာမြနှင်းဖြူ ဖြစ်ချင်နေကြ၏။

နောက်ဆုံး၌ ဆရာက ဆရာမကို ဒေါက်တာမြနှင်းဖြူနေရာကို မဲနှိုက်ခိုင်း၍ မဲဂဏန်းမှာ တစ်နှစ်သုံးဆိုပြီး သုံးလိပ် ပေါက်မဲထားပေးလိုက်၏။ သရုပ်ဆောင်ကောင်းသောသူကျပြီး ပြဇာတ်တိုက်မရလျှင် အရန်နှစ်နှင့် သုံးကျသော သရုပ်ဆောင်တွေကို တစ်ဆင့်စီလဲလှယ် သရုပ်ဆောင်ခိုင်းကြည့်မယ်။ ဒေါက်တာမြနှင်းဖြူပုံစံနှင့် အံကိုက်ဝင်သောသူကို ထိုနည်းနှင့် စိစစ်ရွေးထုတ်ယူကြမည်ဖြစ်သည်။

မြနှင်းဖြူပြောရမည့် ဒိုင်ယာလော့ခ်၊ မျက်နှာအနေအထား၊ လေယူလေသိမ်းတို့ကို ဆွဲစပ်မှတ်သား သရုပ်ဆောင်နိုင်မည့်သူမှာ ဉာဏ်ရည်အထူးကောင်းဖို့လည်း လိုပါသည်။

သို့ဖြင့်ပင် အများဆန္ဒအရ မဲလိပ်နှိုက်ကြ၏။ သရုပ်မဆောင်မနေရဘူး မဲကျရာသရုပ်ဆောင်ရမည်ဟူသော ဝန်ခံချက်များနှင့်။



တစ်ဂဏန်းကို ပန်းနုနံ့သာပေါက်၏။

အပျော်စိတ်ကို ဟန်နှင့်ထိန်းထားသော မျက်နှာအမူအရာဖြင့် နှစ်ဂဏန်းကို ဖြူးဖြူးပေါက်၏။ သတိလက်လွတ်ထခုန်ကြ၏။

(ကျောင်းသားတွေ ဗိုင်းဟားသံ)

နှစ်ယောက်သား နှုတ်ခမ်းစူပြီး တစ်ဖက်လှည့်တွက်တိုး၍ အရှက်ပြေလေသွေးနေကြ၏။

သုံးဂဏန်းကို ပန်းတိမ်လွှာပေါက်၏။

ကျန်သောသူတွေမှာ နတ်မိမယ်လော သူယောင်မယ်လောအဖွဲ့။ နံပါတ်တစ်ကို အမူအရာလုပ်ခိုင်း၏။

"ရှက်နေလို့မရဘူး၊ အားလုံးကို သစ်တုံးလိုသဘောထား၊ စိတ်ကိုသွင်းလိုက်၊ ငါဟာ မြနှင်းဖြူ ဒေါက်တာမြနှင်းဖြူဖြစ်သွားပြီလို့ စိတ်သွင်းလိုက်။

"သမီး မသွင်းတတ်ဘူးဆရာ"

"ကဲ သွင်းတတ်အောင် ဆရာပြမယ်၊ ဒိုင်ယာလော့ခ်လေးနှစ်ကြောင်းကို ခဏကျက်လိုက်"

သူမကျက်နေ၏။ ခဏနေလျှင် . . .

"ရပြီလား"

"ရပြီဆရာ"

"သမီး ပြောကြည့်စမ်း၊ သမီးအနေနဲ့မဟုတ်ဘူးနော်၊ ဒေါက်တာမြနှင်းဖြူရဲ့ဆိုက်ဂိုက်နဲ့ လေသံနဲ့ပြော"

"လူငယ်ဆိုတာ အနာဂတ်ကို အများကြီးပြောင်းလဲပစ်နိုင်တာ ကြီးကြီးကျယ်ကျယ်ကို ပြောင်းလဲပစ်နိုင်တယ်။

အဟုန်ပြင်းပြင်းကို ပြောင်းလဲပစ်နိုင်တဲ့စွမ်းရည်မျိုး [illegible]"

"မဟုတ်သေးဘူး သမီး၊ သမီးမျက်လုံးထဲမှာမြင်[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဆရာနဲ့ကျောင်းသားတွေ၊ သမီးက မြနှင်းဖြူနေရာက ဟောပြောရမှာလေ။ လေယူလေသိမ်းကို ကြမ်းကြမ်းစူးစူးမပြောရဘူး၊ ပျော့ပျော့လေးလည်း မပြောရဘူး၊ အနေတော်လောက်ပေါ့၊ လက်နှစ်ဖက်ကို ထားတတ်ရမယ်၊ အာရုံကို ကိုယ့်ဆီစုထားနိုင်တဲ့မျက်နှာအနေအထားမျိုး ထားတတ်ရမယ်၊ ကဲ. . . ရိဟာဇယ်သဘောနဲ့ ပြောကြည့်ပါဦး''

ပန်းနုနံ့သာပြန်ပြော၏။ လေသံကောင်း၏။ မျက်နှာအမူအရာ မကောင်း။ တည့်လွန်းအားကြီး၏ ကျောက်ရုပ်ကိုကြိုးတုတ်ထားသော အိုက်တင်မျိုးကြီးဖြစ်နေ၏။

ဆရာက ပြန်၍ လိုချင်သည့်အနေအထားကိုပြောပြ။ သူမက ပြန်လုပ်နှင့် ထိုတစ်ရက်မှာ ပန်းနုနံ့သာနေ့ဖြစ်သွား၏။

အတန်အသင့်တိုးတက်လာမှုကလွဲလျှင် အားရကျေနပ်လောက်သော ဒေါက်တာမြနှင်းဖြူဇာတ်ရုပ် မထွက်။ ကျောင်းကပွဲအတွက် အမြဲလုပ်နေသော်လည်း အနုပညာဓာတ်ခံကြီးသော ဇာတ်ရေးဆရာ မကြိုက်၊ နောက်တစ်နေ့ထပ်တိုက်ဖို့ ငုတ်တုပ်ထိုင်နေသော သူတို့အဖွဲ့ကို ရုတ်သိမ်းလိုက်ကြ၏။

ထိုနေ့က ပန်းနုနံ့သာကို မေတ္တာပို့သော ကျောင်းသား တော်တော်များသွား၏။

နောက်တစ်နေ့၌ နာရီဝက်လောက် ထပ်တိုက်ကြပြန်၏။

ပန်းနုနံ့သာကိုယ်တိုင် လိုလိုလားလား လက်လျှော့နောက်ဆုတ်သွား၏။ နံပါတ်နှစ်နေရာမှ ဖြိုးဖြိုးကို စတင်တိုက်ပြန်၏။

ပိုသာဆိုး၏။ ဒိုင်ယာလော့ခ်လေးငါးလုံးမှာ အမှားကတစ်လုံး၊ ဒီကြားထဲ မေ့ပြီး စကားကထစ်ချင်သေး၏။ အမူအရာကတော့ . . .

''မျောက်မောင်းမနှာစေးနေတဲ့ရုပ်ပဲကွာ'' ဟု ကျော်သိန်းက တရုတ်သံဝဲဝဲနှင့် မှတ်ချက်ချ၏။



နောက်ထပ်တစ်နာရီအတွင်း မထူးခြားသောအခါ (သိပ်ပြီး လက်လျှော့ချင်ဟန်မရှိသော ဖြိုးဖြိုးကို) ကမ္ဘာလဆန်းတစ်ရက်နေ့ ပြဇာတ်ကဖြစ်တဲ့အခါမှ မင်းသမီးလုပ်ဖို့နားချလိုက်ရရှာ၏။

အဆုံး၌ ဆရာမဒေါ်ခင်စိုးဝင်း ရွေးချယ်ချင်သော ပန်းတိမ်လွှာ အလှည့်။

အနုပညာဝါသနာနှင့် အထုံပါရမီပါလာသလားထင်ရ၏။

ဆရာနှင့်ဆရာမလည်း လက်ဖျားခါ၊ ကြည့်နေသူအားလုံးလည်း လက်ဖျားခါရသလောက် ပြောင်မြောက်စွာ ဒိုးဒိုးဒေါက်ဒေါက် သရုပ်ဆောင်ပြသွား၏။

နောက်နေ့တစ်ရက်တိုက်ပြီးသောအခါ ဒေါက်တာမြနှင်းဖြူအခန်းမှာ ပိုင်နိုင်စွာ လေ့ကျင့်မှုရသွား၏။

စိုးမျိုးနိုင်နှင့်သူတို့အဖွဲ့ကို ဒိုင်ယာလော့ခ်တွေ ချပေး၏။ လေယူလေသိမ်း၊ အမူအရာ၊ လက်အနေအထား။

ဆရာမများက နတ်မိမယ်အသွင် ကကြိုးဆင်ယင်ဖမ်းစားမည့် သူများအား တေးဂီတနှင့် တွဲဖက်သင်ကြားပေးနေရ၏။

ဆရာမ ဒေါ်ခင်စိုးဝင်းကတော့ ငရဲမင်းကြီးသရုပ်ဆောင်မည့် အောင်သင်းလတ်ကို မကြိုက်မချင်း နဖူးခေါက်၍သင်ပေးနေ၏။

''ပြန်ပြောစမ်း''

''သယ်. . . ငါသည်ကား မရဏရှင်သေမင်းဖြစ်တော့သလိုကို ဟိုး . . . ဟိုး. . . ဟိုး''

''ဒီ. . . ဟိုးဟိုး အသံမပါဘူးဟဲ့၊ ကိုးဆိုတာကို အသံရှည်ရှည်ဆွဲရမှာ ဘယ်လောက်ပြောပြော ဒီ ဟိုးဟိုးကြီးကပါတုန်းပဲ၊ ဒီတစ်ခါ ဟိုးရင်တော့ လက်စာထပ်မိမယ်''

ဆရာမတစ်ယောက်က ဒုက္ခကို မှင်စာအိုက်တင်ယုပ်နိုင်း

www.burmeseclassic.com



"မျက်လုံးကိုပြူး. . . ထပ်ပြူး အရမ်းပြူး၊ ဟုတ်ပြီး လျှာထုတ် အရှည်ကြီးထုတ်၊ ပါးစပ်ကိုဖြဲ. . . အရမ်းဖြဲ. . . အော် အသံထုတ်ပြီး ခြောက်လှန့်သံနဲ့အော်"

"အီး. . . အီး. . . အီး. . . အီး"

"ဟဲ့. . . အော်ပါဆိုမှ ငိုနေရသလား"

"မဟုတ်ဘူး တီချယ်၊ ကျွန်တော်မလုပ်ချင်တော့ဘူး၊ ဒီလို ဆက်လုပ်နေရရင် ကျွန်တော်သေလိမ့်မယ်"

"ဟဲ့. . . မင်းအခန်းကခဏလေးရယ်၊ ဟီး ဟီး ဟီးဆိုပြီး ဟိုဘက်ကခြောက်၊ ဒီဘက်ကလှန့်ပြီးရင် ပြီးပြီပဲ"

"မဟုတ်ဘူး တီချယ်၊ ကျွန်တော်က ကျောင်းကပွဲမှာ မင်းသားလုပ်ရမှာလို့ အမေ့ကိုပြောပြီး အဝတ်အစားဖို့ ငွေကြိုတောင်းထားတာ ဒီအခန်းမှာ အမေမြင်ရင်တက်ပြီး သေလိမ့်မယ်"

"ဒီဇာတ်လမ်းမှာ မင်းသမီးနဲ့တွဲတဲ့ မင်းသားအခန်းမရှိပါဘူးလို့ ပြန်ပြီး အမေကိုပြောပြပေါ့၊ ကျုန်တာတော့ ကိုယ့်အပြစ်နဲ့ကိုယ်ခံ မပါလို့ မရဘူး၊ သန်ဘက်ခါပဲ ကရတော့မယ်၊ လုပ်ကိုလုပ်ရမှာပဲ"

"အီး. . . ဟီး. . . ဟီး"

"ဟဲ့. . . ခြောက်လှန့်ရယ်ပါဆိုမှ ငိုသံကြီးနဲ့"

"ဟီးဟီး. . . အီးအီး"

ဆရာမဒေါ်ခင်စိုးဝင်းမှာ အောင်သင်းလတ်ကို အမူအရာပြပြီး စကားပြောတွေ အလွတ်ကျက်ခိုင်းနေစဉ် . . .

"ကျော်သိန်းနဲ့စိုးလှမြင့် လာ၊ မင်းတို့ခေါင်းပေါ်က ဦးချိုနဲ့ မောက်ပိုင်းတွေ့ပွဲကရင် ဆောင်းထားရမယ်၊ ခါးကိုကိုင်းထားစမ်း၊ ခြေလှမ်းကို ကော့ကော့ကွေးကွေးလျှောက်၊ ပွဲကရင် မျက်နှာကို အိုးမည်းတွေသုတ်ပေးထားမှာ"



"ဟာ. . . ဆရာမ၊ အိုးမည်းတော့အသုတ်မခံချင်ဘူး"

"အသုတ်မခံလို့မရဘူး၊ ငရဲသားဟာ ခက်ရင်းခွကိုင်ရမယ်၊ ကြောက်စရာကောင်းတဲ့ အဆီပြန်မျက်နှာမည်းကြီးဖြစ်နေရမယ်"

"ငရဲသားကောင်တွေကို လိုက်ထိုးဖို့"

"ခက်တာပဲ၊ ဝ,က အိမ်မှာဆို တူနဲ့ပဲစားတာ၊ ခက်ရင်းမသုံးဘူး၊ ဒီထဲက ငရဲသားကို တူကိုင်ခိုင်းလိုက်ပါလား"

"လျှာမရှည်နဲ့၊ ငရဲသားက ခက်ရင်းပဲကိုင်တာ၊ နင့်ကျမှပဲ တူကိုင်ရမလိုဖြစ်နေပြီ"

"ဝ,က မြန်မာငရဲသားမဟုတ်ဘူးလေ၊ တရုတ်ငရဲသား"

"ဟာကွာ. . . ကျော်သိန်းကလည်း လေကြောရှည်လိုက်တာ၊ ငါ့မှာ ကုန်းကွနေရတာ ညောင်းလာပြီကွ၊ ဆရာမ ကျွန်တော်တို့ဒီပုံစံနဲ့ ဘာလုပ်ပြီး ဘာပြောရမှာလဲ"

"ဟိုသုံးယောက်ကို ခြေကဆွဲ၊ လက်ကဆွဲပြီး အသံစူးကြီးနဲ့ လာလိုက်ခဲ့၊ လာလိုက်ခဲ့လို့ပြောရမယ်"

"အဲဒါပဲလား ဆရာမ"

"ယမမင်းကြီးအနားမှာ ဒေါသထွက်နေတဲ့ပုံစံနဲ့ လုပ်ပြနေရမယ်"

"ဆရာမ အရင်လုပ်ပြ"

"ဟေ. . . အဲ့ဒါ ဆရာသင်ပေးလိမ့်မယ်"

"ဒီလိုမဟုတ်လား ဆရာမ"

စိုးလှမြင့်က မျောက်မကြီးငုက်ပျောသီးပျောက်၍ စိတ်တိုနေဟန်မြင့် ကုန်းကွလမ်းလျှောက်ရင်း ကွစိစိနှင့်လုပ်ပြနေ၏။

"အေး ဟုတ်လိမ့်မယ်၊ ဟုတ်လိမ့်မယ်"

ပွဲကြီးမတိုင်မီ နှစ်ရက်အလိုကာလသည် ကျောင်းကပွဲ၏ အ[illegible] အသန်ပြင်ဆင်မှုများနှင့် ကုန်ဆုံးသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားကျောင်းသူတွေ ကျောင်းကပွဲကရ၍ ပျော်ရွှင်တ ကြနေသလို ဆရာ ဆရာမများနှင့် ကျောင်းအုပ်ဆရာမကြီးမှာလည်း သူများကျောင်းနှင့် တစ်မူထူးခြားစွာ ညှိခံတင်ဆက်ရမည့်အရေး ကြိုတ်တွေး၍ ပီတိဖြစ်နေခဲ့လေသည်။

၄ ၄ ၄

## အခန်း (၁၅)

မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးပွဲကြီးကို လူကြီးမိဘစုံလင်စွာနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည့်နေ့ကို ရောက်လာ၏။

မြို့နယ်ပညာရေးမှူးနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ လူကြီးလူကောင်းများက ရှေ့ဆုံးမှထိုင်လိုက်ကြရ၏။ ဆုရကျောင်းသားမိဘများက အလယ်မှာထိုင်ရပြီး ကျန်သော အခြားကျောင်းသားမိဘများမှာ နောက်တန်းမှထိုင်ကြ၏။

လူကြီးများကို စင်ပေါ်ဖိတ်ခေါ်၍ စကားပြောပြောခိုင်း၏။ ဆရာမကြီးလည်း ကျောင်းနှင့်သက်ဆိုင်သော စာတမ်းကိုဖတ်ကြား၏။ နှစ်ပတ်လည် စာရင်းရှမ်းတမ်း ထုတ်ပြန်အတည်ပြုပေးပြီးသောအခါ ဆုနှင်းသဘင်ပွဲကို ကျင်းပပေး၏။

ဒသမတန်း ပထမအစမ်းစာမေးပွဲ၌ ပထမဆုရသူကို ဗလာစာအုပ်ခြောက်အုပ်ဆုချ၏။

ဒုတိယ လေးအုပ်။

တတိယ သုံးအုပ်။

www.burmeseclassic.com



အခြားအတန်းငယ်များအလိုက် ဆုပေးပြီးသွားသောအခါ ထေး ဆယ်ရက် အချိန်ယူဇာတ်တိုက်ထားသော ကျောင်းကပွဲပဒေသာကြီး စတော် ပါလေတော့၏။

ကလေးများ၏ ကန်တော့ပန်းအလှည့်၊ ပြီးလျှင် ဒသမတန်းကျောင်း သူများ၏ ယိမ်းအကအလှည့်။ ထို့နောက် "အငြိမ့်"

ခိုင်မာလာနှင်းဆီသီချင်းတိတ်ခွေနှင့် ဝါဝါမွေး လှပစွာကပြအသံ တော်ခံ၏။ ဝါဝါမွေးနားသောအခါ (တိတ်ခွေမှ နောက်သီးချင်းတစ်ပုဒ် ထပ်ရစ်နေချိန်) မိုးဟိန်းကျော်တို့ မောင်မောင်တင်တို့ စိုးလင်းနိုင်တို့ လူရွှင်တော်တွေထွက်လာပြီး ပြက်လုံးပြက်ကြ၏။

အငြိမ့်ကြီးတွေလို ခွန်းတောက်သဖြန်တွေဆိုမနေတော့။ ပထား သံချပ်တိုင်ပြီး ပြက်လုံးပြက်၏။ ပြီးလျှင် ဝါဝါမွေးက "ကျွဲမ" သီချင်းနှင့် က၊ ဝါဝါမွေးနားလျှင် ပြက်လုံးအသစ်ထပ်ပြက်ကြ၏။

မောင်မောင်တင်က ရှေတ်ကျည်မွှေ့ကြီးကိုင်လာပြီး ကန့်ကလ နှင့် လမ်းလျှောက်လာကာ မိုးဟိန်းကျော်ရှေ့မှာ ရပ်လိုက်၏။

"ဒါကြီးက ဘာကြီးလဲဟ"

"ဘာမှမဟုတ်ပါဘူး၊ ဖုတ်စားမလား၊ ကင်စားမလား၊ အေး ခေတ်စားနေတဲ့ အေအိုင်ဒီအက်(စ်)ခြောက်ပြားလေးပါကွယ်"

"သွား. . . သွား. . . သွား. . . အနားမကပ်နဲ့"

"အလကားစတာပါ၊ ဒီကအစ်ကိုချစ်တဲ့ အပျိုစစ်စစ်ပါရှင့်"

ဆံပင်အတုကို သပ်ခါပြလိုက်ပြီး အခြောက်အိုက်တင်နှင့် မောင် မောင်တင်ပြောလိုက်သောကြောင့် ပရိတ်သတ်ပွဲကျသွား၏။

"ဘာလုပ်မလို့လဲ"

"ဗျူးချင်လို့"

"ဟာ. . . ဘာလဲ ဗျူးတယ်ဆိုတာ"



"ဟင်. . . မောင်လေးကဝေးလိုက်တာကွယ်၊ မြဝတီတို့ မြန်မာ့ ရုပ်မြင်သံကြားတို့မှာ အင်တာဗျူးနေတာ မောင်လေး မမြင်ဖူးဘူးလား"

"ဩော်. . . မြင်ဖူးတယ်၊ မြင်ဖူးတယ်၊ အခု ကျွန်တော့်ကို လာဗျူးတာလား၊ခင်ဗျားက ဘယ်သတင်းဌာနကလဲ"

"တို့က စလောင်းလေ၊ စတားစလောင်း စလောင်းစတားလိုင်း က မစွက်ဗျူးပါ"

တံတွေးစဉ်သွား၍ မိုးဟိန်းကျော် နောက်တွန့်သွား၏။

"စလောင်းဆိုတာ ငါးပိဖုတ်တဲ့စလောင်းလား"

"အိုး. . . ဝေးပြန်ပြီ၊ စလောင်းဆိုတာ ဆပ်(ချ်)လိုက်(စ်)စစ်ကို ပြောတာ၊ ဆပ်(ချ်)လိုက်(စ်)စစ်ကို ပြောတာ"

တံတွေးများများစဉ်အောင် အက်(စ်)သံစဉ်များထည့်၍ မောင် မောင်တင်ပြန်ပြောသဖြင့် မိုးဟိန်းကျော် တံတွေးစိုရွှဲသွားဟန်ပြ၏။

"ဆက်မပြောနဲ့ တော်ပြီ၊ ကဲ ကျုပ်ကိုဘာဗျူးမှာလဲပြော"

"ဩော်. . . မေးရမှာပေါ့နော်၊ မောင်မိုးဟိန်းကျော်နာမည်က ဘယ် သူလဲဟင်"

"နင့်ကြီးတော်တဲ့"

ပရိသတ်တွေ ပွဲကျသွား၏။

"အလကားစ,တာပါကွယ်၊ မမမေးမှာကတော့ မောင်လေး တည် ထောင်ထားတဲ့ အိတ်စဖွတ် အင်စဖွတ်ကုန်ပါပြီ၊ က,ဖွတ်တွေ ဘယ် လောက်များ နိုင်ငံခြားကိုတင်ပို့ပါသလဲလို့"

"အများကြီးပဲ၊ ကုန်ပါပြီရဲ့ရှယ်ယာတွေနဲ့ဝယ်ထားတဲ့ ဖွတ်အချို့ အစားတွေပဲ၊ အများဆုံး ကောင်ရေသုံးကောင်တင်ပို့ပါတယ်၊ အဲဒီမှာ မျိုးတွေကတော့ ဖွတ်ကျား၊ ဖွတ်စုတ်၊ ဖွတ်ပဲ့တို့ပါပဲ"

"ဖြစ်နိုင်ရင်ပေါ့လေ၊ စတားလိုင်းကိုစောင့်ကြည့်နေတဲ့ ပရိသတ်

www.burmeseclassic.com



ကြီးပါမြင်ရအောင်နမူနာ ဖွတ်တစ်ကောင်လောက်ပြပါလား''

''ပြပါမယ် ခဏလေး၊ မစွက်ဖျူးအနေနဲ့ ကျားလို့ တစ်ချက်တည်း အကျယ်ကြီးထအော်ပြပါလား''

''ဩော်. . . မမက ဖွတ်ခေါ်ပေးရမယ်၊ ရတယ်. . . ရတယ် အော်ပြီနော် ကျား''

''ဟုတ်ကဲ့. . . အဲဒါ ဖွတ်ကျားပါပဲ''

ပရိသတ်ရယ်သံတွေ ဆူညံသွား၏။ ဝါဝါမွှေး၏အက၊ မိုးဟိန်းကျော်တို့၏ပြက်လုံးတွေ ပြီးဆုံးသွားသောအခါ ပညာပေးပြဇာတ်အစီအစဉ်ရောက်လာ၏။

မီးအလင်းအမှောင်နှင့် ဆက်တင်ကောင်းကောင်း၊ ဝတ်စုံအပြည့်နှင့် သူတို့အဖွဲ့ စတင်ကပြလေတော့သည်။

စိုးမျိုးနိုင်နှင့်လှဦးမှာ အပိုအလိုမရှိ ကွက်တိ၊ ရင်တထိတ်ထိတ်နှင့် သရုပ်ဆောင်နေရသော သူ့မှာ အမှားဖြစ်မလာတာတော်တော့၏။ စင်အောက်မှပိုင်းကြည့်နေသော မျက်လုံးများဒဏ်ရာ သွေးလန့်ချင်စရာကောင်းအောင် ရှိန်ဝါလွန်းလှ၏။

အစပိုင်းမှာ အပေးအယူမျှတစွာဖြင့် လှလှပပပြီးဆုံးသွား၏။ ပန်းတိမ်လွှာအခန်းထွက်နေစဉ် သူတို့ အခန်းထဲမှာ နောက်တစ်ခန်းအတွက် အသင့်ပြင်ဆင်နေရ၏။

နတ်မိမယ်ပုံစံဆင်ယင်ပြီး မိတ်ကပ်အဖွေးသားနှင့်စောင့်နေသော ပန်းနုနဲ့သာအား . . .

''တကယ် နတ်သမီးပဲ၊ မီးမိုတ်ရင် လွတ်အောင်ပြေးနော်၊ ဘိန်းမှုန်ပြီး ငါတို့က အတင်း ဟင်းဟင်းမှာ''

''ဟော့ ကိုဘုန်း၊ ငှက်ဖျားတက်နေတာလား''

လှဦးက ဝင်နှောက်၏။ ပန်းနုနဲ့သာက . . .



''ငါ ညစ်နေတာနော် ဘုန်းထွဋ်''

''ဒေါက်တာမထက် နတ်သမီးဖြစ်ရတာ ပိုတောင်ကောင်းသေးတယ်''

''ဟဲ့. . . ဒေါက်တာမ မဖြစ်ရလို့ ညစ်တာမဟုတ်ဘူး၊ ငါမကြိုက်တဲ့ အပြာရောင်ဝတ်စုံ ဝတ်ထားရလို့ဟဲ့''

''ဒါများဟာ''

''ဘာဒါများလဲ''

ထိုစဉ်မှာပင် ဆရာ အမောတကောရောက်လာပြီး . . .

''ဟောကောင်တွေ စင်ပေါ်တက်လေ၊ မင်းတို့အလှည့်ရောက်လာပြီ တယ်ခက်တဲ့ကောင်တွေကွာ၊ ဘယ်ချောင်သွားကပ်နေသလဲလို့ ငါမှာ ရှာလိုက်ရတာ''

''သူတို့ စင်ပေါ်အပြေးတစ်ပိုင်းအတက်မှာ တစ်ဖက်မှာ အစိမ်းရောင်ထိုင်မသိမ်းဝတ်စုံနှင့် ဖိုသီဖတ်သီလျှောက်လာသော ဖြိုးဖြိုးကို လှဦးက စဖြစ်အောင် စလိုက်သေး၏။

''တို့ပြဇာတ်မှာ အစိမ်းမ မပါဘူးကွ''

''လှဦးနော်၊ လာမစနဲ့''

စင်ပေါ်မှာ စိုးမျိုးနိုင် ဆေးလိပ်မိုးသောက်ခန်းစနေလေပြီ၊ ခဏနေ သူတို့ကိုလှမ်းခေါ်၍ အချက်ပြပြီး ဆေးလိပ်တိုက်တော့မည်။

တစ်ခန်းပြီးတစ်ခန်း အဆင်ပြေပြေကူးပြောင်းသွားခဲ့၏။ သို့ငြားနောက်ဆုံး ဇာတ်သိမ်းခန်းမှာတော့ သူတို့သုံးယောက် ဘိန်းဖြတ်နေရသော ကြောင့် ဝေဒနာ အလူးအလဲစတင်စမှာ မိန်ဖျော့ပြာစင်သွားသော ...ရောင်တွင် နတ်သမီးလေးတွေ ဂီတသံနှင့် ထွက်ပေါ်လာ၏။ ဝေဒနာ... သူတို့သုံးယောက် ကုန်းရုန်းထကာ အော်ဟစ်လိုက်ဖမ်းကြစဉ် ... နတ်သမီးတွေ အသွင်ပြောင်းလဲလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



နတ်သမီးဝတ်စုံမျိုးဝတ်ဆင်ထားသော မျက်နှာဖုံးရွှတ်တွကြီးများ တတ်ဆင်ထားသည့် တင်ဝင်းထွန်းနှင့် ကျော်သိန်းတို့လေးယောက်အရှဲ့ ပြဇာတ်သဘောမှာ နတ်သမီးအယောင်ဆောင်ထားသော (ဘိန်းဖြူမိစ္ဆာများဟုပြချင်၍ ဖြစ်၏။) သူတို့သုံးယောက် မိရာနတ်သမီးရွှတ်တွကြီးကို နတ်သမီးအထင်နှင့်ဖက်ထားစဉ် မီးပြန်လင်းလာ၏။ သူတို့ မော့ကြည့်ပြီး လိုက်ပြီး . . .

"အမလေး. . . သ. . . သရဲ. . . သရဲမကြီး"

တစ်ယောက်တစ်ပေါက်အော်ပြီး ကမ္ဘာပျက်သလို ပြေးလွှားဟန်နှင့် စိတ်ကူးယဉ်သဏ္ဍာန်ကို သရုပ်ဆောင်ပြရခြင်းပင်။

သူနှင့်စိုးမျိုးနိုင်မှာ ဖက်ထားသောသရဲမတွေကိုလွှတ်ပြီး လျှောက်ပြေးနေသော်လည်း သရဲလုပ်ထားသောကျော်သိန်းကို လှဦး ဖက်ထားရာမှ မလွှတ်။ ဘာဖြစ်နေပါလိမ့်။

သူတို့ ဟိုပြေးသည်ပြေးကောင်းနေဆဲ။ လှဦးနှင့်ကျော်သိန်းတို့ စင်ပေါ်မှ ထ,ပြီး နပန်းသတ်ကြ၏။

"ဟေ့ကောင်. . . ဒါ ငါ အိမ်ကယူပြီးဖွတ်ထားတဲ့ ဝက်သားပေါက်စီကွ၊ ပွဲပြီးရင်စားဖို့ထားတာ၊ မင်းဘာဖြစ်လို့ ဘယာစီရာထဲ ခုံပြီး ဝတ်လာတာလဲ၊ ပြန်ပေး"

"ဟေ့ကောင် လှဦး၊ငါ အိမ်ကယူလာတာကွ၊ ပေါက်စီထိပ်မှာ အနီစက်ကလေးတောင် အမှတ်အသားပါသေးတယ်"

"ပေါက်စီမှန်သမျှ ဒါပါတာပဲကွ၊ မင်း ကလိမ်ကကျစ်မကျနဲ့၊ ပြန်ပေး"

"ဆရာပေးတဲ့ဘရာစီရာအစပျောက်သွားလို့ ဒါကြီးထည့်လာတာ၊ ဒီအခန်းပြီးမှယူကွ၊ ဟိုမှာ လူတွေကြည့်ကုန်ပြီ၊ လွှမ်းစမ်း"

"မလွှတ်ဘူး ပြန်ပေး'





သူနှင့်မျိုးနိုင်မှာ ပြေးခွဲရအခက်၊ ဆက်ပြေးရအခက် ဇင်အောက်မှ ပရိသတ်မှာ ဟာသလုပ်နေသည့်ထင်၍ ထရယ်နေကြ၏။ လိုက်ကာကြားမှ ဆရာမ လိပ်ခေါင်းထွက်မတက်လေသဖြင့် ပြဇာတ်ဆက်ကာဖို့ လှမ်းအော်နေစဉ် သူ လိုက်ကာကြားထဲပြေးဝင်သွားပြီး စက်ဆရာထံမှ မိုက်ကရိုဖုန်းကိုတောင်း၍ ပရိသတ်ကြားအောင် အလံရှုးလုပ်ပေးလိုက်၏။

"အဲဒီလို လူငယ်သုံးယောက် ဆေးကြောင်နေကြရာမှ ကျောင်းသားလေးမောင်လှဦးမှာ သရဲမနှင့် နပမ်းချသည်အထိ ဆေးကြောင်သွားခဲ့ရပါသည်"

"မီးမှိတ်ဗျို့၊အခန်းကူး အခန်းကူး"

မီးမှိတ်လိုက်စဉ် မိုက်ကရိုဖုန်းကိုင်ထားသော သူ့ထံ ဆရာ အလန့်တကြားပြေးလာသဖြင့် အမှောင်ထဲမှာ နောက်အခန်းအတွက်ပြင်ထားသော ဆက်တင်ကြီးနှင့် ဝုန်းခနဲဝင်တိုက်ပါတော့သည်။

"ဆရာ ဆရာ ဟေ့ မီးပြန်ဖွင့်၊ ပန်းတိမ်လွှာထွက်နိုင်းတော့၊ သူ့အလှည့် သူ့အလှည့်"

မီးပြန်ဖွင့်စဉ် ပန်းတိမ်လွှာ ရှေ့ထွက်သွား၏။

ဆက်တင်ပုံကြားမှာ ပုံပုံလေးလဲနေသောဆရာ့ကို စိုးမျိုးနိုင်သူမရ၏။ လှဦးနှင့်ကျော်သိန်းမှာ ဘရာစီယာထဲခုံလာသော ဝက်သားပေါက်စီနှစ်လုံးအတွက် ဇာတ်စင်နောက်မှာ ရန်ဖြစ်ကောင်းနေဆဲ။

"ဟိုကောင်တွေ ဟိုဟာ ဆက်တင်တွေ ပျက်ကုန်ပြီ"

ဆရာ၏ နောက်ပိုင်း ဇာတ်ထုတ်ဝိုချင်းတွေ မျက်ရည်တောက်တောက်ကျအောင် ကျိတ်ရယ်လိုက်ရ၏။

၀ ၀ ၀

www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းဇာတ်ထုတ်၏ အထွတ်အထိပ်ခန်းသို့ရောက်သောအခါ ငရဲမင်းကြီးထွက်လာပြီး ဘိန်းဖြူသားကောင်သုံးယောက် ခြေထောက်ကို အတင်းဆွဲချရင်း . . .

"ဟော့ကောင် အောင်သင်းလတ် တော်ရုံပဲဆွဲကွ၊ ခြေထောက်မှာ အနာရှိတယ်"

စိုးမျိုးနိုင် ထအော်၏။ အောင်သင်းလတ်က ဇာတ်စကားပြောနေ၏။

"လာ. . .လိုက်ခဲ့၊ တယ်လည်းမိုက်တဲ့ငမိုက်သား၊ ဆီပူအိုးထဲမှာ ဖားပေါင်ကားစေရမယ် ဟယ်"

ပြဇာတ်စကားတွေမေ့နေ၍ အဓိပ္ပါယ်တူရာ နီးစပ်စကားဖြင့် အောင်သင်းလတ် ပြောနေခြင်းပင်။

မှင်စာ ဒုက္ခက သူ့အနားလာပြီး တဟီးဟီးနှင့်ရယ်၍ ကလိထိုး၏။

"ဟော့ကောင် ဒုက္ခ၊ အဲဒါမပါဘူး"

ခုတင်ပေါ်လှဲနေရာမှ ကျိတ်အော်ပြော၏။ ပရိသတ်သိမှာလည်း စိုးရသေးသည်။

"မင်း ဘာသိလို့လဲ၊ ဆရာမက ပိုသဘာဝကျအောင် ကလိထိုးလို့ အခုပဲ မှာလိုက်တယ်"

ငရဲသားတစ်ဖြစ်လဲ ကျော်သိန်းရောက်လာသောအခါ ဆွဲမိဆွဲရာ လည်း‌ခြေထောက်ကို ဆွဲ၏။

လှဦးမှာ ဆရာမတွေဝင်ဖျန်ဖြေ၍သာ ပေါက်စီကိစ္စအတွက် ကျေနပ်လိုက်သော်လည်း ရင်ထဲမှာ အစိုင်အခဲက ကျန်နေသေးသဖြင့် လာဆွဲသောကျော်သိန်းရင်ဝကို ဆောင့်ကန်ချလိုက်၏။

ကျော်သိန်းမှာ ငရဲသားခမောက်တွေလွင့်ပြီး နောက်ကို ကျွမ်းပစ်



လန်ကျလေသည်။

ပရိသတ်မှာ ပတ်လုတ်မရအောင် ပွဲကျသွား၏။ ကျော်သိန်းမှာ ချက်ချင်းပြန်ထပြီး လှဦးကို ခက်ရင်းခွဖြင့်ရိုက်၏။ နာသွားသောလှဦးက လှဲနေရာကထရပ်ပြီး (ပြဇာတ်ထဲမှာမပါသော) ငရဲသားနှင့် ဖိုက်တင်ထချလေ၏။

ထိုစဉ် မီးမှိတ်လိုက်ပြီး ကျော်သိန်းနှင့်လှဦးကို ဆရာ ဆွဲထုတ်သွား၏။ ခဏနေ မီးပြန်လင်းလာပြီး ဇာတ်လမ်းဆက်ကသောအခါ သေဆုံးသွားသောမောင်ကကြီးနေရာ လုပ်လိုက်ရ၏။

သို့ဖြစ်၍ သေဆုံးသွားတဲ့ကျောင်းသားလေး မောင်လှဦးဟုပြင်ဆင်ပြောရမည့်အစား လေ့ကျင့်အသားသေနေသော မောင်စိုးမျိုးနိုင်ဟု မေ့ပြီး ထည့်ပြောဖြစ်အောင် ထည့်ပြောလိုက်မိလေသည်။

ကမောက်ကမဖြစ်စဉ်များ ရှိခဲ့သောလည်း ကျောင်းကပွဲကြီးမှာ အမှန်တကယ်ပင် အောင်မြင်စွာ ပြီးဆုံးသွားခဲ့ပါတော့သည်။

၀ ၀ ၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

သက်ဆိုင်ရာလူကြီးများနှင့် ပညာရေးမှူးတို့မသိလိုက်သော တက်ရောက်လာသည့် ကျောင်းသားမိဘတွေက "သိပ်ရယ်ရတာပဲ" မှတ်ချက်ပေးခဲ့သော ပညာပေးပြဇာတ်ကားလေး၏ ဇာတ်ဆောင်များမှာ နောက်တစ်နေ့ ရုံးခန်း၌ တန်းစီ၍ ဆရာမကြီးဂုဏ်ပြုတာကို ခံစားနေရရှာလေသည်။

"ချော်လဲရောထိုင်လို့သာတော်သေးတာပေါ့၊ နို့မို့ ငါ့မျက်နှာကိုတားနဲ့မွန်းပစ်ရလိမ့်မယ်"

အဓိကတရားခံ ကျော်သိန်းနှင့်လှဦးမှာ ခေါင်းမဖော်နိုင်ရှာ။ ကြိုးစားပမ်းစား ရန်ဖြစ်ကပြခဲ့သည့်အတွက် ရိုက်မဆုံးမသော်လည်းပါးစပ်ဖြင့်တစ်နာရီလောက်ကြာအောင် ဆုံးမလွှတ်လိုက်လေ၏။

အခန်းထဲရောက်တော့ အတန်းပိုင်ဆရာမကဆက်ဆူ၏။ ထိုစာသင်နေ့တစ်နေ့လုံး နားပူကျောပူစွာ ဖြတ်သန်းပြီးဆုံးသွားပါသည်။

နောက်နေ့ရက်များသည် အတန်းတင်စာမေးပွဲကြီးအတွက် ကြိုတင်ပြင်ဆင်ရေးကာလ ဖြစ်လာခဲ့လေသည်။

အပျော်တွေကိုလျှော့ခိုင်းပြီး စာကိုသာ အဓိက လိုက်ခိုင်းလာကြ၏။



သို့ဖြင့် ကျောင်းကပွဲမှာဖြစ်သွားသော အဖြစ်အပျက်များမှာ ကျောင်းသားတွေကြား ပြောမဆုံးပေါင်တောသုံးထောင် ဖြစ်သွားခဲ့ရရှာလေ၏။

ပွဲပြီးသွားပြန်တော့လည်း လှဦးနှင့်ကျော်သိန်းမှာ ယခုကလိုသည်ပင်းဖက် အတွဲမပျက်။

မောင်မောင်တင်ပြောသလို အားကြီးဆိုးတဲ့တရောက်နှစ်ကုတ်တရုတ်နှစ်ကောင်ဟုသာ သူခေါ်ပစ်ချင်လာ၏။

ကျောင်းကပွဲ၌ နာမည်ထွက်လာသောသူမှာ ပန်းတိမ်လွှာ။

သူမ သရုပ်ဆောင်ကောင်းကြောင်း ကျောင်းသူအချင်းချင်း ချီးကျူးကြတိုင်း ပန်းနုနုံ့သာက မခံချင်စိတ်လှိုင်းတွေ ရုန်းရုန်းကြွကြွ၊ နာမည်အသင့်အတင့်ရခဲ့သော အငြိမ့်ခန်းမှ ဝါဝါမွှေးကလည်း ပန်းတိမ်လွှာအပေါ်အမြင်သိပ်ပြီးမကြည်မလင်။

ထိုတြိဂံသုံးခု၏ အနားစွန်းများသည် ပို၍ တောက်ပချွန်ထွက်လာ၏။ မာန်မာနတရားတွေ အားထည့်မြှင့်နေသော ယခင်ကာလက အစွန်းအစလျော့သွားသူမရှိသေးသဖြင့် မသိသာခဲ့သော်လည်း အစွန်းအစလျော့သွားသူနှစ်ယောက် သိသိသာသာ ပေါ်ပေါက်လာသောအခါ မျဉ်းကြောင်းခြင်း တိုးကပ်လာသော အနားမညီတြိဂံတစ်ခု ဖြစ်ပေါ်လာ၏။

ထိုတြိဂံကို သုံးနားညီစေချင်နေမိ၏။

သူညီစေချင်သော သုံးနားညီမှုမှာ ခင်မင်မှု၊ ကြင်နာမှု၊ တန်ဖိုးထားတတ်မှုဟူသော အနားများသာဖြစ်၏။

သို့ဖြင့် စိမ်းကားသောမြက်ခင်းများမှာ နေရောင်ခြည်ပြင်းပြရုံနှင့်အရောင်ပြောင်းမလာခဲ့။

ထိုအနားမညီတြိဂံအား သူ့ဆန္ဒနှင့် သုံးနားညီလာမည့်အချိန် ကိုသူ တမ်းတတော်မွတ်စွာ စောင့်မျှော်နေမိပါလေသည်။

၀ ၀ ၀

www.burmeseclassic.com

www.burmeseclassic.com



အတန်းတင်စာမေးပွဲကြီး နီးကပ်လာသောအခါ ကျောင်းသားကျောင်းသူများ အတန်းတက်မှန်လာပါ၏။

"ကိုဘုန်း စာတွေပြတ်ပြီလား"

"မပြတ်သေးဘူးကွာ၊ မင်းရော ပြတ်သွားပြီလား"

"မပြတ်သေးပါဘူး၊ ဖီးဆစ်နည်းနည်းကျန်သေးတယ်"

"ဒါနဲ့ အောင်သင်းလတ်ကို မတွေ့ပါလား"

"ဒီကောင် ကျောင်းမှန်ပြီး ကျူရှင်ပျက်နေတာ ကြာပြီနော်"

"ခင်ဗျား မကြားလိုက်ဘူးလား"

"ဘာလဲကွ"

"မောင်မောင်တင့်ညီမကို ခိုးသွားတာလေ"

နောက်မှ မောင်မောင်တင်ရောက်လာတာသိ၍ လှဦး တမင်ပြောလိုက်ခြင်းပင်။

"ဟေ့ကောင် တွမ်မိ မဖ်နာတော့မှာပဲ၊ ငါ့ညီမကိုသုတ်သွားတာ မဟုတ်ဘူးကွ၊ မင်းကြီးတော်ကို သုတ်သွားတာ"

"အလကားပြောတာပါဗျာ၊ အောင်သင်းလတ် ဖျားနေလို့ပါ"

လှဦးနှင့်မောင်မောင်တင်တို့ စကားကို သူလျှစ်လျူရှုမိလိုက်စဉ် သူ့ရှေ့သို့ ဘွားခနဲ ပုံရိပ်တစ်ရိပ်ရောက်လာ၏။

"ဘုန်းထွဋ်၊ ဆရာကန်တော့ပွဲဖိုး မထည့်ရသေးဘူးနော်"

တစ်လတစ်ခါစုရသော ကန်တော့ပွဲကြေးကို ကျောင်းလခကြေးနှင့်အတူ ပေးရ၏။ မောင်မောင်တင်က ငွေကြေးကောက်ခံရေးအပိုင်းကို သူမထံ လွှဲပေးထားသည်မှာ နှစ်စကတည်းက။

"ဝါဝါမွှေးရဲ့အကကို လူတိုင်းချီးကျူးနေကြတယ်၊ ထိုင်မသိမ်းထမိခတ်တာ ကြမ်းစနဲ့ငြိသွားလို့ ယိုးဒယားနောက်တွဲအကဖြစ်သွားတယ်ဆို"

"အံမယ် အဲဒါဘာဖြစ်သလဲ၊ နင့်ပန်းနုန့်သာကမှ နင်တို့အော်ငြီးလိုက်ဖက်တဲ့အခန်းမှာ ဆံပင်တုကြီးပြုတ်ကျတာက ပိုရှုပ်ဆိုးတယ်၊ နေဦး



ပြောရဦးမယ်၊ ဘာထူးလဲ၊ နင့်ရဲ့ သရေယိုနေတဲ့ ပန်းတိမ်လွှာကကော ပြဇာတ်ဇာတ်သိမ်းပိုင်းမှာ ကြေကွဲသံလေးနဲ့ပြောရမယ့်ဥစ္စာ၊ ပါးစပ်လေဖြတ်နေတဲ့ အသက်ကိုးဆယ်ကျော် အဘွားကြီးအသံပေါက်နေတာပဲ မဟုတ်ဘူးလား"

"ငါ့ရဲ့ပန်းနုန့်သာလည်း မဟုတ်ဘူး၊ ငါသရေယိုနေတဲ့ ပန်းတိမ်လွှာလဲမဟုတ်ဘူး၊ ငါပြောတာ ဝါဝါမွှေးပဲပြောတာ၊ သူတို့ကို ထည့်မပြောဘူး၊ သူတို့က ငါ့ဆို ရှောက်သီးရည်နဲ့ နံ့နှစ်ရည်ပဲဟေ့၊ နင့်လောက်သဘောထားပိစိညှောင့်တောက်လေးတောင် မကြီးလာကြဘူး၊ မဆိုင်ဘူး"

"ရှောက်သီးရည်နဲ့နံ့နှစ်ရည်ဆိုတာ ဘာကိုပြောတာလဲ၊ နင့်စကားပြောရင် ရှုပ်ပြီ"

"ဪ ရှောက်ရည်က မချဉ်ဘူးလား"

"ချဉ်တယ်"

"အေး ပန်းနုန့်သာက ငါ့ကိုချဉ်နေတယ်"

"ဘာဖြစ်လို့လဲ"

"မပြောတတ်ဘူး၊ ဒါထားလိုက်ပါဦး၊ နံ့နှစ်ရည်ကကော ကြည်နေသလား"

"နံ့နှစ်ရည်ဆိုတော့ နောက်နေတာပေါ့၊ ဘယ်လာကြည့်နေမှာလဲ"

"အေး ပန်းတိမ်လွှာက ငါ့ကိုမကြည်ဘူး၊ ဘာဖြစ်လို့လဲမေးရင်တော့ မသိဘူးလို့ပဲ ဖြေဖို့ရှိတော့တယ်"

ဝါဝါမွှေး စိတ်ရှုပ်ဟန်ဖြင့် ခေါင်းကုတ်စဉ် အနားမှာရှိသော လှဦးက လက်နှင့်ကာရင်း . . .

"ဖြည်းဖြည်းကုပ်ပါဟ၊ နင့်ဟာက သန်းဥသကြန်ကျနေတာပဲ"

"အံမယ် သန့်သန့်လေး၊ ဘာသန်းဥမှမရှိဘူး၊ မွှေးနေ့တိုင်းခေါင်းလျှော်တယ်၊ ရှင်းလား"

မောင်မောင်တင်က ဝင်၍ . . .

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် လှဦး ရှင်းလား၊ မရှင်းရင် ဘရိတ်ခေါ်ပေးမယ်"

"သေနာကျ မောင်မောင်တင်"

"ဘာလဲဟ လှဦးကိုပြောတဲ့ဟာကို"

"အေးပါ နင်နောက်ပြောင်နေပါ၊ ဆရာမက နင့်ကို မော်နီတာ ခန့်ထားတာ အလကားပဲ၊ အပျင်းကြီး အရည်ညွှတ်၊ နင်လုပ်ရမယ့်အလုပ်တွေ ငါ့လာပုံထားတယ်၊ ဒါတွေလုပ်နေရလို့ ငါ စာမေးပွဲမှာ အဆင့်သုံး ရသွားတာဟဲ့"

"အတန်းထဲမှာ အသင်းခေါင်းဆောင်လုပ်တာ သမိုင်းတွင်မယ့် ကိစ္စပါဟာ၊ (အေ)ခန်းရဲ့ ခေါင်းဆောင်မှုအစဉ်အလာကောင်းတွေထဲမှာ နင်ပါသွားမှာပါ"

"ကျောင်းမှာ ဝိတ်နဲ့ဖားတတ်တာ နင်တစ်ယောက်ပဲရှိတယ်"

"ဒီလိုတွေးရင်တော့ ကိုယ်တို့ဝေးကြရလိမ့်မယ် မွှေးရယ်"

ရုပ်ရှင်မင်းသားအိုက်တင်၊ လေသံနှင့် အပီပြောလိုက်သော မောင်မောင်တင်အား ဝါဝါမွှေး အကယ်ဒမီလက်ဝါးဆု ပေးလိုက်၏။ ဖြန်းခနဲ။

မောင်မောင်တင်ကျောကော့ပြီး ယိုးဒယားအက ကသွား၏။

"မော်နီတာဖြစ်ပြီး မျက်နှာပိုးကိုမသေဘူး၊ ဘယ်သူက လေးစားမှာလဲ၊ ဒင်းကို"

"လေးစားရင် ငါးပြန်တယ်၊ ခြောက်လျှော်မယ်"

မောင်မောင်တင်က အကြောမလျှော့သေးသောလေသံဖြင့် ပြန်ပစ်နေခြင်းပင်။ သူက အိတ်ထဲမှငွေကိုထုတ်ပြီး ဝါဝါမွှေးကိုပေးလိုက်၏။ ဝါဝါမွှေးက မောင်မောင်တင်ထံမှရွေ့လာသောမျက်စောင်းကို သူ့ထံ ချိန်ရွယ်ရင်း . . .

"ငွေသွင်းမယ်ဟော့ဆိုရင် သူနောက်ဆုံးချည်းပဲ"

ဟု မြစ်တင်ရေရွတ်နေ၏။ ဝါဝါမွှေးဘက်က အဖော်ပါလာသော မွှုမှုက စာရင်းစာအုပ်ထဲ ရငွေကိုမှတ်သားနေ၏။ လှဦးက . . .



"လာမယ့်သောကြာနေ့မှာ (ဘီ)ခန်းက ဆရာကန်တော့ပွဲနဲ့ နှုတ်ဆက်ပွဲမှာတဲ့၊ အကြီးအကျယ်လုပ်မယ်လို့ (ဘီ)ခန်းက သက်ထွန်းတို့အဖွဲ့ ပြောနေတယ်"

"ဗုဒ္ဓဟူးနေ့လောက်ရောက်ရင် စာသင်တာ အားလုံးပြတ်သွားပြီ၊ အစမ်းစာမေးပွဲအတွက် သူတို့ ရပီရှင်ပြန်တာ နောက်ကျနေပါပြီဟာ၊ တို့အခန်းက ဗုဒ္ဓဟူးနေ့ စာဖြတ်လိုက်ရင် နှစ်ခေါက်လောက်ကိုရှိနေပြီ၊ ကျန်တဲ့အနီးကပ်ရက်တွေမှာ အရေးကြီးတာလောက်ကို ပေါ့ပေါ့ပါးပါးလေးတွေ ရွေးသင်မယ်လို့ ဆရာမ ဒေါ်ခင်မာလာကပြောတယ်"

ဝါဝါမွှေးပြောလိုက်သော စကား။

မောင်မောင်တင်က . . .

"တို့အခန်းအတန်းပိတ်ပွဲကျရင် ဟဲဗီးလ်ရှိုးဖြစ်အောင်လုပ်ရမယ်၊ သိတယ်မဟုတ်လား၊ (အေ)ခန်းရဲ့အစဉ်အလာကို ဘယ်အခန်းကမှ လာကြောလို့မရဘူး၊ ဆရာကန်တော့ပွဲအခမ်းအနားကျရင် သူတို့ အုန်းနို့ခေါက်ဆွဲဆို တို့က ဒံပေါက်၊ သူတို့က ဒံပေါက်ဆိုရင် တို့က ဒံပေါက်နဲ့ အိုက်(စ်)ကရင်လုပ်ရမယ်၊ ဖန်ငွေတွေ တို့အခန်းမှာရှိပြီးသားပဲ"

သူက . . .

"ဘယ်နေ့ (အေ)ခန်းက ဆရာကန်တော့ပွဲနဲ့ အတန်းပိတ်ပွဲလုပ်မှာလဲ၊ ဆရာမကလည်း ဘာမှမပြောသေးဘူး"

"ဆရာမပြောတာက စာသင်နေရင်း အဲဒီကိစ္စကို ခေါင်းထဲရောက်မှာစိုးလို့ပါ၊ ကျွန်တော်တို့ အသေးစိတ်အစီအစဉ်တွေ ခေါ်ပြောပြီးပြီ၊ လာမယ့်တနင်္လာနေ့ကျရင် (အေ)ခန်းရဲ့ အခမ်းအနားဆုံး (အေ)ခန်းသမိုင်းမှာ အကောင်းဆုံးကျင်းပဖူးတယ်ဆိုတဲ့ စကားမျိုးတွင်ရစ်နေမယ့် အခန်းပိတ်ပွဲသိတယ်မဟုတ်လား၊ ကျောင်းပိတ်ရက် နှစ်ရက်လုံး အခန်းမှာ လာပြင်ဆင်ချိန်ရှိနေတယ်၊ အကောင်းဆုံးအစားအစာနဲ့ အကောင်းဆုံး ပျော်ရွှင်မှုတွေကို နှစ်ရက်လုံးလုံး ကြိုတင်ဖန်တီးနိုင်တယ်၊ ဆရာကတော့

www.burmeseclassic.com

www.burmeseclassic.com



သောကြာနေ့လောက်မှာ ဝင်ငွေနဲ့ သုံးငွေစာရင်းကိုကြေငြာပြီး တစ်တန်းလုံးနဲ့ ကျင်းပမယ့်အစီအစဉ်အသေးစိတ်ကို ဆွေးနွေးပြောပြမယ်လို့ ပြောတယ်''

မောင်မောင်တင် စကားအဆုံးမှာ လှဦးက . . .

''(ဘီ)ခန်းနဲ့ (စီ)ခန်းမှာ ရေလျှံတွင်းတွေပေါတယ်နော်၊ သူတို့က (အေ)ခန်းကို ရတဲ့နည်းနဲ့ပြိုင်ပြီး အနိုင်ယူချင်နေတာ၊ အတန်းပိတ်ပွဲမှာ သူတို့အသည်းအသန် လိုက်ပြိုင်ကြလိမ့်မယ်၊ အဲဒီအခန်းက ဗီဒီယိုကင်မရာရှိတဲ့လူက မှတ်တမ်းတင်ဖို့တောင် တာဝန်ယူထားတယ်၊ တေးသံသွင်းပိုင်ရှင်သားက သူ့ရဲ့ စပီကာဘောက်(စ်)တွေနဲ့ (အေ)ခန်းကို လန့်သွားအောင် ဖြမယ်လို့ အပြတ်ဟစ်ကြွေးနေတယ်၊ သူတို့နှစ်ခန်းလုံး ဒံပေါက်ချည်းပဲလို့ သတင်းကြားတာပဲ''

ဝါဝါမွှေးက . . .

''ဒံပေါက်ချည်းပဲ ဆရာမတွေစားနေရရင် မမိုက်ဘူးဟ၊ သူ့ထက်ကောင်းတဲ့ အခြားစားစရာကို ဆရာမနဲ့တိုင်ပင်ပြီး ကျွေးရအောင်''

မူမူက . . .

''မွှေးပြောတာဟုတ်တယ်၊ ဆရာတွေကိုကန်တော့မယ့်ပစ္စည်းကလည်း တခြားအခန်းတွေထက်သာမှဖြစ်မှာ၊ တို့ဖန်ငွေထပ်ရှာတဲ့အနေနဲ့ တစ်ယောက်တယ်လောက်ဆိုပြီး ထပ်ခွဲရင်မကောင်းဘူးလား၊ တစ်လတစ်ခါငွေနဲ့ တစ်နှစ်စာရခဲ့တဲ့ စုငွေတော့ အလျှံအပယ်သုံးရင်လောက်မယ်မထင်ဘူး''

''ဆရာမက အဲ့ဒီဖန်ငွေကိစ္စ သဘောတူချင်မှတူမှာ၊ အတန်းပိတ်ပွဲအတွက် ပြင်ဆင်ချိန်နှစ်ရက်မှာပဲ အင်တိုက်အားတိုက်တွန်းလုပ်ဖို့ ဆရာမပြောတယ်၊ ဒီကြားထဲမှာ ပြင်ဆင်နေရင်း အတန်းတင်စာမေးပွဲအတွက် စာကျက်ရက်တွေ ပျက်ကုန်မှာစိုးလို့၊ စာဖတ်အားလျှော့သွားမှာစိုးလို့တဲ့၊ ဖန်ငွေအတွက် တခြားရန်ပုံငွေရှာရရင်လည်း ကျောင်းသားတွေ



အနီးကပ်စာသင်ရက်တွေ ကုန်ကုန်မယ်ဆိုပြီးပြောတယ်၊ မူမူမပြောခင်ကတည်းက ဆရာမကို ငါတွေးမိလို့ အဲဒီအကြောင်းကို ကြိုပြောခဲ့ပြီးလို့ ဒါတွေသိခဲ့တာပါ''

''ဘာပဲပြောပြော (အေ)ခန်းဟာ (ဘီ) (စီ) (ဒီ) အခန်းတွေထက် အရာရာမှာသာခဲ့သလို ကန်တော့ပွဲမှာလည်း လိုက်မမီအောင်ကို သာနေမှဖြစ်မယ်''

သူ့မှတ်ချက်ကို ဝါဝါမွှေးက ထောက်ခံနေစဉ် ကျူရှင်လာတက်သောပန်းနုနုံ့သာနှင့် ဖြိုးဖြိုးကို လှမ်းတွေ့၏။ လက်ထဲမှာ အာလူးကြော်ထုပ်၊ နေကြာစေ့ထုပ်၊ ကွာစေ့ထုပ်၊ ဆိတ်သားကင်တွေ တစ်ပွေ့တစ်ပိုက်ကြီးနှင့်။

သူနှင့်ဝါဝါမွှေးကို ပန်းနုနုံ့သာလှမ်းမြင်သောအခါ နှာခေါင်းရှုံ့သွားပြီး ဖြိုးဖြိုးကို စကားတစ်ခွန်းလှည့်ပြော၍ သဘောကျစွာ နှစ်ယောက်သား ကျိတ်လှောင်ရယ်၏။

ဝါဝါမွှေးမှာ ပန်းနုနုံ့သာကိုမြင်သည်နှင့် မျက်နှာမှာ ရေခဲကပ်ခံလိုက်ရသလို။ ပန်းနုနုံ့သာတို့ သူတို့ဘေးမှ (ဂရုတစ်ချက်လေးပင် မစိုက်ပုံနှင့်) ဖြတ်သွားစဉ် . . .

လှဦးက . . .

''ဈေးသည်ကြီး လာပါဦး'' ဟု လှမ်းနောက်၏။

ဖြိုးဖြိုးက ဆိတ်သားကင်ထုတ်ချောင်းဖြင့် လှမ်းပေါက်၏။

လှဦးက ခုန်ရှောင်ပြီး . . .

''ဘယ်ရမလဲ၊ ရှောင်လင်လေ''

လှဦးကို မထိသဖြင့် ပန်းနုနုံ့သာ စိတ်တိုတိုနှင့် နောက်တစ်ချောင်းထပ်ပေါက်၏။ လှဦးက အရှောင်အတိမ်းလွန်တော်၏။

လှဦးရှောင်လိုက်သဖြင့် လမ်းကြောင်းတစ်ထပ်တည်းကျ[illegible] ဝါဝါမွှေးပါးစပ်ထဲ (ဆိတ်သားကျန်သေးသော) တုတ်ချောင်းက [illegible]

www.burmeseclassic.com

www.burmeseclassic.com



လာမှန်း၏

"ဟယ် . . . ဟာ"

"အဲ"

"ကြည့်စမ်းပါဦး၊ လက်ကမြင်းလှချည်လား၊ မျက်လုံးတွေလာမှန်မှဖြင့်၊ ဘယ်လိုလုပ်လိုက်တာလဲ ပန်းနုနံ့သာ"

"မတော်လို့ဖြစ်တာ"

သူမဘက်ကမှားနေပေမယ့် အချိုးမပြင်သောလေသံကြောဖြင့် ပြန်ပြောလိုက်ရာ ဝါဝါမွှေးမှာ ဆွေ့ဆွေ့ခုန်မတတ် ဒေါပွသွား၏။

ဝါဝါမွှေးက ချက်ချင်းပင် အောက်ကျနေသောဆိတ်သားတုတ်ချောင်းကောက်ကိုင်ပြီး . . .

"လှဦး ခုနနေရာမှာ ပြန်ရပ်စမ်း၊ ဘာမှကြည့်မနေနဲ့၊ ရပ်ဆိုရပ်ဟာ"

လှဦး ကြောင်တောင်တောင်နှင့်ပြန်ရပ်လိုက်၏။

ဝါဝါမွှေးက လက်ကိုအားကုန်လွှဲပြီး . . .

"ကဲဟာ"

တုတ်ချောင်းနှင့်ပိတ်ပေါက်လိုက်၏။ လှဦးက အထာနပ်ပြီး ချက်ချင်းငုံ့ရှောင်လိုက်၏။ ပန်းနုနံ့သာက ပို၍ပို၍ပါးလုပ်ပြီး ဖြိုးဖြိုးလက်ကိုဆွဲကာ ရှေ့ကို လမ်းလျှောက်ထွက်သလို ရှောင်ပေးလိုက်စဉ် . . .

ဖြတ်ခနဲဝင်လာသော အရိပ်တစ်ခုကို သွားမှန်၏။

"ဟဲ့ . . . ဘယ်လိုဖြစ်တာလဲ"

တိုက်ပုံအင်္ကျီနှင့် ရှိုးကျူကျူဝတ်လာသော ဆရာခများ (ကံဆိုးချင်၍လားသိ၊ ထိုနေ့မှ ဆိုင်ကယ်(လ်)သံမကြားရသဖြင့်) ဝန်းကျင်ကို အလေးမမူသော ဆိတ်သားတင်ပစ်တာကို ခံလိုက်ရရှာ၏။

ဝါဝါမွှေးမျက်နှာ သွေးမရှိတော့။ အသာလစ်ထွက်သွားသော ပန်းနုနံ့သာကိုပင် ဒေါသလုမ်းမဖြစ်အား။ (ထိမှန်သွားသောနေရာမှ ဆီကွက်များ



ကို လက်နှင့်ပုတ်ခါနေသော) ဆရာဖြစ်သူကိုသာ တွင်တွင်တောင်းပန်နေရှာ၏။

ဆရာကတော့ . . .

"သွားပြီ၊ ဒီအင်္ကျီတော့ပစ်ရပါပြီ တပည့်ရယ်၊ ဘယ်လိုများဖြစ်ရတာလဲ"

မောင်မောင်တင်က မော်နီတာပီပီ . . .

"ဒီလိုရှိပါတယ် ဆရာ၊ ကျွန်တော်တို့ တစ်ယောက်နဲ့တစ်ယောက် နောက်ပြီးပစ်လိုက်တာပါ၊ ဆရာ့ကို တမင်စော်ကားလိုက်တာ မဟုတ်ပါဘူး။ ကျွန်တော် သက်သေရှိပါတယ်"

"တော်ပြီ ဆရာသဘောပေါက်ပြီ၊ နေ . . . နေတော့"

ဝါဝါမွှေးက (လက်တကာကာဖြစ်နေသော ဆရာ့အား) ပျာပျာသလဲဟန်ဖြင့် . . .

"ဆရာ တိုက်ပုံချွတ်လိုက်ပါ၊ ကျွန်မ ပြန်လျှော်ပေးပါရစေ"

"နေပါစေ တပည့်ရယ်၊ ဆရာလဲ နမော်နမဲ့နိုင်ပြီး တန်းဝင်လာမိတာကိုး၊ နောက်တစ်ခါဆို ကျည်ကာအင်္ကျီဝတ်လာခဲ့မှ ဖြစ်မယ်နဲ့တူတယ်"

ဆရာကအတည်ပေါက်နှင့်နောက်တာလိုလို ကလိသွားတာလိုလို စကားပြောရင်း ကျူရှင်ခန်းထဲကို တိုက်ပုံချွတ်၍ဝင်သွား၏။

ဆရာ့ခမျာ သူနှစ်သက်သော အပြာနုရောင်တိုက်ပုံကလေးကို အတော်နှမြောသွားဟန်တူ၏။ ထိုနေ့က စာသင်နေစဉ် မျက်နှာသိပ်မရွှင်ကျောင်းသားတွေစိတ်ပျော်စရာကောင်း စကားပင်သိပ်မပြော၊ စာသင်သောအခါ စိတ်မပါသလိုလိုနှင့်။

"ကဲ နောက်တစ်ခန်းကူးမယ် ကွိကွိ(မိုက်ကရိုဖုန်းသံတွေထွက်ပါလာခြင်းဖြစ်၏။) အသံမကြည်၍ ဆရာပြောရင်းတန်းလန်း မိုက်စင်

"ဟယ်လို ဖူး . . . ဖူး . . . တက်စ်ဝမ်း . . . တူ"

www.burmeseclassic.com



ဆရာ၏ ကျူရှင်ဆောင်မှာ နှစ်ထပ်။ အပေါ်ထပ်မှာ (ကျူရှင် ခန်းငှားစားသူ) အိမ်ရှင်နေ၏။ အောက်ထပ်မှာ ဆရာနှင့်ဖွဲ့စည်းထားသော ဘာသာရပ်ဆရာများက အခန်းကိုငှား၍ ကျူရှင်ဖွင့်ထား၏။

အပေါ်ထပ် အိမ်ရှင်တွေထဲမှ စိတ်မနှံ့သော အဘွားကြီးတစ်ယောက် ရှိ၏။ ထိုအဘွားကြီးမှာ ကျူရှင်စာသင်ချိန်များမှာပင် သီချင်းတွေအကျယ် ကြီးထဆို၏။ အိမ်သားတွေထိန်းမရ၍ လွှတ်ထားရ၏။

ထိုအဘွားကြီးဆိုသော သီချင်းမှာ ''မက်ဒေါ်နား'' သီချင်း။

နားထဲစွဲနေသည့် ရသလောက်စာသားကို အဘွားကြီးထပ်တလဲလဲ ဆိုက်ဆိုတတ်၏။

ထို့ကြောင့် ကျူရှင်တက်သော ကျောင်းသားများက သူမ (အဘွား ကြီး)ကို ''မယ်ဒေါ်နဲ''ဟုနောက်ပြောင်ခေါ်ဝေါ်ကြ၏။

''ဟေ့ ဝဏ္ဏ မိုက်အသစ်လဲထားတာကလဲ အသံမကြည်ပါလားကွ''

ကျောင်းစာရေးကို လှမ်းပြောလိုက်သောအခါ ကျောင်းစာရေးမှာ ယိမ့်ယိုယိုယာရောက်လာ၏။

''မိုက်က မဟုတ်ဘူးနဲ့တူတယ် ဆရာ ဘောက်(စ်)ကနဲ့တူတယ်။ အပြင်ကြီးမလွှတ်ဘူး၊ စပီကာ ဘာဖြစ်သလဲမသိဘူး၊ ခဏလေး ကျွန်တော် ဘောက်(စ်)ဖွင့်ကြည့်လိုက်ဦးမယ်''

ဝဏ္ဏက ဆောင်းဘောက်(စ်)ကိုစင်ပေါ်မှ အောက်သို့ချ၍ ဝက်အူ လှည့်နှင့် စက္ကူစုပ်ထုပ်ဖနေ၏။ ဆောင်းဘောက်(စ်) ထားသောစင်အောက်မှာ ဆရာ့တိုက်ပုံ အင်္ကျီလေးချိတ်ထား၏။ (ဆီစွန်းကလေးနှင့်)

ကျူရှင်မျက်နှာကျက်တစ်ခုလုံးကို အလပ်စတစ်များဖြင့် (အပေါ်မှ အမှုန်အမွှားမကျအောင်)လိုက်ပိတ်ရိုက်ထားသော်လည်း ဆောင်းဘောက်(စ်) ဝင်နေရာလေးပေါ်မှာ ပလပ်စတစ်ခုပ်ထားတာလည်းရှိသဖြင့် အကာလွတ် ထားခြင်းပင်၊ ထိုထက်ဆိုးသည်မှာ ဆောင်းဘောက်(စ်)တင်သောစင်ကို သံပန်းကွဲကွဲလေးများဖြင့်ပြုလုပ်ထားပြီး အောက်မြေမှာ အင်္ကျီချိတ်လေးပင်



ဒွဲစပ်ဝရိုန်ခေါ်ပေးထားခြင်းပင်။

ထိုအခြေအနေနှင့် အချိန်အခါသည် ဆရာအား ရင်ဘတ်စည်တီး တိုက်ပြီးအော်ငိုရမတတ် ဖြစ်သွားစေပါသည်။

အကြောင်းမှာ ဆောင်းဘောက်(စ်) အကာမဲ့သွားသော် ဆရာ၏ ဆီစွန်းတိုက်ပုံလေးပေါ်ကို အိမ်ပေါ်ထပ်မှ စိတ်မနှံ့သော ''မက်ဒေါ်နဲ''က ဖဝါးလားဝါးချပစ်လိုက်သောကြောင့် ဖြစ်ပါသည်။

၃ ၃ ၃

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

အတန်းတင်စာမေးပွဲကြီးအတွက် အုကြိုကာလမှာ ကျောင်းသူ ကျောင်းသားများ အထူးတလည် စာကြိုးစားနေကြပါသည်။ ထို့ထက်ပို၍ ကြိုးစားနေသော အရာမှာ ဆရာကန်တော့ပွဲနှင့်ပေါင်း၍ ကျင်းပသော အတန်းပိတ်ပွဲပင်။

ဒသမတန်းကျောင်းသားများမှာ အကဲဆုံး။ အသည်းဆုံး။

အ. ထ. က၌ အဆင့်မြင့်ဆုံး ကျောင်းတော်သားကြီး များပီပီ လက်မထောင်လွှား၍ ကြွားတားတားဖြစ်နေကြ၏။

ထိုအထဲ၌ အဆိုးဆုံးမှာ(ဘီ)ခန်းပင်။

(ဘီ)အခန်းမှ ကျောင်းသားများမှာ၊ တစ်မှတ်လို၊ နှစ်မှတ်လိုနှင့်(အေ) ခန်းနှင့်ဝေးခဲ့ကြသော သူများဖြစ်သဖြင့် သူတို့ထက်တစ်ပြားသာသွားကြသော (အေ)ခန်းကျောင်းသားများအပေါ် မခံချင်စိတ်ရှိနေကြသည်မှာမဆန်း။

မဆန်းသော မခံချင်စိတ်ကိုမှ ဆရာနှင့်ဆရာမများက(ပို၍ကြိုး စားယှဉ်ပြိုင်ချင်စိတ်ဖြစ်အောင်)စာသင်ရင်း စာမေးရသည့်အခါတိုင်း နှိုမ်ချ ပြောဆို၍ကောင်းသော ယှဉ်ပြိုင်စိတ်ကို နှိုးဆွပေးထားသလိုဖြစ်နေ၏။

''မရှက်ဘူးလား(အေ)ခန်းက ကျောင်းသားတွေလဲ လူပဲ(ဘီ)ခန်းက ကျောင်းသားတွေလဲ လူပဲ လူချင်းတောင် သူတို့လိုစာတော်အောင် လိုက်မယှဉ်



နိုင်တာ အသုံးမကျလို့ပဲ ဒီစာသင်ခန်းဆိုရင် သင်လို့ပြီးတာနဲ့ (အေ)ခန်း ကမေးလိုက်တာ ဒေါက်ဒေါက် ဒေါက်ဒေါက်နဲ့ အလွတ်ကို ပြန်ပြသွားနိုင် တယ်၊ နင်တို့ဟာက စာအုပ်ကိုကြည့်ပြီး ပြန်ဖြေတာတောင်တလွဲ၊ တတန်း လုံး(အေ)ခန်းကလူတွေ ဟိုဟာကိုစားထားဖို့ကောင်းတယ်''

ဘာသာရပ်ဆရာ၊ ဆရာမများ၏ စေတနာနှင့် ဆန်ရင်းနာနာဖွပ် သိုသောစကားမှာ (ဘီ)ခန်းကျောင်းသားတွေ အတွက် အသည်းဆတ်ဆတ် နာနေခဲ့ကြ၏။

အောင်၊ ရှုံးစာရင်း၌ (အေ)ခန်းကို လိုက်မယှဉ်နိုင်သော်လည်း (ဘီ)ခန်းတစ်ခန်းလုံးရှိ ကျောင်းသားများမှာ ဆရာကန်တော့ပွဲ၌ (အေ)ခန်း ထက်အစစအရာရာသာအောင်ချဖို့ ပွဲကြီးကျင်းပမည့်သောကြာနေ့မတိုင်မီ နှစ်ရက်သုံးရက် အလိုကတည်းက အားကြိုးမာန်တက်ပြင်ဆင်နေကြ၏

(အေ)ခန်းမှာ စာသင်ကောင်းနေချိန်များ၌ တစ်ဖက်ခန်းမှာ ပြင်ဆင် နေကြသံ၊ လှုပ်ရှားတက်ကြွနေသံတွေ နားရီမလပ်ကြားနေ၏။ (အေ)ခန်းမှာ နှစ်ကျော့ပြန်သင်ခန်းစာ နည်းနည်းပါးပါး ကျန်၍ အမြန်တက်သုတ်ရိုက်စာ သင်လာသော ဘာသာရပ်ဆရာတစ်ချို့က စာသင်နေရင်း(ဘီ)ခန်းဖက်သွား ၍ မဆူညံဖို့ တားမြစ်ရ၏။

သရာ အချိန်းအပြောင်းလုပ်သော ကြားအားလပ်ချိန်များ၌ (ဘီ) ခန်းမှ လှုပ်ရှားတက်ကြွနေမှုတွေကို (အေ)ခန်းသားတွေစုဝေး၍ တစ်ယောက် တစ်ပေါက် ဆွေးနွေးနေမိကြလေသည်။

''စာသင်လို့ကိုမရဘူး၊ ဆူနေတာပဲ၊ ညစ်တယ်ကွာ၊ ဒီလောက် ကြီးအကဲပိုနေတာတွေ့တော့ စိတ်မတွေ့တော့ဘူး''

''တို့အခန်းပိတ်ပွဲကြရင် သူတို့ထက်သာအောင်ချရမယ်''

''မသာလို့ဘယ်ဖြစ်မလဲ၊ သူတို့က တို့ကို လိုက်ပြိုင်နေတာပဲ သူတို့အတန်းသူတွေကိုကြည့်ပါလား၊ ဖက်ရှင်ရှိုးကျနေတာပဲ၊ သိပ်စတိုင်ကျ ဖြတဲ့ဟာတွေ၊ ကော်ရစ်တာမှာ သူတို့ ဒေါက်မြင့်ခွာရာချည်းပဲ''

www.burmeseclassic.com



"တို့ကျရင် မော်ဒယ်(လ်)ရှိုးပေါ့ဟ၊ ဘာဖြစ်လဲ၊ သူတို့ တပြန် ပြန်ပေးသွားရမှာပေါ့"

"ဒါတော့ဒါပေါ့ဟ၊ ဒါပေမဲ့ တို့အတန်းပိတ်ပွဲလုပ်တာက နောက် တစ်ပတ် တနင်္လာနေ့ကြီးဆိုတော့ သူတို့(ဘီ)ခန်းကဟာတွေ ကျောင်းလာ ပါတော့မလား။ တို့ပိတ်ပွဲကျင်းပပြီးတာနဲ့ နောက်တစ်နေ့ ကျောင်းပိတ် မှာဟ"

"လာကြမှာပါဟာ၊ အဲဒီတနင်္လာနေ့ကို ဘာသာစုံဆရာတွေ အခန်း တိုင်းလိုက်မှာထားတာပဲ၊ အရေးကြီးတာတွေ အနီးကပ်ပြောပြပြီး ပြန်နွှေး ပေးမှာတဲ့"

(ဘီ)ခန်း၏လှုပ်ရှားတက်ကြွမှုတွေကြောင့် (အေ)ခန်းမှာ စာဖတ် စိတ်သိပ်မရောက်နိုင်။

သူနိုင်ကိုယ်နိုင် အပြိုင်ကျဲကြမည့် ဆရာကန်တော့ပွဲအခမ်းအနား နှင့် အတန်းပိတ်ပွဲအတွက်သာ အထူးစိတ်ဝင်စားနေကြ၏။

(အေ)ခန်း ကျောင်းသား/ကျောင်းသူများ စကားစုပြောနေစဉ် ကျောင်းစာရေးဝင်လာပြီး မော်နီတာကို စာရွက်နှစ်ရွက်လာပေး၏။

ထိုစာရွက်မှာ (အေ)ခန်း အတန်းပိတ်ပွဲကို ကျင်းပခွင့်ပြုသော ဆရာမကြီး၏ ခွင့်ပြုလွှာပင်။

ထိုစဉ် ကျောင်းစာရေးနှင့်ခင်နေသော "ဒုက္ခ"က အာထချောင် ၏

"မနှစ်က ဆယ်တန်း(အေ)နဲ့ ဆယ်တန်း(ဘီ)တို့ ဆရာကန် တော့ပွဲလုပ်ကြတုန်းက ဘယ်အခန်းက သာသွားသလဲဗျ"

ကျောင်းစာရေးကလည်း မဆိုင်းမတွပင်ပြန်ဖြေ၏။

"သူမသာ၊ ကိုယ်အသုဘပဲ"

၀ ၀ ၀



ဒသမတန်း(ဘီ)အတန်းပိတ်ပွဲနေ့မှာ သူ ကျောင်းမတတ်နိုင်ပါ။

ဦးလေးဖြစ်သူ လေတစ်ခြမ်းဖျန်းသလိုဖြစ်သွား၍ မိသားစုနှင့် အတူ ဝိုင်းကူ၍ ဆေးရုံပို့နေခဲ့ရ၏။

သောကြာနေ့ ကျောင်းမတက်ရသည့်အတွက် သူ့မှာ သုံးခုနစ်နာ သွား၏။

ပထမတစ်ခုမှ (ဘီ)ခန်းမှာကျင်းပသော အတန်းပိတ်ပွဲပုံစံနှင့် အခြေအနေကို သူမတွေ့လိုက်ရ၍ဖြစ်သည်။

ဒုတိယတစ်ခုမှာ အရေးကြီးတာတွေ ပြန်လည်နွှေးပေးနေသော ကျောင်းသင်ခန်းစာများလွတ်သွား၍ ဖြစ်သည်။

တတိယတစ်ခုမှာ ပန်းနုနဲ့သာကိုတွေ့၍ မစရခြင်း။ ပန်းတိမ်လွှာ ကိုကြည့်၍ မနောက်ရခြင်း။ ဝါဝါမွှေးကိုမြင်၍ စကားနှင့်မကလိရခြင်းနှင့် အတန်းဖော်သူငယ်ချင်းများနှင့် ကျောင်းပိတ်ရက်တွင် အတန်းပိတ်ပွဲ အတွက် ကြိုတင်ပြင်ဆင်မှုများကို အသေးစိတ်မဆွေးနွေးရခြင်းများပင် ဖြစ်ပါသည်။

ကျောင်းသွားချင်လွန်းသော်လည်း လူမှုရေးအရ၊ ကျေးဇူးအရ၊ ဆွေမျိုး ဝတ္တရားအရ ကျန်းမာရေးဆိုးဝါးနေသော ဦးလေးအနားမှာ ဦးလေးမိသားစုနှင့် ထပ်တူ ပြုစုနေခဲ့ရလေသည်။ လိုအပ်သော ဆေးဝါးများကို ပြေးလွှားဝယ်ယူ ရခြင်း၊ဦးလေး၏ ဌာနဆိုင်ရာ လုပ်ငန်းမှမပြီးပြတ်သေးသော အလုပ်ကိစ္စများ ကို ဦးလေးကိုယ်စားပမာ (ဦးလေးလုပ်နေရာမှ ညွှန်ကြားသည့်တိုင်း) သက်ဆိုင် သော ဝန်ထမ်းတွေကို အကုန်လိုက်၍ အကြောင်းကြားပေးနေခဲ့ရလေသည်။

ဘယ်လိုပင်ဆွေမျိုးရင်းချာကြီးဖြစ်ပါစေ သူများအိမ်မှာ သွားရောက် နေထိုင်ရခြင်းသည် အတော်လေးမလွယ်ကူလှပါ။ အိမ်ရှင်ကို အလုပ်လုပ် ပေးနိုင်မှမျက်နှာသာရပြီး နေရထိုင်ရ အဆင်ပြေမည်ဖြစ်၏။

အိမ်ရှင်အလိုကျ ဆယ်ခါလုပ်ပေးခဲ့သော်လည်း တစ်ခါမျှ ပုပ် ပေးဖူးရုံနှင့် အိမ်ရှင်က ဝေးမှတ်တတ်ကာ နေရထိုင်ရအဆင်မပြေသော တတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်စာမေးပွဲကြီး အရမ်းနီးနေလို့ ကျောင်းသွားဦးမယ်" ဟုပြောပြီးထွက်လာခဲ့လျှင် လူမှုရေးသေးသိမ်ခေါင်းပါးလွန်းရာ ကျသွားပါလိမ့်မည်။

ဒေါ်ဒေါ်မှာ ဦးလေးကိုလိုက်၍ ပြုစုနေရသော်လည်း သူကိုယ်တိုင်က အလကားနေရင်း ကိုးဆယ့်ခြောက်ပါးကို တစ်ပါးစီလှည့်ဖြစ်နေသော ကိုယ်ခန္ဓာနှင့်ဖြစ်သည်။

အဒေါ်၏သား တစ်ယောက်တည်းရှိရာ သူ့ခမျာလည်း ရုံးတာဝန်တွေများလွန်းသည့်ကြားမှ ဆေးရုံလိုက်ပို့ပြီး သက်သာဟန်ရှိမှ ရုံးဆီဖုတ်ပူမီးတိုက်ပြေးလွှားနေရ၏။ (သူတို့ဌာနကို လူကြီးလာမျာစိုး၍လားမသိ)

နောက်ဆုံး၌ လက်ကသုံးတောင်ဝှေးမှာ သူသာပင်။

သမီးများမှာ အလုပ်ပျက်သော်လည်း ကြော်လှော်ချက်ပြုတ်ကျွေးမွေးနှိပ်နယ်ပေးရုံမှတစ်ပါး အခြားမရှိ။

အခြားရှိသမျှမှာ သူ့အပေါ်တွင်သာ။

သူသိပါသည်။

သောကြာနေ့ ညစောင့်တာဝန်ကို သူယူရမှာ မြေကြီးလက်ခတ်မလွဲအောင်သေချာ၏။

နောက်တစ်နေ့မှာ ဦးလေး သက်သာပါစေ။

အို. . . ကောင်းကိုကောင်းလာပါစေ. . .

ဆေးရုံက ချက်ချင်းဆင်းရတဲ့ အထိကို ကောင်းသွားပါစေ၊ ဘုရားတရားမလို့ အတန်းပိတ်အစအဆုံးကို အားထုတ်လို့လပြုခဲ့သည့်အတိုင်း သူဝင်နွှဲနိုင်ပါစေ။

(မနက်ဖြန်ရေ ကျွန်တော့်ကို ကံကောင်းမယ့် အဖြေလေးပေးပါ)

၄ ၄ ၄

စနေနေ့မနက်မှာ ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်ကြောင့် ဦးလေး



သက်သာကောင်းမွန်လာ၏။

အနည်းငယ်ရွဲ့ချင်သလို ဖြစ်သွားသောပါးတစ်ခြမ်းမှာ နဂိုလိုတည့်မသွားသော်လည်း စကားပီပီပြောလာနိုင်၏။

လူကောင်းတစ်ယောက်လို အခြေအနေမျိုး။

မနက်ရှစ်နာရီလောက်မှာ ဒေါ်ဒေါ်နှင့်သမီးများ ချို့င့်ကိုယ်စီနှင့်ရောက်လာပြီး အနီးကပ်ပြုစုကြ၏။ တစ်ညလုံးစောင့်အိပ်ခဲ့သော သူ့အားအိမ်အပြန်ရေးမိုးချိုး၍ တစ်ရေးတစ်မောအိပ်နိုင်း၏။

အခွင့်အရေးရပြီ။

အိမ်သော့ကို အိတ်ထဲထည့်ပစ်လိုက်ပြီး မောင်မောင်တင်တို့ အိမ်ဘက်ကို လိုင်းကားစီးပြေးထွက်လာခဲ့၏။ မောင်မောင်တင်တို့အိမ်မှာ အခမ်းအနားပြင်ဆင်ရန်ကျောင်းသားတွေစုကြဖို့ ချိန်းထားတာ သူပြန်အမှတ်ရ၍ဖြစ်၏။

မိန်းကလေးတွေကနောက်နေ့ကျမှ ကျောင်းကိုလာရမည်ဖြစ်သည်။ မောင်မောင်တင်တို့အိမ်ရောက်သောအခါ ဘသားချောမှာ အိပ်မက်မက်ကောင်းနေဆဲ မောင်မောင်တင်မိခင်က အတင်းနိုးမှ တေိမျက်ချေးကုတ်၍ထလာ၏။

"ဘယ်သူများလဲလို့ မစွတာ ဘုန်းထွဋ်ပါလား"

"မစွတာဘုန်းထွဋ် လုပ်မနေနဲ့ အချိန်ကိုပြန်ကြည့်ဦး အခမ်းအနားပြင်ဆင်ဖို့ ဘယ်ကောင်မှလဲ မလာသေးဘူး၊ မင်းကလဲ သောက်အိပ်ကြီးနေတယ်၊ မင်းတို့ကောင်တွေ ပြောလိုက်ရင် ဆင်ဖမ်းမယ် ကျားဖမ်းမယ်နဲ့ နောက်ပြီး ဟုတ်တာလဲမဟုတ်ဘူး"

"ခင်ဗျားက ကျောင်းလစ်နေတာပဲဗျ၊ နေဦး လက်ဖက်ရည်ဆိုင်သွားမယ်ဗျာ အဲဒီခါကျမှ အေးအေးဆေးဆေး ပြောတာပေါ့"

"ဘီ အခန်းပွဲက တော်တော်မြောက်ရဲ့လား"

မောင်မောင်တင်လက်ကာထားပြီး မျက်နှာအမြန်သွား[illegible] ပြီးလျှင် အဝတ်အစားကောက်လဲပြီး လမ်းထိပ်ထွက်လာခဲ့ကြ[illegible]

လမ်း၌ သူဘာမေးမေး မောင်မောင်တင်မှာ အင်[illegible]

www.burmeseclassic.com

www.burmeseclassic.com



၏ လက်ဖက်ရည်ဆိုင်ထိုင်၍ မှာယူပြီးသောအခါ

"မင်း ဘာဖြစ်နေတာလဲ မောင်မောင်တင် မျက်နှာသိပ်မလန်းသလိုပဲ နေမကောင်းလို့လား"

"နေကောင်းပါတယ် ခင်ဗျား ကျောင်းမတက်တော့ ကျောင်းမှာ ဘာတွေဖြစ်ကြတယ်ဆိုတာ မသိလိုက်ဘူးနော်"

"ဘာဖြစ်ကြလို့လဲ (ဘီ)ခန်းက ကောင်တွေနဲ့ ငြိကုန်လို့လား"

"မငြိပါဘူး အေးဆေးပါ"

သူက ဒါဆိုဘာဖြစ်တာလဲ နေပါဦး (ဘီ)ခန်းကလုပ်တာ တော်တော်ကြီးကျယ်သလား။ ဆရာ ဆရာမတွေကော အကုန်လာသလား။ ဘာကျွေးတာလဲ အခမ်းအနားကော ဘယ်လိုရှိသလဲ အမှတ်တရကစားပွဲအနေနဲ့ ဘာတွေလုပ်သလဲ ဆရာကန်တော့တဲ့ပစ္စည်းတွေကဘာတွေလဲ စသဖြင့် မေးခွန်းတွေတရမန်းကြမ်းစွတ်မေးလိုက်၏။

မောင်မောင်တင်က မရွှင်ပျသောမျက်နှာဖြင့် ခေါင်းသာညိတ်ပြနေ၏။ လာချပေးသော လက်ဖက်ရည်ကို သူငွပ်ခနဲကောက်မော့လိုက်သလို သောက်ပစ်လိုက်ပြီး. . .

"ဟ ဒါဆို လုပ်လေ၊ သူတို့ထက်သာအောင် လုပ်ရမယ်လေ၊ ကျွန်တော်လည်း ဦးလေးမမာလို့ ဆေးရုံတက်တာ လိုက်ပို့နေရတာနဲ့ ကျောင်းမတက်ဖြစ်တာ၊ ခုတောင် သိပ်မအားဘူး၊ ရသမျှအချိန်လေးလုပြီးလာတာ၊ သွားကြမယ် ကျောင်းကို"

"သွားစရာမလိုတော့ဘူးဗျ"

မောင်မောင်တင် အတည်အပေါက်နှင့် သူ့ကိုနောက်နေသည်ဟု ထင်သွက် . . .

"အရေးကြီးတဲ့အချိန်မှာ သွေးအေးနေလိုက်တာကွာ၊ လာပြောင်မနေနဲ့၊ ထ, ထ, ဟိုကောင်လှဦးတို့ စိုးမျိုးနိုင်တို့ မိုးဟိန်းကျော်တို့အဖွဲ့တွေလည်း အိပ်ရာထဲမှာ လဒလိုကွေးနေကြသလားမသိဘူး၊ ခုထိ အရိပ်တောင်မတွေ့ရဘူး"



သူ့စကားအဆုံးမှာ မောင်မောင်တင်ပြောချလိုက်သော စကားတွေကြောင့် သူ ကြက်သေသေသွားမိ၏။

"ဒီကောင်တွေ ဘယ်လာတော့မှာလဲဗျ၊ ဆရာကန်တော့ပွဲက ပျက်သွားပြီ၊ ဒသမတန်း(အေ)ရဲ့ အတန်းပိတ်ပွဲက အဖတ်ဆည်လို့မရအောင် ပျက်သွားပြီ"

"ဟာ. . . ဘာဖြစ်လို့လဲ"

"ကမြင်းကြောထလို့"

"ဟာ. . . မင်းကလည်း နောက်ပြန်ပြီ၊ ကြွေစဉ့်နဲ့လာမခြွဲနဲ့၊ သောက်စရာရှိ မြန်မြန်သောက်၊ ကျောင်းသွားမယ်"

မောင်မောင်တင် ခေါင်းခါပြီးပြ၏။ မျက်လုံးထဲမှာ မျက်ရည်စတွေရစ်ဝဲလို့။

"မင်း ပုလဲတွေခနေတယ်"

"ဟုတ်တယ်၊ ကျွန်တော် တကယ်ငိုချင်နေတာ ကိုဘုန်း။ ကျွန်တော် တကယ်ပြောတာပါ၊ အတန်းပိတ်ပွဲက တကယ့်ကိုပျက်သွားတာပါ"

ဝမ်းနည်းတုန်ခါနေသောအသံ၊ ညှိုးမဲ့နေသောမျက်နှာ ဘာတွေဘယ်လိုဖြစ်ကုန်ပါလိမ့်။

"ဘယ်လိုဖြစ်ရတာလဲကွာ"

"အဖြစ်က ဒီလိုဗျ၊ သောကြာနေ့က (ဘီ)ခန်းမှာ အတန်းပိတ်ပွဲအကြီးအကျယ်ကျင်းပတယ်၊ ပျော်ပွဲရွှင်ပွဲတွေနဲ့ ဆူညံနေတာပဲ၊ အဲဒီကျွန်တော်တို့(အေ)ခန်းကကောင်တွေသွားကြည့်ပြီး ရောဂါဝင်လာတယ်လေ၊ သူများတွေပျော်တာကို သိပ်မကြည့်ကြတော့ဘူး၊ ဒါနဲ့ (အေ)ခန်းထဲကို ဆရာမဝင်တဲ့အချိန်မှာ ကျောင်းသားတွေရော ကျောင်းသူတွေရော အ[illegible] အတန်းပိတ်ပွဲဆိုပြီး မုန့်ဈေးတန်းကမုန့်တွေဆင်းဝယ်ပြီး လိုက်ဝေ[illegible] ပါးစပ်ဆိုင်း၊ ပါးစပ်သီချင်းတွေနဲ့ တစ်ဖက်ခန်းကဆူသံတွေကို[illegible] အောင် ဟစ်ဆိုကြနဲ့ သရုပ်ပျက်သလိုဖြစ်ကုန်ကြတာပဲ၊ ဆရာ[illegible] ပြီး နားနေခန်းပြန်ကုန်ကြတဲ့အချိန်ပေါ့၊ အဲဒီလိုဆူနေတဲ့အ[illegible]

www.burmeseclassic.com

www.burmeseclassic.com



ခန်းနဲ့ကပ်လျက် (ဒီ)ခန်းမှာ သင်္ချာဆရာကြီးဦးဘားမားဝင်နေတယ်လေ။ ဆရာကြီးက သူစာသင်တာကို အနှောင့်အယှက်ပေးတယ်ဆိုပြီး စိတ်ဆိုးဆိုးနဲ့ တစ်တန်းလုံးကိုမောင်းချတယ်၊ ကျောင်းပိတ်ခါနီးရက်ဆိုတော့ ကျောင်းအဝင်အထွက်မှာ စည်းကမ်းသိပ်မကျပ်ဘူးမဟုတ်လား၊ ဆရာကြီးကမောင်းချလိုက်တော့ (ဘီ)ခန်းကကောင်တွေ သိကုန်တာပေါ့၊ (အေ)ခန်းတစ်ခုထဲကို ဆူပူနေတဲ့နှစ်ခန်းထဲကရှေးပြီး အပြစ်ပြောတယ်ဆိုပြီး တစ်ခန်းလုံး မပြန်ကြတော့ဘူး၊ (ဘီ)ခန်းရှေ့မှာ ရုက်ရမ်းရမ်းပြီး ကျောင်းသားနားမှာကပ်နေတဲ့ တရုတ်သချိုင်းဇရပ်ဆီ အကုန်ချီတက်ကြတော့တာပဲ၊ အခါတော်ပေးကတော့ ငါပေ့ါ၊ ကျောင်းပေါ်မှာမပျော်ရရင် ဒီတရုတ်သချိုင်းဇရပ်မှာ လွတ်လွတ်လပ်လပ်ပျော်မယ်၊ သူငယ်ချင်းတွေနောက်ဆုံးနှုတ်ဆက်ပွဲ အကြိုကျင်းပမယ်ဆိုပြီး ကက်ဆက်ပြန်ခိုးယူတဲ့လူက ယူ၊ စားစရာပြန်ခိုးသယ်တဲ့လူကသယ်နဲ့ ခဏလေးမှာတင် တို့တစ်ခန်းလုံး ပစ်ကနစ်ထွက်သလိုဖြစ်သွားတာပဲ''

''အဲ. . . အဲဒီအထဲမှာ ပန်းနုနဲ့သာတို့ပါသလား''

''ထိပ်ဆုံးကပေ့ါ၊ (ဘီ)ခန်းကိုအသည်းယားလို့တဲ့''

သူ အံ့သြခြင်းကြီးစွာရ၏။

''ပန်းတိမ်လွှာကော''

''တက်တက်ကြွကြွနဲ့ကိုလိုက်လာတယ်၊ (အေ)ခန်းကိုထိလာတော့ ဘယ်အတန်းသားက ခံချင်ကြမှာလဲ''

သူ၏ အံ့သြမှုမှာ အထွက်အထိပ်။

''ဝါဝါမွှေးလည်း ပါမှာပေ့ါ''

''ပါမှပါ၊ ဇရပ်ပေါ်မှာကတဲ့သူတွေလိမ်းဖို့ သူ့အိမ်က မိတ်ကပ်ဘောက်(စ်)ကြီးတောင် ပြန်အလစ်သုတ်ယူလာခဲ့သေးတယ်''

အံ့သြမှုတွေ သူ့ငယ်ထိပ်မှာ ဖောက်ထွက်သွား၏။

''ကြဲကြဲဖန်ဖန် လျှောက်လုပ်ကုန်ကြရတယ်လို့''

''မသိဘူးဗျ၊ အဲဒီတုန်းက (ဘီ)ခန်းက ကျောင်းသားတွေရှေ့မှာ



အဆူခံထိပြီး မောင်းချခံရလို့ ရှက်ရမ်းရမ်းတဲ့သွေးတွေ ပွက်ပွက်ဆူနေတာ ဘာမှ မစဉ်းစားကြတော့ဘူး''

''အဲဒါနဲ့ ဘာတွေဆက်ဖြစ်ကြသေးလဲ''

''ဘာဖြစ်ရမှာလဲ၊ မြင်တဲ့ကျောင်းသားတွေသွားချွန်လိုက်လို့ ကျောင်းပေါ်ကဆရာတွေလိုက်ပြီး ပြန်ခေါ်ကြတာပေ့ါ''

''တစ်ခန်းလုံး ကျောင်းအုပ်ဆရာမကြီးအခန်းထဲ ရောက်တယ်၊ အပြစ်ကကြီးလေးတယ်၊ အားလုံးမှာ အပြစ်ရှိတယ်၊ အားလုံးကိုရိုက်တယ်၊ မိဘအုပ်ထိန်းသူတွေနဲ့ ဝန်ခံကတိမထိုးနိုင်းလို့သာ တော်တော့တယ်၊ စာမေးပွဲဖြေခါနီး ကျောင်းကြိုတင်ပိတ်ခါနီးမို့ မခေါ်ခဲ့တော့ပါ။ နို့မို့ ကြိမ်စာနဲ့ကျောပူခေါင်းပူစရာတွေအားလုံး ဆက်ထိခံရဦးမှာ''

''အဲဒီနေ့မှာ ဆရာမဒေါ်ခင်စိုးဝင်းက ကျောင်းမလာဘူးလား''

''လာတာပေ့ါ၊ ဆရာမဆိုတာ ငိုကြီးချက်မပဲ၊ ဆရာမကြီး ပြင်းပြင်းထန်ထန်သတိပေးနေတာတောင် မူးလဲသွားလို့ဗျာ''

မောင်မောင်တင့်မျက်နှာမှာ ဝမ်းနည်းလိပ်ပြာနား၏။

''ဆရာမ တော်တော်စိတ်ထိခိုက်သွားမှာပဲနော်''

''အဲဒါထက်တောင် ဟိုဘက် အများကြီးလွန်ပါသေးတယ်''

ဆရာမရုံးခန်းမှာ အားရအောင်ငိုပြီးတာနဲ့ လစဉ်စုထားတဲ့ ကန်တော့ပွဲအတွက်ပိုက်ဆံတွေ အကုန်အမ်းပစ်တယ်၊ ဘယ်ကျောင်းသားဘယ်ကျောင်းသူကိုမှ စကားတစ်ခွန်းမှမပြောတော့ဘူး၊ ကျွန်တော့်ကို ငွေနဲ့ စာရင်းစာရွက်ပေးပြီး အိမ်ပြန်သွားတော့တာပဲ''

''မင်းတို့ကောင်တွေကလည်း ဆိုးကိုဆိုးလွန်းပါတယ်၊ ဒီလောက်ကြီးပဲဖြစ်ရသလား၊ မင်းမှမဟုတ်ပါဘူး၊ မိန်းကလေးတန်မဲ့ဆိုးတဲ့ ပန်းတိမ်လွှာတို့တတွေက ပိုတောင်ကြောက်ဖို့လန့်ဖို့ကောင်းအောင် ဆိုး[illegible]တာပါပဲ''

''ကျွန်တော် ငွေတွေပြန်အမ်းပေးလိုက်ပြီ၊ တနလာ[illegible] အ[illegible]ပိတ်ပွဲအတွက် အရင်အပတ် ကြာသပတေးနေ့ကတည်း[illegible] သ[illegible]

www.burmeseclassic.com



တွန်းသင်ထားတာပြတ်ကုန်ပြီ၊ ကျောင်းမသွားလို့လဲရတယ်၊အကြိုစာကျက်ရက်တွေအတွက် ကျောင်းပိတ်လိုက်ပြီပေါ့ဗျာ''

''(ဘီ)ခန်းက ကျောင်းသားကျောင်းသူတွေကတော့ တော်တော်ဝမ်းသာသွားမှာပဲ၊ (အေ)ခန်းရဲ့ အစဉ်အလာကောင်းခဲ့တဲ့ စည်းကမ်းလိုက်နာမှုတွေ၊ ရိုကျိုးသေဝပ်မှုတွေ၊ ခမ်းခမ်းနားနား ပျော်ပျော်ရွှင်ရွှင် အတန်းပိတ်ပွဲကျင်းပနိုင်ခဲ့မှုတွေအားလုံး ငါတို့လက်ထက်ကျမှ ရေစုန်မျောပြီ''

''အဲဒီအတွက်လည်း ကျွန်တော်ဝမ်းနည်းတယ် ကိုဘုန်း၊ ပြီးတော့ ဆရာမ စိတ်ထိခိုက်ကြေကွဲသွားရတာကို တွေးမိရင် ပိုပြီးတော့တော်ဝမ်းနည်းသေးတယ်''

''ဝမ်းနည်းနေရုံနဲ့ပြီးမလား၊ မောင်မောင်တင် (အေ)ခန်းရဲ့ရာဇဝင်ကို အရှုံးထဲကပြန်ဆွဲတင်ရမှာပေါ့၊ ဆရာမကို မင်းတို့ သွားတောင်းပန်ပြီးပြီလား''

''အများလုပ်ထားကြတော့ ဘယ်သူမှ သွားတောင်းပန်ဖို့မရဲကြဘူး''

''အဲဒါ ထပ်မှားတာပဲ၊ ဘာဖြစ်လို့ မတောင်းပန်ရဲရမှာလဲ၊ လာ ငါကိုယ်တိုင် ရှေ့ဆုံးကတောင်းပန်မယ်''

''ဖြစ်ပါ့မလား ကိုဘုန်းရာ၊ ဆရာမက စိတ်ကြီးမယ့်ပုံနော်''

''ဆရာနဲ့တပည့်ပဲ ရန်သူတွေမှမဟုတ်တာ၊ လာပါကွာ၊ ငါ ရှေ့ဆုံးကဝင်တောင်းပန်မယ်၊ မင်းတို့နောက်ကမျှောလိုက်ပြီး မီးစင်ကြည့်ကကဲ ထကွာ အချိန်မရှိတော့ဘူး၊ မင်း လှဦးတို့ကျော်သိန်းတို့အိမ်ကို သိတယ်မဟုတ်လား''

''သိတယ်၊ ဖုန်းနံပါတ်တွေရှိတယ်''

''ဒါဆို လှမ်းဆက်ခေါ်ကွာ၊ ကျန်တဲ့သူငယ်ချင်းတွေရှိရင်လည်း ထပ်ဆင့်ခေါ်ကွာ၊ ဝါဝါမွှေးနဲ့လှဲ့လှဲ့ကို ထပ်ခေါ်လိုက်၊ တစ်ခန်းလုံးစာမခေါ်နဲ့ဦး လူဆယ်ယောက်လောက်ပဲ ခေါ်ရမယ်''

''ဟုတ်မှလုပ်နော် ကိုဘုန်း၊ ဆရာမ ထပြီး ဒေါသကြီးလို့ အခြေ



အနေပိုဆိုးကုန်ရင် ခင်ဗျားအပြစ်''

''ငါခေါင်းခံမယ်ကွာ၊ တစ်နာရီအတွင်း လူရအောင်သာစုံစမ်းပါ၊ ကျန်တာထည့်မပြောနဲ့၊ ငါဟာ မင်းတို့နဲ့ဖြစ်လာမယ့်အရာတွေရဲ့ ရှေ့ပြေးဖြစ်စေရမယ်''

''ရှေ့ပြေးဆိုတာ ပြဿနာဖြစ်ရင် ရှေ့ဆုံးကပြေးတာလား''

''မင်းတို့နားနဲ့ယုံနေရတဲ့ကိစ္စကို ခေါင်းနဲ့ယုံသွားအောင် ငါလုပ်ပြမယ်''

''အေးပါဗျာ၊ လုပ်ပေးပါ့မယ်၊ ပြီးတော့မှ မောင်ညီမလေးတို့ရေ ပုံပြင်လေးကတော့ ဒါပါပဲကွယ်မလုပ်နဲ့''

သူက ရေရွတ်ပစ်လိုက်၏။

''မောင်မောင်တင်. . . မောင်တင်. . .

ကပ္ပတိန်. . . မောင်မောင်တင်. . .

မော်နီတာ. . . မောင်မောင်တင်. . .

သောက်သုံးမကျတဲ့. . . မောင်မောင်တင်''

၀ ၀ ၀

''နေစမ်းပါဦး၊ အဲဒီပြဿနာအဖွဲ့ထဲမှ မင်းကောပါသလား''

ဆရာမ၏ အေးစက်စက်အမေး၊ မာတင်းတင်းမျက်နှာ၊ သူကလွဲ၍ ကျန်ကျောင်းသားတွေ နောက်ဘက်နားမှာ ခေါင်းငုံ့ကုပ်နေကြ၏

''ကျွန်တော့်ဦးလေး လေတစ်ခြမ်းဖျန်းသွားလို့ ဆေးရုံလိုက်ပို့နေရတာနဲ့ အဲ့ဒီနေ့က ကျွန်တော် ကျောင်းမတက်ဖြစ်ပါဘူးဆရာမ၊ ခွင့်စာကို အိမ်နားက ကျောင်းသားတစ်ယောက်နဲ့ပို့ပြီး တိုင်ခိုင်းလိုက်ပါတယ်''

''အဲ့ဒီနေ့က သောကမီးတွေ တစ်ခေါင်းလုံးတောက်နေတာနဲ့ ဆရာမမှာ နာမည်စာရင်းတောင် ထပ်မခေါ်ဖြစ်ခဲ့ဘူး၊ ဆရာမအစ်မကြီး တစ်ယောက် ဖျားနေတဲ့ကြားက ကျောင်းကို မပြတ်မနေပြေးလာပြီး ပညာ အခန်းတွေအတွက် နွေးစရာကျန်တာတွေ ဆက်သင်ပေးနေတာ

www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့တဲ့ စေတနာဟာ မုန့်စားဆင်းချိန်လောက်မှာ ပြန်ပြီးတော့ပြန်လာထား ပဲ။ ရင်ဝကို မီးရဲရဲကင်ထားတဲ့ သံချောင်းနဲ့ ဆောင့်ထိုးလိုက်သလို ခံစား ရတဲ့သတင်းလေ"

"ကျွန်တော် အဲဒီကိစ္စအတွက် သူတို့အားလုံး ဆရာမဖဝါးမှာ ဝပ်တွားခယတောင်းပန်နိုင်ဖို့ ခေါ်လာတာပါ"

ဆရာမ မျက်လည်တွေဝဲစို့လာ၏။

"မရှိဘူး၊ ဒီလိုအဖြစ်ဆိုးမျိုး အော့နှလုံးနာစရာကောင်းတဲ့ကိစ္စ မျိုး ငါ့သမိုင်းမှာ တစ်ခါမှမရှိခဲ့ရဘူး၊ မကြုံခဲ့ရဘူး။ ခုတော့ ညတိုင်း အဲဒီအတွက်ကြောင့် အိပ်မပျော်နိုင်တိုင်း ငါ အိပ်မက်ထဲမှာ ဖြစ်ခဲ့တာလား လို့ ကိုယ့်ဘာသာ ယောင်မှားထင်နေတုန်းပဲ"

မျက်ရည်ကျနေသော ဆရာမ၊ ကြေကွဲတုန်လှိုက်နေသော လေသံ ကို မနည်းအားယူပြောနေရသော ဆရာမ။

သူ့ရင်၌ စိတ်မကောင်းမှုသည် ဆိုဖွယ်ရာမရှိ။

နောက်ပါးမှ ငြိမ်ကုတ်ခေါင်းငုံ့နေကြသော မောင်မောင်တင်၊ လှဦး စိုးမျိုးနိုင်၊ ကျော်သိန်း၊ အောင်သင်းလတ်၊ စိုးလင်းနိုင်၊ မိုးဟိန်းကျော် ဝါဝါမွေး၊ လဲ့လဲ့နှင့် သင်းသင်းနွယ်တို့အား သူလှည့်ကြည့်၍ . . .

"ကဲ သူငယ်ချင်းတို့ ဆရာမအပေါ် မင်းတို့မှားခဲ့တဲ့ ကာယကံ ဝစီကံ၊ မနောကံတွေအတွက် သိပ်ကိုဆိုးဝါးခဲ့တဲ့ မင်းတို့အပြစ်တွေအတွက် ဆရာမကို ရှိခိုးပြီးကန်တော့ကြပါ"

ခေါင်းတွေမော့လာကြ၏။

မျက်ရည်ဝဲသူ၊ မျက်ရည်မကျအောင်တင်းခံထားသူ၊ ဝမ်းနည်း ကြေကွဲနေသူတွေရဲ့ မျက်နှာတွေ။

ဝါဝါမွေးနှင့်လဲ့လဲ့မှာ ရှိုက်သံပေါ်လာသည်အထိ၊ သင်းသင်းနွယ်က လက်ကိုင်ပဝါလေးနှင့် မျက်ရည်တို့ကို ကွယ်ကာထား၏။

ရှိခိုးဟူသော သူ ပလ္လင်ခံပေးလိုက်ရသည်။ အတွေ့အကြုံမရှိ၍ သူက ဘယ်လိုပြောပြီး ရှိခိုးရမှန်းမသိ။ ဘုရားရှိခိုးစာကို စတင်ရွတ်၍



ရှိခိုးရမလား ဘာလားနှင့် ဝေဝါးနေစဉ် သူက . . .

"ဩကာသအရင်ဆိုပြီး ကောင်းသောနှလုံးကိုသွင်းပြီး ဘုရား အရင်ရှိခိုးကြပါကွာ"

အားလုံး သံပြိုင်ပင်လက်အုပ်ချီပြီး ဩကာသရွတ်ဆို၍ ဘုရား ကန်တော့၏။ ပြီးလျှင် သူက . . .

"ကျွန်တော် ကျွန်မတို့သည် လိုက်ဆိုပေးပါ"

အားလုံး လိုက်ဆိုကြ၏။

အနန္တဂိုဏ်းဝင် (လိုက်ဆိုသံ)

ဆရာသခင်တို့အား (လိုက်ဆိုသံ)

မသိ၍မှားသော အပြစ်ပင်ဖြစ်စေ (လိုက်ဆိုသံ)

သိ၍မှားသော အပြစ်ပင်ဖြစ်စေ (လိုက်ဆိုသံ)

ကံသုံးပါးထဲမှ တစ်ပါးပါးဖြင့် အမှားကို ကျူးလွန်မိခဲ့ပါသည် (လိုက်ဆိုသံ)

ထိုမိုက်ပြစ်အတွက် (လိုက်ဆိုသံ)

နောက်နောင် စင်စစ်ထပ်မဖြစ်ရန် (လိုက်ဆိုသံ)

ကတိဝန်ခံပါသည်။ (လိုက်ဆိုသံ)

ဖြစ်ပြီးခဲ့သော အပြစ်အတွက်လည်း (လိုက်ဆိုသံ)

ကိုယ်စိတ်နှစ်ပါး ခဝပ်တွား၍ (လိုက်ဆိုသံ)

လေးစားရိုကျိုး ဆယ်လက်မိုး၍ (လိုက်ဆိုသံ)

ရှိခိုးဦးတင် တောင်းပန်ပါသည်။ (လိုက်ဆိုသံ)

ဆရာမမှာ ကြည့်နေရင်း မျက်ရည်တွေတွေကျနေ၏။ ရင်ထဲ စကားကို တစ်ခွန်းမျှမလှစ်ဟ။

"သူတို့အားလုံး နောင်တရနေကြပါတယ် ဆရာမ၊ တစ်ကြိမ် ခါမှားတဲ့အမှားအတွက် ကျောင်းအုပ်ဆရာမကြီးနဲ့ ကျန်ဆရာ ကို ဒသမတန်း(အေ)တစ်ခန်းလုံး ပြန်ကန်တော့ပြီး တော အဲဒီတွေ့ဆုံပွဲအတွက် (အေ)ခန်းရဲ့ ဆရာကန်တော့ပွဲနဲ့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဦးစီးတာဝန်ယူပြီး လုပ်ပါရစေလို့ဆရာမဆီမှာ ခွင့်ပန်ပါတယ်"

ဆရာမ သူ့စကားကို မျက်ရည်သုတ်အပြီး ခေါင်းယမ်းပြ အားလုံး၏ မျှော်လင့်တကြီးအာရုံတွေ ပြန်ငုံ့သွားကုန်ကြ၏။

"မဖြစ်နိုင်ပါဘူး၊ မောင်ဘုန်းထွဋ် သူတို့များတာကို နားလည်တယ်၊ ခွင့်လွှတ်နိုင်အောင်ကြိုးစားကြည့်ပါ့မယ်၊ ဒါပေမဲ့ ဆရာမဘဝမှာ ပြန်ချုတ်မရတဲ့အစွန်းကြီး စွန်းသွားပြီ၊ ပျက်သွားပြီးတဲ့ကိစ္စကို ဆရာမ လည်း ပြန်မဦးစီးချင်တော့ဘူး၊ ဆရာမကြီးနဲ့ လုပ်ဖော်ကိုင်ဖက်တွေကြား မှာ ဆရာမ ဘယ်လိုမျက်နှာပြန်ပြရမလဲတောင် မသိဘူး၊ ကောင်းပါတယ် ဒီလိုပဲပြီးသွားတာ၊ နို့မဟုတ်ရင် ဘယ်လောက်တောင်ဆိုးဝါးတာတွေ ဆက် ဖြစ်လာဦးမယ်ဆိုတာ မတွေးရဲဘူး၊ တစ်ခန်းနဲ့တစ်ခန်းပြိုင်တာ ပညာမှာ ပြိုင်ရမယ့်ဟာကို တစ်လွဲဆံပင်ကောင်းပြီး အပေါ်ယံတွေလိုက်ပြိုင်ကုန်တော့ ဒီ့ထက်ဆိုးရုံပဲ ဖြစ်လာစရာတွေရှိတော့မှာပေါ့"

"ကျွန်တော်တာဝန်ယူပါရစေ၊ တန်ခံချက်နဲ့ ဒီပွဲကို ဖြစ်အောင်လုပ် ပေးပါရစေ၊ ဆရာမကို အခု ကျွန်တော်တို့တောင်းပန်ပြီးပြီ၊ ကျောင်းမှာ ဆရာမ မျက်နှာပျက်အနေနဲ့ နောက်ပိုင်းမှာ မနေရအောင် ကျွန်တော်တို့ ကျောင်းသား/ကျောင်းသူတွေ ဆရာမကြီးနဲ့ ဆရာ/ဆရာမတွေကို ဝန်ချ တောင်းပန်ကန်တော့ပါရစေ၊ ဒီပွဲကို ဆရာမ အနားယူပြီးထိုင်ကြည့်နေပါ၊ ပွဲအစအဆုံး (အေ)ခန်းရဲ့ ကျောင်းသား/ကျောင်းသူ စည်းလုံးညီညွတ်မှု၊ စည်းကမ်းသေဝပ်မှုတွေနဲ့ ခမ်းနားတင့်တယ်အောင် လုပ်ပြသွားပါ့မယ် ဆရာမ"

ဆရာမ သူ့ကိုကြည့်ပြီးတွေဝေနေ၏။ အချိန်အခါကောင်းကို သူ သက်နေ့မနေတော့။

"(အေ)ခန်းတစ်ခန်းလုံး ဆရာမရဲ့ ပျက်စီးသွားတဲ့ဂုဏ်နဲ့သိက္ခာကို အားကြိုးမာန်တက် ပြန်ဖော်ပေးပါရစေ ဆရာမ၊ ဒီအဖြစ်အပျက်ဆိုးကြီး ကြောင့် အတန်းသားတွေရင်ထဲမှာ စိတ်မကောင်းတဲ့ဆူးတစ်ချောင်း စူး နေကြပါတယ်၊ အတန်းတင်စာမေးပွဲကြီးဖြေခါနီးမှာ ဒီဆူးကို အချိန်မီ



နုတ်မပစ်လိုက်နိုင်ခဲ့ရင် . . ."

သူ စကားကိုရပ်ပြီး ဆရာမကို လက်အုပ်ချီ၍ကြည့်လိုက်သည်။ သူ ဆက်မပြောရဲသောစကားကို ဆရာမ ဆွဲယူတွေးမိစေချင်ပါသည်။

ဆရာမ သက်ပြင်းချပြီး (နောက်ဖက်မှာ ခေါင်းငုံ့နေသော) တပည့် တွေကို နာကျင်ကြေကွဲစွာ လှမ်းကြည့်လိုက်၏။

"သူတို့ဆန္ဒကကော"

ဆရာမက သူ့ကိုမေး၏။ မဆိုင်းမတွပင်။

"သူတို့ဆန္ဒတွေအတိုင်း ကျွန်တော် လာခွင့်ပန်တာပါ၊ (အေ)ခန်း ရဲ့အစဉ်အလာကို အကောင်းဆုံးပြန်ရအောင် တည်ဆောက်ပေးပါရစေ ဆရာမ"

ဆရာမ ဒုတိယအကြိမ်မြောက် စိတ်လျှော့၍ သက်ပြင်းနွေးကို မသိမသာမှုတ်ထုတ်လိုက်ရင်း . . .

"မောင်ဘုန်းထွဋ်"

"လာပါတယ် ဆရာမ"

ရက်ပေါင်းများစွာ နာမည်စာရင်းခေါ်တိုင်း ဆရာမ၏ ယခုလို ခေါ်သံကိုကြားလျှင် ထူးနေကျမို့ အကျင့်ပါပြီး ပြန်ထူးမိခြင်းဖြစ်၏။

သူယောင်မှားမှုကို အတန်းသားတွေ ပြုံးယောင်သမ်းသွားကြ၏။

ဆရာမသည်ပင်လျှင် ပြုံးရိပ်ပျပျမျက်နှာနှင့် . . .

"မင်း ဦးဆောင်နိုင်ပါ့မလား"

"ဦးဆောင်နိုင်ပါတယ် ဆရာမ"

"ဒါဆိုရင် တနင်္လာနေ့ကို အတန်းပိတ်ပွဲကျင်းပဖို့ မင်းစီစဉ်လိုက်၊ ငွေတွေကတော့ ကျောင်းသားတွေဆီ ပြန်အမ်းခိုင်းလိုက်ပြီ၊ မောင်မောင် ဘင် ငွေပြန်အမ်းပြီးသွားပြီလား"

"အမ်းပြီးသွားပါပြီ တီချယ်" ဝမ်းသာနေသောလေသံဖြင့် . .

"ကျွန်တော်တို့ ရှိတဲ့လူနဲ့ တာဝန်ခွဲပေးပြီး ပြန်ကောက်ခွင့် ရပါတယ်၊ ဆရာမ ဘာမှမပူပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အစစအရာရာ ဆရာမမပါနိုင်တာတော့ နားလည်ကြကွယ်၊ ဒီအခြေအနေမျိုးကို ဆရာမ တစ်ခါမှမကြုံဖူးလို့ ဘာတွေဘယ်လိုမှကို ဆက်မလုပ်တတ်တော့သလို ဆက်ပြီးလည်း လုပ်ချင်စိတ်မရှိတော့ဘူး"

"ဆရာမ အေးအေးဆေးဆေးအနားယူပါ"

"ကျွန်မတို့တာဝန်ထားပါ"

"ကျွန်တော်တို့ အကောင်းဆုံးဖြစ်အောင် လုပ်ပြပါ့မယ်လို့ ဆရာမကို ကတိပေးပါတယ်"

ဆရာမ ပြုံး၏။

ယုံကြည်မှု လျော့နည်းနေသေးသော အပြုံး။

အားလုံး ဆရာမကိုကန်တော့ပြီး ပြန်လာခဲ့ကြ၏။ ကျောင်းတော်ကြီးဆီသို့ လာခဲ့ကြသည်။ ပိတ်ထားသောအခန်းသော့ကို ဖွင့်၏။ ကျောင်းပိတ်ရက်မို့ လူရှင်းရှင်း အသံငြိမ်ငြိမ်နှင့် သူတို့ စိတ်ကြိုက်ဆွေးနွေးပြင်ဆင်နိုင်လေပြီ။

အတန်းပိတ်ပွဲအခမ်းအနားအတွက် မောင်မောင်တင်ကို ဘောက်(စ်)ငှားရန်၊ အခန်းလိုက်ကာ၊ ရောင်စုံဖဲလိပ်၊ ပူပေါင်းနှင့် ဝင်ပေါက်အလှပြင်ပစ္စည်းတွေငှားဖို့တာဝန်ချလိုက်၏။

ဝါဝါမွှေးတို့အဖွဲ့မှာ ဆရာမများကိုကန်တော့မည့် ပစ္စည်းတွေဝယ်ရန်၊ ကျွေးမွေးဧည့်ခံရေးအတွက် လှည့်ရှာပြင်ဆင်ရန် တာဝန်ပေးလိုက်၏။

လှဦးနှင့်ကျော်သိန်းအား အတန်းသားအသီးသီး နေရပ်များကိုသွား၍ တနင်္ဂနွေနေ့ ကျောင်းလာကြဖို့ ဆော်ဩဖိတ်ခေါ်နိုင်းလိုက်၏။

စိုင်းမျိုးနိုင်နှင့် စိုးလင်းနိုင်မှာ သစ်သီးစုံဒံပေါက်အော်ဒါမှာပြီး အဝိုအသုံးလုပ်ရန်နှင့် အိုက်(စ်)ကရင်ကို ခွက်အရေအတွက်နှင့်မှာကြားရန် တာဝန်ခွဲပေးလိုက်၏။

အောင်သင်းလတ်နှင့်မိုးဟိန်းကျော်အား ဆရာ/ဆရာမများနေအိမ်ကို တစ်ဆင့်စီစုံစမ်းစနစ်ဖြင့် တနင်္လာနေ့ အတန်းပိတ်ပွဲတက်ကြွားရန်



ကြိုတင်ဖိတ်ကြားခိုင်းလိုက်၏။ (ကျောင်းအုပ်ဆရာမကြီးကိုအမိက အရင်ဖိတ်)။

သူက ဘုတ်မှာ စာလုံးရေးဆွဲခြင်း၊ အခမ်းအနားပြင်ဆင်မှုမ်းမံပေးခြင်း၊ ဝင်ငွေထွက်ငွေစာရင်း ပြုစုရင်း ပျော်ပွဲရွှင်ပွဲအစီအစဉ်အတွက်ကြိုပြုလုပ်စရာတွေလုပ်ဖို့ တာဝန်ယူလိုက်သည်။

လှဦးနှင့်ကျော်သိန်းအား ကျောင်းသားကျောင်းသူများအားလိုက်လံအသိပေးပြောကြားရင်း အတန်းစုငွေတွေပါ ပြန်လည်ကောက်ခံဖို့မှာကြားလိုက်ရ၏။

ယနေ့တစ်ရက်မှာ အခန်းသန့်ရှင်းရေးလုပ်ရမည်။

တာဝန်ကိုယ်စီယူ၍ အားလုံးထွက်ခွာသွားကြသောအခါ တစ်ယောက်တည်းသာ ဘလက်(ခ်)ဘုတ်မှာ အကြောင်းအရာစာလုံးဒီဇိုင်းဆွဲဖို့ ကျန်ရစ်ခဲ့၏။

တိတ်ဆိတ်နေသော ကျောင်းတော်ကြီးပေါ်မှာ သူတစ်ယောက်တည်း ရောင်စုံမြေဖြူတောင့်တွေနှင့် စာလုံးဒီဇိုင်းဆွဲနေ၏။

ရေးထားသောစာမှာ

ဒသမတန်း(အေ)

၏

ကျောင်းအုပ်ဆရာမကြီးအား အမှူးပြု၍

မြတ်သော ဆရာ/ဆရာမများအား ကန်တော့ပွဲနှင့်

ထိုနေရာ၌ သူ့လက်တွေရပ်တန့်နေ၏။ အမှန်တော့ အတန်းပိတ်ပွဲဟု သူဆက်ရေးလိုက်ရုံသာပင်။ သို့ကြား သူဆက်ရေးချလိုက်သည်ကား. . .

အမှားဝန်ချတောင်းပန်ပွဲ

၀ ၀ ၀

www.burmeseclassic.com

## အခန်း (၁၈)

တနင်္ဂနွေနေ့ . . .

(အေ)ခန်းမှ ကျောင်းသား/ကျောင်းသူတွေ စုံစုံညီညီရောက်ရှိလာ၏။

"အဟမ်း . . . အဟမ်း . . . ကျွန်တော်ပြောချင်တာကတော့ အတန်းပိတ်ပွဲအတွက် ဒီနေ့ပဲ အစွမ်းကုန်ပြင်ဆင်ဖို့ အချိန်ရှိပါတော့တယ်၊ အားလုံးကို အဓိကပြောချင်တာကတော့ မှားခဲ့ဖူးသောအမှားကြီးအတွက် ပြန်လည်ပေးဆပ်ဖို့ရာ ဒီပွဲမှာ စည်းလုံးညီညွတ်မှု၊ စည်းကမ်းသေဝပ်မှု အထူးရှိဖို့ လိုအပ်ကြောင်းပါပဲ၊ မိန်းကလေးများဟာ တစ်ယောက်နဲ့တစ်ယောက် ညီအစ်မစိတ်ဓာတ် ယောကျ်ားလေးများဟာ တစ်ယောက်နဲ့ တစ်ယောက် ညီအစ်ကိုစိတ်ဓာတ်နဲ့ လက်တွဲကြပါ၊ မာန်မာနတွေလျှော့ပြီး အမြင်ကြည်ကြည်လင်လင်ထားကြပါ။ မစောင်းမြောင်းပါနဲ့၊ ပြဿနာ မရှာပါနဲ့လို့ တာဝန်ခံခေါင်းဆောင်တစ်ယောက်အနေနဲ့ ဒီနေရာက သတိ ရှိအောင် သတိပေးပြောကြားပါတယ်"

"ရှီး . . . ဖြောင်း . . . ဖြောင်း . . . ဖြောင်း"

ပြောရင်းဆိုရင်း ထဖောက်၏။ မောင်မောင်တင်နှင့်စိုင်းမျိုးနိုင် တို့ မထခင် သူ အရင်စပြောလိုက်၏။



"ဘယ်သူလဲ လက်ခုပ်တီးတာ၊ ဒါ ဝမ်းမြန်းရွှင်မြူးမှုဖက်ဘူး၊အခု ကတည်းက စည်းကမ်းဖောက်ရင် မနက်ဖြန်မှာ ဘယ်လိုဘယ်စခန်းသွား ရမှာလဲ"

ဒေါနှင့်မောနှင့်ပြောလိုက်သဖြင့် ကျောင်းသားတွေ ငြိမ်သွား၏။ ပန်းနုနံ့သာသည်ပင် မျက်စောင်းမထိုးတော့။

ပန်းတိမ်လွှာလည်း ငြိမ်သက်နေ၏။ ကျောင်းသားတွေလည်း ငြိမ် ငြိမ်သက်သက်။ ဒုက္ခဆိုတဲ့အဖွဲ့ ဖောက်ကြောင်းကို အားလုံးသိသော်လည်း ဝိုင်းပြီး အပြစ်ဖိပြောနေ၍မဖြစ်။ အရေးကြီးသောအခြေအနေကို ရောက် နေသည်ပဲလေ။

"ကဲ . . . တာဝန်ခွဲပေးမယ်"

သူပြောပြီး မောင်မောင်တင်ကို လူအင်အားစာရင်းနှင့် လုပ်ငန်း တာဝန်ပေးလိုက်ရ၏။

မောင်မောင်တင်က စာရွက်ဖတ်၍ တာဝန်ခွဲပေးနေစဉ် ဆရာ/ ဆရာမတွေကို ကန်တော့ပစ္စည်းပေးအပ်ဖို့ ဝါဝါမွှေး လူရွေးချယ်နေ၏။

မဖြစ်။ ဝါဝါမွှေးရွေးလျှင် ပန်းနုနံ့သာနှင့်ပန်းတိမ်လွှာတို့ လက် ခံချင်ကြမည်မဟုတ်။ အဆိုးမြင်နေ၍ အဆိုးပဲထင်လိမ့်မည်။ သူက ဝါဝါမွှေးကို မဲလိပ်နိုင်းပြီး မဲဖောက်ပေးခိုင်းလိုက်၏။

ပန်းနုနံ့သာက ပေါက်မဲထဲပါသွား၏။ မပါသော ပန်းတိမ်လွှာကို ကန်တော့ပစ္စည်းထုပ်ပိုးပြင်ဆင်ရေးနှင့် စားပွဲတင် ပန်းခြင်းများ ပြင်ဆင် ခြင်းမှာ တာဝန်ခွဲပေးလိုက်၏။

မမျှော်လင့်ဘဲ သူခေါင်းဆောင်ရသောအခြေအနေ၊ မထင်မှတ် သော စုစည်းညီညွတ်မှု။

အံ့သြလောက်အောင် အားလုံး တက်တက်ကြွကြွနှင့် တာဝန်ကို အပီအပြင်ထမ်းဆောင်နေကြ၏။

အတော်လေးကို ထူးဆန်းလွန်းသောအဖြစ်မှာ ဆရာ/ဆရာမ တွေစားပွဲအတွက် စားပွဲခင်းလိုက်ခင်းစဉ် တစ်ဖက်အစွန်းမှာ ပန်းနုနံ့သာ

www.burmeseclassic.com

www.burmeseclassic.com



ဆွဲခင်းနေပြီး ကျန်တစ်ဖက်မှာ ပန်းတိမ်လွှာက အကူအညီပေး၍ ဆန့်ရန့်ပေးနေ၏။

ဝါဝါမွှေးက စားပွဲမှာ နောက်ဆုတ်ပြီး အနားဆံမြိတ်ညီမညီကို ကြည့်ရှုပေးပြီး ပန်းနုနုသာဘက်ဆွဲလိုက် ပန်းတိမ်လွှာဘက်က အပေါ် နည်းနည်းလေးတင်ပေး၊ ဟုတ်ပြီ ညီသွားပြီဟုပြောရင်း သုံးယောက်သား သူတို့ခင်းထားသော စားပွဲကို ခြေလှမ်းဆုတ်၍ ပြန်ကြည့်ကြ၏။

ညီညာပြန့်ပြူးလှပသော စားပွဲခင်းကိုကြည့်ပြီး သုံးယောက်သား ပီတိဖြစ်စွာ အပြုံးဖလှယ်နေကြ၏။

"ဟာ ကိုဘုန်း၊ ဘယ်ငေးနေတာလဲဗျ၊ ခင်ဗျားမှန်ပြတင်းတံခါး ဖုန်သုတ်တာ ကျွန်တော့်မျက်နှာကို သုတ်မိပြီ"

ကော်ရစ်တာပြတင်းပေါက်က လာရပ်ကြည့်သော ရမ်ဘိုရှုး ကျော်လွင့်မျက်နှာကို သွားသုတ်မိသဖြင့် ထပြောခံရခြင်းပင်။

"ဟာ မတော်လို့ကွာ၊ မင်း ခုံတွေရွှေ့ပြီးသွားပြီလား"

"အားလုံးကို နာရီဝက်အတွင်း စီပစ်လိုက်တယ်၊ တစ်ယောက် ထိုင် အံနဲ့ခုံတွေကို ရှစ်တန်းအေးခန်းထဲ အကုန်ပို့ပြီး ဒီခုံရှည်တွေလည်း အဲဒီအခန်းက အကုန်ပဲသယ်လာပြီး စီပေးထားပြီးပြီ၊ အလယ်မှာ ကန် တော့မယ့်ကျောင်းသားတွေထိုင်ဖို့ ကွက်လပ်ထားမှာ၊ ဘေးမှာ ရိုး(လ်)ရှည် နှစ်ခု ဘယ်ညာခွဲထားမယ်၊ ဒီအတိုင်းပဲမဟုတ်လား"

"ကောင်းတယ်၊ ဒီလောက်လုပ်တာတော့ မင်းအတွက် ချွေးစို့ ခွဲပဲရှိမှာပေါ့"

ရမ်ဘိုရှုးရှုးနေသော ကျော်လွင်က သူဝိတ်မထား၍တောင့်နေသော မာဆယ်(လ်)ကြီးတွေ ညှစ်ထုတ်ပြပြီး . . .

"ယုံလားတော့မသိဘူး၊ ဒိုင်နိုဆောကို အမြီးကကိုင်ပေါက်ပစ်လို့ ရတယ်၊ ဒါတွေတော့ စာမဖွဲ့ဘူး"

"အေးအေး ကောင်းတယ်၊ မင်းမှာ ဆေးရှိသေးတယ်မဟုတ် လား"



ကျော်လွင်က အားဆေးသောက်သုံးသူ။ သူသောက်သောအားဆေး ပုလင်းတွေရှိလားဟု မေးဟန်ထင်သွားပြီး . . .

"ရှိတယ်၊ အကောင်းစားတွေ"

"အေး"ဟုပြောပြီး ဗလကြီးညှစ်ထုတ် ကုန်းကွဟန်နှင့် ကျော် လွင် ကော်ရစ်တာအတိုင်း လမ်းလျှောက်ထွက်သွား၏။

သူ့ခမျာ ကံဆိုးချင်ရှာတော့ အခန်းထဲမှာ ဒုက္ခက ငှက်ပျော သီးစားပြီး ဝင်ပေါက်မှ အခန်းပြင် လှမ်းလွှင့်ပစ်တာနဲ့သွားဆုံ၏။ မာန်ဝင့်နေသောမျက်နှာ ငှက်ပျောခွံ "ဖတ်"ခနဲထိမှန်ခံလိုက်ခြင်းပင်။

ကျော်လွင့်ဒေါသ ဖားဖိုထိုးသွား၏။ အခန်းထဲဝင်ပြီး လှမ်းမေး ၏။

"ဘယ်ကောင်လဲကွ၊ စည်းမဲ့ကမ်းမဲ့လုပ်တာ"

ကျောင်းသားတစ်ယောက်က လှမ်းအော်၏။

"ဒုက္ခလုပ်တာ၊ ဒုက္ခ . . . ဒုက္ခ"

ကျော်လွင်က ဒုက္ခကို ကုပ်မှဆွဲခေါ်လာ၏။ ရှုန်းရင်းကန်ရင်း အော်ဟစ်၍ ဒုက္ခပါလာ၏။ သူမနေသာတော့ "ဒုက္ခ" မင်း ဒီလိုစည်းကမ်း မဲ့တာ မကောင်းဘူးကွာ၊ ကျော်လွင် တော်တော့"

"မရဘူး ကိုဘုန်း၊ ဒီကောင်က ဒုက္ခဆိုတဲ့အတိုင်း သိပ်ဒုက္ခပေး တာ၊ မှတ်လောက်သားလောက်အောင် ဆုံးမပေးရမယ်"

သူက . . .

"မင်းက ဘယ်လိုလုပ်မလို့လဲ"

ကျော်လွင်က . . .

"အသာနေ ကိုဘုန်း"

"ဟော့ကောင် ဒုက္ခ၊ ငါ့ပါးမှာပေနေတဲ့ ငှက်ပျောနှစ်တွေ လျှာနဲ့ ပြန်လျက်"

"ဟာ လွှတ်ကွာ . . . လွှတ်၊ ဘာလို့လျက်ရမှာလဲ၊ မတော်လို့ ဖြစ်တာမကျေနပ်ရင် လေဖြတ်သေလိုက်ကွာ၊ ငါဒိုမှာနေ

www.burmeseclassic.com



လူကောင်သေးသလို စိတ်ဓာတ်သေးသောဒုက္ခကို ကျော်လွင် စိတ်မရှည်တော့ဘဲ မြှောက်ထားရာမှ လွှတ်ချလိုက်၏။

ကော်ရစ်တာကြမ်းပေါ် ဘုတ်ခနဲဖင်ထိုင်ကျသွားသော ဒုက္ခ ခုနှစ် သံချီဟစ်၍ထငိုတ်၏။ ကျောင်းပိတ်ရက်မို့တော်တော့၏။ ကျောင်းဖွင့်လျှင် မလွယ်။ ကျောင်းမှာနေသော ဆရာမတွေတွေ့သွားလျှင် မဖြစ်၊ ပြဿနာ အသစ်တိုးပြီး ထပ်မံပြောစမှတ်ဖြစ်သွားမည်။

"ရုံးခန်းမှာနေတဲ့ ဆရာမတွေကြားသွားရင် ကွိုင်တက်ကုန်လိမ့် မယ်၊ ကျော်လွင် မင်းကိစ္စ မင်းဘာသာပြန်ရှင်း"

ကျော်လွင်က ချက်ချင်းထိုင်ချလိုက်ပြီး ဒုက္ခကို ဖုန်ခါ၍ တင်ပါးကို ပွတ်ပေးကာ ချော့၏။

"တိတ်ပါညီလေးရာ၊ အစ်ကိုကြီးက ချစ်လို့စတာပါ၊ တိတ်နော် တိတ်တိတ် ထပါကွာ၊ သိပ်မနာပါဘူး၊ မှန်းစမ်း ဘယ်နေရာလဲ၊ ဒီနေရာ လား၊ ဩော် ပျောက်ပြီ၊ ပျောက်ပြီ၊ မန်းပေးရင် ပျောက်သွားပြီ"

ဒုက္ခ မျက်ရည်မကျဘဲအော်ငိုရင်း . . .

"သွား . . . သွား . . . သွားကွာ ကျွဲကြီး အခုမှလာမချော့နဲ့၊ မင်း လုပ်တာ ငါ့တင်ပါးရိုးတွေကျိုးကုန်ပြီ . . . အရိုး . . . ဟီး . . . ဟီး"

ကျော်လွင်က . . .

"ကျိုးကုန်ပြီလား၊ မင်းလက်ဖယ်၊ ငါမန်းပေးရင် တန်းပျောက် သွားမယ်၊ ဖွဟဲ့ ဥုံဖွ ချေးတုံးမတ်တတ်ထ"

"ဒုက္ခ" ထပ်ပြီး အရီးဟီးဟီးနေဆဲ။

"မပျောက်သေးဘူးလား၊ နောက်တစ်ခါ ထပ်မန်းမယ် ဥုံ ဥုံ စိပိ စံပန် ခံပနီ စိပိ ဥုံ ဥုံ စိန်ညွန့်သမီးသောက်စားကြီး သောက်အီး တဘွတ်ဘွတ်"

ဘေးနားမှ ထရယ်ကြသည်။ ဒုက္ခ ငိုတာရပ်ပြီး ထ,ဆဲ၏။

အကြောင်းမှာ ဒုက္ခအမေမှာ ဒေါ်စိန်ညွန့်ဖြစ်ပြီး 'ဒုက္ခ'အစ်မ မှာ အဝလွန်ရောဂါ စွဲကပ်နေရှာသူဖြစ်သောကြောင့်ပင် ဖြစ်၏။

၄ ၄ ၄



ဒသမတန်း(အေ)၏ အတန်းပိတ်ပွဲကျင်းပသော တနင်္လာနေ့ (ဘီ)ခန်းတစ်ခန်းလုံးက (အေ)ခန်းတော့ အပြတ်လွမ်းသွားပြီဟု ထင်ကြေး ပေးသောနေ့၊ မထင်မှတ်ဘဲ ထ၍ ဖြစ်မြောက်လာသော (အေ)ခန်း၏ အစွမ်းကုန်ပြင်ဆင်ထားသည့် အခမ်းအနားကိုကြည့်၍ (ဘီ)ခန်းသားတွေ အပြတ်ဖျားပြီး အံ့ဩဘနန်းဖြစ်သွားရသောနေ့၏ မနက်ခင်းအခါသမယ ကို အခက်အခဲမရှိစွာ ရောက်ရှိလာနေဆဲ ဖြစ်ပါသည်။

(အေ)ခန်းရှေ့မှာ သရဲအခြောက်ခံထားရသော မျက်နှာတွေနှင့် (ဘီ)ခန်း ကျောင်းသူ/ကျောင်းသားတွေ ခေါက်တုံ့ခေါက်ပြန် မြောင်းဖော် ၍လှေ့လာနေကြဆဲ။

ကျောင်းအုပ်ဆရာမကြီးနှင့်တကွ ဆရာ/ဆရာမများ (ဘီ)ခန်းပိတ်ပွဲ ထက်ပင် စုံညီများပြားစွာ တက်ရောက်လာခဲ့ကြ၏။ ကျောင်းသူ/ကျောင်း သားတွေကို သူကိုယ်တိုင်ပင် အစီအစဉ်ဖတ်ကြားပြီး ပထမဦးဆုံး အစီ အစဉ်ရ ကိုယ်စိတ်နှလုံး သုံးပါးစလုံးဖြင့် ဘုရား၊တရား၊သံဃာ မိဘတွေ ကို လေးမြတ်စွာပူဇော်ကန်တော့ကြ၏။ ပြီးလျှင် ဆရာ/ဆရာမများအတွက် သူကိုယ်တိုင် အထူးစပ်ဆိုထားသော ကန်တော့ကဗျာတောင်းပန်စာကို စိုးမျိုးနိုင် ထ,ဖတ်ပြီး ရှေ့မှတိုင်ပေး၏။

ကျောင်းသား/ကျောင်းသူတွေ လိုက်ဆိုပြီး အဆုံး၌ ဦးသုံးကြိမ် ချ ကန်တော့ကြ၏။

ပြီးလျှင် ကျောင်းသူများက ကန်တော့ပစ္စည်းပါဆယ်ထုပ်များ အား ဆရာ/ဆရာမတွေထံ ပေးဆက်ကြ၏။

အစီအစဉ်(၃)အရ ဆရာမကြီး ဆုံးမဩဝါဒပြောကြားရန် ဖိတ်ခေါ် လိုက်၏။

ဆရာ/ဆရာမကြီးက ဘလက်ဘုတ်မှစာကိုဖတ်ပြီး အခုလို အမှား ကိုသိလို့ ဝန်ချတောင်းပန်လာကြတော့လည်း ဆရာ/ဆရာမတို့မှာ ကျေနပ် တပည့်တွေအပေါ် နာသုံးနာနှင့် ခွင့်လွှတ်ရသည့်အကြောင်း။

နောက်ကို အမှားမဖြစ်အောင် အသိတရားနှင့်ထိန်းသိမ်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည့်အကြောင်း၊ အများကိုမြင်၍ အမှန်ကိုပြင်သည်မှာ ကောင်းမြတ်သောအလုပ်တစ်ခုဖြစ်သည့်အကြောင်း၊ အတန်းတင်စာမေးပွဲကြီးကို စိတ်သစ်လူသစ်ဖြင့် လုံ့လဝီရိယစိုက်ထုတ်၍ ကြိုးစားဖြေဆိုကြပါဟု ပြောကြားတိုက်တွန်း၍ နိဂုံးချုပ်သွား၏။

အတန်းပိုင်ဆရာမ ဒေါ်ခင်စိုးဝင်းမှာ ဆရာမကြီးဘေးတွင် ခေါင်းငုံ့၍နားထောင်၏။

သူက အစီအစဉ်ထဲမှာမပါသော ဝါကြီးသည့်ဆရာများကို ဆက်လက်၍ ဆုံးမဩဝါဒစကား ပြောကြားခိုင်းလိုက်၏။

ဆရာကြီးများက အမှားဝန်ချတောင်းပန်တာ လုပ်သင့်လုပ်ထိုက်တာဖြစ်ကြောင်း၊ ယခုလို တောင်းပန်ရဲသည့်စိတ်ဓာတ်ကို ချီးကျူးကြောင်း၊ ဆရာမဒေါ်ခင်စိုးဝင်း၏တပည့်များမှာ ဘယ်သောအခါမှ ဆိုးရွားသူများမဟုတ်ကြောင်း၊ မသိနားမလည်၍ တစ်ခါမှားမိခြင်းသည် ဒေါ်ခင်စိုးဝင်းအုပ်ထိန်းမှုညံ့၍မဟုတ်ကြောင်း၊ ကျောင်းသား/ကျောင်းသူများမှာလဲ ဆိုးပေတေလွန်း၍မဟုတ်ကြောင်း၊ အဓိကတရားခံမှာ မသိနားမလည်မှုဖြစ်ပြီး နောက်နောင်ကို မသိနားမလည်မှုကို သိနားလည်လာအောင် ကြိုးစားသွားပါဟု တိုက်တွန်းပြောကြား၍ အဆုံးသတ်ပေးသွားကြ၏။

နံပါတ်လေးအစီအစဉ်အရ ဆရာ/ဆရာမများကို ကျွေးမွေးဧည့်ခံကြရန်ဖြစ်သဖြင့် ကျွေးမွေးမှုတာဝန်ယူထားသော မိန်းကလေးနှင့်ယောက်ျားလေးများ စည်းကမ်းသေဝပ်စွာ လှုပ်ရှားဆောင်ရွက်ကြလေ၏။

ဆရာမကြီးမှ ဆရာမများနှင့်စကားပြောရင်း အတန်းပိတ်ပွဲ ဆင်ယင်ကျင်းပထားသည့်အပြင်အဆင်ကိုကြည့်၍ သဘောကျနေ၏။ ဆရာ/ဆရာမများကို ဂရုတစိုက်ဧည့်ခံကျွေးမွေးကြ၍လည်း အတန်းပိုင် ဒေါ်ခင်စိုးဝင်း ကျေနပ်နေ၏။

အခြားအခန်းများလို ရောင်စုံကာလာမခြယ် အဖြူနှင့်အစိမ်းကို တစ်သွေးတည်း၊ တစ်သားတည်းဝတ်ပြီး ကျောင်းစည်းကမ်းကို ရှိသေပြသဖြင့် ကျောင်းအုပ်ကြီးက အတန်းပိုင်ဆရာမ ဒေါ်ခင်စိုးဝင်းကို လက်ဆွဲ



၍ ချီးကျူးစကားဆို၏။

ဘယ်သူမှ မထင်မှတ်ထားသော အတန်းပိတ်ပွဲကို အများထက်ထူးကဲအောင် လုပ်ဆောင်ပြလိုက်သောအခါ ဆရာ/ဆရာမများကလည်း အံ့သြဝမ်းသာကုန်ကြ၏။

ကျောင်းသားကျောင်းသူများမှာလည်း ညီရင်းအစ်ကို မောင်ရင်းနှမစိတ်ဓာတ်ဖြင့် တက်ကြွပျော်ရွှင်လန်းဆန်းစွာ လုပ်ကိုင်နေကြသည်။

ဆရာ/ဆရာမများကို ဧည့်ခံကျွေးမွေးပြီးဆုံးသွားသောအခါ တာဝန်ကျသူများက အမှိုက်တစ်စမကျန်အောင် သိမ်းဆည်းသွားကြ၏။

အစီအစဉ်နံပါတ်ငါးအရ အချိုပွဲတည်းနေကြသော ဆရာ/ဆရာမများကို ကျောင်းသူကျောင်းသားများ ပရိသတ်ပြုလျှက် ပျော်ပွဲရွှင်ပွဲ ကျင်းပပေးခြင်းဖြစ်သည်။

ယဉ်ယဉ်ကျေးကျေးပါဆယ်ဂိမ်း နှိုက်ခြင်းပင်။

ကျောင်းအုပ်ဆရာမကြီးကို စ၍ မဲနှိုက်ပေးပါရန် ပန်ကြားရ၏။

ဆရာမကြီးပေါက်သော မဲလိပ်မှာ . . .

(အကြိုက်ဆုံးရုပ်ရှင်တစ်ကားရဲ့အမည်ကို ပြောကြားပေးပါ)

"ဆရာမကြီးကြိုက်တဲ့ ရုပ်ရှင်ကားအမည်ကတော့ ပန်းပန်လျက်ပါကွယ်"

(ကျောင်းသူကျောင်းသားတွေ၏ ညီညွတ်သောလက်ခုပ်သံ)

ဘာသာရပ်ဆရာတွေ အလှည့်။

ဘိုင်အိုဆရာကြီး ဦးဘိကျော်သောမဲလိပ်မှာ . . .

(အကြိုက်ဆုံးကဗျာတစ်ပိုဒ်ကို ရွတ်ပြပါ)

"ဆရာအကြိုက်ဆုံးကဗျာတစ်ပိုဒ်ကတော့ ခုပဲ လက်တန်းစပ်လိုက်တဲ့ကဗျာ၊ ခေတ်စကားနဲ့ပြောရရင်တော့ ခပ်မိုက်မိုက်ကဗျာလေးပေါ့ နားထောင်ရအောင်"

ဘယ်သင်းက ဘယ်လို
ဘယ်လိုက ဘယ်သင်း
ဘယ်နှင်းရင်ညာနိမ့်

www.burmeseclassic.com

www.burmeseclassic.com



ကိုလူပျို လာမလိုမ့်ပါနဲ့,

နာလိမ့်မယ် အမြဲ။

ကျောင်းသူ/ကျောင်းသားတွေ မရယ်ရသော်လည်း ပြုံးပြကြ၏။ ဆရာ၏ဟာသကဗျာကို ဖတ်ကြားပြီးသောအခါ ဘိုင်အိုဆရာမ ဒေါ်တင်မာလာအလှည့် . . .။

ပေါက်မဲမှာ

(သီးချင်းကြီးတစ်ပုဒ် ဆိုပြပေးပါရန်)

ကိုယ်ဝန်လွယ်ထားရင်း ဆရာမမှာ မဖြစ်သာ၍ သီချင်းဆိုပြ၏။ သို့နှင့် အတန်းပိုင်ဆရာမ ဒေါ်ခင်စိုးဝင်းအလှည့် ရောက်လာ၏။

ဆရာမ ပေါက်သောမဲမှာ . . .

(က,တတ်သရွေ့ ကပြပေးပါရန်)

ဆရာမမှာ မျက်နှာတည်ရခက်၊ ပြင်ဆင်ပြုံးရခက်နှင့်ဖြစ်နေစဉ် လှဦးက မြန်မာသံစဉ်တီးလုံးကို ဖွင့်ပေးလိုက်၏။

ဆရာမခမျာ မက,တတ်က,တတ်နှင့် လက်ကလေးလှုပ်ပြီး ကပြ ရ ဆရာ/ဆရာမများ ဣန္ဒြေသိက္ခတွေဖုံးဖိပြီး ပြုံးစိရယ်မောကြပါသည်။

သို့ဖြင့် ဆရာမများ၏ ပျော်ပွဲအစီအစဉ်ပြီးဆုံးသွားသောအခါ ကျင်းပပွဲအခမ်းအနား ယာယီပြီးဆုံးကြောင်းကြေငြာ၍ လက်ခုပ်သံဖြင့် ပွဲသိမ်းကာ ဆရာ/ဆရာမများကို နားနေခန်းအရောက် လိုက်ပို့ပေးကြလေသည်။

ပြီးလျှင် ကျောင်းသား/ကျောင်းသူများ၏ လွတ်လပ်ပျော်ရွှင်ကကြိုးဆင်အစီအစဉ်ကို စားပွဲသောက်ပွဲနှင့်ရော၍ ကျင်းပလေ၏။

ကျောင်းသူ/ကျောင်းသားများ စားသောက်နေစဉ် အလယ်ကွက်လပ်၌ မိုးဟိန်းကျော်နှင့်စိုးလှမြင့်တို့၏ စုံတွဲအက၊ ပန်းနုနံ့သာ၊ ပန်းတိမ်လွှာနှင့် ဝါဝါမွေးတို့၏ သံကြိုန်တီးလုံးနှင့် ယိမ်းအက (စား၍ပြီးစီးသွားသော) ကျောင်းသူများက တစ်ဖန်၊ ကပြီးသွားသောသူများ စားသောက်နေစဉ်) တစ်လှည့်ဖျော်ဖြေကပြသော မြန်မာသံစဉ်နှင့် တီးလုံးအကများ ကျောင်းသားများရဲ့ ဇာတ်သဘင်သီချင်းများနှင့် အပြက်အချော်ကဟန် များဖြင့်



ရယ်မော၍ပွဲသိမ်းကြ၏။

ပွဲသိမ်းသည်နှင့် သယ်ကြ၊ ဖြုတ်ကြ၊ ရှင်းကြ၊ လင်းကြနှင့် တစ်ယောက်နှင့်တစ်ယောက် တစ်ဦးနှင့်တစ်ဦး ယခင်ကထက်ပို၍ ကျူးကျော်ရင်းနှီးစွာနှင့် ခင်မင်သွားကြကုန်၏။ ပြီးစီးသွားသောအခါ နှုတ်ဆက်လမ်းခွဲကြလေသည်။

အပြန်လမ်း၌ ပန်နုနံ့သာ၊ ဝါဝါမွေး၊ ပန်းတိမ်လွှာ၊ ဖြိုးဖြိုးလဲ့လဲ့၊ မူမူ၊ အောင်သင်းလတ်၊ စိုးမျိုးနိုင်၊ လှဦး၊ ကျော်သိန်း၊ မောင်မောင်တင်တို့က သူ့အား ဂုဏ်ပြုသောအနေဖြင့် အအေးလိုက်တိုက်ကြသည်။

ဂုဏ်ပြုပွဲအကြောင်းပြပြီး ကိုယ်စီကိုယ်စီ အားပေးထားကြသည်မှာ စားပွဲသုံးလုံးပင်မဆန့်။

ရယ်မောသံများ၊ အတန်းပိတ်ပွဲအောင်မြင်မှုကို စာမြုံ့ပြန် အရသာခံပြောကြားသံများနှင့် ပြောကြားပြီး မိန်းကလေးများ အလှုင်ထ၍ လမ်းခွဲပြန်ကြ၏။

ယောကျ်ားလေးအဖွဲ့က ကျသင့်သည့်ငွေရှင်းမည်။ မပြန်ကြသေးဟု သူထင်နေခဲ့သည်။ စကားဝအောင် ပြောကြပြီးသောအခါ ငွေရှင်းဖို့လုပ်စဉ် . . .

စတင်ဦးတိုက်ခေါ်သောမောင်မောင်တင်မှာ ငွေတစ်ရာသာပါ၏။ ကျန်လူများ ငွေကိုစုကြည့်သောအခါ ရှင်းရန်ငွေမမီ။

သူ့လက်စွပ်ကလေးနှင့် ဆိုင်ရှင်ကို ဘယ်သူမှမသိအောင် သွားချော့လိုက်ရပါသည်။

ခေါင်းဆောင်ကောင်းတို့ထုံးကို နလုံးမူလိုက်ရသော သူ့အဖြစ်ခေါင်းဆောင်တစ်ယောက်အနေနဲ့ ကျောင်းတော်ကြီးကို အများထက်ပို၍ ချစ်ပြနိုင်ခဲ့ပြီလေ။

ကျန်တာတွေမလိုတော့။

(ကျောင်းတော်ကြီးမှာ မောင်တို့ ဆော့စရာမရှိတော့ပြီ)

၄ ၄ ၄

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

အတန်းတင်စာမေးပွဲကြီးကျင်းပသောအခါ သူ့ဦးလေး ကျန်းမာရေးကဖောက်လာပြန်၏။ စာကျက်ရင်း သူ ကူညီရပြန်၏။

စာမေးပွဲ၌ ဘာသာရပ်တိုင်းကို သူ အထူးကြိုးစားပြီး ဖြေဆိုခဲ့သော်လည်း ခန့်မှန်းခြေတွက်ချက်အမှတ်များမှာ ကြိုးတန်းလမ်းလျှောက်။

တစ်ယောက်နှင့်တစ်ယောက် "စပေါ့"လောက်သာ တီးတိုးကူညီနိုင်ပြီး ဆယ်တန်းနတ်ကြီး ဖမ်းစားမှုအောက်မှ ကိုယ်လွတ်မြောက်မှုကိုသာ အတ္တဆန်ဆန် ရှန်းကန်နေကြရချိန် တစ်ဦးနှင့်တစ်ဦး စကားပြောရန် အပိုချိန်ပင်မရခဲ့ပါ။

ဇီဝဗေဒဖြေပြီးသော နောက်ဆုံးနေ့၌ ကျောင်းသားကျောင်းသူအားလုံးခေါင်းပေါ်မှာ ဝန်ထုတ်ကြီး "ဘုတ်"ခနဲ ပြုတ်ကျသွားသလို လွတ်လပ်ပေါ့ပါးနိုးကြားရှင်သန်လာကြ၏။

"ဘုန်းထွဋ် နင်ဖြေနိုင်လား"

အံ့ဩစရာကောင်းလောက်အောင် တွဲဖြစ်သွားသော ကျောင်းသူသုံးယောက်ထဲမှာ ဝါဝါမွှေး၏အမေး။

"မဆိုးပါဘူးဟ"



"ယူ့လေသံကလည်း နည်းနည်းပျော့နေသလိုပဲ"

ပန်းတိမ်လွှာက စူးစမ်းဟန်ဖြင့် မေးလာခြင်းပင်။

"အလကားပါကွာ၊ အိုင်တင်လုပ်နေတာပဲ၊ သူက အမြဲဆင်ကြဲကြဲတဲ့လူ၊ ကျိတ်ပြီး ကျက်ထားတာတိုးလို့ စိတ်ထဲမှာ ပျော်နေတဲ့ပုံပေါ့"

ပန်းနုနံ့သာက မျက်နှာလေးမဲ့ပြုပြီး မေးလေးကိုထိုး၍ ပြောလိုက်ခြင်းဖြစ်၏။

"ပြောကြပါဟာ၊ အခုကျတော့လည်း မတည့်တဲ့မျောက်၊ ကြောင်ကြွက်တွေ တည့်နေလိုက်ကြတာ သမီးယောက်မတွေအတိုင်းပဲ"

"အံမယ်၊ နင်က တို့ငြိမ်းချမ်းရေးရနေတာကို မနာလိုဖြစ်နေသေးလား"

"မဖြစ်ပါဘူး ဒေါ်ဝါဝါမွှေးရယ်၊ ဝမ်းသာပါတယ်"

ပန်းတိမ်လွှာက . . .

"ဝမ်းသာရင် ဝမ်းတေဘယ်(လ်)ပေးရမယ်နော်"

"ကဲကြည့်၊ ပန်းတိမ်လွှာကတော့ သူ့ဒယ်ဒီအကျင့်တွေ ကူးနေပြီ"

"ဟယ် ယူနော်၊ မဆိုင်တာမပြောနဲ့၊ စိတ်ဆိုးပစ်လိုက်မှာသိလား"

"စိတ်ဆိုးတာလိပ်မျိုးတဲ့၊ မတွေ့ဘူးလား၊ နံ့သာ ခဏခဏစိတ်ဆိုးတတ်လွန်းလို့ လိပ်မကြီးဖြစ်နေတာ"

"နင်သာ ဆင်ချေးတုံး၊ ငါ့ကို လိပ်မကြီးလို့မပြောနဲ့၊ အရမ်းစိတ်ဆိုးတယ်"

"ဒါဆို ဘယ်လိုခေါ်ရမလဲ"

"ဘယ်လိုမှမခေါ်နဲ့"

"ခေါ်ပါရစေဟာ"

"မခေါ်နဲ့လို့ မြန်မာလိုပြောနေတာ နားမလည်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ဝါဝါမွေးက . . .

"ကဲပါ နံ့သာရယ်၊ ဘုန်းထွဋ်က ကုလားနဲ့ဂျပန်ဖက်စပ်ထုတ်ထားတဲ့ ဝက်အူလုံ့ပြောနေတာ၊ ကြာတယ်၊ ဗိုက်ဆာတယ်ဟာ စာမေးပွဲဖြေနေတုန်းက ဖောနဲ့မို့ ဘာမှမစားချင်ဘူး၊ အခု ဗိုက်ထဲက အသည်းအသန် ဆန္ဒပြနေပြီ၊ အသုတ်ဆိုင်လစ်စို့"

"ဝါဝါမွေးကတော့ လုပ်ပြီ၊ အသင်းခေါင်းဆောင်ပီပီ အတန်းပိတ်ပွဲနေ့ကလည်း ရေခဲမုန့်သုံးခွက်တောင် ခိုးစားတယ်"

"ဟယ် ဘုန်းထွဋ်၊ နင် မဟုတ်တာမပြောနဲ့နော်၊ ငါ ကိုက်ပစ်မှာ"

"နင်ကိုက်တတ်မှန်း ငါသိပါတယ်ဟ၊ နင်တို့အိမ် ငါက စပေါ့တွေလာယူတုန်းက ခြံဝမှာ စာရေးထားတာတွေ့တယ်၊ ဝါဝါမွေး ကိုက်တတ်သည်ဆိုလားပဲ"

"မသာ ဘုန်းထွဋ်၊ နင် ဒီတစ်ခါ အိမ်လာလည်မှ နင်ပြောထားတာပြန်ကျေအောင် ရန်လုံ့နဲ့ ရှူးတိုက်လွှတ်ပြမယ်၊ ကြည့်နေ"

"အဲဒီလောက်ကြီး စေတနာမထားနဲ့၊ ငါနေရခက်တယ်ဟ"

"သွားသေလိုက် ကျင်းထဲကို"

"နားငြီးပါတယ် မွေးရာ၊ သူနဲ့ဆက်ပြောရင် ရှေ့နှစ်ကျမှ အသုပ်ဆိုင်ရောက်လိမ့်မယ်။ လာပါဟ အိမ်ကကား မကြာခင်ရောက်လာတော့မှာဟ"

ပန်းနုနံ့သာလေသံပင်။ ပန်းတိမ်လွှာက . . .

"ဟုတ်တယ်မွေး၊ ဟိုဘက်လမ်းထိပ်မှာ တို့ကားလည်း စောင့်နေတယ်၊ မြန်မြန်ပြန်ရအောင်"

သူက . . .

"နင်တို့မှာမှ ကားရှိတာမဟုတ်ဘူး၊ ငါ့မှာလည်း ကားရှိတယ်ဟ၊ ရိုးရိုးကားမဟုတ်ဘူး၊ မာစီဒီး . . . မာစီဒီး"



"အဲမယ် လာခြွမ်နေနဲ့၊ ကားဆိုလို့ နင့်မှာ ဆိုက်ကားတောင်ရှိတာမဟုတ်ဘူး၊ အတွင်းသိတယ်နော်"

"မင်း သိပ်အထင်သေးပါလား ပန်းတိမ်လွှာ၊ ကိုယ့်ဦးလေးပြီးခဲ့တဲ့အပတ်က ကားဝယ်လိုက်တာ မင်းမသိဘူးလား"

သူမတို့သုံးယောက်စလုံး တည်တည်တန့်တန့်ပြောကြားလိုက်သောသူ့စကားကြောင့် တွေတွေဝါးဝါးဖြစ်သွားကြ၏။

ပန်းတိမ်လွှာက . . .

"ယူ့ဦးလေးက မာစီဒီးတောင် ဝယ်စီးနိုင်တယ်"

"ဘာလဲ အလုပ်မှာ အကြံအဖန်ရတဲ့ငွေနဲ့ဝယ်ထားတာ ထင်လို့လား၊ သန့်သန့်လေး၊ ကိုယ့်ငွေနဲ့ကိုယ်ဝယ်ထားတာ"

"ယူ့ဦးလေးက တယ်ဟုတ်ပါလား၊ ဒါဆို ယူ့အိမ်ကို တစ်နေ့လောက် လာကြည့်ဦးမယ်"

"လာမကြည့်နဲ့တော့"

"ဘာဖြစ်လို့လဲ"

"အဲဒီကားကို မနေ့တစ်နေ့က ဦးလေးတူလေးတက်နင်းပစ်လို့ဘီးပြားသွားပြီ၊ ပလတ်စတစ်မာစီဒီးလေ"

"ဟယ် . . . ကောင်စုတ်၊ ငါတို့က အဟုတ်မှတ်လို့"

(ဝါဝါမွေး၏ မှတ်ချက်)

ဠ ဠ ဠ

နွေရာသီကျောင်းပိတ်ရက်ရှည်မှာ နယ်မှ သူ့မိဘတွေ [illegible] သဖြင့် သူငယ်ချင်းတွေကိုပင်နှုတ်မဆက်နိုင်ဘဲ သူ နယ်ပြန်ခဲ့ရ[illegible]

နယ်မှ သူ့မိဘများ၏စီးပွားရေးကို ဝိုင်းကူလုပ်[illegible] ရက်ရှည်များကို ကုန်ဆုံးပစ်ခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



နယ်ဥ္ရှိရစ်ဥ်အတောအတွင်း သတိရခြင်းများစွာမှာ ကျောင်းတော်ကြီးရယ်၊ ကောင်မလေးသုံးယောက်ရယ်၊ သူငယ်ချင်းများနှင့် ပျော်ခဲ့ရှင်ခဲ့သည့် ပုံရိပ်များပင်။

မိုးဦးပြန်ဝင်လာသည့်ကာလမှာ အငယ်တန်းကျောင်းသားများ ကျောင်းပြန်တက်လာကြ၏။ သူတို့ဖြေဆိုခဲ့သော ဆယ်တန်းစာမေးပွဲကြီး အောင်စာရင်းထုတ်ပြန်ခါနီး ရက်နည်းနည်းအလိုတွင် သူ မြို့ပြသို့ ပြန်ရောက်လာခဲ့သည်။

အောင်စာရင်းအတွက် စိတ်စောလွန်းသဖြင့် စုံစမ်းကြည့်သောအခါ သူတို့ကျောင်းမှာ အောင်ချက်ကောင်းသည်ဟု ကြားရ၍ စိုးရိမ်မှု ပြေလျော့ရ၏။

သူတို့ ဒသမတန်း(အေ)မှာ တစ်ခန်းလုံးအောင်ကြသည်။ တစ်ယောက်တည်းကလွဲလျှင် ကျန်သူအားလုံး အောင်၏။ ကျရှုံးသွားသော တစ်ယောက်မှာ ကျောင်းမကြာခဏပျက်လွန်းပြီး စာမေးပွဲဖြေသော နောက်ဆုံးရက်မှာ ဖြေအပြီး မူးလဲသွားသည့် ဆယ့်နှစ်ရာသီရောဂါသယ် သောင်းသောင်းဌေးပဲ ဖြစ်ပါလိမ့်မည်။

သတင်းကောင်းကိုကြားပြီးပြီးချင်း သူ စက်ဘီးကလေးတစ်စီးနှင့် နီးစပ်ရာ သူငယ်ချင်းတွေကို အကြောင်းကြားလိုက်၏။

လှဦး၊ ကျော်သိန်း၊ မောင်မောင်တင်၊ အောင်သင်းလတ်၊ စိုင်းမျိုးနှင်း၊ ဝါဝါမွေး၊ ပန်းနုနုံသာ၊ လဲ့လဲ့၊ ပန်းတိမ်လွှာ၊ ဖြိုးဖြိုး၊ မူမူ၊ နုနု၊ ခိုးလင်းနိုင်၊ မိုးဟိန်းကျော်၊ ရမ်ဘိုကျော်လွင်။

"ငါတို့အားလုံး အောင်ပြီကွာ၊ တစ်ခန်းလုံးမှာ တစ်ယောက်ပဲ ကျတယ်၊ တကယ်အဟုတ်ကိုပြောတာ အားလုံးဆယ်တန်းကျောင်းသား ဝဋ်ကလွှတ်ပြီ ကျွတ်ပြီကွ"

သူငယ်ချင်းတွေ အားလုံးပြန်ဆုံကြပြီး ဝိုင်းဖွဲ့စားသောက်ကြ၍

၏။ အားလုံးကျောင်းတက်ခဲ့ရသော အချိန်တွေကို ပြန်လည်အောက်မေ့လွမ်းမောမိကြောင်းတွေ ဖလှယ်ပြောကြားကြလေသည်။

ဖြေနိုင်သူများက ဒီဘယ်နှစ်လုံးပါမယ်ဆိုတာ ကြိုတွေး၍ ပီတိစိတ်နှင့် ရင်ထိတ်နေကြ၏။

ကျန်အောင်မြင်သူများက တက္ကသိုလ်တက်လျှင် တက္ကသိုလ်ရောက်လျှင် အဖွဲ့သားတွေမခွဲပဲ တစ်လုံးတစ်စည်းတည်းဖြစ်အောင် ကျောင်းအတူတက်ဖို့၊ ကျောင်းအတူတက်ပြီး ပျော်ပျော်ပါးပါး စာသင်ကြဖို့ စသည်ဖြင့် ရှေ့ရေးကိုကြိုတွေးရင်ခုန် တွေးနွေးကြလေသည်။

ပြီးလျှင် မြောက်ကြွနေသော ခြေလှမ်းများနှင့် ကိုယ်စီနှုတ်ဆက်လမ်းခွဲကြပြန်၏။

"ယူ တက္ကသိုလ်ကျောင်းတက်တဲ့အခါကျရင် တို့ကားနဲ့လာခေါ်မယ် လိုင်းကားမစီးနဲ့"

ပန်းတိမ်လွှာ၏ စေတနာတုံ့ပြန်မှု။

"ဘုန်းထွဋ်ရေ တက္ကသိုလ်ရောက်ရင် ကန်တင်းမှာ နင်စားချင်တာစား ဝယ်ကျွေးမယ် တို့နားကို ဘယ်သူမှမလာအောင် ဘော်ဒီဂတ်လုပ်ပေး"

ဝါဝါမွေး၏ တင်ကြိုတွေးနှင့် အရေးဆိုသောစကား။

"နင်. . . တို့အဖွဲ့နဲ့ အမြဲနေဟာ၊ နင်နဲ့ တစ်နေ့လောက်မှရန်မဖြစ်ရရင် ငါ့မှာ နေရတာ တစ်မျိုးကြီး သိပ်ပျင်းတယ်. . . နင်ရှိနေရင် အနည်းဆုံးတော့ အပျင်းပြေပြီးရယ်ရမှာဟ"

ပန်းနုနုံကသာ၏ဖိတ်ကမ်းမှု. . .

အားလုံးကိုတစ်ခုတည်းသော "ငါ နင်တို့နဲ့ အမြဲရှိနေမှာပါ" ဟူသည့် ကတိတစ်ခုပေးပြီး သူလမ်းခွဲလာခဲ့လေသည်။

ထိုနေ့၏ နောက်သုံးရက်မြောက်မှာ အောင်စာရင်းထွက်လာ[illegible] သည်။ ထိုအောင်စာရင်းကို သွားကြည့်ပြီး သူ့တစ်ကိုယ်လုံး[illegible] မြောက်တတ်သွားမတတ်(အပျော်တွေ) ဖျတ်. . . ဖျတ်. . .[illegible]

www.burmeseclassic.com



ကြွေကျ။ မြေပြင်ပေါ် စိတ်ဓာတ်တွေ လွှတ်ချပစ်လိုက်သောအခါ သူဟာ ပေါက်ကွဲ လွင့်စင်ထွက်သွားပါသည်။ အောင်စာရင်းမှာ သူကြုံပြောခဲ့သလို မှန်ကန်စွာထွက်ပေါ်လာပါ၏။

ဒသမတန်း(အေ)ခန်းမှာ တစ်ခန်းလုံးလိုလိုအောင်ပြီး တစ်ယောက်တည်းသာ ကျရှုံး၏။

ထိုကျရှုံးသောတစ်ယောက်မှာ သောင်းဌေးမဟုတ်. . . သူ။

သူ့ဘဝကြီးသေဆုံးသွားသလို ရှုံးသွပ်သွားသလို ပျက်စီးပျောက်ကွယ်သွားသလို။

သူ့မှာ ရုပ်မရှိ၊ နာမ်မရှိ၊ ဘာမှမသိ ဘာမှမရှိတော့ မျက်ရည်တွေနှင့် တစ်စစီကြွေနေသော စိတ်ဓာတ်တွေကြားမှာ အရှက်တခွေ ခြောက်လှန့်ကစားနေတာ သူခံနေရ၏။ သူ့ဘဝမှာ ထိုမျှလောက် ခါးသီးခံရခက်သော ကျရှုံးမှုကာလ ခံစားမှုကို ဘယ်လိုမှ မေ့ပစ်လို့ရတော့မည်မဟုတ်။

သူ အိတ်ကိုဆွဲပြီး နေပူကျဲကျဲထဲမှာ အရှူးတစ်ပိုင်းပြေးနေမိ၏။ ဘူတာကြီးဆီသို့။

မင်းတို့အားလုံး ပျော်နေတဲ့အချိန်မှာ ငါ့မှာ သည်းခြေပျက်အောင် မှုန်သွပ်နေပြီဟု ရေရွတ်ညည်းတွား မျက်ရည်များနှင့် သူမွေးရပ်နယ်သို့ အမြန်ပြန်လှည့်လာခဲ့၏။

သူသိနေပါသည်။

ယခုလောက်ဆို သူငယ်ချင်းတွေအားလုံး သူ့အိမ်ရောက်နေကြတော့မည်။ သူ့အတွက် ဝမ်းနည်းကြောင်း၊ စိတ်မကောင်းခြင်းစကားတွေ ပေးပုံ့အောင် ပြောနေကြတော့မည်။

သူငယ်ချင်းတွေအားလုံး အကြီးအကျယ်ပျော်ရွှင်နေချိန်မှာ သူ၏ အသုံးမကျသော သောကဝန်ပိုးတွေ မျှဝေခွဲမပေးချင်ပါ။

သူဟာ ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်ခဲ့ဖူးသည်ပဲ။ သူတို့တွေ မင်္ဂလာယူနေသောအချိန်မှာ သူ့အတွက်ကြောင့် ဘယ်တော့မှ



ဝမ်းမနည်းစေရဘူး၊ မကြေကွဲစေရဘူး။ မခံစားစေရဘူး။

သူ့လမ်းကိုသူမြင်သည်။

သူငယ်ချင်းတွေအားလုံးနှင့်ဝေးရာ ဥပေက္ခာလွင်ပြင်သို့ ရထားကြီးအထွက်မှာ မမြင်ရသောစိတ်ကူးများနှင့်. . .

"အားလုံးကို ငါ့မျက်ရည်တွေနဲ့ နှုတ်ဆက်ခဲ့ပါတယ် သူငယ်ချင်းတို့ရယ်၊ ငါ. . . ငါ. . . ငါ. . . သွားတော့. . . မယ်"

ၜ ၜ ၜ

မိဘဆွေမျိုးအသိုင်းအဝိုင်း၏ ပူပူနွေးနွေးမုန့်တိုင်းနှင့် သွေးအေးသွားသောမုန်တိုင်းတို့ တိုက်ခတ်ရိုက်ခါမှုကို သူ အလူးအလဲ ကြုံကြိုက်ခံခဲ့ရ၏။

သူ ဆယ်တန်းမအောင်မခြင်း တက္ကသိုလ်နယ်မြေထဲကို ဘယ်တော့မှမဝင်ဟု ဆုံးဖြတ်ချက်ချထားခဲ့သလို အဆင့်မမီဘဲနှင့် သူငယ်ချင်းများကို ဘယ်သောအခါမှသွားမတွေ့ဖို့ သူရှောင်ရှားခဲ့၏။

သို့နှင့် ထိုနှစ်တစ်နှစ်သည် သူ၏အောင်မြင်မှုနှစ်။

စာမေးပွဲပြန်အောင်ခဲ့လေပြီ။

ဘဝသည် သုခတစ်ဖြစ်လဲ ဒုက္ခနှင့် ဒုက္ခတစ်ဖြစ်လဲ သုခ။

သူငယ်ချင်းများကို တက္ကသိုလ်နယ်မြေထဲမှာတွေ့ရဖို့ သူ ဝမ်းသာအားရ စောမန်းကြွနေမိ၏။ (တစ်နှစ်တာနောက်ကျသွားခဲ့ပေမယ့် မင်းတို့ရဲ့အောင်မြင်မှုထဲကို)

"ငါလာပြီဟေ့"

ၜ ၜ ၜ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

လှိုင်တက္ကသိုလ်ထဲသို့ စတင်ဝင်ဝင်ချင်းမှာ သူ့ခြေလှမ်းတွေ အရသာတစ်မျိုးပြောင်းသွား၏။

အို . . . တကယ်ပဲ သိပ်လှလွန်းတဲ့လောကကြီးပါပဲ။ ပန်းပွင့်တွေ အရောင်စုံ၊ အသွေးစုံ၊ ရနံ့စုံနှင့် လှပလူးလွင့်စွာ လမ်းလျှောက်နေကြ၏။ ဉယျာဉ်မှူးနှင့်တူသော ကျောင်းတော်ကြီးမှာ မြင့်မြင့်မားမားမရှိသော်လည်း နှစ်ပေါင်းများစွာ အသားကျနေသော ဣန္ဒြေနှင့် တည်တည်လွင်လွင်ရှိနေလေသည်။ ရယ်မောသံများ၊ စကားပြောသံများ၊ နောက်ပြောင်သံများကြားမှာ သူ နားထောင်၍ရှု၏။ လှပသောပန်းပွင့်ကလေးပေါင်းများစွာ၏ ရင်ခုန်သံ၊ တရွေ့ရွေ့ချဉ်းကပ်ကြိုးစားနေသော လိပ်ပြာပေါင်းများစွာ၏ ခြေသံတွေသာ သူကြားရ၏။

ဒီဇိုင်း၊ ဖက်ရှင်၊ မော်ဒယ်(လ်)အသွင်နှင့် အလှခန္ဓာဗေဒများ ပြည့်ပြည့်တင်းတင်း ကျန်းမာခြင်းဆုလာဒ် ဒေရိုးဗစ်ဘော်ဒီနှင့် ငါးရံ့ကိုယ် အလှမယ်များ စတိုင်(လ်)ကောင်းကောင်း၊ ရှိုးကျကျဝတ်ဆင်ထားသည့် ကျောင်းသားများထဲမှာ သူ့မျက်လုံးတွေ အစွမ်းကုန်ကစားပြီး လိုက်ရှာရင်း နှင့်



"ဟိတ် . . . ယူ"

သူ့နောက်မှခေါ်သံ။ လှည့်ကြည့်လိုက်သောအခါ ပန်းတိမ်လွှာနှင့် လဲ့လဲ့တို့နှစ်ယောက် မာန်ပါပါနှင့် ခါးထောက်ကြည့်နေကြ၏။

"ဟာ ပန်းတိမ်လွှာ၊ ရှာလိုက်ရတာ ကမ္ဘာတစ်ဆုံးပဲ၊ ဘယ်ချောင်မှာသွားပုန်းနေကြတာလဲ"

"အံမယ် ကျောင်းထဲကိုယူဝင်လာကတည်းက တို့နှစ်ယောက်က မြင်ပြီးသားပါနော်၊ ကုပ်ချောင်းချောင်းနဲ့ ကလေးအဖေ ကလေးပျောက်လို့လိုက်ရှာနေသလိုပဲ၊ ဒါနဲ့ တို့နှစ်ယောက် ယူ့နောက်က အသာလေး လိုက်ချောင်းလာတာ၊ ခုလိုနှုတ်ဆက်လိုက်ရင် ယူဝမ်းသာသွားအောင်လို့ ဘယ့်နှယ့်လဲ ဝမ်းမသာဘူးလား"

"ဝမ်းသာတာပေါ့ဟ၊ ပန်းတိမ်လွှာတို့က ကျောင်းတော်သူကြီးတွေဖြစ်နေပြီပဲ၊ ကိုယ်က ဖရက်ရှာဆိုတော့ ဒီလိုပေါ့လေ"

လဲ့လဲ့က . . .

"ဒီလိုပေါ့တွေလုပ်မနေနဲ့၊ ကျောင်းသားရေးရာဌာနကိုသွားပြီးပြီလား၊ လစဉ်ကြေးနဲ့ ကျောင်းအပ်တဲ့ကိစ္စတွေ လုပ်ပြီးသွားပြီလား"

"အားလုံးပြီးသွားပြီ၊ တစ်နေ့ကမှ ငါ့ဦးလေးနဲ့ခင်တဲ့ ကတ္တသိုလ်ကျူတာတစ်ယောက်က လိုက်ကူညီပေးလို့ ပြီးသွားတာ၊ နေပါဦး နင်တို့နှစ်ယောက်တည်းပဲလား၊ ပန်းနုနံ့သာတို့ ဝါဝါမွှေးတို့ကော၊ ဟို လှဦးတို့ ခိုင်းမျိုးနိုင်တို့အဖွဲ့တွေလည်း မတွေ့ပါလား"

"လှဦးနဲ့ကျော်သိန်းက ဆိုက်ကိုနဲ့ မိန်းထဲမှာ၊ မောင်မောင်တင်တို့ အတွဲတွေကတော့ ဘော့တနီမှာ၊ နင် ဘာရလဲ"

"ရူးရတယ်၊ ပန်းနုနံ့သာနဲ့ ဝါဝါမွှေးကော"

လဲ့လဲ့က . . .

"ဝါဝါမွှေးက စာပေးစာယူပြောင်းသွားပြီ၊ သူ့အိမ်က [illegible] မပြုလို့ ကျောင်းဆရာမဝင်လုပ်ရင်းနဲ့ ဒစ်စတန့်ယူလိုက်တယ်၊ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ဘူးလား''

''ဖြစ်ရလေဟာ''

''ငါ ဒီနေ့မှ အားလုံးနဲ့ အဆက်အသွယ်ရတာ၊ ဘယ်သိပါ့မလဲ''

''ဘာလဲ၊ ယူစိတ်ခတ်ကျသွားလို့ နာတင်းပြီး ရှောင်သွားတာ မဟုတ်လား''

''ဆိုပါတော့၊ ဘယ်သူ့ကိုမှ မတင်းပါဘူး၊ ကိုယ်ညံ့ခဲ့လို့ ကိုယ့်ကိုယ်ကိုယ် တင်းတာပါ''

အနီးရှိခုံတန်းမှာ ထိုင်စကားပြောဖြစ်ကြ၏။

''ဝါဝါမွှေး အခုကော အဆင်ပြေရဲ့လား၊ ပန်းတိမ်လွှာတို့ လဲ့လဲ့တို့နဲ့ အဆက်အသွယ်မရှိဘူးလား''

''ဟိုတစ်လောက သူ့အိမ်သွားသေးတယ်၊ သူ့ဟာလေးနဲ့သူ အဆင်ပြေစပြုနေပါပြီ၊ ဆိုးတာက သူ နယ်ကကျောင်းတစ်ကျောင်းကို ပြောင်းရမယ်လို့ ပြောတယ်၊ ပြီးခဲ့တဲ့လကုန်ပြောင်းမယ်လို့တော့ ပြောတယ်၊ ခုဆို ပြောင်းပြီးနေလောက်ရောပေါ့''

''ဒါနဲ့ ပန်းနုနံ့သာကော''

ပန်းတိမ်လွှာက လဲ့လဲ့ကိုကြည့်၏။ လဲ့လဲ့က ပန်းတိမ်လွှာကို ပြန်ကြည့်၏။ မျက်နှာမကောင်း။ ပန်းနုနံ့သာ ဘာများဖြစ်လို့လဲ။

''သူနဲ့တို့ လိုင်းကွဲသွားပြီး တစ်ယောက်နဲ့တစ်ယောက် နားလည်မှုလွဲပြီး သူက စခွဲသွားတာပါပဲ''

''ဟာ... ဘယ်လိုများဖြစ်ရတာလဲ၊ ငါထင်ထားတာ တို့သူငယ်ချင်းတွေ တစုတဝေးနဲ့ ဒီမှာတွေ့ရမယ်လို့ ထင်ထားတာ၊ ခုဟာက အစိတ်စိတ်အမြွှာမြွှာပဲ''

''သူ တို့ကိုနာသွားတာ နှစ်ချက်ရှိတယ်၊ ပထမအချက်က တို့အမှတ်ကောင်းလို့ ''ဝိုင်တီယူ''ပါသွားတယ်၊ သူ အမှတ်သုံးမှတ်လောက်လိုတာနဲ့ ရိုးရိုးမေဂျာထဲက အမြင့်ဆုံးတစ်ခုကိုပဲ သူရလိုက်လို့ တို့အပေါ်



စိတ်အစာမကြေသလိုဖြစ်သွားတယ်၊ နောက်တစ်ချက်က ယောက်ျားတစ်ယောက်ကြောင့်ပေါ့၊ အဲဒီ အဓိပ္ပာယ်မရှိတဲ့ အဲဒီယောက်ျားတစ်ယောက်ကြောင့် သူနဲ့ တို့ ပဋိပက္ခဖြစ်ခဲ့တယ်၊ အဲဒီမှာ သူ ခွဲသွားတော့တာပဲ''

''ဘယ်လိုယောက်ျားတစ်ယောက်ကြောင့်လဲ၊ ဖြစ်နိုင်ရင် ကိုယ်နားလည်အောင် ရှင်းပြပေးပါလား ပန်းတိမ်လွှာ''

''နည်းနည်းရှည်မယ်၊ ဒီလိုပါ၊ ပြီးခဲ့တဲ့နှစ် ဝိုင်တီယူက အချိန်အားရရင် ခုလိုပဲ တို့ ပန်းနုဆီ ခဏခဏလာတတ်တယ်၊ အဲဒီမှာတင် ပန်းနုနဲ့ စခင်နေတဲ့ နေမျိုးသူရဆိုတဲ့လူနဲ့ မိတ်ဆက်ခဲ့ရတာပဲ၊ နေမျိုးသူရက ပေါ်ပြူလာဖြစ်နေတဲ့သူပေါ့၊ ပန်းနုနဲ့ မေဂျာအတူတူပဲ၊ ရုပ်ချောတယ်၊ ငွေပေါတယ်၊ အသိုင်းအဝိုင်းကောင်းတယ်၊ အဲဒါကို ပန်းနုကတွဲဖြစ်နေတာကြာပြီ၊ သမီးရည်းစားဖြစ်ထားကြပြီ၊ ဒါကို တို့သိပြီးသား၊ အဲဒီမှာ နေမျိုးက ဗီဇပြလာတယ်၊ သူ့ဗီဇက ချောမောလှပတဲ့မိန်းကလေးမှန်ရင် ရည်းစားဖြစ်ချင်တဲ့လူ၊ ပန်းတွေအများကြီးရဲ့ ဝတ်ရည်ကိုစုပ်ယူချင်တဲ့လူ၊ အဲဒီလူက တို့ကိုတွေ့တော့ ထရူးတာပဲ၊ ပန်းနုကိုထိုးဖောက်ပြီး တို့ သူ့ကို ကြွေလာအောင် နည်းအမျိုးမျိုးနဲ့ ဖမ်းစားတယ်၊ တို့လည်းရှုန်းတယ်၊ သိနေလို့ ငြင်းခဲ့တာ၊ ပန်းနုအပေါ်မှာ စည်းစောင့်လို့ပေါ့၊ ဒါပေမဲ့ တို့စေတနာဟာ အလကားပဲ၊ နောက်မှတဖြည်းဖြည်းရိပ်မိလာတဲ့ ပန်းနုဟာ တို့ကို အထင်လွဲတယ်၊ သူ့အချစ်ကိုလုယူတယ်၊ ဂုဏ်သိက္ခာမရှိတဲ့အလုပ်ကိုလုပ်တယ် ဆိုပြီး စွပ်စွဲတော့တာပဲ၊ တို့သွားလည်တာ သူ့ဆီကိုပါ။ သူ ဒီလိုမစော်ကားသင့်ပါဘူး၊ သူ့ဆီသွားရင် နေမျိုးကို ရှောင်လို့ရမတဲ့လား၊ တို့ကြိုးစားပြီးရှောင်ခဲ့တာတောင် နေမျိုးက ဝိုင်တီယူထဲအမြဲလာပြီး တို့ ရင်ဖွင့်နေတာ ခဏခဏပဲ၊ အမုန်ဆို ယူစဉ်းစားကြည့် သူ့လူကို

တကယ်ဆို သူ့လူဘက်က တို့ကို အသေအလဲဖြစ်နေတာ

သူ့လူကို နည်းနည်းလေးအပြစ်တင်ပြီး ကျန်တဲ့အပြစ်တွေနဲ့

www.burmeseclassic.com



လည်ပေးတယ်၊ မရဘူး၊ ပန်းနုဘက်က ပိုကြမ်းလာတယ်၊ ဒါနဲ့ တို့ရင်ဆိုင်ရှင်းပြီး ခပ်ကင်းကင်းလမ်းခွဲလိုက်ကြတာပဲ''

''ဟာ. . . ဖြစ်မှဖြစ်ရလေတယ်''

''စတိတ်ကျောင်းသားဘဝတုန်းကလို ဖြူစင်တဲ့ စည်းလုံးတဲ့စိတ်ဓာတ်တွေ ဒီမှာမရှိတော့ဘူး ယူရယ်၊ တွေးကြည့်ရင်တော့ ဝမ်းနည်းဖို့ကောင်းတာပေါ့''

''အဲ့ဒီ နေမျိုးသူရနဲ့ ပန်းနုနဲ့သာအခြေအနေကော အခု ဘယ်လိုရှိလဲ''

''တို့ဆီကို နေမျိုးသူရ ဘယ်တော့မှစိတ်မလည်လာအောင် မဖြစ်သာလို့ ရိုင်းပျတဲ့စကားတွေနဲ့ ပိုးစိုးပက်စက်ပြောလွှတ်လိုက်တာပေါ့၊ သူအခု ပန်းနုနဲ့သာရင်ခွင်ထဲကို ပြန်ရောက်သွားပြီ၊ ပြန်လက်တွဲဖြစ်သွားကြပြီလေ၊ ဒါလည်း ဒီမိန်းမ တို့ကို ကျေးဇူးတင်မှာမဟုတ်ဘူး၊ သူ့မှာမနာလိုဝန်တိုစိတ် သိပ်များတာပဲ၊ ဘယ်တတ်နိုင်မလဲ ယူရယ်၊ အဲဒီအခြေအနေဆိုးတွေကို တို့က ဖန်တီးယူခဲ့တာမှမဟုတ်ဘဲ၊ တစ်နေ့ သူ တို့စေတနာကို နားလည်လာနိုင်ပါစေလို့ပဲ ဆုတောင်းပေးရတော့မှာပေါ့''

လဲ့လဲ့က . . .

''ဒီရောက်တော့ အပေါင်းအသင်းနဲ့ ပျော်စရာအသစ်အဆန်းတွေက များတယ်မဟုတ်လား၊ တစ်ယောက်စီ နှစ်ယောက်စီ ခွဲထွက်သွားကြတာပဲ၊ အရင်နှစ်ကျောင်းစတက်တုန်းကမှ နှစ်ရက်တစ်ခါ ကန်တင်းမှာလူစုံတွေ့ကြသေးတယ်၊ အဲ့ဒီတွေ့ဆုံပွဲဟာ နှစ်ဝက်ကျိုးတာနဲ့ ပျက်သွားဘော့တာပဲ''

''မောင်မောင်တင် လိုက်မစုစည်းဘူးလား''

လဲ့လဲ့က . . .

''အမယ်လေး အဲ့ဒီကိုယ်ရွှေချောက အီကိုက အညာသူလေးနဲ့တွေ့ပြီး အားလုံးကိုမေ့နေပြီ၊ သူ အရင်စဖောက်တာ''



''ခွေးမသား. . . တွေ့မယ်၊ အခု ဒီကောင်တွေဘယ်မှာလဲ''

''အီကိုဘက်မှာပေါ့၊ စိုင်းမျိုးနိုင်ကတော့ သူတို့မေဂျာက ကောင်မလေးတွေအုပ်နဲ့တွဲနေတယ်၊ ဒီရောက်ရင် အကုန်ပြောင်းလဲကုန်ကြတာပါဟာ၊ ငါတို့လည်း အတူတူပေါ့၊ နင်လည်း မကြာခင် ပြောင်းလဲလာမှာပါ၊ ဘယ်လိုလဲ၊ လှိုင်ထဲမှာ မိုက်တာလေးတွေ ပျံနေတာတွေ့တယ်မဟုတ်လား''

''သူတို့ပျံလို့လဲ ငါစိတ်မဝင်စားဘူး၊ သူတို့ကလည်း ငါ့ကို စိတ်ဝင်စားမှာမဟုတ်ဘူး၊ အဲဒီအတွက် ပြောင်းလဲစရာမရှိဘူး''

''နင် အမြီး မကြာခင်ပေါက်လာလိမ့်မယ်''

''ဟာ နင် ငါ့ကို တိရစ္ဆာန်နဲ့နှိုင်းတာလား လဲ့လဲ့''

''မနှိုင်းပါဘူးဟ၊ မျောက်နဲ့နှိုင်းတာ၊ ဟုတ်တယ်လေ ဒီအရွယ်အမြီးမပေါက်ရင် ဘာမျောက်မို့လို့လဲ''

သူ၏အူကြောင်ကြောင်ပုံကိုကြည့်၍ ပန်းတိမ်လွှာက လက်ချောင်းဖြူဖြူလေးများအုပ်ကာရင်း ကိုယ်လေးသိမ့်သိမ့်ခါအောင် ရယ်မောနေ၏။

''လာမပြောနဲ့ လဲ့လဲ့၊ နင်တွေ့နေလို့ ဒီလိုအကြောင်းတွေ စဉ်းစားမိတာမဟုတ်လား''

''မတွေ့သေးပါဘူးဟ၊ လာပြီး မဦးမချွတ်''

''သူပြောတာဟုတ်လား ပန်းတိမ်လွှာ''

''အလကား၊ သူ့ဒိုင်ယာရီကို ဒီကဖတ်ပြီးပြီ''

''ဟယ် ပန်းနော်၊ လိုက်စကားမရှုပ်နဲ့''

နှစ်ယောက်သား ပြုံးရယ်တွန်းတိုက်နေကြစဉ် . . .

''ပန်း''

သူမခေါ်ခဲ့ပူး၍ သူမ ထူးဆန်းစွာ ပြန်မော့ကြည့်ဟန်။

လည်တိုင်ဖြူနုနုမှာ ဆံနွယ်စုတို့ တွဲရွဲကျနေ၏။ မျက်လုံးကြီးတွေ ဝိုင်းစက်တောက်ပလျက်။

www.burmeseclassic.com

www.burmeseclassic.com



"ပန်းကော ရင်ခုန်စရာရှိပြီလား"

ပန်းရောင်လျှပ်သွားသော ပန်းတိမ်လွှာ၏မျက်နှာ။

တစိမ့်စိမ့်ကြည့်လေ ပို၍လှလာသောမျက်နှာမျိုး။

"ပန်း အချစ်ရေးကို စိတ်မဝင်စားသေးဘူး"

"ဘယ်တော့မှ စိတ်ဝင်စားမှာလဲ"

"ဘွဲ့ရပြီးမှ"

"တကယ်လား"

"သယ်ကယ်"

"ကိုယ် ပန်းကို နေ့တိုင်းလွမ်းနေခဲ့ရတယ်"

ပန်းတိမ်လွှာကောလဲ့လဲ့ပါ မထင်မှတ်သောစကားကို ကြားလိုက်ရ ဟန်ဖြင့် ပြန်ကြည့်နေကြ၏။

"ပန်းကော ကိုယ့်ကို မလွမ်းဘူးလား"

သူမ စိတ်လှုပ်ရှားသွားသော အမူအရာကို ပြန်ထိန်းပြီး စကားလုံး ကို ရွေးချယ်စဉ်းစားနေဟန်တူ၏။ ပြီးမှ . . .

"ယူ့ကို သတိရပါတယ်"

"ဟဲ့ ဘုန်းထွဋ် ငါတစ်ယောက်လုံးရှိသေးတယ်လေဟာ"

လဲ့လဲ့ ဝင်နှောက်၍ နှစ်ယောက်သား မေ့လျော့ပြီး ဝင်နေသော ဇီလင်တွေ ပျောက်ကုန်၏။

"နင် တစ်သက်လုံးရှိတော့ကော ငါတို့ ဘာပြောနေလို့လဲ လဲ့လဲ့ ရယ်"

"မသိပါဘူးဟာ၊ နင့်ပုံစံက ရည်းစားစကားပြောမယ့်ဒီဇိုင်း ဖြစ် နေလို့"

ပန်းတိမ်လွှာက လဲ့လဲ့ကိုဆွဲဆိတ်၏။ သူက ခေါင်းကုတ်ပါးကုတ် နှင့် အနေရခက်စွာ။ ပြီးမှ . . .

"တကယ်လို့ ဥပမာဟာ ငါနဲ့ပန်းတိမ်လွှာနဲ့ သမီးရည်းစား



ဖြစ်သွားရင် နင် သဘောတူမှာလား"

ထောက်ကြည့်လိုက်သော သူ့စကား။ ပန်းတိမ်လွှာ မျက်တောင်း များခတ်သွား၏။ လဲ့လဲ့က . . .

"ငါက ပန်းရဲ့မိဘမှမဟုတ်တာ"

"အပေါင်းအသင်းတစ်ယောက်အနေနဲ့ပေါ့ဟာ"

"တူရမှာပေါ့၊ မတူရင် ပန်းက ဆိတ်ဆွဲလိမ့်မယ်၊ တကယ်ပြော တာ၊ မနှစ်ကဆိုလည်း နင့်အကြောင်းကို သူ အမြဲပြောတယ်၊ ဒီနှစ်လည်း ကြည့်လေ၊ နင်ကျောင်းရောက်လာတော့မယ်ဆိုတာသိလို့ မယ်မင်းကြီးမ က ငါ့ကို အမျိုးမျိုးအကြောင်းပြပြီး ဒီကိုရောက်အောင်ခေါ်လာခဲ့တာ"

"ဟယ်. . . လဲ့လဲ့ခွေးမ၊ အလကား သူပြောတာမယုံနဲ့နော် ယူ၊ သူ့ကို ခုနက တို့ပြောလို့ သူ ပြန်ချေပြီးပြောနေတာ"

"ဘုန်းထွဋ် ကျောင်းမှာ ပန်းကို ဝိုင်းနေတဲ့ကောင်လေးတွေ အများကြီးပဲ၊ အကောင်းဆုံးလူကို ခေါင်းခေါက်ပြီးရွေးယူလို့ရတယ်၊ ဘယ် လောက်ထူးဆန်းသလဲ၊ ပန်းက အားလုံးကို ခါလွှတ်လိုက်တယ်၊ ဒါ ဘာကြောင့်လဲလို့ ငါလည်း တွေးတာပေါ့၊ တဖြည်းဖြည်းနဲ့တွေးလာတာ အဖြေကိုရှာမရဘူး၊ ဒီနေ့ကျမှ သွေးထွက်အောင်မှန်တဲ့အဖြေကိုရပြီ ထဲ"

ပန်းတိမ်လွှာက လဲ့လဲ့ကို အတင်းလိုက်ထု ဆွဲဆိတ်နေ၏။

"ဘုန်းထွဋ်ရေ လုပ်ပါဦး၊ ဒီမှာ ငါ တစ်စစီဖြစ်တော့မယ်၊ ထုတ် ပါဟဲ့၊ နင့်အတွက် ငါပြောလည်းပေးရသေးတယ်၊ အား ပန်းရေ လွှတ် ဟာ၊ နာတယ်ကွ ဟေ့ကောင်"

ရှက်သွေးဖြန်းနေသော ပန်း၏ဟန်အမူအရာလေးကို သူငေးရင်း ရင်ထဲမှ သံစဉ်တွေ တိုင်မင်ပျက်နေတာ သတိထားမိလာ၏။

ပန်းတိမ်လွှာမှာ အော်ဟစ်ရယ်မောနေသော လဲ့လဲ့ကို ထ[illegible] ၍ ဆုံးမကောင်းနေဆဲ။

ကျောင်းတော်ကြီးကို တမ်းတခဲ့တဲ့စိတ်၊ ကျောင်း[illegible]

www.burmeseclassic.com

www.burmeseclassic.com



မွှင့်သော ပန်းတစ်ပွင့်ကို လွမ်းခဲ့ရတဲ့စိတ်။

(တကယ်ပါပန်းရယ်၊ အဲဒီလို လွမ်းတဲ့စိတ်က ချစ်ခြင်းရဲ့လိပ်ပြာလို့ ကိုယ်သိလာခဲ့ပြီ)

၄ ၄ ၄

ကံကောင်းသဖြင့် တွေ့မည့်တွေ့သောအခါ တစ်အုပ်စုလုံးစာယောကျ်ားလေးသူငယ်ချင်းတွေ သီးသန့်ရှာနေစရာမလိုတော့။ လှိုင်တက္ကသိုလ်၏စားသောက်တန်း အစွန်ဆုံးဆိုင်မှာ ဝိုင်းထိုင်နေကြ၏။

"ဟော့ကောင်တွေ"

ကျောင်းသားတွေရှင်းနေသဖြင့် သူ လှမ်းအော်ပစ်လိုက်၏။

လှဦး၊ ကျော်သိန်း၊ စိုင်းမျိုးနိုင်၊ အောင်သင်းလတ်၊ မောင်မောင်တင်၊ ရမ်ဘိုကျော်လွင်၊ စိုးလင်းနိုင်၊ မိုးဟိန်းကျော်၊ စိုးလှမြင့်တို့အဖွဲ့တွေအားလုံး အသံလာရာ လှည့်ကြည့်ကြ ရှာဖွေကြနှင့်။

"ဟာ ကိုဘုန်း"

"ဝဲ(လ်)ကမ်း ပစ္စတာဘုန်းထွဋ်"

"လာ ကိုရင်ဘုန်း၊ ဘယ်တုန်းက ရွာကပြန်ရောက်သတုန်း"

"ကိုဘုန်းထွဋ်အတွက် ဝက်ချော်ကီးနဲ့ ခေါက်ဆွဲကြော်တစ်ပွဲဟေ့"

တစ်ယောက်က တစ်ယောက်ကို နှုတ်ဆက်သံနှင့်အတူ လက်ဆွဲကြ ပခုံးပုတ်ကြ၊ နေရာပေးကြနှင့် အားလုံး ဝမ်းသာအားရဟန် ပေါ်လွင်နေ၏။

"ကိုဘုန်းကြီး မသေလို့တွေ့ရတာ ဝမ်းသာတယ်ဗျာ"

စိုးလင်းနိုင်က ထနောက်၏။

"မင်းတို့သတင်းတွေ ပန်းတိမ်လွှာဆီက ငါကြားပြီးပြီ၊ မင်းတို့ကိုဒီလိုတွေ့ရလိမ့်မယ်လို့ လုံးဝမျှော်လင့်မထားဘူး"



"ခင်ဗျားကို ကြိုဆိုဖို့ပေါ့ဗျ၊ အိမ်ကို တကူးတကသွားမနေတော့ဘူး၊ ကျောင်းမှာ စုရပ်လုပ်ပြီး ခင်ဗျားဆီလာမလို့၊ ခင်ဗျား ရှုးရတယ်ဆို"

မောင်မောင်တင့်စကားကို သူ ခေါင်းညိတ်ပြလိုက်ပြီး . . .

"နေပါဦး မောင်မောင်တင်၊ တစ်ဖွဲ့လုံး ဝါးအစည်းပြေနေတာမင်းလိုက်စုဖို့ မကြိုးစားဘူးလား"

"အခြေအနေရပေါ့ ကိုဘုန်းရယ်၊ ရသလောက်ပဲ ကျွန်တော်စုနိုင်တယ်၊ ကွဲသွားတာမှ လုံးဝစေ့လို့မရဘူး"

"အဲဒါလည်း ငါကြားပြီးပြီ"

လှဦးက . . .

"ကိုဘုန်းဆီ ကျွန်တော်တို့ တစ်ပတ်တစ်ခါလာလည်ပေးမယ်"

စိုင်းမျိုးနိုင်က . . .

"ဝါဝါမွှေးအကြောင်းကော ကြားပြီးပြီလား"

"အေးကွာ၊ ဘယ်တတ်နိုင်မလဲ၊ သူ အဆင်ပြေနေရင်ပဲ တော်ပါပြီ၊ ငါသာရှိရင် ဝါဝါမွှေး ကျောင်းဆက်တက်ဖြစ်မယ်ထင်တယ်၊ တို့သူငယ်ချင်းတွေရဲ့ မုန့်ဖိုးတွေထဲက ခွဲကောက်ပြီး ထောက်လို့ရတာပေါ့"

မောင်မောင်တင်က . . .

"ကိုဘုန်းပြောတာ နောက်တောင်ကျနေပြီ၊ ကျွန်တော် အဲဒီလိုပြောပြတာ ဝါဝါမွှေး လုံးဝလက်မခံဘူး၊ မာနတော့ ခပ်ကြီးကြီးပဲဗျ"

အောင်သင်းလတ်က . . .

"ကိုဘုန်း ဆယ်တုန်းကျတုန်းက တစ်ဖွဲ့လုံး ကိုဘုန်းဦးလေးအိမ်ရောက်သေးတယ်၊ တော်တော်ဆိုးတဲ့လူ၊ အကြောင်းတောင်မကြားဘူး၊ ကြွေပြီး နယ်ပြန်ညှောင်းသွားတယ်"

"ငါ့အကြောင်းနဲ့ငါမို့ပါကွာ"

ကျော်သိန်းက . . .

"ပန်းနုနုံ့သာတို့အတွဲကတော့ ကဲသလားမမေးနဲ့၊ ကျွှသတ်

www.burmeseclassic.com



နေတယ်၊ ဟိုတစ်နေ့က တို့မိန်းထဲတောင်ရောက်တယ်၊ တစ်နေကုန်ပဲ ကွာ''

မိုးဟိန်းကျော်က . . .

''ဝါဝါမွေးတင်မဟုတ်ဘူး၊ ခင်ပပထွန်းတို့ပါ အဝေးသင်ပြောင်း သွားကြတာဗျ၊ သူလည်း ဆရာမပဲလုပ်နေတယ်''

စိုးလှမြင့်က . . .

''စကားချည်းပြောမနေနဲ့၊ ဒီနေ့ တို့အဖွဲ့ အမှတ်တရဖြစ်အောင် အင်းလျားကန်စောင်းမှာ အတွဲသွားချောင်းမလား၊ ဗန္ဒုလပန်းခြံမှာ သွားလှောင်မလား''

လှဦးက . . .

''ဟေ့ကောင် စိုးလှမြင့်၊ တစ်လုံးချိုင့်အလုပ်တွေ လာမပြောနဲ့၊ မင်းအချောင်းဝါသနာပါရင် ကိုယ့်ဘာသာ သွား၊ တို့ကျောင်းသားတွေ သိက္ခာကျတယ်''

မိုးဟိန်းကျော်က . . .

''စိုးလှမြင့် အတွဲချောင်းတာတော့ ဖွဲ့ကောင်းသလားမမေးနဲ့၊ သူ အချောင်းကောင်းလို့ သူ့အဒေါ်အပျိုကြီး လင်ရသွားတာ''

စိုးလှမြင့်က မိုးဟိန်းကျော်လက်မောင်းကို လှမ်းထိုး၏။

သူက . . .

''နေပါဦးလှဦး၊ ပန်းနုနဲ့သာနဲ့တွေ့တော့ မင်းကို သူက မခေါ် သွားလား''

''ဝင်တိုက်မသွားတာကကောင်းပဲ၊ တို့အပေါ် အချိုးပြောင်းသွား ပြီတွေ အရင်လိုမဟုတ်တော့ဘူး၊ ပဲတွေ ရှိုးတွေ မာန်တွေနဲ့ချည်းပဲ''

''မင်းက စ,မခေါ်ဘူးလား''

''သွားစမ်းပါကွာ၊ သူ့မျက်နှာမြင်ကတည်းက သူ့အချိုးကိုသိ တယ်၊ အောက်လွှန်းလို့ လုံးဝမခေါ်ဘူး''



''သူက မိန်းကလေးဆိုတော့ မင်းစပြီးမခေါ်လို့ ပြန်မခေါ်တာဖြစ် လိမ့်မယ်''

စိုးမျိုးနိုင်က . . .

''သူငယ်ချင်းတွေပဲ၊ ကိုဘုန်းကလည်း လမ်းမှာတွေ့လို့ မခေါ် ရင်တောင် ပြုံးပြဖော်မရဘူး၊ မျက်နှာက ဆယ့်ရှစ်ခေါက်ချိုးနဲ့ကို မာနေ တာပဲ''

''မင်းတို့ထင်လို့ဖြစ်ပါလိမ့်မယ်''

ရမ်ဘိုကျော်လွင်က . . .

''ထင်တာမဟုတ်ဘူး၊ လှဦးတင်မဟုတ်ဘူး၊ ကျွန်တော်တို့ပါ အခေါ်အပြောမလုပ်တော့တာ၊ ပန်းတိမ်လွှာနဲ့ သူနဲ့ငြိတာ ကျွန်တော်တို့ အဖွဲ့တွေနဲ့ ဘာမှမဆိုင်ပါဘူး၊ သူတို့က သက်သက်မဲ့ ကင်းအောင်နေတာ၊ ကျွန်တော်ထင်သလောက်တော့ သူ့မှာ အဆင့်အတန်းဆိုတဲ့မာန်တွေ ဝင် နေတယ်နဲ့တူတယ်''

ကျော်သိန်းက . . .

''ဟုတ်တယ်၊ ဒါပဲ ကမ္ဘာပေါ်မှာ သူတို့လောက်ချမ်းသာတဲ့သူ မရှိဘူးလို့များထင်နေသလားမသိဘူး၊ မကြိုက်ဘူးဗျာ၊ သူ့ကောင် လူသား စားတဲ့ပွတ်ကြားမှ ယောက်ျားထင်တဲ့မိန်းမ၊ ကောင်မလေးတွေပတ်တွဲနေတဲ့ ကျားကိုမှ ယုန်ကလေးထင်ပြီး ချစ်နေတဲ့မိန်းမ၊ တစ်နေ့ အကောင်းဆုံး ဂိုးသမားဆုရမှ သူထိတာလူသိပြီး သောက်ရှက်ကွဲကျန်ခဲ့မယ်''

လှဦးက . . .

''နေမျိုးသူရဆိုတဲ့ကောင်က အဆီတစ်ထပ်အသားတစ်ထပ်မှ ဝါးတဲ့ကောင်၊ မိန်းကလေးတွေ အညှာကိုင်တဲ့နေရာမှာ သိပ်ပြီး လက်ဆ လက်နကောင်းတဲ့ကောင်၊ ဒီကောင်နဲ့တွဲရတာကို ဒီမိန်းမဂုဏ်ယူနေတာ သူ့အစား ကျွန်တော်ရှက်တယ်ဗျာ''

စိုးလှမြင့်က . . .

www.burmeseclassic.com



"ခွေးမသား ဘယ်လိုပီယဆေးများ ပြီးထားသလဲမသိဘူး ချိန်လိုက်ရင် တန်းခနဲပါသွားတာ၊ ငါတို့မေဂျာမှာတင်လက်တွေ့ပဲ၊ ကျွန်တော် ချိန်နေတဲ့ဟာလေး ဒီကောင် တစ်ပတ်တည်းနဲ့ ဖြတ်သုတ်သွားတယ်"

အောင်သင်းလတ်က . . .

"ပီယဆေးမရှိပါဘူးကွာ၊ ပါးစပ်နဲ့စားသွားတာပါ၊ ရုပ်ကလေး အရှိန်အဝါလေးဗန်းပြနိုင်တော့ အဆင်ချောနေတာပေါ့၊ ဒါပေမဲ့ ထင်တိုင်းတော့မရပါဘူးကွာ၊ ပန်းတိမ်လွှာကိုသွားချွဲလို့ ဟိုက လက်ဝါးစာကျွေးမယ် လုပ်လိုက်တာ ဝေဒိ ပြန်လစ်လာတာတစ်ချိုးတည်းပဲ"

မိုးဟိန်းကျော်က . . .

"ပန်းတိမ်လွှာကျတော့ စိတ်ဓာတ်မှန်တယ်၊ သူငယ်ချင်းစိတ်ရှိတယ်၊ နဂိုအတိုင်းပဲဗျ"

"ဟုတ်တယ် ကိုဘုန်း၊ ပန်းထိမ်လွှာနဲ့ကတော့ တစ်ဖွဲ့လုံး အခင်မပျက်ဘူး၊ ပန်းနုနံ့သာနဲ့ကျွန်တော်တို့ ခွာပြဲကြတာကို ပန်းတိမ်လွှာ စိတ်မကောင်းတော့ဖြစ်သွားတယ်"

သူ အားလုံးစကားကို နားထောင်သူလုပ်နေပြီးသောအခါ ခေါင်းကို ဖြည်းလေးစွာ ခါယမ်းလိုက်ပြီး . . .

"တစ်စုံတစ်ခုကြောင့် မင်းတို့တတွေ ပန်းနုနံ့သာနဲ့ နားလည်မှုလွဲမှားနေတာဖြစ်ပါလိမ့်မယ်၊ ခု ငါရောက်လာပြီပဲ၊ ငါ မင်းတို့နဲ့ ရင်ကြားစေ့ပေးမယ်"

အားလုံးကခေါင်းခါလက်ခါ ကျွတ်စုပ်သပ်ခါနှင့် ငြင်းပယ်ကြသည်မှာ ခါးခါးသီးသီး။

"ပန်းနုနံ့သာ စိတ်ဓာတ်ဒီလောက်မဆိုးပါဘူး၊ သူ့ရဲ့စိတ်ခံစားမှုကြောင့် သူဒီလိုဖြစ်သွားတာပဲ ဖြစ်လိမ့်မယ် မင်းတို့သူ့ကို အပြစ်မမြင်ကြပါနဲ့ကွာ ငါ့ကိုကြိုးစားခွင့်ပေးပါ၊ ပန်းနုနံ့သာက တစ်ခါတုန်းကလို ပန်းနုနံ့သာဖြစ်အောင် ငါသွားတွေ့ပါရစေဦး၊ မဖြစ်နိုင်ပါဘူး ပန်းနုနံ့သာမှာ အဲဒီလောက်



ဆိုးရွားတဲ့အမြင်နဲ့ ဆက်ဆံရေးမျိုးမရှိနိုင်ပါဘူး"

လှဦးက. . .

"ကိုဘုန်းကလဲ ပန်းနုနံ့သာဘက်က သိပ်ကွယ်ပြောတာပဲ၊ ပန်းနုနံ့သာနဲ့ ပက်သတ်လာရင် ကိုဘုန်းအမြဲ ဦးစားပေးနေတာ ဆယ်တန်းအေမှာကတည်းကပါ ကျွန်တော်သိတယ်၊ ခေါင်းမခါနဲ့ အတန်းပိတ်ပွဲတုန်းက အိုက်(စ်)ခရင်ခွက်တွေ ကျွန်တော်ကိုင်ရတယ်ဗျ အဲဒီတုန်းက ကိုဘုန်းအတွက် ကျွန်တော်နှစ်ခွက် ချန်ထားတာ ကျန်တဲ့ ကျောင်းသူ/ကျောင်းသားတွေအတွက် တစ်ယောက်တစ်ခွက်နှုန်းပဲ ပေးထားတာ၊ ဒါကို ပန်းနုနံ့သာက ဖြိုးဖြိုးကို ပြောသလိုနဲ့ အနားမှာရှိတဲ့ ကိုဘုန်းကိုပြောတာ ကျွန်တော်ခွက်စီနေရင်း ကြားတယ်၊ မြင်တယ် အဲဒီတုန်းက ပန်းနုနံ့သာက သူ့ခံပေါက်မကြိုက်လို့ နဲနဲပဲစားတယ်၊ သူကြိုက်တာ အိုက်(စ်)ခရင်ကြိုက်တာ အခု တစ်ခွက်ပဲစားရလို့ လုံးဝမဝဘူးပြောလိုက်တယ်လေ၊ ကိုဘုန်း ကျွန်တော့်ဆီရောက်လာပြီး ဝေစုလာယူတယ်မှတ်မိလား၊ အဲဒီဝေစုကို ကော်ရစ်တာဖက်ထွက်ပြီး ပန်းနုနံ့သာဆီ နှစ်ခွက်စလုံး သွားပေးခဲ့တယ်၊ ကဲ ဘာပြင်းမလဲ ပန်းနုနံ့သာက နောက်ပြောင်တာလိုလို ဘာလိုလိုပြန်ချွဲပြီး အဟုတ်စားပစ်လိုက်တာ ဖြိုးဖြိုးက ကပ်တီးမှူးလဲဘဲ ဟုတ်တယ်မဟုတ်လား ကျွန်တော်ပြောတာ"

ဒက်ထိကွက်ထိဟန်နှင့် လှဦးပြောပြီးကြည့်သောအခါ အများရှေ့မှာ (မှန်နေ၍)မငြင်းသာတော့။ ရှက်စိတ်ဖြင့် အသာတိတ်၍ ငြိမ်နေ၏။

"ဘာပဲဖြစ်ဖြစ်ကွာ ကိုဘုန်းဆန္ဒကို လိုက်လျောလိုက်ပါ စိတ်ချမ်းသာသလို သွားတွေ့ပြီး ကြိုးစားပါစေ၊ မဖြစ်နိုင်တဲ့ ကိစ္စကြီးတောင်ဖြစ်နိုင်လာအောင် ကိုဘုန်းလုပ်ပြပြီးပြီပဲ အတန်းပိတ်ပွဲဆရာမလုပ်မယ် မထင်ရတာကို ရအောင်လုပ်ပြပြီးပြီပဲ သာကေပဲကွ ကိုဘုန်းသွားတွေ့ပါ ပန်းနုနံ့သာဘက်က ဒူးထောက်မလာရင်တောင် ဆောရီးပဲလို့ တစ်လုံးတည်းပြန်ပြောရုံနဲ့ ကျွန်တော်တို့ သူငယ်ချင်းစာရင်းပြန်သွင်းပါ့မယ်"

စိုင်းမျိုးနိုင်က တွေးတွေးဆဆ ဝင်ပြောလိုက်ခြင်းပင်။

www.burmeseclassic.com



ကျေးဇူးတင်သော မျက်လုံးများနှင့် သူ စိုင်းမိုးနိုင်ကို ကြည့်လိုက်၏။ မိုးနိုင်က အားလုံးမျက်နှာတွေမှ သဘောတူမတူအရိပ်ယောင်ကို လိုက်ဖမ်းကြည့်နေ၏။

အားလုံးတစ်ခဏတာ ငြိမ်သက်သွားကြစဉ်

လှဦးက အနည်းငယ်တုန်ခါသောလေသံဖြင့်. . .

"ကိုဘုန်းကို ငါတို့လို ထပ်ပြီးမခံစားစေချင်လို့ပါ"

သူ ခေါင်းငုံ့နေ၏။

ကြမ်းပြင်ကို သူမြင်နေရ၏။ သူ့စိတ်တွေက မိုးတိမ်တွေထဲမှာ။

၃ ၃ ၃

## အခန်း (၂၁)

တွေ့တွေ့ချင်းပင် သူဝမ်းသာအားရ လှမ်းခေါ်လိုက်မိ၏။

"နံ့သာ နံ့သာ"

ပန်းနုနံ့သာ လှည့်ကြည့်၏။ သူမနံဘေးမှာ သူမသိသောကျောင်းသူ အဖော်နှစ်ယောက်နှင့်။

"ငါ မနက်ကတည်းက နင်တို့အခန်းရှေ့မှာ လာစောင့်နေတာ၊ ငါပြီးခဲ့တဲ့လေးရက်လောက်ကတည်းက လိုင်မှာရောက်နေတယ်ဟ"

ရေခဲတို့ဖတ်ရိုက်ထားသော မျက်နှာနှင့် သူမ။

"ဘာကိစ္စလဲ ဘုန်းထွဋ်"

"နင့်ကိုတွေ့ချင်လို့ပေါ့"

"စကားတွေလဲ အများကြီးပြောစရာရှိတယ် နင်အားလား"

သူမဘေးနားမှ အဖော်တွေကို အခန်းထဲသွားနှင့်ဖို့ပြော၏။ ပြီးသည်ကျောင်းဆောင်လှေကားမှ သူနှင့်အတူတူတွဲဆင်းလာရင်း. . .

"နင်ဖူးရတယ်ဆို"

"ကြည့်စမ်း နင်သိနေတယ် ဒါနဲ့တောင်ဟာ ငါ့ကို"

www.burmeseclassic.com

www.burmeseclassic.com



သူစကားရပ်ထားလိုက်၏။

"နင့်ကိုလာမတွေ့လို့ အခုလို နင်လာတွေ့တာပေါ့"

"ဟုတ်တယ် နံ့သာ နင့်သတင်းတွေကတော့ မွှေးနေတာပဲ"

"ပြောစမ်းပါဦးဟာ ဘာတွေလဲ၊ ကာယကံရှင်ငါကတော့ ဘာမှ မကြားပါဘူး"

"ဒါ ထားဦး ငါဖူးရတာ နင်ဘယ်လိုသိနေတာလဲ"

"ဖြိုးဖြိုးပြောပြလို့သိတာ ဖြိုးဖြိုးနဲ့မူမူက ဖိုးဆစ်ရတယ် အတူတူ ပဲ"

"နင်နဲ့ ဖြိုးဖြိုးကော တွဲဖြစ်လား"

"ကျောင်းပိတ်ရက်ပဲ သူအိမ်လာလည်တယ်၊ ကျန်တာညဘက် တွေပျင်းရင် ဖုန်းဆက်ပြောတာပဲ နင့်အကြောင်းတောင် ဟိုတစ်နေ့ကမှ ပြောတာ သူတို့မတွေ့ရသေးဘူးတဲ့ လူဦးတို့ပြောတာတဲ့"

"ဒါဆို လူဦးတို့ပေါက်ကွဲတာတွေ နင်အကုန်ပြန်ကြားမှာပေါ့"

"ကြားတာပေါ့ ဖြိုးဖြိုးကကြားသမျှ အကုန်ပြန်ပြောပြတဲ့ဟာပဲ"

"နင် ဘာဖြစ်လို့ အဲဒီလိုဆက်ဆံရေးကျိုးတို့ကျဲတဲ ဖြစ်သွားရတာ လဲ"

"ငါ့လူ အထင်လွဲမှာစိုးလို့ပေါ့ဟ"

"ဩော် နေမျိုးသူရဆိုတဲ့ နင့်ရဲ့ရည်းစားလား"

"ဟုတ်တယ်"

"ဘာဆိုင်လို့လဲဟာ သူတို့က သူငယ်ချင်းတွေဘဲ၊ ဘာလဲလူဦး တို့စိုင်းမျိုးနိုင်တို့က နင့်ကိုမရိုးသားစိတ်နဲ့ ချိတ်ခဲ့ဖူးလို့လား"

"မချိတ်ပါဘူး ကိုသူနဲ့သူတို့က နဂိုကတည်းက အကြောမတည့် ကြတာဟ စိုးလှမြင့်တို့နဲ့ဆို ထိုးမယ်ကြိတ်မယ် အဆင့်ထိအောင် ရောက်တယ် ကိုသူက စိုးလှမြင့်တို့ လူဦးတို့အဖွဲ့တွေကို ကြည့်မရဘူး၊ ဒါကြောင့် ကိုသူ့ ရည်းစားဖြစ်တဲ့ငါကပါ သူတို့ကို ကြည့်မရဖြစ်တာဟာ ရှင်းလား သူတို့အဖွဲ့



ကသိပ်ဆိုးတာ၊ ကိုသူနဲ့ ငါတွဲသွားရင်တောင် အနည်းဆုံး တံတွေးလေး ထွီခနဲ စောင်းမြောင်းထွေးပစ်လိုက်ရမှ အရသာရှိတယ်ထင်နေကြတဲ့ဟာတွေ ကိုသူ့ကိုထိတော့ ငါနာတာပေါ့ ကိုသူက သူတို့ကိုဘာမှ သွားစောင်းချိတ် တာမဟုတ်ဘူး အဆင့်ရှိရှိနေတာ ဒါကို ဒီလိုဖြစ်လာတော့ငါလဲ သူတို့အဖွဲ့ ကို အပြီးအပိုင် တာ့တာပြလိုက်တာပဲ"

"မဟုတ်သေးဘူး နံ့သာ ဖြစ်သင့်တာက နေမျိုးသူရနဲ့သူငယ် ချင်းတွေကို ရင်ကြားစေ့ပေးသင့်တယ် အခုတော့"

"တော်တော့ ဘုန်းထွဋ် ရင်ကြားစေ့မယ့်ကိစ္စ နင်ဆက်ပြောရင် ငါအခုပဲ လှည့်ပြန်မှာနော်"

"ငါ့ရင်ထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာ နင်မသိဘူး မဟုတ်လား နံ့သာ"

"မသိဘူးလေ နင်က ရင်ခွဲပြတာမှမဟုတ်လာ"

"နင်ကြည့်ချင်လို့လား"

"သွေးကြောင်တဲ့ မိုက်ရူးရဲဆန်မှုမျိုးကို ငါအလိုမရှိဘူး"

"နင့်စကားတွေ သိပ်မြောက်နေတယ် နံ့သာ၊ ကျောင်းတော်သူကြီး ဖြစ်တော့ ပညာပေါင်းစုံတတ်နေပြီပေါ့၊ တစ်ခုတော့ ငါ မှီသလောက် သတိပေးမယ် နံ့သာ၊ နင် သိပ်အထင်ကြီးနေတဲ့ နေမျိုးသူရဆိုတာ ဘယ် လိုလူစားလဲဆိုတာ သေသေချာချာသိအောင် လိုက်လှန်ကြည့်လိုက်ဦး"

"လာပြန်ပြီလား ဒီစကား လူဦးတို့သွင်းလိုက်တဲ့ အကြားအမြင် တွေနဲ့ နင်ငါ့ကို ပညာလာမပေးနဲ့ ကိုသူက ဘာဖြစ်နေလို့လဲ သူတို့အားလုံး ထက်မြင့်နေလို့ မျက်စိစူးနေကြတာ မဟုတ်လား"

"နင် အချစ်မှုန်နေပြီ နံ့သာ၊ စေတနာရဲ့ရောင်ပြန်အရိပ်ကို နင် မမြင်နိုင်တော့ဘူး၊ တံလျှပ်ကို ရေထင်ပြီး ကိုယ့်ကြမ္မာကို ကိုယ်ငင်နေတာ ကို အချိန်မီငါလာတားတာ၊ သူတို့စေတနာက ငါ့ထက်ကောင်ပိုလိမ့်ဦး မယ်"

www.burmeseclassic.com

www.burmeseclassic.com



"သွားစမ်းပါ ငါ့ရဲ့ကိုယ်၊ ငါ့ရဲ့စိတ် ငါ့ကိုနင်လာပြီး သိပ်လို့မနေနဲ့ ပန်းတိမ်လွှာရဲ့ ဆုံးရှုံးမှုတွေအတွက် နင်လာပြီးအဖတ်ဆယ်နေတာ မဟုတ်လား ဘုန်းထွဋ်"

"နင်မှားနေပြီ နံ့သာ၊ ပန်းတိမ်လွှာဆီက အခုငါထွက်လာတာ မဟုတ်ဘူး၊ တကယ်ဆို ပန်းတိမ်လွှာက နင့်ပေါ်ကောင်းပြခဲ့တာ နင်မသိလိုက်ဘူး မဟုတ်လား"

"ဘာတွေ ကောင်းပြခဲ့တာလဲ ယောကျ်ားကောင်းရှားလို့ သူများ ရည်းစားကို ကြားပစ်လုယူခဲ့တဲ့ မိန်းမရဲ့ ဂုဏ်သိက္ခာရှိမှုဟာ အကောင်းဆုံး လုပ်ပြနိုင်ခဲ့တာတွေလား"

"နင်လွဲနေပြီနံ့သာ ပန်းတိမ်လွှာဆီ နင့်လူကပ်ပါလာတာကို ဟိုကစွာ ချုပ်လိုက်တာ အားလုံးသိတယ်၊ နင့်သာဖော်တွေကပ်ပြီး သစ္စာမတည်တဲ့ လူကို ပြန်လက်တွဲတာ"

ပန်းနုနံ့သာ သူ့စကားကို ဆတ်ဆတ်ခါအောင် နာပြနေ၏။

"ငါနင့်သမီးမဟုတ်ဘူး ဘုန်းထွဋ် ဒီလောက်ဖွဲ့ချပြီး လာမပြောနဲ့ နင့်ရဲ့ပန်းတိမ်လွှာက သူတို့ကိုဖဲ(လ်)ကမ်းဖြစ်နေတာ ငါပဲသိတယ်၊ ကိုသူကိုယ်တိုင် ငါ့ကိုပြန်ပြောပြတာ ပန်းတိမ်လွှာက သူ့ကို အကဲစမ်းလို့ ကိုသူက လွမ်းသွားအောင် လုပ်ပြလိုက်တာတဲ့၊ အခု ကို သူကစွာလိုက်လို့ သူဒီဘက် တောင်ရောက်မလာရဲတော့ဘူး၊ ဒါ ပန်းတိမ်လွှာရဲ့ လုပ်ရပ်တွေမဟုတ်လို့ ဘာတွေလဲ"

"ပါးစပ်ကလေးနဲ့စားနေတဲ့ လူရဲ့ မုသားတွေထဲမှာ နင်လုံးလုံး ပစ်ကျသွားပြီနံ့သာ၊ ပန်းတိမ်လွှာက ပန်းပန်လျက်ပဲဟ နင့်လူ နေမိုးသူရသာ ဘကြီးရေထဲပက်လက်လန်သလို ယက်ကန်ယက်ကန်နဲ့ ပြန်ပြေးလာခဲ့ရတာ အဖြစ်မှန်ကို သိအောင် သေသေချာချာလဲစုံစမ်းပါဦး"

"ဒီမှာဘုန်းထွဋ် ငါက တောင်ထိပ်ပေါ်ရောက်နေတဲ့လူဟာ တောင်ခလယ်မှာ ရောက်နေတဲ့လူက မြေပြန့်ရဲ့အမြင်ကို လှမ်းခေါ်ပြောနေတာ၊



ငါဘာမှ နားထောင်နေစရာမလိုဘူး၊ တောင်ခလယ်ကလူထက် ပိုမြင့်တဲ့ တောင်ထိပ်မှာ သူ့ထက်ငါက ပိုမြင်နေရလို့ပဲ ဒီအတွက်ကြောင့် ခလယ်က ပန်းတိမ်လွှာကို ငါဘာမှ ဆင်းမေးနေစရာ အကြောင်းမရှိဘူး"

"တော်ပါတော့ နံ့သာရယ်၊ နင့်ရဲ့စကားအချက်အလက်တွေ သိပ်မြောက်လွန်းလို့ ငါကြောက်ပါပြီ. . . သိလား"

"နောက်တစ်ချက်ဆိုရင်တော့ ငါ့အသက်ထွက်လိမ့်မယ်"

လူရှင်းသော ကော်ရစ်တာ ထောင့်ချိုးမှာ နှစ်ယောက်သားရပ်ရင်း

"မခနဲ့ပါနဲ့ ဘုန်းထွဋ်၊ ငါက တစ်ကိုယ်တော်ပါ အတိတ်အတွက်ပေါ့ အနာဂတ်အတွက်တော့ အတိတ်ထက်မြင့်တဲ့ အဖော်တွေ အများကြီးနဲ့ ငါတွဲနေတာပဲ၊ အတိတ်ကို ဘာမှလွမ်းနေစရာမလိုဘူး၊ ဒါပေမယ့် အတိတ်က လူတစ်ယောက်ဖြစ်တဲ့ နင့်ရှေ့မှာတော့ ငါ့ကိုအားနည်းသူအမြင်နဲ့ကြည့်ပါ၊ အဲဒီအတိုင်းပဲဆက်ဆံပါ ကိုသူနဲ့ငါတို့ရှေ့ရေးအတွက် အတိတ်က ဘယ်လို အနှောင့်အယှက်မှ မဝင်စေချင်ဘူး၊ ငါနင့်ကို ခင်ပါတယ် ဘုန်းထွဋ် ဒါပေမယ့် ငါအခု နင့်အပေါ်မှာ အရင်အတိုင်း မဟုတ်တော့ဘူး"

ဆို့နင့်တိမ်ဝင်တိုးလျသွားသော သူမအသံ မာန်တင်းပြီးပြောနေရာမှ အားအင်တဖြည်းဖြည်း လျော့ကျသွားသောဟန်နှင့် ပန်းနံ့သာရယ်လေ။

သူ့ရင်ထဲ ကျဉ်တက်နာကျင်လျက် ခေါင်းကို ဘယ်လွှဲညာပြန် သူခါယမ်းပစ်လိုက်ပြီး သက်ပြင်းမောကို ထွက်သက်ပြင်းနှင့်ရော၍ ချုပ်လိုက်မိ၏။

"အရင်အတိုင်းမဟုတ်တော့ရင်လည်း ရပါတယ်နံ့သာရယ်၊ နင့်ဆီက ငါရစရာရှိတဲ့အကြွေးကိုပဲပေးပေါ့၊ နင် တကယ်မေ့မထားဘူးဆိုရင်တော့ အဲဒီအကြွေးကို ငါတောင်းပါရစေ"

"ဘာတောင်းမှာလဲ"

"နင် ငါ့ကိုမမုန်းပါနဲ့"

ပန်းနုနံ့သာခေါင်းငုံ့သွား၏။ ပြန်လည်မော့လိုက်သောအခါ သူ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှသုတ်ခွင့်မရတော့မည့်မျက်ရည်စတွေ ရစ်တွဲခိုနေ၏။ သူ့ရင်၌ အတိုင်းအဆမဲ့ လျှောင်ဖြင့် နာကျင်ကြေကွဲစွာ။

သူမ ဘာကိုဝမ်းနည်းနေတာလဲ၊ သူကကော ဘာအတွက်ကြောင့် သည်မျှလောက် နာကျင်ကြေကွဲနေရတာလဲ။ နက်ရှိုင်းလွန်းသောအဖြေမှာ ရင်ခွင်၏ဘယ်အရပ်၌ တည်ရှိပါသလဲ။

သူမ ခေါင်းကလေးတစ်ချက်ညိတ်ပြစဉ် သူ့မှာ လိပ်ပြာလွင့်စင်သွား၏။

၄ ၄ ၄

## အခန်း (၂၂)

ပထမနှစ် သတ္တဗေဒစာသင်ခန်း၌ အတန်းဖော်သူငယ်ချင်းသစ်များ သူ့မှာ ရရှိခဲ့လေသည်။ သူနှင့်တွဲဖြစ်သူများမှာ အောင်မျိုးသန်း၊ လှုဝင်းကိုတို့ပင်။

လှုဝင်းကိုကို မိန်းကလေးသူငယ်ချင်း မချယ်တို့အဖွဲ့က 'မျောက်ဝင်းကို' ဟု ပြောင်ခေါ်ကြ၏။ ထိုသို့ခေါ်ရသည်မှာ မချယ်မှစ၍ . . .

"နင့်နာမည် ဝင်းကိုဆိုပြီးရောပေါ့၊ ရှေ့က 'လှု'က ဘာလို့တပ်ထားတာလဲ၊ ဘာလဲ နင်ကမြင်းကြောထလွန်းလို့ နင့်ကို မျောက်ကြီးလို့ ထင်မှာစိုးတာနဲ့ လှုဝင်းကိုလို့ မှည့်ထားတာမဟုတ်လား၊ တို့ကတော့ မျောက်ဝင်းကိုလို့ပဲခေါ်မှာပဲ၊ ဟုတ်တယ်နော် စီစီထိုက်"

"အေး ဟုတ်တယ်၊ မျောက်ဝင်းကိုဆိုတဲ့နာမည်က သူနဲ့ပိုလိုက်တယ်၊ မချယ် သူ့ကို မျောက်ဝင်းကိုလို့ပဲခေါ်"

လှုဝင်းကိုမှာ နှစ်စကတည်းက နာမည်ရခဲ့သူ။

တစ်နေ့ သူစာသင်နေစဉ် လှုဝင်းကို ကန့်တင်းမှုပြန်လှည့်လာပြီး သူ့အနားလာထိုင်၏။

"ကိုဘုန်းထွဋ် ခင်များကို ပြောစရာရှိလို့"

www.burmeseclassic.com



"ဘာလဲ၊ ရေသန့်ဘူးသောက်တဲ့ ဟန်ထွန်းကို အိမ်သာထဲက ထက်ဆေးရေတွေထည့်ထားတဲ့ ရေသန့်ဘူးပါကင်အတုနဲ့ သွားညာရောင်း ဦးခယ်ကိစ္စလား၊ ငရဲကြီးလွန်းလို့ မပါပါရစေနဲ့"

"ကိုဘုန်းထွဋ်ကတော့ လုပ်ပြီ၊ ခြွေလိုက်ရင် အတွဲလိုက်ချည်းပဲ၊ ကျွန်တော်ပြောမှာ ဒါမဟုတ်ဘူး၊ ကျွန်တော် သူငယ်ချင်းတပွေနဲ့ မိတ်ဆက်ပေးမလို့"

"ကောင်မလေးလား"

"ယောကျ်ားလေး"

"ဘယ်သူလဲကွ"

"နေမျိုးသူရ၊ ကိုဘုန်းထွဋ် သူ့နာမည်ကြားဖူးသလား"

"အကြွေးစာရင်းမှာကြော်ငြာတာတော့ တွေ့ဖူးသလိုပဲ"

"လုပ်ပြီ. . . လာဗျု၊ ကန်တင်းမှာ ဒီကောင်စောင့်နေတယ်၊ ကိုဘုန်းထွဋ်ကို စေတနာနဲ့အသိပေးစရာရှိလို့တဲ့"

အခြေအနေအတော်လေးထူးပြီး ပန်းနုနံ့သာရဲ့နေမျိုးသူရက သူ့ကို အကြောင်းမရှိအကြောင်းရှာပြီး တွေ့ဖို့ခေါ်တာ ဘာအတွက်လဲ၊ သူ ခေါင်းစားရင်း ထလိုက်သွားခဲ့သည်။

ကန်တင်းရောက်သောအခါ ဆံပင်အလယ်ခွဲ၊ ဂျင်းပန့်(လ်)ခေါင်းလောင်း၊ ရင်ဘတ်ဟပြဲမှာ ပလက်တီနံကြိုးတလက်လက်၊ လက်ကောက်ဝတ်မှာ ရွှေဟမ်းချိန်းတွေ နှစ်ကွင်းထပ်နှင့် ရုပ်ရည်ရူပကာကြည့်ကောင်းသော သူနှင့်ရွယ်တူတစ်ယောက်ကို တွေ့လိုက်ရ၏။

"ကိုယ့်နာမည် နေမျိုးသူရပါ"

"ကျွန်တော် ဘုန်းထွဋ်ပါ"

လူဝင်းကိုပင် ပါးစပ်အဟောင်းသား။ ထိုင်ထိုင်ချင်း မိမိတို့ဘာသာ မိတ်ဆက်မိနေကြ၏။ နေမျိုးသူရက . . .

"သူငယ်ချင်းကိုအသိပေးစရာတစ်ခုနဲ့ သတိပေးစရာတစ်ခုရှိလို့



ကိုယ်ခေါ်လိုက်တာ"

"လေသံက တင်စီးဟန်ရှိသော်လည်း . . .

"လိုရင်းကိုပြောနိုင်ပါတယ်"

"အသိပေးချင်တာက ဟိုတလောက ကိုယ်မရှိတဲ့အချိန်မှာ သူငယ်ချင်းနဲ့စကားပြောခွင့်ရလိုက်တဲ့ ပန်းနုနံ့သာဟာ ကိုယ့်ရဲ့ချစ်သူပါ"

"သူငယ်ချင်းတွေမို့ ရိုးရိုးသားသားစကားပြောခဲ့ကြတာပါ"

"ဟုတ်ပါတယ်၊ ဒီအတွက် ကိုယ့်မှာ ဘာမှဇိုးငယ်မရှိပါဘူး၊ ကိုယ်သတိပေးချင်တဲ့နောက်တစ်ခုက ပန်းတိမ်လွှာနားမှာ သူငယ်ချင်းကို အမြဲလိုလို တွေ့နေရတဲ့ကိစ္စပဲ"

သူ ခေါင်းထောင်သွား၏။ နေမျိုးသူရက . . .

"သူငယ်ချင်း ပန်းတိမ်လွှာကိုစိတ်ဝင်စားရင် မှားသွားလိမ့်မယ် ခဏလေး၊ သူငယ်ချင်းပြောချင်တာ ခဏလေးသည်းခံပါ။ ပန်းတိမ်လွှာဟာ စုန်းလိုပြုစားတတ်တယ်၊ တကယ်ဆို သူက အဆင့်လွန်နေပြီ ကာဆအဆင့်၊ ယောကျ်ားတိုင်းကို သူ့ရဲ့မောက်မာမှုတွေနဲ့ အမြဲနင်းဖိနိုင်ဖို့ကြိုးစားနေတာ၊ သူငယ်ချင်း သူ့ကိုသွားပြီးရင်ခုန်မိရင် ကိုယ့်ဘော်ဒါတစ်ယောက်လို ပုံပြင်ထဲမှာ ကိုယ့်အသည်းကိုယ်ပြန်ကောက်ပြီး ပြန်ခဲ့ရလိမ့်မယ်၊ စေတနာနဲ့သတိပေးတာပါ"

သူ ဘယ်လိုမှမထိန်းနိုင်လောက်အောင် ရယ်ချပစ်လိုက်၏။ လူဝင်းကိုနှင့်နေမျိုးသူရမှာ ကြောင်ဝါးဝါးဖြင့် သူ့ကိုကြည့်နေ၏။ သူရယ်တာ ရပ်လိုက်ပြီးသောအခါ . . .

"မြွေခွေးတစ်ကောင်ရဲ့စကားကို ခင်ဗျားနဲ့ကျွမှ ဟာသ[illegible] ကြားဖူးသွားပြီ ကိုနေမျိုးသူရ"

"သူငယ်ချင်း ကိုယ့်စကားကို မယုံဘူးထင်တယ်၊ [illegible] ရမှာ သူငယ်ချင်း၊ မိဘတွေရင်နာရမှာစိုးလို့ ကိုယ် [illegible]"

"ဒီမှာ နေမျိုးသူရ၊ ပန်းတိမ်လွှာရဲ့ပုံပြင်ထဲမှာ [illegible]

www.burmeseclassic.com



စာမိတော့မယ့် လူတစ်ယောက်အကြောင်းကော မပါဘူးလားဗျ။ ဖြစ်နိုင်ရင် ပြည့်ပြည့်စုံစုံလေး ထပ်ပြောစမ်းပါဦးဗျာ၊ နားထောင်ကောင်းလို့ပါ''

နေမျိုးသူရမျက်နှာမှာ သွေးဆုတ်ဖြူရော်သွား၏။ ခဏ၌ သွေးနီရောင်ပြန်တင်းလာသောမျက်နှာသစ်နှင့် . . .

''ပန်းတိမ်လွှာရဲ့လုပ်ကြံစကားကို မင်းယုံသလား''

ဒေါသပါသံ။ သူက . . .

''သိပ်ယုံတာပေါ့၊ ဒီမှာ သတိပေးတဲ့ ခင်ဗျားရဲ့စေတနာကို ငရဲမှတ်တမ်းမှာ အပ်ကြောင်းထပ်လို့ဖြစ်နေပြီဗျ၊ ဒီလောက်အစွမ်းအစလေးနဲ့ ကျုပ်ကို လာရိုက်မသွင်းနဲ့၊ မရဘူး၊ ပန်းတိမ်လွှာနဲ့ကျုပ်ရဲ့ဆက်ဆံရေးဟာ ရှေ့သို့ပဲ၊ ပန်းတိမ်လွှာကြောင့် ဘာပဲဖြစ်လာလာ ခြင်္သေ့တစ်ကောင်ရဲ့ အာခံတွင်းမှာ သတ္တိရှိရှိသေပြလိုက်မယ်၊ မြေခွေးတစ်ကောင်ရဲ့လှောတ်မြောက်လမ်းကို ဘယ်တော့မှရှာမယူဘူး မှတ်ထား''

''ဒါဆိုလည်း ဆက်လုပ်ပေါ့၊ မင်းအပိုင်းပဲ၊ တစ်ခုတော့ရှိတယ်၊ နေမျိုးသူရဘဝမှာ လုပ်ကြံခံရတယ်ဆိုတာ ဘယ်တော့မှမရှိဘူး၊ အခု ပန်းတိမ်လွှာက နေမျိုးသူရရဲ့အစဉ်အလာကောင်းကို ရိုက်ချိုးထားတယ်။ အဲဒီအတွက် ပန်းတိမ်လွှာကို ထက်ပိုင်းချိုးချနိုင်ဖို့ ငါနဲ့ မနက်ဖြန်တိုင်းမှာ အမြဲတမ်း အသင့်ပြင်ထားပြီဆိုတာ မင်းမမေ့ပါနဲ့''

''ခင်ဗျား ကျွန်တော့်ကို ခြိမ်းခြောက်တာလား၊ ပန်းတိမ်လွှာကို ခြိမ်းခြောက်တာလား''

''နှစ်ယောက်စလုံးခြိမ်းခြောက်တာ''

''အဲ့ဒီစကားအတွက် ကျွန်တော် ကြက်သီးထပေးရမှာလား''

''တောက်''

နေမျိုးသူရ ''တောက်''ကို ကျယ်ကျယ်လောင်လောင်ခေါက်ပြီး ထွက်သွား၏။ လှဝင်းကိုမှာ ကြောင်ဝါးဝါးဖြင့် . . .

''ကိုဘုန်းထွဋ်နဲ့က ချိတ်ဖြစ်နေတာပဲ၊ မသိဘူး သူက မိတ်ဆက်



ပြီး စေတနာနဲ့ပြောစရာရှိတယ်ဆိုလို့ ဒီခေါ်လာမိတာ၊ ခုတော့ ရှုပ်ကုန်ပြီ''

''မရှုပ်ပါဘူး လှဝင်းကို၊ ရှင်းရှင်းလေးပါ၊ ဒဏ်ရာရထားတဲ့ကျားနာ တစ်ကောင်ရဲ့အငြိုးကို ငါတို့ ကြုံပြီး နိုးရိုးလေးသိထားရတော့ ရှင်းသွားတာပေါ့၊ ကျားနာရဲ့အန္တရာယ်ပြုနိုင်မယ့်ဟာတွေကို ကြိုရှင်းထားလို့ရတာပေါ့ကွာ၊ ကြာပါတယ်၊ အခုပဲ ပန်းတိမ်လွှာဆီ ငါသွားတော့မယ်''

''ဘာ. . . ဘာသွားလုပ်မလို့လဲ''

''ရင်ဖွင့်ပြမလို့''

၉ ၉ ၉

''အခြေအနေကတော့ အဲဒါပဲ ပန်း၊ နေမျိုးသူရကို သတိတော့ထားပေါ့၊ ကိုယ်လဲ ပန်းအနားမှာ အမြဲရှိနိုင်အောင် ကြိုးစားနေပါ့မယ်''

''တို့ ဂရုမစိုက်ပါဘူး၊ ယူသတိပေးတာ ကျေးဇူးတင်ပါတယ်''

အေးစက်တင်းမာစွာ ပန်းတိမ်လွှာ ပြန်ပြောပြီးလျှင် . . .

''ပန်းနန့်သာအတွက်တော့ ရင်လေးတယ် ပန်းရယ်''

''သူ့ကံနဲ့သူပေါ့ ယူရယ်၊ မြတ်သော အတုမဲ့ဗုဒ္ဓဘုရားရှင်တော်တွေရဲ့တရားတော်နဲ့ နှလုံးသွင်းပြီးဖြေပေါ့''

''ပန်းနဲ့ ဒီကောင်နဲ့ဆက်တွဲနေရင် အတော်ဆိုးဆိုးဝါးဝါးတစ်ခုဖြစ်လာလိမ့်မယ်လို့ ကိုယ်တင်တယ်''

''အရမ်းမှန်တာပေါ့''

သူ ငြိမ်နေလိုက်၏။ သူ့နည်းတူ ပန်းတိမ်လွှာလည်း ငြိမ်သက်တွေးမောနေ၏။ စက္ကန့်ဝက်ခန့်အကြာ . . .

''ပန်း''

သူမ ကြည်လဲ့စိုဝင်းသောမျက်ဝန်းများနှင့် နားစွင့်နေ၏။ သူ့အသိတရားမှ သူ့နှလုံးသားဆီ သက်တန့်တစ်စင်းဖြာထွက်သွား၏။

ပူနွေးလာသောနှလုံးသား၏ တလှပ်လှပ်ခံစားမှု။

''ပန်းကို အသက်မကချစ်တယ်''

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီသွေးရောင်အသွင်ပြောင်းသွားသော မျက်နှာလေးကို အသာငုံ့သွား၏။

ပျော့ပျောင်းနေသော ဆံနွယ်များက သူမ၏ဆင်စွယ်ရောင်လည်ကုတ်သားပေါ်မှာ ဖွာရာကျဲပြန့်လျက်။ ရင်ခုန်ခြင်း၌ ထုံမွှေးသင်းမြသော ရနံ့တွေရှိပါသလား။

သူ့မှာ တွေ့ထိခံစားနေရလေပြီ။

"ကိုယ့်ဘဝနဲ့ရင်းပြီး ပန်းကိုမွေ့လျော်လင့်ပါရစေ"

ဘယ်လိုရုက်ဟန်ပဲပြ၍ဖြစ်စေ သူမ သူ့မျက်လုံးထဲမှာ လှပနေပါသည်။ သူမ၏ပင်ကိုအလှက ယခုမှပင် ပို၍သွေးကြွနေ၏။

"ကိုယ့်ကို စကားပြန်မပြောတော့ဘူးလား"

"အကောင်းအဆိုးတစ်ခုခုပေါ့"

"မဖြေတတ်ဘူး"

"ဖြေပေးပါ ပန်းရယ်၊ ပန်းကိုမတွေ့ရတဲ့ ကာလရက်ရှည်တွေမှာ ကိုယ်လွမ်းနေခဲ့ရတာတွေ ရင်နဲ့မမျှတော့ဘူး။ ပန်းကို အရင်ကတည်းက ရင်ခုန်ရူးမူးချစ်ခဲ့တာပါ၊ အခုမှ အခွင့်သာလို့ ကိုယ့်ရင်ခုန်သံကို ပန်းနှလုံးသားဆီမှာ လာပြီး ပဲ့တင်သံတောင်းခံမိတာပါ၊ ကိုယ်ပျော်ပါရစေ ပန်းရယ်၊ ရာသက်ပန်သောကတွေနဲ့ မလွမ်းမောပါရစေနဲ့"

ပန်းတိမ်လွှာ အသာငြိမ်ပြီး နားထောင်နေ၏။

"ယူ ဒီလောက်တောင်ပဲ တို့ကို စွဲလမ်းခဲ့တာလား"

"ပြောနိုင်တာထက်ပိုဦးမယ်"

"အချွဲတွေမပြောနဲ့၊ တို့မေးတာကို ယူ မှန်မှန်ဖြေမလား"

ရုက်စိတ်ကို သူမနည်းပြန်လိပ်သွင်းပြီး စွမ်းအားပြင်းပြင်းတစ်ခုမှထွက်ပေါ်လာသော ဆန္ဒကို သူမ မြွက်ဟလာခြင်းလားမသိ။

"ယူ တို့ကို ပရိုပို့စ်လုပ်တာ နှလုံးသားကလား။ ဦးနှောက်ကလား"

သူအံ့ဩလန့်ဖြန့်စွာ သူမကိုကြည့်၏။ သူမ၏ ရူးရှုအာရုံက သူ့မျက်နှာပေါ်မှာ။



"ကိုယ့်ခန္ဓာကိုယ်တစ်ခုလုံးက ပန်းကိုချစ်တာ၊ ကိုယ့်ဘဝတစ်ခုလုံးက ပန်းကို မွေ့လျော်လင့်တာပါ"

သူမ ချစ်စဖွယ်ကောင်းသောအပြုံးကို ဆောင်၏။

"ယူ တို့ကို ဘယ်လောက်ချစ်သလဲ"

"ပြောပြနိုင်တာထက် ပိုချစ်တယ်"

"ယူ တို့ကိုတကယ်ချစ်ရင် တို့လိုချင်တာပေးမလား"

"ပေးမယ်၊ အသည်းယူမလား။ နှလုံးယူမလား"

"ဟိတ် ရွံတယ်၊ အဲဒါတွေမယူချင်ဘူး၊ တို့ယူချင်တာက"

စကားရပ်ပြီး သူမ "ဟိ"ခနဲပြုံး၏။

"ကမ္ဘာကျော်ဘောလုံးစတား ရော်နယ်ဒိုရဲ့ဆံပင်တစ်ချောင်းလောက်"

"ဟာ"

ခပြောပြီး သူမစကားကိုသူမ သဘောကျစွာ တခစ်ခစ်ရယ်မောနေလေသည်။ ရင်ခုန်ခြင်း၏အပျော်ရိပ်မှာ သူမအတွင်းစိတ်ဇဟိုကို သူမြင်နေရ၏။ ဒါဟာ သူမနှလုံးသားရဲ့ အကောင်းဆုံးပျော်ရွှင်ခြင်းသံစဉ်တွေပဲပေါ့။

ထိုသံစဉ်ဖြင့် အချစ်၏တင်စားဖွဲ့ဆိုမှုစာသားအားလုံးကို သီချင်းဖွဲ့ဆိုနိုင်သည်။

လူသားတိုင်းအတွက် ဘယ်သောအခါမျှ မရိုးသွားနိုင်တော့မည့်သီချင်း။ ချစ်သူတိုင်း အမြဲတမ်း နှစ်သက်စွာနားထောင်နေကြဆဲသီချင်း။ ထိုသီချင်းဖြင့် သူမကို သူ့ရင်ခွင်ထဲ ဆွဲယူချွေးထွေးပစ်လိုက်မိပါသည်။ သူမ "ဟော့. . . ဟာ"နှင့် ခဏတော့ရုန်းနေပါသည်။ သူ ပို၍ တင်းကျပ် စွာဖက်ထားလိုက်သောအခါ "ယူ သိပ်ဆိုးတာပဲ" ဟု စကားတစ်ခွန်း ဖြင့်ငြိမ်သက်သွားပါတော့သည်။

၀ ၀ ၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

အိပ်မက်ဆိုးတွေသူမြင်မက်ပြီး အိပ်ရာမှလန့်နိုးလာ၏။ မနက်မိုးလင်းနေပြီ။ နာရီကြည့်လိုက်သောအခါ ရှစ်နာရီခွဲ။ သူကမန်းကတန်းထ၍ ပြင်ဆင်စားသောက်ပြီး ကျောင်းသို့ ထွက်လာခဲ့မိသည်။

သူ့စိတ်တွေ အလိုလိုနေရင်း လေးလံနေပါရောလား။

ကျောင်းသို့သူရောက်သောအခါ သူငယ်ချင်းတွေ သူ့အခန်းရှေ့မှာ ရုတ်စုရုတ်စုနှင့်တွေ့ရ၏။ သူ့ကိုလှမ်းမြင်ကြသောအခါ ရေးကြီးသုတ်ပြာ ဟန်တွေနှင့် . . .

"ကိုဘုန်း. . . ကိုဘုန်း. . . ပန်း. . . ပန်းတိမ်လွှာ ဆုံးသွားပြီဗျ"

သူ လန့်ဖျတ်သွားစေသောစကား။ မနေ့ကမှ သူနှင့်ပန်းတို့ တွေ့ဆုံကြည့်နူးခဲ့ကြသေးသည်။

"လာမနောက်နဲ့ ကျော်သိန်း၊ ငါ မင်းကို စိတ်ဆိုးတယ်ကွာ၊ ဒီလောက်ကြီးအထိ နောက်ဖို့မကောင်းဘူး"

"နောက်တာမဟုတ်ဘူး တကယ်ဆုံးတာဗျ"

"ဟုတ်တယ် ကိုဘုန်း၊ ပန်း တကယ်ဆုံးတာ၊ ဒီမနက်ပဲ ဆေးရုံမှာဆုံးသွားတာ"

အားလုံးမျက်နှာမှာ တည်တံ့နေပြီး ကြေကွဲဝမ်းနည်းရိပ်တွေ ပီပီ



ပြင်ပြင်ဖြစ်ပေါ်နေ၏။ သူ့ရင်၌ လေးလံနေသောစိတ်တွေ တဒိတ်ဒိတ်နှင့် ငယ်ထိပ်ကို ခုန်ဆောင့်လာကြ၏။

"ဘာ. . . ဘာဖြစ်လို့ဆုံးရတာလဲ၊ တကယ်ပြောတာလား"

လှဦးက . . .

"တကယ်ပြောတာဗျ၊ ဟိုခွေးသား နေမျိုးသူရကြောင့် ကံဆိုးခဲ့ရတာ၊ အဲ့ဒီခွေးသားက ပန်းတိမ်လွှာကို အတင်းအဓမ္မကားတင်ပြေးတယ်လေ၊ ပန်းတိမ်လွှာက သူ့အလစ်မှာ ကားပေါ်ကခုန်ချလို့ ဒဏ်ရာအပြင်းအထန်ရပြီး ဆေးရုံရောက်မှဆုံးသွားတာ"

ကမ္ဘာကြီး သွက်သွက်ခါယမ်းသွားသလို နားနှစ်ဖက်က သံရည်ပူတွေသွန်ချခံလိုက်ရ၏။ ဘုရား. . . ဘုရား အိပ်မက်တွေလား၊ ဖဝေဖဝါနှင့် ကြောင်တွေ၍ သူ ရေရွတ်နေဆဲ။

"အဲ့ဒီမသာကောင်ကို ရဲတွေဖမ်းသွားပြီ၊ ကျွန်တော်တို့အဖွဲ့မမီလိုက်တာ သိပ်နာတာပဲဗျာ၊ မီလို့ကတော့ ဝိုင်းဘေပစ်ချင်တာ အသည်းကိုယားနေတာပဲ"

"ပန်းတိမ်လွှာက အရှိန်ပြင်းပြင်းမောင်းနေတဲ့ကားပေါ်က ခုန်ချ[illegible] လိုက်တော့ တွေးကြည့်ပေါ့ဗျာ၊ ဒဏ်ရာအတော်ပြင်းပြင်းရသွားတာ[illegible] ဆေးရုံရောက်ခါနီးမှာ သူ့မိဘတွေနဲ့ ကိုဘုန်းနာမည်တွေ ရေရွတ်နေတို့ ဆရာမတွေက ဘုရားအာရုံပြုခိုင်းတယ်၊ ခွဲစိတ်ခန်းအဝင်မှာ ဘုရားအာရုံ ပြုရင်းနဲ့ ဆုံးသွားတာပဲဗျ၊ သူ ကောင်းရာသုဂတိလားမှာပါ၊ သူငယ်ချင်း ပန်းတိမ်လွှာ ဒီလိုအဖြစ်ဆိုးတွေကင်းဝေးတဲ့ မြင့်မြတ်တဲ့ဘုံဘဝကို ရောက် သွားမှာပါ ကိုဘုန်းရာ"

စိုင်းမျိုးနိုင်၏ တုန်ခါအက်ကွဲနေသောစကားသံပင်။

"ကြားကြားချင်း ကျွန်တော်ရယ်၊ စိုးလင်းနိုင်နဲ့ [illegible] လိုက်သွားတာပဲ၊ ပန်းတိမ်လွှာအိမ်သားတွေတောင် အသက်မမီလိုက်[illegible] အားလုံးရောက်လာတော့ ငိုလိုက်တာဗျာ၊ သူ့အမေဆို ရှူးမတော[illegible] တော်တို့လည်း သူငယ်ချင်းတွေပြန်ခေါ်ပြီး သူ့ရွာပန[illegible] လုပ်ကိုင်ပေးရအောင် ပြန်ခေါ်တာ"

www.burmeseclassic.com

www.burmeseclassic.com



"မယုံဘူး မင်းတို့ ငါ့ကိုလိမ်တယ်၊ မယုံဘူး"

သူ အားကုန်ဟစ်အော်ပြီး ကော်ရစ်တာအတိုင်း အရှူးမီးဝိုင်း ပြေးဆင်းသွားမိသည်။ လူရှင်းရာသစ်ပင်တစ်ပင်အောက်မှာ မောလိုက်စွာ ရပ်တန့်လိုက်ပြီး သစ်ပင်ကြီးကို စိတ်ရှိလက်ရှိ ကန်ကျောက်ထိုးနှက်ပစ် လိုက်၏။

နာကျင်လွန်းသည့်ဒဏ်နှင့် သွေးတွေ လက်မှာစိုရဲလာသောအခါမှ ရပ်တန့်လိုက်ပြီး ယောက်ျားတန်မဲ့ ချုံးပွဲချ၍သူငိုပစ်လိုက်မိ၏။ သူ့ဘဝ၏ မျှော်လင့်ခြင်းကောင်းကင်မှာ သူ့အမြတ်နိုးဆုံးနှင့် လွမ်းမောတွယ်တာရဆုံး ဖြစ်သော ကြယ်ပွင့်တွေ တစ်ပွင့်စီ တစ်ပွင့်စီ ကြွေကျသွားကုန်ပြီ။ ကြယ် ဝင်တွေအားလုံး ကုန်ဆုံးအောင် ကြွေကျသွားခဲ့ပြီ။ ဘာဆိုဘာမှမကျန်တော့။ ကောင်းကင်ဗလာ ရင်ခွင်ဗလာ။ ဘဝတစ်ခုလုံး ဗလာဖြင့်ဟာလာဟင်းလင်း။

"ဖြစ်မှဖြစ်ရလေတယ် ပန်းရယ်၊ ငါ ဘာမှမသိအောင် သွေးဖျက်ပြီး ရူးသွားချင်တယ်"

သူ၏ ဗလုံးဗထွေးရေရွတ်သံအဆုံးမှာ နောက်မှပြေးလိုက်လာသော သူငယ်ချင်းတွေရောက်လာပြီး တစ်ယောက်တစ်ပေါက် ပြောဆိုဖျောင်းဖျကြ၏။

"စိတ်ကိုထိန်းပါ ကိုဘုန်းရာ၊ ဒီလောက်ကြီးလွတ်ပြီး ဝမ်းမနည်း ပါနဲ့၊ ယောက်ျားပဲ"

သူ ထပ်ရှိုက်မိပြန်၏။

ပန်းတိမ်လွှာ၏အုတ်ဂူဖြူဖြူလေးဘေးမှာ သူရပ်ပြီး ပန်းကြွေလေး တွေ ကျဲဖြန့်နေ၏။ တစ်ချက်တစ်ချက်လှိုက်တက်လာသော ဝမ်းနည်းမှုကို အကြိတ်မှိတ်ထိန်းထားရင်းဖြင့်။

အုတ်ဂူ၏ဟိုဘက်မှာ ဝါဝါမွှေးရပ်ပြီး အုတ်ဂူလေးကို လက်နှင့် ပွတ်သပ်ကာ မျက်ရည်တွေတွေကျနေ၏။

အုတ်ဂူ၏ခေါင်းရင်းမှာတော့ ရှိုက်ကြီးတငင်ငိုကြွေးနေသော ပန်းနု



နု့သာ။ လက်ထဲမှာ ပန်းတွေတစ်ပွေ့တစ်ပိုက်နှင့်။ ပန်းနုနု့သာလာချည်း မထင်ဘဲ နောက်ဆုံးအချိန်၌ ရောက်လာသောအခါ ကျန်သူငယ်ချင်းများက "တောက်"ခေါက်၊ တံတွေးတွေးပြီး မကျေမနပ်နှင့်ရှောင်ထွက်သွားကြ၏။ ဖြိုးဖြိုး၊ လဲ့လဲ့နှင့်မှုမှုတို့မှာ ပန်းတိမ်လွှာ၏အိမ်သားတွေနှင့် လိုက်ပါသွား ကြပြီ။ ငိုလျှင်တကက်တတ်သော ပန်းတိမ်လွှာမိခင်ကြီးအား အနီးကပ်ဖြူစုဖို့ လိုက်ပါသွားကြခြင်းပင်။ ဆရာ၊ ဆရာမ၊ ကျောင်းသူကျောင်းသားများနှင့် အသိမိတ်သင်္ဂဟဆွေမျိုးများမှာလည်း ဝမ်းနည်းခြင်းများစွာနှင့် နောက်ဆုံး ခရီးကို လိုက်ပါပို့ဆောင်ပေးပြီး ပြန်သွားခဲ့ကြလေပြီ။

ကျန်ခဲ့သူမှာ သူတို့သုံးယောက်။

ပန်းနုနု့သာက . . .

"ငါ့ကိုခွင့်လွှတ်ပါ ပန်းတိမ်လွှာရယ်၊ ဒီလောက်အထိဖြစ်မယ်လို့ ကြိုသိခဲ့ရင် ငါတို့ ဒီလိုဖြစ်ခဲ့ကြမှာမဟုတ်ဘူး။ အခုတော့ ငါဟာ အားလုံး ရဲ့အပယ်ခံဖြစ်နေပြီ၊ ဒီထက် ဝမ်းနည်းစရာကောင်းတဲ့ဆုလဒ်တစ်ခုကို ထပ် အောင်ပေးပါဟယ်၊ နင် ငါ့အပေါ်ကောင်းခဲ့တာကို အသက်နဲ့လဲပြသွားသော လား။ ငါသိပ်မှားတယ်၊ သိပ်မိုက်တယ်၊ ငါ့ကိုယ်ငါ ဘယ်တော့မှခွင့်မလွှတ် ဘူး။ ခွင့်မလွှတ်ဘူး"

ဝါဝါမွှေးက ပန်းနုနု့သာကို ပွေ့ဖက်အားပေးနေ၏။

"ပန်းရေ မင်းအတွက် ဒါဟာ အကောင်းဆုံး နောက်ဆုံးသတ် ဆောင်တွေပါပဲ၊ ဝိညာဉ်အစွမ်းနဲ့ ခံယူနိုင်မှာပါနော်တော့ ပန်းရယ်"

အုတ်ဂူလေးပေါ် သူ အသာအယာတင်ပေးလိုက်၏။

ရှိုက်သံတွေစဲသွားတဲ့တစ်နေ့မှာ မင်းကို လူတွေအားလုံး မေ့သွား မှာပါ။

www.burmeseclassic.com

## အခန်း (၂၄)

ပန်းတိမ်လွှာမရှိသော နှစ်လနီးပါးကာလကို ကြိုးစားစိတ်ဖြေမှုများနှင့် သူ ဖြတ်သန်းလာခဲ့၏။ သူငယ်ချင်းများအားလုံးမှာ ပန်းကို မမေ့ကြသော်လည်း အချိန်တိုင်း သတိရမှုမျိုးမရှိတော့၊ အသစ်ကြုံတွေ့လာသော ထိတွေ့မှုများနှင့် နေပျော်အံ့ဝင်သွားကြလေပြီ။ သူ့မှာသာ . . .။

သူတို့အဖွဲ့နှင့် ထာဝရဝေးကွာသွားသောပန်းကို လွမ်းရ၏။

သူတို့အဖွဲ့နှင့် ရင်မဆိုင်ရဲစွာ ကျောခိုင်းရှောင်ဖယ်နေသော ပန်းနုနံ့သာကို သတိရ၏။

သူတို့နေခဲ့သော အ-ထ-ကကျောင်းကို အခြေအနေအရ ပြန်လည်ပြောင်းရွှေ့တာဝန်ထမ်းဆောင်နေသော ဝါဝါမွှေးကို မကြာခဏသွားတွေ့၍ ရှေ့ဟောင်းနှောင်းဖြစ်တွေ ပြောဆိုဖလှယ်ကြပြီး တမ်းတရ၏။

ဝါဝါမွှေးထံ ရောက်ဖန်များလာသောအခါ ခံစားမှုပြောင်းလဲစိတ်ဝင်လာ၏။ ထိုစိတ်က ထာဝစဉ်လေးလံသလိုဖြစ်နေသော သူ့လိပ်ပြာကို အလွှမ်းအကျဉ်းစံအိတ်ထဲမှလွတ်မြောက်ခွင့် ပေးလိုက်ခြင်းပင်။

ထိုလိပ်ပြာကလေးက ရင်ခုန်သံအဟောင်းအမြင်းများကို တောင်ပံအသစ်ခတ်သလို လဲပစ်လိုက်ပြီး ရင်ခုန်သံအသစ်များဖြင့် အစားထိုးတပ်ဆင်လာ၏။ အကြောင်းမှာ ထိုလိပ်ပြာကလေးကို လေပြည်လေညှင်းကလေးက တိုက်ခတ်သယ်ဆောင်၍ လေဟုန်စီးနိုင်းစေလိုက်ခြင်းကြောင့်ဖြစ်၏။



ထိုလေဟုန်စီးရသော ငြိမ့်ငြိမ့်ညောင်းညောင်း အရသာအပေါ် လိပ်ပြာလေး ရင်ခုန်တက်လာ၏။

"နင် ဘွဲ့ရပြီးရင်ဘာလုပ်မလဲ ဘုန်းထွဋ်"

"နင်ကော. . ."

"ဆရာမပဲပေါ့ဟာ၊ ဘာရှိတော့လို့လဲ၊ ဒီအလုပ်ပဲကောင်းပါတယ်၊ ကုသိုလ်ရှိတယ်၊ အနန္တငါးပါးမှာ တစ်ပါးပါဝင်တဲ့အလုပ်ပဲဟာ၊ ဘယ်လောက်တန်ဖိုးကြီးမားတဲ့အလုပ်လဲ၊ ဒီအလုပ်ကို ငါ တစ်သက်လုံးလုပ်ဖို့ ဆုံးဖြတ်ပြီးပြီ"

"ငါကတော့ အိမ်ကထူထောင်ပေးမယ့်စီးပွားရေးကို အဓိကထားလုပ်ရမှာပဲ"

"ကောင်းပါတယ်ဟာ၊ နင်တစ်ယောက်ပဲ ငါ့ဆီမှန်မှန်လာတယ်၊ ဟို လှဦးတို့ စိုင်းမျိုးနိုင်တို့အဖွဲ့တွေကတော့ လှိုင်ရဲ့ နတ်သမီးလေးတွေကြားထဲ ဝဲနေရလို့၊ ငါ့ဆီ တစ်လတစ်ခေါက်တောင် လာဖော်မရဘူး"

"ငါက ကျောင်းကြီးကိုသံယောဇဉ်ကြီးတာကိုး၊ ပြီးတော့ နင့်ကိုလည်း သံယောဇဉ်. . ."

သူ မဆက်ရဲစွာဖြင့် ဝါဝါမွှေးကိုကြည့်လိုက်၏။ ဝါဝါမွှေးက သူ့ရင်တွင်းမှစကားကို ဘာသာပြန်ကြည့်ဟန်ဖြင့် နှုတ်ခမ်းသွေးရောင်ကို ပါးပြင်ပေါ်ဆီပြောင်းတင်လိုက်၏။ သူက . . .

"ငါတို့ အရွယ်ရောက်ပြီနော်"

သူမ ခေါင်းညိတ်ပြ၏။ သူက . . .

"မွှေးမှာရည်ရွယ်ထားတဲ့သူ ရှိလား"

ဝါဝါမွှေးနှုတ်ခမ်းလေးဟလျက် မှင်သက်စွာ သူ့ကိုပြန်ကြည့်၏။ ပြီးတော့ . . .

"မရှိပါဘူး၊ ဘာလဲ နင် ငါ့ကို ရည်းစားစကားပြောမလို့လားတော့လား"

ဝါဝါမွှေးက အရှက်ပြေအောင် နောက်ပြောင်ပြောလိုက်၏။ သူက. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ငါ နင့်ကို တကယ်ရည်းစားစကားပြောချင်လို့"

"မဖြစ်ပါဘူးဟာ"

"ဘာဖြစ်လို့လဲ"

"ငါ အပျိုကြီးလုပ်မှာဟ၊ တို့အတန်းပိုင်ဆရာမ ဒေါ်ခင်စိုးဝင်းလိုပေါ့၊ နားအေးပါးအေးပဲနေချင်တယ်"

"ဒါဆိုလည်း ငါလည်း လူပျိုကြီးပဲလုပ်တော့မယ်၊ ပြီးမှ အသက်ရှစ်ဆယ်အရွယ်ရောက်ရင် နင်နဲ့ငါ ဘိုးဘွားရိပ်သာမှာ လက်ထပ်မယ်"

"ဘိုးဘွားရိပ်သာများ မင်္ဂလာခန်းမထင်နေသလားပဲ၊ ဒီမှာ ဘုန်းထွဋ် နင် ငါ့ကို ချစ်လို့မရဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဘုန်းထွဋ်ကိုမှ ငါမချစ်တာပဲ"

သူ့မျက်နှာမှာ ပူခနဲဖြစ်သွား၏။ ဝါဝါမွေးက ရက်ပြုံးမပျက်။

"မချစ်ရင်လည်း လက်ထပ်ပေါ့ဟ"

"သွား ငှက်ပျောတုံးနဲ့ပဲလက်ထပ်"

"နင် ငါ့ကို ရည်းစားစကားပြောသလိုနဲ့ လာနောက်နေတာလား ဘုန်းထွဋ်"

"မဟုတ်ဘူး မွေး၊ နင် စိတ်ဆိုးနေမှာစိုးလို့ပြောမိတာပါ၊ ငါ့ရင်ထဲမှာ နင်ရှိတယ်၊ နင်ဟာ မိန်းမပီသတယ်၊ ဘဝအတွက် အဖော်မွန်ဖြစ်နိုင်မယ့် အရည်အချင်းတွေ နင့်မှာအပြည့်ရှိတယ်၊ ဒါကို ငါမြတ်နိုးတယ်၊ ပြီးတော့ နင့်ကို အမြဲတွေ့နေရတိုင်း ငါ့စိတ်တွေမငြိမ်သက်တော့ဘူး၊ ဘယ်လိုကြီးဖြစ်နေမှန်းမသိတဲ့ ငါ့နှလုံးသားထဲမှာ အစားထိုးမှုတစ်ခုခုရှိမှဖြစ်မယ်လို့ ငါယုံကြည်လာမိတယ်၊ ငါ့အတွေးတွေ နင်ဖမ်းစားသွားပြီး နင့်အချစ်ကို ငါရရင် သိပ်ကောင်းမှာပဲမွေးရယ်၊ နင်ဟာ ငါ့အိပ်မက်ထဲက နားအောင်လို့ကောင်းတဲ့ ခေါင်းလောင်းကလေးပါ"

"လိုင်ထဲမှာ ကျောင်းသူဘယ်နှစ်ယောက်ကို ဒီလိုစကားမျိုး ပြောပြီးပြီလဲ"

သူ ရုတ်တရက်မဖြေနိုင်။ ပြီးမှ အသာအယာခေါင်းရမ်းပြလိုက်ကာ. . .



"ရင်ခုန်ခွင့်ပေးပါ မွေးရယ်"

ဝါဝါမွေးမျက်နှာပေါ်မှာ ရက်ခြင်းကို သိုသိပ်ထားသောတည်တံ့မှု အရိပ်တွေ ထင်ပေါ်နေ၏။

"ငါ့မိသားစုအရေးတွေရှိသေးတယ် ဘုန်းထွဋ်ရယ်၊ အိမ်ထောင်ရေးကို ငါမတွေးချင်သေးဘူး"

"ဒါပေမဲ့ နင့်ဘဝထဲကို ငါဝင်ပြီး ကူညီပါရစေ၊ နင် ငါ့ကို စဉ်းစားပေးပါ မွေးရယ်"

ဝါဝါမွေး၏ရီဝေရွှန်းပသော အကြည့်။ သူ ရင်ဆိုင်ကြည့်နေမိစဉ်. . .

"တစ်နေ့တော့ ငါစဉ်းစားမှာပေါ့ဘုန်းထွဋ်ရယ်"

"လက်ထပ်မယ့်အထိကို ကြိုက်သလောက်စဉ်းစားပါ၊ လောလောဆယ် သတ်မှတ်ချက်အဖြေလေးတစ်ခုတော့ နောက်တစ်ပတ် စနေနေ့လောက် ငါ့ကိုပေးပါမွေးရယ်"

ဆံပင်နောက်လှန်ဖြီးထားသော နဖူးပြောင်တင်းတင်းလေးပေါ်မှာ ဆံနွယ်စတွေကို သူမ ထပ်လွှာချလိုက်ရင်း . . .

"နင်က ဖွတ်ကြီးပဲ၊ သတ်မှတ်ချိန်ကို ငါကပေးရမှာလား၊ တစ်ပတ်တော့နည်းတယ်ဟာ၊ အချစ်ဆိုတာ နားလည်ရသိပ်ခက်တဲ့ပုစ္ဆာဟ၊ ငါ အဖြေရှာဖို့ တစ်လ"

"နှစ်ပတ်လုပ်ပါမွေးရယ်၊ နင့်အနားမှာ ငါရှိနေရင် ဘဝဟာ အဓိပ္ပါယ်ရှိလာသလိုပဲ၊ အဲဒီနှစ်ပတ်ထဲမှာ နင့်အနားကို ဒီထက်ပို အဓိပ္ပါယ်ရှိအောင် ငါတိုးကပ်ချင်နေပြီ"

"ဟော့. . . ဟော့. . . ခုတင်ပဲ တိုးကပ်မလာနဲ့၊ ကဲ ကဲ လာမယ့်နှစ်ပတ်ရဲ့နောက်ဆုံး တနင်္ဂနွေနေ့ သေသေချာချာမှတ်ထားနော်၊ အဲဒီနေ့မှာ မှုမှုတို့ အအေးဆိုင်ကို လာခဲ့၊ နင့်ကို ငါစဉ်းစားပြီးသားအဖြေပေးမယ်၊ ဘယ်လိုလဲ"

"အိုကေ၊ ငါ့အတွက် ကံကောင်းမယ့်အဖြေဖြစ်ပါစေလို့ ဒီကတည်းကစပြီး ဘုရားမှာ ဆုတောင်းမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တစ်ယောက်လုံးရှိတာပဲ၊ ဘာမှအားမငယ်နဲ့၊ ဘာမှစိတ်ပူနဲ့၊ နံ့သာမှာ ဖြစ်နေတဲ့ကိစ္စကို ကိုယ်ကူညီနိုင်တယ်၊ နံ့သာကို ကိုယ်လက်ထပ်မယ်၊ တကယ်ကို လက်ထပ်မှာပါ''

သူမကျောပြင်ကို ပွတ်သပ်ရင်း စိတ်မကောင်းခြင်းကြီးစွာဖြင့် သူ တတွတ်တွတ်ပြောပြလိုက်ခြင်းပင်။

''ဘာလို့သေရမှာလဲ၊ အဓိပ္ပါယ်မရှိတာ၊ လူ့ဘဝဆိုတာ ဘယ်လောက်ရခဲသလဲ၊ ကိုယ့်ဘာသာသတ်သေရင် ငရဲလည်းခံဦးမယ်၊ အဖန်ငါးရာငါးကမ္ဘာလဲ ကိုယ့်ကိုသတ်သေနေရလိမ့်မယ်၊ နံ့သာ ဒုက္ခက အသေးအဖွဲ့လေးပါ၊ ကိုယ် နံ့သာကို ညီမလေးတစ်ယောက်လို ထာဝစဉ်စောင့်ရှောက်ပြီး လက်ထပ်မှာပါ၊ ကိုယ့်ကိုယုံပါနံ့သာရယ်၊ ကိုယ် နံ့သာကို လက်တွဲပါရစေ၊ နံ့သာ ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ ကိုယ့်ဘဝနဲ့ သန့်စင်ပေါင်းသင်းမယ်၊ မငြင်းရဘူး၊ အကြောင်းမပြရဘူး၊ နံ့သာရဲ့ကလေးကို ကိုယ့်ရင်သွေးလိုမွေးပေးမယ်၊ အငိုတိတ်တော့နော်''

သူမ မောပန်းလွန်းသွား၍လားမသိ။ သူ့ရင်ခွင်ထဲမှာ ခဏတာငြိမ်သက်သွားပြီး တစ်ချက်တစ်ချက် ပင့်သက်ပြင်းပြင်းရှိုက်၏။

''နှင် ဘာမှမပူနဲ့ နံ့သာ၊ ဘုန်းထွဋ်က နှင့်ကို အကောင်းဆုံးလက်တွဲသွားမှာပါဟာ၊ တို့လည်း ကျောင်းတုန်းကလို ဘယ်တော့မှ မခွဲဘဲ ချစ်ချစ်ခင်ခင်ပြန်နေကြမယ်နော်''

ဖြိုးဖြိုးက ဟန်လုပ်ထားသောအပြုံးကို တုန်အက်သောအသံနှင့် ဆိုလိုက်ခြင်းပင်။ မူမူက . . .

''နှင်သာ တို့မျက်စိရှေ့မှာ သေသွားရင် တို့ ရင်ကွဲပြီးသေရင်သေ မသေရင် ရူးမှာဟ၊ နောက်မလုပ်ပါနဲ့ သူငယ်ချင်းရယ်''

အားကုန်နွမ်းနယ်နေသော (သူ့ရင်ခွင်ထဲမှ) နံ့သာမှာ ဘယ်သူ့ကိုမျှ ငြင်းပယ်စကားပင် မပြောနိုင်ရှာတော့။

သူ့ဘဝ၏လမ်းကလေး ပြန်လည်ထွက်ပေါ်လာခဲ့လေပြီ။

✿ ✿ ✿



သူမ လှပစွာပြုံး၏။ မိန်းမတစ်ယောက်။ ကျောင်းဆရာမတစ်ယောက်ရဲ့ကျက်သရေရှိသောအလှကို သူ အပြည့်အဝ ခံစားလိုက်ရ၏။

''အဲဒီနေ့ နှင် လာဖြစ်အောင်လာနော်''

တဆက်တည်းပင် ထပ်ပြော၏။

''ရောက်မလာရင်တော့ နှင့်ဘာသာ အလိုလိုရှုံးသွားပြီလို့ သဘောထားလိုက်၊ ငါ နှင့်ကို ဘယ်တော့မှ အဖြေမပေးတော့ဘူး၊ နောက်လဲ မခေါ်တော့ဘူး''

''စိတ်ချပါမွေးရယ်၊ အဲဒီနေ့မှာ တတိယကမ္ဘာစစ်ကြီးပဲဖြစ်နေပါစေ ကိုယ် မွေးဆီကို ရောက်အောင်လာခဲ့မယ် စိတ်ချ''

✿ ✿ ✿

ဝါဝါမွေးနှင့်ချိန်းထားသော တနင်္ဂနွေနေ့ရောက်ရန် နှစ်ရက်အလို သောကြာနေ့မနက် သူ ကျောင်းတက်လာစဉ် သူငယ်ချင်းများနှင့် (စာသင်အပြီး) စကားဝိုင်းဖွဲ့ပြောကြ၏။ နေ့လယ်ပိုင်းသို့ရောက်သောအခါ ဖြိုးဖြိုးနှင့်မူမူတို့ ပျာယီပျာယာဖြင့် သူ့ထံသို့ရောက်ရှိလာ၏။

''ဘုန်းထွဋ် တို့နဲ့ အမြန်လိုက်ခဲ့စမ်း၊ ဟိုမှာ နံ့သာလေ. . . နံ့သာ''

''နံ့သာ ဘာဖြစ်လို့လဲ''

''လိုက်ခဲ့ပါဟာ''

သူ ထလိုက်သွား၏။

မကြာခင် ရေစပ်မှာရပ်နေသောနံ့သာကို တွေ့လိုက်ရ၏။ ဘုရားနှိုးကြီး တရားစာရွက်နေဟန်တူ၏။ ပြီးလျှင် . . .

''နံ့သာ. . . နံ့သာ ရေထဲမဆင်းနဲ့၊ ပြန်တက်ခဲ့''

သူ အားကုန်ကျူးအော်လိုက်၏။ ဖြိုးဖြိုးနှင့်မူမူမှာလည်း အဖြေတစ်ပိုင်းနှင့် အသံဝင်မတတ် အော်ဟစ်တားနေကြ၏။

''ဘာဖြစ်လို့ ဒီလောက်တောင်မိုက်လုံးကြီးရတာလဲ နံ့သာရယ်၊

www.burmeseclassic.com

## အခန်း (၂၆)

သူ မိန်းမယူတော့မည့်အကြောင်း ဦးလေးနှင့်ဒေါ်ဒေါ်ကို ဖွင့်ပြောသောအခါ အားလုံးတအံ့တသြဖြစ်ကုန်ကြ၏။

နယ်မှာရှိသောသူ့မိဘတွေထံ အကြောင်းကြားဖို့ သူ နယ်ကို ပြန်ရန်ပြင်သောအခါ ဦးလေးက . . .

"ကျောင်းတစ်ဝက်တပျက်နဲ့ မိန်းမယူရတယ်လို့ကွာ၊ မယူနဲ့လို့ မတားဘူး၊ ကျောင်းပြီးမှယူ၊ မင်းကောင်မလေးကိုလည်း ပြောပြပေါ့၊ ကျောင်းပြီးမှယူကြဖို့ အိမ်ထောင်ကျသွားရင် မလွယ်ဘူးနော်၊ အိမ်ထောင့်တာဝန်က သိပ်ကြီးလေးတာ"

"ကျွန်တော့်အိမ်က လူကြီးတွေခေါ်လာပြီး တောင်းယူဖို့ ဆုံးဖြတ်ပြီးပါပြီ"

"မင်း တယ်ခက်ပါလား၊ တို့မှာ တာဝန်ရှိလို့ပြောနေတာ မင်း သေသေချာချာစဉ်းစားဦးနော်၊ ဆေးမင်ရည်ထိုးသလို အိမ်ထောင်ရေးကံဆိုးရင် ပြန်ဖျက်ဖို့မလွယ်ဘူးကွ၊ မဖြစ်ပါဘူးကွာ၊ မင်းမိဘတွေ စိတ်ဆင်းရဲအောင်လည်း အကြောင်းမကြားနဲ့၊ ဟိုက လူကြီးတွေကတော့ သဘောတူမှာမဟုတ်ဘူး မင်းကျိတိုက်လို့ မဖြစ်သာရင်ပဲ လိုက်ချင်လိုက်လာကြမှာ၊ မဖြစ်ဘူး မင်းကို နှစ်ရက်လောက်ငါစဉ်းစားခိုင်းချင်သေးတယ်"



"ကျွန်တော် သေသေချာချာစဉ်းစားပြီးပါပြီ"

ဒေါ်ဒေါ်က . . .

"နင့်မှာ ဘာအလုပ်အကိုင်ရှိလို့လဲ ငါ့တူရဲ့၊ ပြန်စဉ်းစားပါဦး"

"သူ့ဟာနဲ့သူဖြစ်သွားပါလိမ့်မယ် ဒေါ်ဒေါ်၊ ချမ်းသာတိုးတက်မှု အပိုင်းကတော့ စီးပွားရေးကို "မှဆိုးစိုင်သင်"သဘောနဲ့ လုပ်သွားရမှာပဲ"

"ပါးစပ်ကပြောလို့မရဘူး ဘုန်းထွဋ်၊ မင်း ဘာမှပြောမနေနဲ့ကွာ၊ ငါ ဦးလေးတစ်ယောက်အနေနဲ့ မင်းကို နှစ်ရက်လောက်စဉ်းစားခိုင်းချင်တယ်၊ ငါတို့ကျေးဇူးကိုထောက်ရင် မင်း နှစ်ရက်လောက် ဘယ်မှလျှောက်မသွားဘဲ အခန်းထဲမှာ လွတ်လွတ်လပ်လပ် စဉ်းစားပေးဟုတ်ပြီလား၊ မင်းကို အခန်းထဲထားတာက ချုပ်ချယ်တာမဟုတ်ဘူးနော်၊ မပြင်က ပယောဂစကားတွေနဲ့ မင်းဆုံးဖြတ်ချက်မှားသွားမှာစိုးလို့၊ ဒီမှာဆို မင်းစိတ်နဲ့ မင်းကိုယ်ပဲ ပြီးရင် မင်းကြိုက်သလိုဆက်လုပ်"

"ကျွန်တော် အိမ်ပြန်ပါရစေ အားလုံးစဉ်းစားပြီးပြီ"

"ကွာ. . . မင်းတယ်ခက်တာပဲ၊ နောက်မှ မင်း ငါ့စကား ငါ့စေတနာကို သဘောပေါက်မယ်၊ ခုတော့ ဆေးခါးကြီးတိုက်ရမှာပဲ၊ ဒီမှာ ဘုန်းထွဋ် ဦးတို့အိမ်မှာ မင်းကိုကျွေးမွေးထားတဲ့ကျေးဇူးကို ထောက်ရင် နှစ်ရက်လောက် အိမ်မှာ အိမ်ထောင်ပြုရေး မပြုရေးကို စဉ်းစားပေး။ အေး ကျေးဇူးမထောက်လို့ကတော့ မင်းလုပ်ချင်တာလုပ်၊ မင်းထိုက်နဲ့ မင်းကံပဲ၊ တို့ကိုလည်း အမျိုးလို့မသတ်မှတ်နဲ့ကတော့၊ ဒါပဲ"

အတော်လေးကို ကျဉ်းကျပ်သောအခြေအနေ။ သူ့ခေါင်းထဲ ထူပူတွေဝေသွား၏။ နှစ်ရက်ကလေးနောက်ကျရုံနဲ့ ဘာမျှဖြစ်မသွားနိုင်။ နှစ်ရက်လောက် ဦးလေးနှင့်ဒေါ်ဒေါ်တို့ ကျေနပ်သွားအောင် စဉ်းစားပေးပြီးလျှင် သူ့ဆန္ဒအတိုင်း ဆက်လုပ်နိုင်လေပြီ၊ ထို့ကြောင့် . . .

"ဦးလေးဆန္ဒအတိုင်း ကျွန်တော် အခန်းထဲမှာ နှစ်ရက်လောက် အချိန်ယူပြီး သေသေချာချာစဉ်းစားပါ့မယ်"

၃ ၃ ၃

www.burmeseclassic.com



"သူ လိပ်ပြာလန့်နေသော တနင်္ဂနွေနေ့ကို တိတ်ဆိတ်ခြောက်ကပ်စွာ သူ ဖြတ်သန်းရတော့မည်။ ဝါဝါမွှေးကို သူကိုယ်တိုင်သွားပြီး ဖြစ်ကြောင်းကုန်စင်ရှင်းပြဖို့လည်း အခွင့်မသာတော့။

ဝါဝါမွှေး၏တစ်စုံတစ်ခုသောတုံ့ပြန်မှုမှာ သူ့အတွက် အကျိုးထူးလာနိုင်စရာ မရှိတော့။

"မွှေးရယ် နင့်နားလည်အောင် ငါရှင်းပြလိုက်ရင် နင် တစ်ခုခုတော့ ဆိုးဆိုးဝါးဝါးခံစားနေရဦးမှာ၊ မရှင်းဘဲထားလိုက်ရင် နင် ငါ့ကိုအထင်လွဲပြီး ငါနဲ့ပတ်သက်တာတွေကို အမုန်းနဲ့ နင် အလွယ်တကူမေ့ပစ်သွားနိုင်လိမ့်မယ်လို့ ငါထင်တယ်"

အလွမ်းစိတ်၊ ကြေကွဲစိတ်၊ ဝမ်းနည်းစိတ်၊ နာကျင်နေတဲ့ အဆိပ်မှန်သမျှ အမုန်းရဲ့အပြင်းဆုံးစိတ်နဲ့ ချေဖျက်ပယ်ဖျောက်ဖို့ လွယ်ကူပါတယ်၊ ငါ့ကိုမုန်းပါ၊ မေ့ပါ၊ စိမ်းကားပါတော့ မွှေးရယ်"

ခေါင်းဆောင်ကောင်းတစ်ယောက်ရဲ့ဘဝဟာ ငယ်သားတွေအတွက် ပေးဆပ်မှုပဲဖြစ်ရမယ်။ ရယူအမြတ်ထုတ်မှု လုံးဝမဖြစ်စေရဘူး။

ငါ့ရဲ့ငယ်သားတစ်ယောက် ဒသမတန်း(အေ)ခန်းရဲ့ ကျောင်းသူတစ်ယောက်ရဲ့ အရှက်သိက္ခာအတွက် ငါပေးဆပ်လိုက်ရပြီ။

မွှေးချိန်းတဲ့နေရာကို ကိုယ်ရောက်လာမှာမဟုတ်တော့ဘူး၊ တစ်စုံတစ်ရာကြောင့် မွှေးနားမလည်လာမခြင်း၊ မွှေးကို ကိုယ် ရင်ဆိုင်ရဲမှာမဟုတ်တော့ဘူး။

ကိုယ့်နှလုံးသားမှာစိုက်ဝင်နေတဲ့ ဆူးသုံးချောင်းထဲက အနက်ရှိုင်းဆုံးဆိုးဖောက်သွားတဲ့ ဆူးကို ကိုယ် မစမ်းရဲဘူးမွှေးရယ်။

ထူးဆန်းလွန်းသော ပဥ္စလက်လောကကြီးကိုသာ ကိုယ့်မှာ နားလည်လိုက်မိအောင် ကြိုးစားနေပါတော့မယ်။

ဘာကယ်ပါ။ ဒုတိယအကြိမ်မြောက် ကိုယ့်အသိတရားက သက်တန့်တင်စင်းတော ကိုယ့်နှလုံးသားဆီ ဖြာဆင်းသွားခဲ့ရပြန်ပါပြီ မွှေးရယ်။





အချစ်ဆိုတာ လောကရဲ့မြစ်တစ်စင်းမှာ စီးဆင်းမျောပါနေတဲ့ သစ်ရွက် ထောင်ကျသွားတဲ့ နေမျိုးသူရရဲ့သွေးကို ငါ့နာမည်နဲ့ မွှေးရဦးမယ် မွှေးရယ်၊ ဒါတွေကို မင်းမသိတာ ပိုကောင်းပါတယ်ကွယ်"

၄ ၄ ၄

တနင်္လာနေ့မနက်မှာ သူ ဆုံးဖြတ်ချက်မပြင်ကြောင်း ဦးလေးနှင့်ဒေါ်ဒေါ်တို့ကို ခေါင်းမာစွာပြောပြပြီး အဝတ်အစားအိတ်လွယ်၍ ဘူတာဆင်းရန် လမ်းထဲမှထွက်လာခဲ့၏။

လမ်းထိပ်ရောက်သောအခါ ကားတစ်စီးပေါ်မှ ဖြိုးဖြိုးနှင့်မှုမှုက သူ့ကိုလှမ်း၍လက်ပြတားဆီး၏။ သူ့ဘေးကို ကားထိုးရပ်စဉ် . . .

"နံ့သာ အေးအေးဆေးဆေးပဲမဟုတ်လား"

"အဲဒါပြောမလို့"

နီရဲမို့အစ်နေသော မျက်ခွံကိုယ်စီနှင့် သူမတို့နှစ်ယောက်ကို တွေ့လိုက်ရစဉ် ရင်သည် ဒိတ်ဒိတ်ခုန်လျက်။

"နံ့သာလေ တို့ သူ့အိမ်ကပြန်သွားတာနဲ့ အရပ်လက်သည်တစ်ယောက်အိမ်မှာ သူ့ကိုယ်ဝန်ကို သွားဖျက်ချတယ်၊ အဲဒီမှာ အထဲက အကောင်အထည်ဖြစ်နေတဲ့သန္ဓေသားလေး သေသွားပြီး ဟိုဟာမဆင်းဘူးအဲဒါ အထဲမှာပုပ်ခဲပြီး ဒီနေ့မနက်ပဲ သူဆုံးသွားပြီ ဘုန်းထွဋ်ရယ်"

ဒိန်းခနဲ သူ့ရင်တွေ ထိုးဆောင့်ကွဲထွက်သွား၏။ ငိုသံတွေကြားမှာ သူ့အသိတရားသည် ချာလည်ပတ်လည်ဝဲထွက်သွား၏။ ရောမပြိုလ်ဆိုးကြီးတစ်ခုလုံး သူ့အပေါ်ပြိုကျလာသလို။ နာကျင်ဝမ်းနည်းစိတ်တွေမှတ်သိမ်ရွာသူရင်ကို ခွဲဖောက်ထွက်သွားကြ၏။

ကံကြမ္မာရဟတ်ထဲ သူ့ရင်ကိုထိုးထည့်၍ အပိုင်းပိုင်းဖြတ်တောက်ခံလိုက်ရသလို။ လူ့ဘဝထဲက် ထူးခြားဆန်းကြယ်သောဘဝဟာ ဘယ်သော



www.burmeseclassic.com

www.burmeseclassic.com



များရှိနေနိုင်မှာတဲ့လဲ။ ဒါဟာ တကယ့်အဖြစ်အပျက်တွေပါပဲ။

ဘယ်လိုမှ မလွှဲမှားနိုင်တဲ့ တကယ့်ကိုဖြစ်ပျက်ခဲ့တဲ့ အဖြစ်ပါပဲ။

သူ အားရပါးရ ပေါက်ကွဲအော်ဟစ်လိုက်မိ၏။

"နံ့သာ"

မိုးကောင်းကင်နံရံမှ သူ့အသံတွေ ပဲ့တင်ပြန်လာလိမ့်မယ်ဟု သူ မိုက်မဲရူးသွပ်စွာ ယုံကြည်နေမိ၏။

သူ့ဘဝ၏ တစ်ခြမ်းပဲ့လမင်းကလေးလည်း အဆုံးမရှိ စကြဝဠာထဲကို ထွက်ပြေးလွင့်ပျောက်သွားလေပြီ။

o o o

BURMESE CLASSIC

## အခန်း (၂၆)

အိပ်မက်ထဲကလိပ်ပြာ . . .

အဖြူအစိမ်းကျောင်းဝတ်စုံဖြင့် ပျော်ရွှင်လန်းဆန်းစွာ ကျောင်းတက်လာကြသော ကျောင်းသူ/ကျောင်းသားတွေကို သူငေးကြည့်နေမိ၏။

ကျောင်းမတက်သေး။

လူ့ဘဝရဲ့အပြစ်ကင်းစင်သောကာလ၊ ရယ်မောနှုတ်ဆက်နေကြသော ကျောင်းသူတစ်သိုက်နှင့် ကျောင်းသားတစ်သိုက်။

ဟိုမှာ ပန်းနုနံ့သာပဲလား။

ကျောင်းကော်ရစ်တာမှာ ခြေလေးဆောင့်လမ်းလျှောက်သွားနေပုံ၊ သူနှင့်စကားများရန်တွေ့နေပုံ၊ သူနှင့်မုန့်စားတန်းဘက် လှမ်းလျှောက်သွားနေပုံတွေ၊ မဟုတ်သေးဘူး ပုံရိပ်အတုတွေ။

ဟော ပန်းတိမ်လွှာနှင့်သူ မုန့်စားပထမဆုံးဆင်းလာတာပဲ။ ကော်ရစ်တာမှာ ပန်းနုနံ့သာနဲ့ စကားများနေကြပြန်ပြီ။ ပြီးတော့ ဝါဝါမွှေးနဲ့ ငြင်းခုံနေကြပုံ။

ကျောင်းကပွဲမှာ နတ်သမီးဝတ်စားနဲ့ နံ့သာရဲ့စိတ်ဆိုးနှုတ်ခမ်းစူနေတဲ့ အမူအရာ။

www.burmeseclassic.com

www.burmeseclassic.com



ဂျူတီကုတ်နဲ့ အပေါ်သွားရင်း နားကြပ်ဘယ်ထားမိမှန်းမသိလို့ အသည်းအသန်လိုက်ရှာနေတဲ့ ပန်းတိမ်လွှာရဲ့ရုပ်သွင်။

ဝါဝါမွှေးရဲ့ တစ်ပင်တိုင်ကဟန်။

သူငယ်ချင်းများရဲ့ယိမ်းအက။ လှဦးတို့အဖွဲ့၏ ဟာသပြကွက်တွေ။ ကျောင်းတော်ကြီးပေါ်မှာ ပုံရိပ်တွေပမာ လှုပ်ရှားလည်ပတ်လို့ပါလား။ ကြည့်စမ်း ဘယ်လောက်နားထောင်ကောင်းတဲ့အသံလဲ၊ ဘယ်လောက် သာယာကြည်နူးစရာကောင်းတဲ့အသံပါလဲ။ နားထောင်ကြည့်။

ခေါင်းလောင်းသံ၊ ပန်းဝါစပွင့်ကိုဖောက်ထိုးချပြီး တီးခတ်လိုက်တဲ့ ပန်းခေါင်းလောင်းသံ။ စာသင်ဆောင်တွေပေါ်မှာ ကျောင်းသားတွေ ကိုယ့်အခန်းကိုယ့်အတန်း ပြေးလွှားနေရာယူလို့မကြာခင် ဆရာမ ဝင်လာတော့မည်။

ဆရာမဒေါ်ခင်စိုးဝင်း စာသင်နေ၏။

ဒသမတန်း(အေ)ခန်းရဲ့အစဉ်အလာကိုထိန်းဖို့ စည်းကမ်းရှိဖို့ ပြဿနာမဖြစ်ဖို့ သူ အရိုက်ခံလိုက်ရ၏။ လက်ဖဝါးတွေရဲရဲနီလို့၊ သူငယ်ချင်းတွေအချင်းချင်း နောက်ပြောင်ကျီစယ်နေကြလေပြီ။ စာအံသံတွေ ကြားရပြီး အနာဂတ်အတွက် သံစဉ်တွေကို သီကြွေးနေကြလေပြီ။ အိပ်မက်ကျောင်းကြီးနိုးထခဲ့လေပြီ။

ပန်းခေါင်းလောင်းသံကြောင့် အိပ်မက်ထဲကကျောင်းကြီး နိုးထအသက်ဝင်ခဲ့လေပြီ။

သူငယ်ချင်းတွေအားလုံး သူ့ကို ကော်ရစ်တာမှ လှမ်းပြုံးပြနေကြ၏။ မတော်ဘူး လက်ယပ်ခေါ်နေကြတာပါ။

"ဘုန်းထွဋ်ရေ မြန်မြန်လာ"

"ဗျို့ ကိုဘုန်း၊ လာလေဗျာ ကျောင်းတက်ပြီ"



"ယူရေ ဘာလုပ်နေတာလဲ၊ ကျောင်းနောက်ကျလိမ့်မယ်၊ လာခဲ့"

"ရှင်ဘာလုပ်နေတာလဲ၊ မြန်မြန်လာလေ၊ ကျောင်းမတက်ဘူးလား၊ အကြွေးမပေးဘဲနေမှာနော်"

"ဟော့ . . . ဘုန်းထွဋ် လစဉ်ကြေးလာသွင်းဦးဟ၊ ငါစိုက်ထားရတာ နှစ်လခရှိနေပြီ"

ကြည့်စမ်း။ နားထောင်လိုက်စမ်းပါ။ ဒါ သူ့သူငယ်ချင်းတွေရဲ့အသံ။ ဟုတ်တယ်။ သူတို့ရဲ့အသံမှ သူတို့ရဲ့အသံအစစ်။

ကျောင်းတက်နေပြီ။ သူသွားမှဖြစ်မယ် . . .

သူတို့နဲ့ သူ စာသင်ရမယ် . . .

နောက်ပြောင်ကြမယ် . . .

အားရပါးရ ပျော်ကြမယ် . . .

ကျောင်းအုပ်ဆရာမကြီးကိုချော့မှ ကန်တော့ရမှာ . . .

ဆရာကန်တော့ပွဲမှာ သူ သူတို့ကို ခေါင်းဆောင်ပေးမှဖြစ်မှာ။

ဝင်ပါရစေ။ ဝင်းတံခါးကြီးမပိတ်ပါနဲ့။ ဝင်ခွင့်ပေးကြပါ။ သူငယ်ချင်းတွေနဲ့ မခွဲပါနဲ့။ ရင်ကွဲပြီးသေရပါလိမ့်မယ်ဗျာ။

ကျောင်းတံခါးကြီးဖွင့်ပေးပါ . . . ဖွင့်ပေးပါ . . . ဖွင့်ပေးပါ . . .။

ကျောင်း၏ဂိတ်ဝ၌ တာဝန်ကျနေသော ဆရာအသစ်နှင့် ဆရာမအသစ်များက အရူးတစ်ယောက် ကျောင်းထဲခုန်ပေါက်ဝင်မှာစိုး၍ တံခါးပိတ်ကာ ခြောက်လှန့် မောင်းထုတ်တားဆီးနေကြ၏။

ထိုစဉ် ကျောင်းပေါ်မှလှမ်းမြင်လိုက်ရသော ဆရာမလေး ဝါဝါမွှေးက ကျောင်းလှေကားမှ ပြေးဆင်းလာခဲ့၏။

"ဘုန်းထွဋ် . . . ဘုန်းထွဋ်"

ကျောင်းဝင်းသံပန်းတံခါးမှာ ခွေခွေကလေးထိုင်မှိုနေသော သူက

www.burmeseclassic.com

www.burmeseclassic.com



မော့ကြည့်၏။ သူက . . .

"ဟာ. . . သူငယ်ချင်း၊ ငါ့ကို တံခါးဖွင့်ပေးပါဟာ၊ သူတို့ သိပ် ရက်စက်ကြတယ်၊ ငါ့ကို ကျောင်းထဲမဝင်ရဘူးတဲ့၊ ဒါ ငါတို့ကျောင်းပဲဟာကို၊ အတင်းမောင်းထုတ်နေကြတယ်"

ဆရာမလေးဝါဝါမွှေးက သံပန်းတံခါးကိုဆုပ်ထားသော ဘုန်းထွဋ်၏ လက်ကလေးများကိုကိုင်၍ မျက်ရည်တွေတွေကျရင်း . . .

"ဘုန်းထွဋ်ရယ်၊ ငါ အားလုံးကြားပြီးပါပြီဟယ်၊ နင် ကံဆိုး လိုက်တာဟာ၊ ငါမကြည့်ရက်ဘူး၊ ဖြစ်မှဖြစ်ရလေ သူငယ်ချင်းရယ်"

"ဆရာမလေး သိပ်မကပ်နဲ့၊ အရူးက အန္တရာယ်ပေးနေဦးမယ်"

တာဝန်ကျဆရာက စိုးရိမ်ကြီးစွာသတိပေး၏။ သူ ဆတ်ခနဲ တုန် ယင်နေသောလက်ညှိုးဖြင့် . . .

"ကျုပ်မရူးဘူး၊ ခင်ဗျားတို့သာအရူးတွေ၊ အတ္တသမားတွေ၊ ကျုပ် ကို ဖွင့်ပေးစမ်း၊ ဖွင့်ပေးဗျာ ဒီတံခါး၊ ကျုပ်ဟာ ဒီကျောင်းရဲ့ကျောင်းသား စစ်စစ်ဗျ"

သူ့စကားအဆုံးမှာ ဆရာမလေးဝါဝါမွှေး သတိလက်လွတ် ငိုချ လိုက်မိပါတော့သည်။

သူ့ဘဝ၏လမင်းမှာ ကွယ်ခဲ့လေပြီ။

သူ့ဘဝ၏ကြယ်စင်တွေလည်း ကွယ်ခဲ့လေပြီ။

သူ့ဘဝ၏မီးအိမ်ငယ်သာရှိခဲ့သော်လည်း သူ့ခရီးမှာ မကိုင်ဆွဲ နိုင်ဘဲ လဲပြိုခဲ့ရလေတော့၏။

၄ ၄ ၄



အချိန်အတန်ကြာအောင် သတိလက်လွတ်ငိုနေမိသည့် ဝါဝါမွှေး သတိပြန်ဝင်လာသည်။

"ဆရာ သူ့ကို ထွက်မသွားအောင် ခဏကြည့်ထားပေးပါနော်၊ ကျွန်မ ချက်ချင်းပြန်လာခဲ့ပါ့မယ်"

ပြောပြောဆိုဆိုထွက်သွားပြီး ဆရာမကြီးထံ ခွင့် နေ့တစ်ဝက် တောင်းလိုက်သည်။

ပြီးနောက် ဘုန်းထွဋ်ကိုချော့မော့ခေါ်ပြီး အိမ်ပြန်ပို့ပေးလိုက်သည်။ ထိုအိမ်အပြန်လမ်းမှာပင် ရှေ့ဆက်လုပ်ရမည့်အစီစဉ်များကို တခါတည်း ဆုံးဖြတ်လိုက်မိသည်။

ဘုန်းထွဋ်ကို စိတ်ကျန်းမာရေးဆေးရုံသို့ပို့၍ ရောဂါပျောက်ကင်း သည်အထိ စနစ်တကျကုသရပါမည်။ ဆရာဝန်ကြီးများ၏ တတ်ကျွမ်းနား လည်မှုနှင့် ဆေးဝါးများအပြင် သူမ၏ မေတ္တာစွမ်းကပါ သူ့ကို အလျင်အမြန် ကျန်းမာလာစေပါလိမ့်မည်။

ကျန်သည့်ငယ်သူငယ်ချင်းများကိုလည်း သူမကို ဝိုင်းဝန်းကူညီကြ ရန် မေတ္တာရပ်ခံရပါမည်။

ပြီးလျှင် ဘုန်းထွဋ်သံယောဇဉ်ကြီးမားလှသည့် ကျောင်းတော်ကြီး မှာ သူမလိုပင် ဆရာတစ်ယောက်ဖြစ်လာစေရန် စိတ်ရှည်လက်ရှည် ပြုစု ပျိုးထောင်ရပါဦးမည်။

ထို့နောက်တွင်မှ တစ်ခုသောတနင်္ဂနွေနေ့တွင် သူမ မပေးဖြစ်ခဲ့ သည့် သူမရင်ထဲမှအဖြေကို သူဝမ်းမြောက်စေရန် ဖွင့်ဟပြရပါဦးမည်။

သူမ၏စိတ်ကူးနှင့်လက်တွေ့ ပြီးမြောက်အောင်မြင်မှုများအတွက် တမလွန်မှ သူငယ်ချင်းနှစ်ယောက် နှစ်သိမ့်ဝမ်းမြောက်ကြပါစေတော့။

သက်ရှိထင်ရှား ငယ်သူငယ်ချင်းများလည်း ကျေနပ်ကြည်နူးကြပါ

www.burmeseclassic.com

www.burmeseclassic.com



စေတော့။

သူမကိုယ်တိုင်လည်း ယော်ကျွမ်းဆွေဘုန်းထွဋ်လက်ကို နိုင်နိုင်တွဲကာ ဆရာနှင့်ဆရာမအဖြစ် ရှင်လန်းဝမ်းမြောက်စွာ ကျောင်းတော်ကြီး၏ အဝင်လမ်းကို လျှောက်လှမ်းနေရပြီဟု မြင်ယောင်လျက် . . . ။

ရယ်မောခြင်းဖြင့် ရင်ကိုအေးမြစေမယ့်. . .

တန်ခူးလေပြေ

BURMESE CLASSIC

www.burmeseclassic.com